www.burmeseclassic.com




LUCKY STAR
သားသမီးရတနာ မထွန်းကားသူများအတွက်
福星男女不孕不育專科
ဆရာစံ 楊醫師
B.E (Chemical) D.E.S (U.S.A)
Boy Baby 生男孩專方 သားသားရတနာ
x + y = ♂
Girl Baby 生女孩專方 သမီးလေးရတနာ
x + y = ♀
Twin Baby 雙生兒專方 အမြွှာလေးရတနာ
(D)၊ အခန်း(၆)၊ ရွှေစပယ်ရိပ်မွန်၊ ရေကြောင်းသိပ္ပံရေ့၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့
Tel : 01 - 536355, Hp - 09 - 73241356, Hp - 09 - 5139886 Email @ sanmyint5688 gmail. com
www.burmeseclassic.com

www.burmeseclassic.com

မှုခင်း အမြင် မဂ္ဂဇင်း

REAL EVENT CRIME MAGAZINE

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ၊ အမှတ်စဉ် (၁၀၁)

★ အယ်ဒီတာချုပ်
ဧအောင်ကျော်ဇော
★ အယ်ဒီတာအဖွဲ့
ထက်ထက်ဦးဇေ(B.Sc.Physics)
သင်း(သဏ္ဍာမေဒ)၊ ဧအးဧအးနိုင်
ညီညီအောင်(B.A.Myanmar)
★ အုပ်ချုပ်ရေးမှူး
ဦးရဲလွင်(ရဲဘိုင်အို)
★ ထုတ်ဝေသူ
ဦးအောင်လွင်(၀၄၁၀၄၉)
★ ပုံနှိပ်သူ
ဦးမြင့်ဦး(၀၁၅၈၁၃)
သိန်းသန်းဦးပုံနှိပ်တိုက်
၁၁၉/၁၂၁=၃၄လမ်း၊ ရန်ကုန်။
★ မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော်
ရဲသူ (ရန်ကုန်အက္ခရာသိုက်)၊ မင်းထက်နိုင်
★ စာပြင်= ဦးဝင်းတင်

တန်ဖိုး = ၃၀၀
အုပ်ရေ = ၁၀၀၀

**ဆောင်းပါး**

- ထင်ဇော် (တရားရေး)– – ၁၃
(အိမ်ထောင်ကျဖူးသူမိန်းကလေးနှင့် လက်ထပ်ပေါင်းသင်းလျှင် သတိထား)
= ကိုကို (ဧယ်ချမ်)= = ၁၈
(ရင်မှဖြစ်အညီဆောဧသော အရာများ)
- ကိုညွန့်အောင် (ရှေ့ပန်းထိမ်)– – ၂၄
(တူသောအကျိုး)
= ဧရှမန်းထွန်းထွန်း (ရှေ့ပန်းထိမ်)== ၅၂
(အလက်ာဧကျာ်ရွာဧရှမန်းတင်မောင်၏ သအင်သက် နှစ်(၈၀)ပြည့်မှ အဝရှုပ်ပုံဇွဲ့များ)

နိုင်ငံတကာသတင်း
ဆောင်းပေဟမန်– – ၆၃

ပြည်တွင်းသတင်း
ကျော် – – ၁၅၄

မေဒင်
=သစ္စာမေတ္တာ အရာထွန်းလေင်းဧကျာ် = =၁၅၈
နကျွတ်မေဒင်လကျွအောပည္ဍာရှင်

ကွန်ပျူတာစာစီ
နေမျိုးအောင်




**မှုခင်းအမြင်မဂ္ဂဇင်း**
အမှတ်(၁၁၆)၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း=၂၀၅၀၈၉၊ ၀၉=၄၉၂၉၄၂၁၈

www.burmeseclassic.com

www.burmeseclassic.com


= **မောင်သိန်းနိုင်** = = ၂၈
(အစ်ဦးက ခုတ၀၊ အစ်ဦးက ၄၁၃)

– **ရှင်လွန်းမယ်** – – ၃၈
(နှလုံးသားအလောင်းအစား)

= **ခင်ဦး (မုတ္တမ်ကုန်း)** = = ၄၆
(အအုံးကောင်းဖမ်းသည့်ကျား)

– **ဒုရဲမှူးကြီးဝင်းဦး (ငြိမ်း)** – – ၇၀
(အထိန်းမဲ့ဒေါသ)

= **ရေနံကြီး** = = ၈၃
(အမှောင်ထဲကကျား ပြေးမလွတ်ပါ)

– **မောင်ချောပွင့် (မန္တလေး)** – – ၉၂
(လူလိမ်နဲ့ကားသမား)

= **ဆုမွန်ဦး (ဖာသံဒ)** = = ၁၀၄
(ညအစ်ည၊ မမောင်ဦအစ်မုန်နဲ့
မိန်းမချောလေးအစ်ယောက်)

– **မောင်သာမန် (ဖီးကုန်း)** – – ၁၁၀
(ကြမ္မာဆိုး၏ခေါ်ငင်ရာ)

= **ထက်ထက်ဦးဝေ** = = ၁၂၈
(မြူနှင်းဝေတဲ့တောင်)

– **တိုးနိုင်** – – ၁၃၃
(စီပီအိုအမှုတွဲမှ သက်သေမမြစန္ဒာ)

= **အောင်ကျော်ဇော** = = ၁၄၅
(နိုနားမဲ့ရင်ခွင်)


**ကာတွန်း**

ဖြေရှိုင်း၊ စမ်းချောင်းစန်းကို၊ ပေါက်ကျိုင်း၊
ခက်အစ်လင်း (ပြည်)၊ သူရိန်၊ မောင်တင်ယု

**ကဗျာ**

သန်းနိုင်အောင်၊ နိုင်လွမ်းချစ် (ပေါက်တော)၊
နှင်းစက်၊ မင်းသွေးနွယ် (ဆီးကုန်း)၊
အောင်းဦးသွယ် (ညောင်လေးပင်)၊
လမင်းသစ္စာ၊ ခက်လှိုင်းကျော်၊ မှန်းစံရွှေ။








www.burmeseclassic.com



# ဝိပဿနာတရား အားထုတ်ကြစို့

မန်းစံရွှေ

◎ ခင်ရယ်.....
အချစ်မနည်းမှ အဖြစ်သည်းကြတာမို့
ခပ်ငယ်ငယ်အရွယ်တုန်းက အမုန်းတေးမဆိုဘဲ
အပြုံးကလေး
မခွဲမခွာ
လောကကြီးတောင် မေ့လို့ပေါ့။
◎ ပျော်လိုက်ကြတာ၊ မိုးမမြင် လေမမြင်လေ။
ဟိုယခင်အတိတ်တွေတောင်မေ့ပြီး
စိတ်တေလေက မင်းအနားမှာ ရစ်ဝဲကာ
အချစ်သည်းစွာ အကဲပိုနေခဲ့တာလေ
အမြဲလိုပင် လက်ချင်းချိတ်
စိတ်ထဲကလည်း ဒီတစ်သက် ဝေးကွာရမယ့်အဖြစ်ကို
မနှစ်မြို့လို မယုံလို မမြင်လိုသော်လည်း
အစဉ်နဂိုကတည်းက သင်္ခါရသဘောရှိတာကို
သိလိုက်ရတဲ့အချိန်မှာလေ
အိပ်ရာထဲမှာ တစ်ယောက်က ကွေးကွေးလေး
တောင်ဝှေးတဒေါက်ဒေါက်နဲ့က တစ်ဦးမို့
အချစ်ရူးခဲ့ရတဲ့ကာလ ပျောက်ကွယ်တာကို
အသက်(၆၀)မကျော်ကတည်းက တွေးမိသားမို့
အရှိတရားတွေပဲ ဘယ်သူတတ်နိုင်မှာလဲလေ။



◎ ခုတော့လေ.....
ရတနာသုံးပါးကို ဦးထိပ်ထားပြီး
စိတ်များကို ငြိမ်သက်အောင်ဆောက်တည်
နောက်ဘဝဆိုတာ မမေးနဲ့
ရှေးဘဝကိုလည်း မတွေးနဲ့၊ အတွေးမများဘဲ
အရေးထားရမှာက တရားဘာဝနာမို့
တို့နှစ်ယောက် ရတဲ့အချိန်လေးမှာ
အရှိန်အဟုန်နဲ့ အဓိက တဏှာကို ပယ်သတ်ပြီး
ဝိပဿနာတရားပဲ အားထုတ်ကြစို့နော်။ ။



www.burmeseclassic.com

www.burmeseclassic.com

# လူကုန်ကူးမှုပပျောက်ဖို့ အတူတကွ ပူးပေါင်းတိုက်ဖျက်ကြပါစို့

## အောက်ပါ ဖုန်းနံပါတ်များကို ဆက်သွယ်အကူညီတောင်းပါ။

| | |
|---|---|
| ➢ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ (နေပြည်တော်) | ၀၆၇-၄၁၂၂၀၁ |
| ➢ အထူးအဖွဲ့(မြစ်ကြီးနား) | ၀၇၄-၂၂၃၃၆ |
| ➢ အထူးအဖွဲ့(ဗန်းမော်) | ၀၇၄-၅၀၁၉၉ |
| ➢ အထူးအဖွဲ့(လွယ်ဂျယ်) | ၀၈၂-၅၂၈၉၀ (မူဆယ်မှတစ်ဆင့်) |
| ➢ အထူးအဖွဲ့(မူဆယ်) | ၀၈၂-၅၂၈၉၀ |
| ➢ အထူးအဖွဲ့(လောက်ကိုင်) | ၀၈၂-၇၂၀၀၃/၇၂၀၃၆ |
| ➢ အထူးအဖွဲ့(လားရှိုး) | ၀၈၂-၂၃၀၁၇/၀၉၅၂၇၅၉၆၂ |
| ➢ အထူးအဖွဲ့(တောင်ကြီး) | ၀၈၁-၂၀၀၇၆၄/၀၉၅၂၁၄၉၁၇ |
| ➢ အထူးအဖွဲ့(ကျိုင်းတုံ) | ၀၈၄-၂၁၆၃၇/၀၉၅၂၄၂၅၀၄ |
| ➢ အထူးအဖွဲ့(တာချီလိတ်) | ၀၈၄-၅၃၀၂၂ |
| ➢ အထူးအဖွဲ့(မြဝတီ) | ၀၅၈-၅၀၂၆၈ |
| ➢ အထူးအဖွဲ့(မော်လမြိုင်) | ၀၅၇-၂၆၉၈၃ |
| ➢ အထူးအဖွဲ့(ကော့သောင်း) | ၀၅၉-၅၁၉၈၁ |
| ➢ အထူးအဖွဲ့(မြိတ်) | ၀၅၉-၄၁၀၄၁/၄၁၀၀၄ |
| ➢ အထူးအဖွဲ့(ပုသိမ်) | ၀၉၈၅၄၈၀၈၇/၀၉၅၀၁၂၈၁၉ |
| ➢ အထူးအဖွဲ့(ရန်ကုန်) | ၀၁-၂၁၇၅၁၆/၀၉၅၁၂၈၈၂၆ |
| ➢ အထူးအဖွဲ့(ပဲခူး) | ၀၅၂-၂၁၀၃၀/၂၁၂၅၉ |
| ➢ အထူးအဖွဲ့(စစ်တွေ) | ၀၄၃-၂၃၆၂၅ |
| ➢ အထူးအဖွဲ့(မောင်တော) | ၀၄၃-၅၅၀၈၉ |
| ➢ အထူးအဖွဲ့(ကလေး) | ၀၉၄၇၀၇၂၂၀၂ |
| ➢ အထူးအဖွဲ့(မကွေး) | ၀၆၃-၂၃၃၇၄/၂၅၀၁၆ |
| ➢ အထူးအဖွဲ့(မိတ္ထီလာ) | ၀၆၄-၂၄၇၁၄/၂၃၀၅၄ |
| ➢ အထူးအဖွဲ့(မန္တလေး) | ၀၂-၇၃၈၃၀ |
| ➢ UNIAP | ၀၁-၂၅၄၈၅၂/၂၅၄၈၅၃ |

အထူးအဖွဲ့ - လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




# ချိန်ခွင်ထက်မှာ ချိန်ကြည့်ပါ

**မင်းသွေးနွယ်** (ဗိုးကုန်း)

● တစ်နေ့တာလုံး
ရှန်းကန်ခဲ့ကြ၊ အားထုတ်ကြရင်း
ခေတ္တစည်းခြား၊ အိပ်စက်နားစဉ်
အမှားအမှန်၊ ပြန်လှန်ရှာဖွေ
ဝေဖန်သုံးသပ်၊ ကိုယ့်လုပ်ရပ်များ
အမြတ်ဘာတွေ၊ ရလိုက်လေသလဲ
အရှုံးဘာတွေ၊ စွန်းကျန်လေသလဲ
ဝေခွဲစည်းခြား၊ မြင်လေစ.....။

BURMESE CLASSIC .com

● မနားတမ်းပင်
တွယ်ငင်နှောင်ငြိ၊ လွင့်မျောမိသည့်
မိမိလုပ်ရပ်၊ ရလဒ်အဖြေ
သေချာတိကျ၊ ထင်ဟပ်ရအောင်
နှိုင်းဆ ဆင်ခြင်၊ ကြောင်းကျိုးယှဉ်ကာ
ချိန်ခွင်ထက်တင်၊ ပိုင်းခြားမြင်ရန်
ချိန်ငင်လျှာထွက်၊ စိစစ်တွက်သော်
ဘယ်ဘက်အလေးသာအုံ့လေ.....
အကဲဖြတ်ကြည့်ပါ ချစ်မိတ်ဆွေ.....
ကိုယ့်ရလဒ်ကို ကိုယ်တိုင်ဖြေ.....။ ။





www.burmeseclassic.com

www.burmeseclassic.com

# အဖေ့ရဲ့ ချွေးစက်အားဆေး

နှင်းဧကာ

- အဖေက ချွေးစက်တွေနဲ့၊ ရုန်းကန်လှုပ်ရှားမှုတွေနဲ့
  နေ့ညမအား ရှာခဲ့ဖွေခဲ့ သားသမီးဘောကပ်ခဲ့တယ်။
- အဖေက အိမ်ဦးနတ်ဆိုပေမယ့်
  နတ်စည်းစိမ်မခံစား အအိပ်ပျက် အစားငတ်ခံကာ
  ဇရာကို အိုမှန်းမသိ အိုခဲ့တာတောင်
  အိုမှန်းမသိ အိုမှုတွေ ပြက်ရယ်ပြု
  ခါးကုန်းလို့ သွားကျိုးတာတောင်
  ပြုံးတုန်း၊ ပြုံးလို့ ပျော်လို့ပေါ့။
- အဖေက သားသမီးဖောနဲ့
  အတောမသတ် ပူလောင်မှုတွေကို အန်တု
  စိုစွတ်မိုးရေတွေကို အပြုံးဆင်လို့
  နိုက်နိုက်တုန်တဲ့ ဆောင်းကို လှောင်ပြောင်လို့
  လာတဲ့ဘေးဆိုးတွေကို ဟာသလုပ်လို့
- အခုဆိုရင်.....
  အဖေ့အသက် ၇၀ ကျော်ပေါ့
  သစ်လွင်ဆဲ အဖေ
  အပြုံးဟန်ချီ မာန်ရှိတုန်း
  တုံးလုံးလဲတာတောင် ပြုံးလို့
  ထိုင်မရ ထမရ ဖြစ်တာတောင် မာန်နဲ့
  သားသမီးတွေကို အားပေးဆဲ
  (အားမလျှော့နဲ့ အန်တုထားတဲ့)။ ။





www.burmeseclassic.com

www.burmeseclassic.com



# မော်ဒန်ဇာတက

ခက်လှိုင်းကျော်



◎ မဟောသဓာဇာတ်တော်မှာ
ဆိတ်နဲ့ခွေး မဟာမိတ်ဖွဲ့
လမ်းကြောင်းတည့်သွားခဲ့ကြ။
◎ အဲ့ဒီဇာတက
ပုံတူကူးချလို့
သုခုမသဘင်
ကပြမည့် ပညာရှင်တွေ
ဆင်ခြင်စဉ်းစား
အမဲသားငါး
စားရဖို့ပဲ အလေးထားတဲ့
ဝိသမ အတ္တ အတွေးများနဲ့
ဇာတ်ကောင်နေရာ အရွေးမှားခဲ့ရင်တော့.....။ ။



www.burmeseclassic.com

www.burmeseclassic.com

# မျဉ်းကောက်တစ်ကြောင်းရဲ့လားရာ

- မဖြောင့် မလောက်ဆိုတော့
  ကောက်ကပြူးတယ်။
- ငတုံး ငအ
  သုံးမရတဲ့ကောင်တဲ့
  ဆုံးမပြန်တယ်။
- အသိတရား အသိတရားနဲ့
  သတိထား
  ငါးပိပဲစားရမတဲ့။
- ဖြတ်လမ်းနည်းနဲ့ အချောင်လိုက်
  လတ်တလော ကံတရားတွေ ခေါင်ခိုက်နေပေမယ့်
  စရိုက်မဖြူ
  ခံယူချက်လွဲမှား
  အမြဲတမ်း အသားချည်းစားရမယ်လို့မထင်နဲ့
  ရေတက်ပြီးရင် ရေကျ
  အဖြေမလှမယ့် နေ့တစ်နေ့
  ရင်ဆိုင်တွေ့မှ
  ဘဝနိဂုံး
  အဆုံးသတ်မလှမှာမြင်တယ်လေ။ ။



လမင်းသစ္စာ




www.burmeseclassic.com

www.burmeseclassic.com



# လမ်းဘေးစုံတွဲများ

- အချစ်ဟာ.....
အချိန်မဲ့ ခုတ်မောင်းနေတဲ့ ရထားတစ်စင်းလား
ခြေရာလက်ရာ မပျက်သေးတဲ့
မြို့အင်္ဂါရပ် မျက်လုံးတွေ
မာတင်္ဂဆင်ကြည့်သလို ကြည့်သူကြည့်လို့
အိပ်မက်ထဲက ရောင်စုံမုဒိတာများ
တစ်ယောက်ရင်ဘတ် တစ်ယောက်ဝင်ပြီး
သန့်ရှင်းရေးလုပ်နေကြတယ်
စိန်စီထားတဲ့ နေ့ရက်တွေဖြစ်ဖို့
ဘဝအဓိပ္ပာယ်ကို ဆောင်ကြဉ်းကြတာများလား
ပလက်ဖောင်းပေါ်က အကြင်နာအုံကြွမှုတွေနဲ့
ဣန္ဒြေတိုးမပေါက်တဲ့နေရာမှာ
သုဂတိတရားတွေ လောင်းကြေးထပ်နေတာလား
စိတ်၏ဂနာမငြိမ် ပြကွက်တချို့များ
ရုပ်နာမ် ပုစ္ဆာ ဖြစ်နေလိုက်ကြတာ
ကင်းခြေရာကို လိုက်ရှာနေတဲ့ ဖားသူငယ်လိုပုံမျိုး
ထမင်းစားဝါသနာချင်းတူပေမယ့်
အဖျွတ္တာ ယဉ်ကျေးမှုတွေက
အိုးမဲ့အိမ်မဲ့.....
တောင်အရိပ်ထင်ပြီး ခိုနားမိသူ တချို့တလေ
အချစ်ဒုက္ခသည်စခန်း ရောက်ကုန်ကြပြီတဲ့လား
မျက်နှာများစွာကို ဥပေက္ခာပြုရဲတဲ့ သတ္တိ
စာမျက်နှာကိုတော့ အားနာဖွယ်သင့်တော်ကောင်းပါရဲ့
အစဖြစ်တည် ချင်ခြင်းကိုက
ဩဇာသက်ရောက်မှု ကင်းလွတ်ခွင့်တွေနဲ့
တာဝန်ကိုယ်စီထမ်းပိုးပြီး ရှေ့ဆက်နေကြတယ်။ ။



ခိုင်လွှမ်းသျှစ် (ပေါက်တော)



www.burmeseclassic.com

www.burmeseclassic.com



# အလှမည်သို့ဆင်မည်နည်း

- လိမ်ညာလှည့်ပတ်
ဖြတ်လမ်းလျှောက်လျက် ခိုးလုယက်ကာ
လူ့သက်ကိုသတ် သည်လုပ်ရပ်သည်
မြတ်သည့်လုပ်ရပ် ဘယ်မဟုတ်။
- အချောင်လိုမှု ရယူပြုလျက်
လူမှုဖောက်ပြန် စိတ်သဏ္ဌာန်သည်
မှန်ကန်မှုကင်း လွန်သိမ်ဖျင်း။
- စိတ်ထားမှန်မှန် ရှိအားခွန်နှင့်
ဖွဲ့မာန်လုံ့လ စုစည်းပြုလျက်
ဘဝတက်လမ်း မျှော်ရည်မှန်းကာ
စွမ်းရည်တိုးမြှင့် ခရီးဆင့်မှ
မြင့်မြတ်ဘဝ ပိုင်စိုးရ။
- ကောင်းမှု၊ ဆိုးမှု ခွဲခြားပြုကာ
လူမှုဘောင်တွင်း စာနာခြင်းဖြင့်
ချစ်ခြင်းဖွဲ့သီ မေတ္တာကြည်သော်
ဂုဏ်ရည်ရွှန်းမြ တင့်ပေစွ။
- အသင်လူသား
စဉ်းစားဆင်ခြင် သတိဝင်လော့
နှိုင်းယှဉ်တွေးဆ နှစ်ဝမှားမှန်
ဝေဖန်တိကျ သင့်ဘဝကို
အလှမည်သို့ဆင်မည်နည်း။ ။



**သန်းခိုင်အောင်**



www.burmeseclassic.com

www.burmeseclassic.com

# တစ်ခါပြန်လည်ခြင်း

နေ့တွေရက်တွေကြောင့်
လရှက်စုတ်လေးတွေ ဟောင်းသွားခဲ့တာ
အဲ့ဒီလရှက်စုတ်လေးတွေကြောင့်
နှစ်ကလေးတွေ နှစ်မွှန်းခဲ့တာ
အဲ့ဒီနှစ်ကလေးတွေကြောင့်
အရိုးတွေ မြေကျခဲ့တာများပြီ။
ဒါပေမဲ့ နေမင်းလမင်းကတော့ ဝင်လိုက်ထွက်လိုက်ပဲ။

တစ်ခါ အူဝဲဆိုတဲ့ တစ်ရက်နေ့မှာ
အရိုးနုလေးတွေ သန္ဓေတည်ကြတယ်။
အရိုးနုလေးတွေ ကခုန်ကြတယ်။
အလုပ်လုပ်ကြတယ်။
အားထုတ်ကြတယ်။
ကြိုးပမ်းကြတယ်။
အမြုတေဖြစ်သွားတဲ့နေ့မှာ
ပြာကျဖို့အတွက် ထင်းပုံပေါ်ကို ရောက်သွားရပြန်တယ်။
နောက်ဆုံး အရိုးနုလေးတွေ
တစ်ရက်နေ့ကို ပြန်ရောက်လာကြပြန်တယ်။ ။



ဆောင်းဦးညှယ် (ရှောင်လေးပင်)



www.burmeseclassic.com

www.burmeseclassic.com



# ထင်ဇော် (တရားရေး)

## အိမ်ထောင်ကျပြီးသူ မိန်းကလေးနှင့် လက်ထပ်ပေါင်းသင်းလျှင် သတိထား

လူပျို၊ အပျို၊ အပျိုနဲ့ လူအို လက်ထပ်ပေါင်းသင်းရင် ဘာမှမဖြစ်နိုင်ပေမယ့် အိမ်ထောင်ပျက်မိန်းကလေးများနဲ့ ချစ်မြတ်နိုးလို့ သားမှတ်မှတ်၊ မယားမှတ်မှတ် လက်ထပ်ပေါင်းသင်းတယ်ဆိုတာ အလွန်မွန်မြတ်တဲ့ လူမှုရေးဆောင်ရွက်တာလို့ဆိုနိုင်ပေမယ့် ဆူးတောမတိုးမိဖို့တော့ သတိထားဖို့လိုပါလိမ့်မယ်။ စေတနာကြောင့် ဝေဒနာဖြစ်ရတယ်ဆိုတဲ့ အခြေအနေမျိုးရောက်တတ်လို့ သတိထားရမယ့် အချက်ကလေးတွေကို တင်ပြလိုပါတယ်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၇ မှာ အိမ်ထောင်ရှိသူ မိန်းမနဲ့ ပေါင်းသင်းဆက်ဆံရင် မယားခိုးမှုမြောက်လို့ ထောင်ဒဏ်ငါးနှစ်အထိ ချမှတ်ခံထိုက်တဲ့ ပြစ်မှုလို့ ပြဋ္ဌာန်းထားပါတယ်။ ခြွင်းချက်တော့ ရှိတာပေါ့။ လင်ရှိမှန်းမသိလို့၊ လင်မရှိဘူးလို့ ယုံကြည်ရန်အကြောင်းရှိလို့ လင်ရှိမိန်းမတစ်ဦးနဲ့ ပေါင်းသင်းစပ်ယှက်မိရင်တော့ အပြစ်မရှိဘူးပေါ့။ ကိုယ်ကကာမစပ်ယှက်ခဲ့တဲ့အမျိုးသမီးနဲ့ တစ်ရွာတည်းနေသူဖြစ်တဲ့ကိစ္စမှာ 'ဒီမိန်းမဟာ လင်ဖြစ်တဲ့သူနဲ့ တရားဝင် ကွာရှင်းမှုမရှိသေးတာကို သိနိုင်လောက်ပါတယ်။ ဒါကို လင်မရှိဘူးလို့ယုံကြည်၍ ကာမစပ်ယှက်မိတာ အပြစ်မရှိပါလို့ မိုးကြိုးပစ်ထန်းလက်ကာမျိုး လွယ်လွယ်ပြောလို့မရဘူး။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၇ အရ မယားခိုးမှုကျူးလွန်ရာရောက်တယ်လို့ **ဦးပဏ္ဍိ ရွှေနှင့်ပြည်ထောင်စု (၁၉၇၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ-၄၅)**မှာ သတိပေးထုံးဖွဲ့ထားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



လင်ရှိမှန်းမသိလို့၊ ဒါမှမဟုတ် လင်မရှိဘူးလို့ ယုံကြည်ရန်အကြောင်းရှိလို့ မိမိမှာ အပြစ်မရှိပါလို့ ပြောလာရင်တော့ သက်သေခံအက်ဥပဒေပုဒ်မ–၁၀၅ အရ အဲဒီအချက်ကို ခိုင်ခိုင်မာမာ တရားခံဖြစ်သူဘက်က သက်သေပြရမှာဖြစ်ပါတယ်။ တရားလို လင်ယောကျ်ားဘက်က သက်သေပြရမှာမဟုတ်ပါဘူး။

လင်ရှိမိန်းမ,ဖြစ်တာ၊ မဖြစ်တာကို အချို့လူမျိုးတို့ရဲ့ ဓလေ့စရိုက်၊ ဝတ်စားဆင်ယင်ပုံ၊ လက်ထပ်လက်စွပ် ဝတ်ထားခြင်းရှိ၊ မရှိ စတဲ့ လက္ခဏာများအပေါ် ကြည့်ခန့်မှန်းနိုင်ပေမဲ့ ဗုဒ္ဓဘာသာဝင် အမျိုးသမီးတွေမှာတော့ အပျိုနဲ့ လင်ရှိမိန်းမတို့ရဲ့ ဝတ်စားဆင်ယင်ပုံမှာ ကွဲပြားခြားနားတာမျိုးမရှိလို့ လင်ရှိ၊ မရှိဆိုတာကို ခန့်မှန်းရလွယ်ကူမှာမဟုတ်ဘူးပေါ့။ ဒါပေမဲ့ တရားခံဟာ တရားလိုနဲ့ သူ့ဇနီးတို့ကို သိကျွမ်းနေသူ ဟုတ်၊ မဟုတ်၊ တစ်ရပ်တည်း၊ တစ်ရွာတည်းနေသူဟုတ်၊ မဟုတ်၊ အခြားသိနိုင်တဲ့အခြေအနေ ရှိ၊ မရှိစတဲ့ ပတ်ဝန်းကျင်အထောက်အထားများအပေါ် မှီငြမ်းပြီး လင်ရှိမိန်းမဖြစ်တာကိုသိရန် အကြောင်းရှိတယ်၊ ယုံကြည်ရန်အကြောင်းရှိတယ်လို့ ကောက်ယူဆုံးဖြတ်ရပါတယ်။

**အပျိုနဲ့ လင်ရှိမိန်းမတို့ရဲ့**
**ဝတ်စား ဆင်ယင်ပုံမှာ**
**ကွဲပြားခြားနားတာမျိုးမရှိလို့**
**လင်ရှိ၊ မရှိဆိုတာကို**
**ခန့်မှန်းရလွယ်ကူမှာမဟုတ်ဘူးပေါ့။**
**ဒါပေမဲ့ တရားခံဟာ တရားလိုနဲ့**
**သူ့ဇနီးတို့ကို သိကျွမ်းနေ သူ ဟုတ်၊ မဟုတ်၊**
**တစ်ရပ်တည်း၊ တစ်ရွာတည်း .....**

လင်နဲ့ကွဲနေပေမယ့် တရားဝင် မကွာရှင်းရသေးတဲ့မိန်းမကို ပေါင်းသင်းခြင်းဟာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၇ အရ မယားခိုးမှုမြောက်တယ်လို့ **ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဦးတင်ဝင်း၊ ၂၀၀၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ်–၃၀(ရန်ကုန်)** အမှုမှာ တရားရုံးချုပ်က ၁၇–၃–၂၀၀၅ ရက်နေ့က အောက်ပါအတိုင်း သုံးသပ်ဆုံးဖြတ်ထားတာကို တင်ပြလိုပါတယ်–

**"တရားလို၏ဇနီးသည် တရားအားထုတ်ရန်သွားမည်ဟု သားသမီးများကိုပြောပြီး အိမ်မှဆင်းသွားရာ ရက်အတန်ကြာသော်လည်း ပြန်မလာသဖြင့် လိုက်လံစုံစမ်းရာ အခြားမြို့နယ်တွင် မိတ်ဆွေတစ်ဦးနေအိမ်၌ တရားခံနှင့် ပေါင်းသင်းနေထိုင်လျက်ရှိကြောင်း သိရှိရ၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၇ အရ တရားခံအပေါ် လင်ယောကျ်ားဖြစ်သူ တရားလိုက ဦးတိုက်စွဲဆိုသည်။ အမှုတွင် တရားလိုသည် လွန်ခဲ့သော(၁၁) နှစ်ကကွဲနေသော ခင်ပွန်းဖြစ်ကြောင်း တရားလို၏ဇနီးကထွက်ဆိုသော်လည်း ၎င်းအား ပြန်လှန်စစ်မေးစဉ်က ၎င်းနှင့်တရားလိုမှာ ယခုထိ တရားဝင်စာချုပ်စာတမ်းဖြင့် ကွာရှင်းစာချုပ် ပြုလုပ်ထားခြင်းမရှိကြောင်း ထွက်ဆိုချက်အရ ၎င်းနှင့်တရားလိုတို့သည် တရားဝင်ကွာရှင်းမှု မရှိသေးပေ။ ဤအခြေအနေတွင် ၎င်းမိန်းမသည် တရားလို၏ဇနီးဖြစ်သည်ဟု ကောက်ယူရပေမည်။ ထိုသို့ တရားဝင်ကွာရှင်းခြင်းမရှိသေးသော လင်ယောကျ်ား၏ ဇနီးမယားနှင့် တရားခံ ပေါင်းသင်းနေထိုင်ခြင်းမှာ မယားခိုးမှု ကျူးလွန်ရာရောက်သည်။ သို့ပါလျက် မူလရုံးက ပြစ်မှုထင်ရှားပေါ်လွင်ခြင်းမရှိကြောင်း ကောက်ယူ**



www.burmeseclassic.com

www.burmeseclassic.com





# ထင်ဇော် (တရားရေး)
## ဒီမိုဆောင်ကျူး၍ မိန်းကလေးနှင့်
## လက်ထပ် ပေါင်းသင်းလျှင် သတိထား

**သုံးသပ်ပြီး တရားခံအား အမှုမှလွှတ်သည့် အမိန့်သည် ဥပဒေနှင့်ညီညွတ်မှန်ကန်သည်ဟု မဆိုနိုင်ကြောင်း၊"** တရားရုံးချုပ်က မူလရုံးအမိန့် ကိုပယ်ဖျက်ပြီး တရားခံကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၇ အရ ထောင်ဒဏ် တစ်နှစ်ချမှတ်ခဲ့ပါသည်။

ဒါကြောင့်မို့ လင်နဲ့(၁၁)နှစ်ကြာ ကွဲကွာနေပါတယ်ဆိုရုံနဲ့ လင်နဲ့ကွာရှင်းပြီး လင်မရှိတော့တဲ့မိန်းမ ဖြစ်တယ်လို့ ပုံယုံလို့ပေါင်းသင်းမိရင် မိန်းမက ဘာမှ မဖြစ်ပေမယ့် ကိုယ်ကတော့ ထောင်နန်းစံ မင်းသားလေးဘဝ ရောက်သွားနိုင်တာကို သင်ခန်းစာယူသင့်ပါတယ်။

လင်ရှိခဲ့ဖူးတဲ့ မယားမုန်းသိပါလျက် အဲဒီ လင်ရှိဖူးတဲ့မိန်းမကို သူ့လင်ယောက်ျားကြီးနဲ့ တရားဝင်ကွာရှင်းပြတ်စဲပြီး၊ မပြီး မသေချာဘဲ လက်ထပ်ပေါင်းသင်းခြင်း မပြုအပ်ကြောင်း၊ လင်ယောက်ျားနဲ့ တရားဝင် မကွာရှင်းရသေးရင် မယားခိုးမှုကျူးလွန်ရာရောက်လို့ ပြစ်ဒဏ်စီရင်တာ ခံရမယ်လို့ **ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် စိုင်းညီညီထွေး၊ [၂၀၀၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထူးအယူခံမှုအမှတ်-၅ (မန္တလေး) (နေပြည်တော်ရုံးထိုင်)(စုံညီ)]**အမှုမှာ စုံညီခုံရုံးက အောက်ပါအတိုင်း သုံးသပ်သတိပေးတာကို လေ့လာသိရှိနိုင်ဖို့ တင်ပြလိုပါတယ်-

**"မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေအရ လင်မယားကွာရှင်းမှုကို နှစ်ဦးသဘောတူညီချက်ဖြင့် တရားဝင်ဆောင်ရွက်ခွင့်ရှိသော်လည်း တရားဝင်ကွာရှင်းကြရာတွင် ခိုင်မာသော အပြုအမူ၊ အပြောအဆိုရှိရန် လိုမည်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် ကွာရှင်းပြတ်စဲပြီးကြောင်း အများလက်ခံနိုင်သည့် အချက်တစ်ရပ်ရပ်ရှိရန်လိုသည်။ ယခုကဲ့သို့ အငြင်းပွားရမည့်အချက်များ ပေါ်ပေါက်ခဲ့သော လင်မယားခန်းကိစ္စများတွင် ကွာရှင်းမှုပြုပြီးကြောင်း အများသိသာရန် ဆောင်ရွက်ချက်တစ်ရပ် လိုအပ်မည်ဖြစ်သည်။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ လင်မယားအဖြစ် လက်ထပ်မှု၊ လင်မယားအဖြစ် ကွာရှင်းမှုများ သည် လူသိရှင်ကြား ဆောင်ရွက်ကြရသော ကိစ္စများဖြစ်သည်။ လင်မယားအချင်းချင်း အဆင်မပြေသဖြင့် လင်မယားကဲ့သို့ ပြုမူဆက်ဆံခြင်း မပြုသောအချက်နှင့် လင်မယားနှစ်ဦးသဘောတူကွာရှင်းပြတ်စဲမှု ပြုသောအချက်တို့သည် ကွာခြားမှုရှိသည်ဟုဆိုရမည်ဖြစ်သည်။ တရားလို**

www.burmeseclassic.com



နှင့် ၎င်း၏ဇနီးတို့ပေါင်းသင်းနေထိုင်စဉ်က တရားလို၏ ဇနီးနှင့် တရားခံတို့သည် ရန်ကုန်မြို့ရှိ တည်းခိုခန်းတစ်ခုတွင် အတူတည်း ခိုကြောင်း ဧည့်စာရင်းတွင် ပေါ်ပေါက်သဖြင့် တောင်ကြီးမြို့နယ်တရားရုံးတွင် တရားခံအပေါ် မယားခိုးမှုကို တရားလိုက စွဲဆိုခဲ့သည်။ တရားခံအား ဆင့်ခေါ်မရသဖြင့် အမှုပိတ်ခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် တရားလိုက သူ၏ဇနီးနှင့် ကွာရှင်းလိုသဖြင့် အဆိုပါတရားရုံးတွင် လင်မယားကွာရှင်းလိုမှုကို စွဲဆိုခဲ့သည်။ သို့သော် အဆိုပါအမှုများမှာ ပြီးပြတ်ခြင်းမရှိဘဲ ရုပ်သိမ်းထားခဲ့ကြောင်း တွေ့ရသည်။ ထိုကဲ့သို့ အမှုများမှာ ပြီးပြတ်ခြင်း မရှိဘဲ ရုပ်သိမ်းထားခဲ့ခြင်းသာ ဖြစ်သည်။ ထိုကဲ့သို့ စွဲဆိုထားမှုများ ရှိနေခဲ့သည့် အကြောင်းကြောင့် တရားလို၏ ဇနီးဖြစ်သူအား တရားခံက လက်ထပ်မည့်အချိန်တွင် မိမိယူမည့် မိန်းမတွင် တရားဝင်လင်ယောကျ်ား ရှိ၊မရှိကို စုံစမ်းစစ်ဆေးသင့်သည်။ တရားလိုနှင့် သူ၏ဇနီးတို့သည် တစ်ယောက်နှင့်တစ်ယောက် အခေါ် အပြောမရှိတော့သဖြင့် လင်မယားအဖြစ်မှ ကွာရှင်းပြီးဖြစ်သည်ဟု ယုံကြည်ရကြောင်း ထိုမိန်းမ၏အဒေါ်တို့၏ ပြောပြချက်အရ တရားလိုနှင့် ထိုမိန်းမတို့မှာ လင်မယားအဖြစ်မှ ကွာရှင်းပြီးဖြစ်သည်ဟု သိရှိယုံကြည်ကြောင်း တရားခံ၏ ထုချေချက်မှာ ခိုင်မာသော ထုချေချက် အဖြစ် လက်မခံထိုက်ပေ။ ထို့ကြောင့် တရားခံသည် လင်နှင့် တရားဝင်ကွာရှင်းခြင်းမရှိသေးသော မိန်းမနှင့် လက်ထပ်ပေါင်းသင်းခဲ့ခြင်းဖြစ်၍ ၎င်းသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၇ အရ ပြစ်ဒဏ်ထိုက်သောပြစ်မှု (မယားခိုးမှု)ကို ကျူးလွန်သည်။"

ဒါ့ကြောင့် ကိုယ်ယူမယ့်မိန်းမဟာ အရင်က

**အမှုများမှာပြီးပြတ်ခြင်းမရှိဘဲ**
**ရုပ်သိမ်းထားခဲ့ခြင်းသာ ဖြစ်သည်။**
**ထိုကဲ့သို့စွဲဆိုထားမှုများ**
**ရှိနေခဲ့သည့်အကြောင်း ကြောင့်**
**တရားလို၏ ဇနီးဖြစ်သူအား**
**တရားခံက လက်ထပ်မည့်**
**အချိန်တွင်**
**မိမိယူမည့်မိန်းမတွင် ....**

အိမ်ထောင်ရှိခဲ့ဖူးပြီး သူ့ရဲ့လင်က ကိုယ့်အပေါ် ယခင်က မယားခိုးမှုစွဲဆိုခဲ့ပြီး ထိုလင်ယောကျ်ားက ထိုမိန်းမအပေါ်ကွာရှင်းလိုမှု စွဲဆိုခဲ့သော်လည်း အဲဒီ့အမှုများကို ရုပ်သိမ်းခဲ့ပြီးနောက် ထိုလင်ယောကျ်ားနှင့် ထိုမိန်းမတို့ ခေါ်ပြောဆက်ဆံမှု မရှိတော့ဆိုတဲ့ အကြောင်းအချက်တို့ကြောင့် အဲဒီမိန်းမဟာ သူ့ရဲ့လင်ယောကျ်ားနဲ့ တရားဝင် ကွာရှင်းပြတ်စဲပြီးဖြစ်တယ်လို့ ယုံကြည်ရန် ခိုင်လုံတဲ့အကြောင်းများလို့ မဆိုနိုင်ပါ။ အဲဒီအချက်တို့ကို သက်သေပြနိုင်ရုံမျှနဲ့လည်း အဲဒီမိန်းမကို ကိုယ်က လက်ထပ်ပေါင်းသင်းတာ မယားခိုးမှု မမြောက်နိုင်ပါလို့ ခုခံတင်ပြ စောဒကတက်လို့ မရဘူးဆိုတာကို သိထားဖို့လိုပါတယ်။

အခုလိုတင်ပြနေတာဟာ လင်ရှိဖူးတဲ့ မိန်းမကို မယူသင့်ဘူးလို့ တင်ပြလိုခြင်း မဟုတ်ပါ၊ လင်ရှိဖူးတဲ့မိန်းမကို ယူတော့မယ်ဆိုရင် သူ့လင်ကြီးနဲ့ တရားဝင်ကွာရှင်းပြီး၊ မပြီးကို သေချာအောင် စုံစမ်းစစ်ဆေးပြီး သေချာမှယူရန် တင်ပြလိုရင်းဖြစ်ပါတယ်။

လောကီကြောင်းအရ၊ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံအရ တစ်လင်၊ တစ်မယားစနစ်သာ ကျင့်သုံးရသည့်အပြင် လောကုတ္တရာကြောင်းအရလည်း မြန်မာ



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဘာသာအမျိုးကောင်းသား၊ သမီးများအနေဖြင့် ကာမေသုမိစ္ဆာစာရကံကို လုံအောင်စောင့်ထိန်းရသည့်အလျောက် အိမ်ထောင်ရေးပြစ်မှုမကျူးလွန်တဲ့ လင်ယောကျ်ားကို ကွာရှင်းပြီး နောက်အိမ်ထောင်ပြုခွင့် မရှိတာကိုလည်း တစ်ဖက်မှဆင်ခြင်သတိထားရှိဖို့ လိုအပ်ကြောင်း တင်ပြလိုပါတယ်။

အိမ်ထောင်ကျခဲ့ဖူးတဲ့မိန်းမကို ယူမယ်ဆိုရင် ဖြစ်လာနိုင်တဲ့ အန္တရာယ်ကို တင်ပြနေရုံနဲ့ ဒီဆောင်းပါး ပြီးသွားရင် ဤဆောင်းပါးရှင်အနေဖြင့် တာဝန်ကျန်နေမှာမို့ ဒီလိုအိမ်ထောင်ကျဖူးတဲ့မိန်းမကို မယူမီ ဘာတွေဆောင်ရွက်ရမလဲဆိုတာ နိဂုံးချုပ်အနေနဲ့ ဆက်လက် တင်ပြပါမယ်။ ကြိုတင်သတိပြု ဆောင်ရွက်ရန် အချက်တွေကတော့–

(၁) မိန်းမဘက်က နောက်အိမ်ထောင်ပြုတော့မယ်ဆိုရင် ခင်ပွန်းဟောင်းနဲ့တရားဝင်ပြတ်စဲ ကွာရှင်းတဲ့ စာချုပ်ကို ချုပ်ဆိုပြီးမှ နောက်အိမ်ထောင်ပြုရန်၊

(၂) မိန်းမဘက်မှ လင်မယားကွာရှင်းပေးရန် လင်ကြီးကို တောင်းဆိုပါလျက် မလိုက်လျောလျှင် တရားရုံးတွင် လင်မယားကွာရှင်းပေးစေလိုမှု စွဲဆိုဒီကရီ ရရှိပြီးမှ နောက်အိမ်ထောင်ပြုရန်၊

(၃) မိန်းမကို ယောကျ်ားက သုံးနှစ်ကျော် စွန့်ပစ်ခံရလျှင် မိန်းမဘက်မှ ယင်းသို့ စွန့်ပစ်ခံရသည့်အတွက် လင်မယားအဖြစ်မှပြတ်စဲကြောင်း အများသိစေရန်သတင်းစာမှဖြစ်စေ၊ ရပ်ရွာလူကြီးများ ရှေ့မှောက်တွင်ဖြစ်စေ အတိအလင်း ကြေညာခြင်း (သို့မဟုတ်) ထိုသို့ကြေညာပြီး တရားရုံးမှ ကွာရှင်းခွင့်ဒီကရီရရှိအောင် ဆောင်ရွက်ခြင်းပြုပြီးမှ နောက်အိမ်ထောင်ပြုရန်၊

(၄) သတို့သားလောင်းဘက်မှလည်း အထက်ပါအတိုင်း သတို့သမီးဘက်မှ ဆောင်ရွက်ပြီး၍ ယခင်လင်ဟောင်းနှင့် ကွာရှင်းပြီးကြောင်း သေချာအောင် ပြုလုပ် စုံစမ်းသိရှိပြီးမှ ထိုမိန်းမနှင့် အိမ်ထောင်ပြုရန်တို့ ဖြစ်ပါတယ်။

**သတို့သားလောင်းဘက်မှလည်း အထက်ပါအတိုင်း သတို့သမီးဘက်မှ ဆောင်ရွက်ပြီး၍ ယခင်လင်ဟောင်းနှင့် ကွာရှင်းပြီးကြောင်း သေချာအောင် ပြုလုပ် စုံစမ်းသိရှိပြီးမှ ထိုမိန်းမနှင့် အိမ်ထောင်ပြုရန်....**

အိမ်ထောင်ကျခဲ့ဖူးသူ သတို့သမီးနဲ့ လက်ထပ်မယ့် သတို့သားလောင်းတို့အတွက် ချစ်ခင်မြတ်နိုး၍ လက်ထပ်ပေါင်းသင်းကြရာမှာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပြီး ဘဝရှေ့ရေး သာယာချမ်းမြေ့စွာ အနာဂတ်ခရီးကို လက်တွဲကြည်ဖြူ ပျော်ရွှင်နိုင်ကြပါစေလို့ ဆန္ဒပြုရင်း ဤဆောင်းပါးကို ခေတ္တ ရပ်နားပါရစေ။

လူပျို၊ အပျိုလေးတွေ တိတ်တဆိတ် လက်ထပ်စာချုပ်ပြုလုပ်ချုပ်ဆိုထားရင်လည်း ဘယ်လိုအဖြစ်ဆိုးမျိုးကြုံတွေ့နိုင်တယ်ဆိုတာကိုလည်း ဆင်ခြင်နိုင်ကြစေဖို့ ဆက်လက်တင်ပြသွားပါမယ်။

နောင်တွေ့ကြသေးတာပေါ့နော်။ ချမ်းမြေ့ကြပါစေ။ ။

**ထင်ဇော် (တရားရေး)**


www.burmeseclassic.com

www.burmeseclassic.com



ကိုကို(ငယ်ချစ်)

# ရင်မှ ဖြစ်တည်လာသော အရာများ

စိတ်သာရှင်စော ဘုရားဟောတည့်။

လူ့စိတ်သည် ထိန်းချုပ်ရန်ခက်ပါ၏။

ထိန်းချုပ်နေသည့်ကြားမှ ဖီလာဆန့်ကျင်ကာ အရွဲ့တိုက်စိတ်ဖြင့် ထွက်ပြေးလွတ်မြောက်နေ၏။

အချို့စိတ်ကား ပါးနပ်၏။ လက်ခံသဘောတူ သလိုလိုနှင့် အပျော့ဆွဲ ဆွဲကာ ၎င်း၏အလိုသို့ ဖြားယောင်းတတ်ပါ၏။

၎င်း၏ အစွမ်းထက်လက်နက်များဖြစ်သော အာရုံ (၆)ပါးဖြင့် ညို့ငင်ဖမ်းစား၍ သံသရာခရီးကို ဆပွားစေပါသည်။ သာမန်လူတို့အဖို့ ထိန်းချုပ်ရန် မလွယ်ကူ။ ဖွဲ၊ လုံ့လ၊ ဝီရိယနှင့် ပါရမီရင့်သန်သော သူတော်စင် သူမြတ်လောင်းတို့က ထိန်းချုပ်နိုင်ကြ ၏။

စိတ်အာရုံထိန်းချုပ်နိုင်ဖို့ကား သမာဓိစွမ်းအား ရှိရပေမည်။ သမာဓိရရန် သီလစင်ကြယ်ရပေမည်။ သီလစင်ကြယ်ဖို့ရန် ကျွန်တော်တို့ သီလဆောက် တည်ရမည်၊ သီလစောင့်ထိန်းရမည်။

စိတ်အာရုံထိန်းချုပ်၍ ကုသိုလ်၊ အကုသိုလ်အမှုတို့ကို ခွဲခြားသိမြင်ပြီး ကိလေသာအား ပယ်သတ်နိုင်ပါက အပါယ်တံခါးပိတ်ပေပြီ။

သံသရာဝဋ်ဆင်းရဲအပေါင်းမှ လွတ်ကင်းနိုင်ခြင်း မရှိသော ဤလူ့ဘဝဇာတိဖြစ်တည်ခိုက်၊ ရခိုက်အချိန် ကာလလေးအတွင်း ကုသိုလ်အလုပ်၊ အကုသိုလ် အလုပ် ခွဲခြားသိမြင်နိုင်အောင် ကြိုးစားရပေမည်။ သံသရာအတွက် ဘဝတိုင်း၊ ဘဝတိုင်းတွင် ပါရမီ ဖြည့်ကျင့်ရမည်။ ကောင်းမွန်မှန်ကန်သော အသက် မွေးဝမ်းကျောင်းမှုဖြင့် အကုသိုလ်အမှုတို့ကို ပယ်သတ် ချုပ်ငြိမ်းစေရာ၏။

လူတို့၏စိတ်သည် မကောင်းမှု၌သာ မွေ့လျော် တတ်သော သဘောရှိသဖြင့် ကြိုးစားကျင့်ကြံခြင်း ဖြင့်သာ ကောင်းမှုမြတ်နိုး ကောင်းအောင်ကြိုးစား၍



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကျိုးကိုယ်၌သာ တည်စေခဲ့ရာ၏။

သုညဘဝမှ ကိန်းဂဏန်းပေါင်းများစွာ ရရှိပိုင်ဆိုင်နိုင်အောင် ကြိုးစားခဲ့ကြရ၏။ ထိုသို့ကြိုးစားရာတွင် လမ်းကြောင်းမှန်ကန်၍ ပေါက်မြောက်အောင်မြင်သည်လည်းရှိ၏။ လမ်းကြောင်းမှား၍ ဖောက်ပြန်သွားသည်လည်းရှိ၏။

မည်သို့ဆိုစေ ဣဿာ မစ္ဆရိယစိတ် နည်းပါးအောင် ထိန်းချုပ်ပြုပြင်ရပါမည်။ မုဒိတာစိတ်ပွားများအောင် အမြဲမပြတ် စီးဖြန်းနေရမည်။ ဘာဝနာပွားနေရပါမည်။

လူ့စိတ်၏ အပြောင်းအလဲမြန်ဆန်မှုကား သြချရ၏။ ကာလံ၊ ဒေသံ၊ အဂ္ဂါ၊ ခန့်လိုက်၍ အလျင်အမြန်ပြောင်းလဲတတ်၏။ ယနေ့နှင့်မနက်ဖြန်၊ ယခုနှင့် ခဏအကြား မတူညီကြ။ မိမိခန္ဓာကိုယ်၌ပင် အတွင်းအဇ္ဈတ္တနှင့် အပြင်ဗဟိဒ္ဓတို့ မတူညီနိုင်ကြပေ။

အတွင်းစိတ်၊ အပြင်စိတ် ဆန့်ကျင်မှုတို့ ဖြစ်ပေါ်နေတတ်သည်။ အနောက်တိုင်းစိတ်ပညာရပ်ဝေါဟာရတစ်ခုတွင် ဖတ်မှတ်ဖူး၏။ လူ့ကိုယ်တွင် ID (ပင်ကိုစိတ်)၊ EGO (အလယ်အလတ်စိတ်)နှင့် SUPER EGO (အကောင်းလွန်စိတ်)တို့ ရှိသည်ဆို၏။

ဖြစ်စဉ်တစ်ခုတွင် အသက် ၈၀ ကျော် အဘိုးအိုတစ်ဦးသည် တစ်နေ့သောနံနက်တွင် ကျန်းမာရေးလမ်းလျှောက်ထွက်၏။ အဘိုးအိုလမ်းလျှောက်ထွက်ရာ အနီးအနားရှိ လူအဆက်ပြတ်သော နှင်းမှုန်ထဲတွင် အလွန်ချောမောလှပပြီး ခန္ဓာကိုယ်အဆက်အပေါက် စွဲမက်ဖွယ်ကောင်းသည့် ဆယ်ကျော်သက်မိန်းမပျိုလေးတစ်ဦးသည် ကျန်းမာရေး ကိုယ်ကာယလေ့ကျင့်ခန်း ပြုလုပ်နေ၏။

ထိုသည်ကိုမြင်သော ID က "ဒီမှာအဘိုးကြီးဟော....ဟိုမှာကြည့်လိုက်စမ်း၊ အလွန်လှပ ချစ်စရာကောင်းတဲ့ ကောင်မလေးတစ်ယောက် တွေ့လား၊ တစ်ယောက်တည်းရှိနေတယ်၊ အဖော်ဘယ်သူမှမတွေ့ဘူး၊ ဒါ အခွင့်အရေးပဲ၊ လက်လွတ်မခံနဲ့၊ ဆွဲလွှဲဖက်ယမ်း နမ်းရှုပ်ပစ်လိုက်ပါလား"တဲ့....။

**သုညဘဝမှ ကိန်းဂဏန်းပေါင်းများစွာ ရရှိပိုင် ဆိုင်နိုင်အောင် ကြိုးစားခဲ့ကြရ၏။ ထိုသို့ကြိုးစားရာ တွင် လမ်းကြောင်းမှန်ကန်၍ ပေါက်မြောက်အောင်မြင်သည်လည်းရှိ၏။ လမ်းကြောင်းမှား၍.....**

ထိုတွင် "တော်စမ်း၊ အရှက်အကြောက် ကင်းမဲ့လှချည်လား၊ ရှက်တတ်ရင် သေပစ်လိုက်ဖို့ကောင်းတယ်၊ အမဲရိုးနယ် ဟင်းအိုးမှအားမနာ၊ ဇရာအိုနဲ့ကညာပျို၊ ဟိုက တက်သစ်စ၊ သင်က သေခါနီး၊ သချိုင်းကုန်း ခြေတစ်ဖက်လှမ်းနေပြီ၊ သေခါနီးရက္ခာလိုချင်သေးသလား၊ ကိုယ့်မြေးအရွယ်လောက်လေးရှိတာကို မရှက်ဘူးလား၊ ဒီလောက် တဏှာရမ္မက်ကြီးလှချည်လား"လို့ SUPER EGO က မညှာမတာ၊ ရက်ရက်စက်စက်၊ ပစ်ပစ်ခါခါ ပြောလိုက်သည်။ အဘိုးကြီး အတော်ရှက်သွားပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတော့။

သည်အချိန်တွင် သမာသမတ်ကျသည့် EGO က "အဘိုးကြီး၊ လူယဉ်ကျေးတို့ရဲ့ အစဉ်အလာအတိုင်း နှုတ်ဆက်လိုက်ပါလား"လို့ အကြံပေးသည်။ ထိုအခါကျမှ အဘိုးအိုလည်း "ကောင်းသောနံနက်ခင်းပါ မိန်းကလေး"ဟု နှုတ်ဆက်လိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲ ID က အမြတ်ထုတ်သည့်အနေဖြင့် အဘိုးအိုက နူတ်ဆက်နေတုန်း ကောင်မလေးကို မျက်စိတစ်ဖက် မှိတ်ပြလိုက်သတဲ့။ ဒါကိုလည်း SUPER EGO က မမြင်မဖြစ် မြင်လိုက်သေး၏။ သို့သော် ဘာမှမပြောဘဲ မသိချင်ယောင်ဆောင် နူတ်ဆိတ်နေလိုက်သတဲ့။

♛♛♛♛♛

လူတစ်ယောက်၏ စိတ်နေသဘောထားသည် ကာလ၊ ဒေသ၊ အဂ္ဂ၊ ခန်ကိုလိုက်၍ ပြောင်းလဲတတ်ကြောင်းကို တင်ပြခဲ့ပြီးဖြစ်ပါသည်။ တစ်ခါတစ်ရံတွင် မိမိကိုယ်၌က ပြောင်းလဲတတ်ပြီး တစ်ခါတစ်ရံတွင် မိမိက မပြောင်းလဲသော်လည်း ပတ်ဝန်းကျင်က မိမိအပေါ် သဘောထားပြောင်းလဲသွားတတ်တာမျိုး ရှိပါသည်။

မိမိက ထိုပြောင်းလဲခြင်း၏ အကြောင်းအရင်း၊ ပြောင်းလဲတတ်သော သဘောတရားကို သိရှိနားလည်နေမှသာ လူ့လောက၊ လူ့ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိပေလိမ့်မည်။ သဘာဝတရားနှင့် အံဝင်ခွင်ကျဖြစ်နေခြင်းသည် ငြိမ်းချမ်းသာယာခြင်းပင်ဖြစ်ပါ၏။

အတူနေရပ်ကွက်တစ်ခုအတွင်း မိမိက သိန်းထီဆုကြီးတစ်ဆု ပေါက်သွားခြင်းတွင် မိမိကိုယ်၌က စိတ် ကြီးဝင် ဘဝင်မြင့်သွားပြီး စိတ်ပြောင်းသွားနိုင်သည်။ ယခင်က တန်းတူရည်တူ ရှိနေကြသူများအပေါ် မတူသလို မတန်သလို ဖြစ်သွားနိုင်သည်။

အဲ.....မိမိက သိန်းထီဆုကြီးပေါက်သွားပြီး ယခင်ကလို ဘာမှမပြောင်းလဲ၊ ရပ်ကွက်ကလည်း မပြောင်း၊ ပုံမှန်အတိုင်းရှိနေသော်လည်း ပတ်ဝန်းကျင်က ရှိန်သွား၊ တန့်သွားသည်၊ ပြောင်းလဲသွားနိုင်သည်။ မိမိအခြေအနေ၊ အရိပ်အကဲကို တစ်ထောင့်တစ်နေရာ

**သိန်းထီဆုကြီးပေါက်သွားပြီး**
**ယခင်ကလို ဘာမှမပြောင်းလဲ၊**
**ရပ်ကွက်ကလည်း မပြောင်း၊**
**ပုံမှန်အတိုင်းရှိနေသော်လည်း**
**ပတ်ဝန်းကျင် က ရှိန်သွား၊**
**တန့်သွားသည်၊ ပြောင်းလဲသွားနိုင်သည်။**
**မိမိအခြေအနေ၊**
**အရိပ်အကဲကို တစ်ထောင့်တစ်နေရာ က.....**

က စူးစမ်းနေသည်။ သုံးသပ်နေ၏။

ထိုအချိန်တွင် မိမိက သဟဇာတဖြစ်ကြောင်း၊ အနေတင့်သွားသော်လည်း အခြေမြင့်ခြင်းမရှိ၊ အညမညသဘောတရားလက်ခံ၍ ပတ်ဝန်းကျင်ရပ်ကွက်အတွင်း ဉာတကာနုဂ္ဂဟသင်္ဂဟောပြုခြင်း၊ စပေါင်းအင်အားကိုသုံးလျက် အလှူဒါန ပြုခြင်းတို့အပေါ်တွင် ယခင်ကကဲ့သို့ မိမိနှင့်ပတ်ဝန်းကျင် တစ်သားတည်း ပြန်ဖြစ်သွား၏။ ပြောမည်ဆိုလျှင် စုစည်းမှုတွင် ယခင်ကထက်ပင် ပိုမိုကျစ်လျစ်သိပ်သည်းသွား၏။

ဟိုတုန်းက တံငါလင်မယားရှိ၏။ တစ်နေ့ မြစ်အတွင်း ပိုက်ကွန်ပစ်ရင်း ပြန်ဖော်၍မရဖြစ်နေ၏။ အားစိုက်၍ဆွဲသော်လည်း မရသဖြင့် ရေအောက်တွင် အလွန်ကြီးမားသော ငါးကြီးတစ်ကောင်မိနေသည်ဟု သုံးသပ်မိ၏။

ထိုစဉ် အကြောင်းမဲ့သက်သက် မစ္ဆရိယစိတ်ပွားလာပြီး ထိုငါးကြီးရလာပါက အပြန်တွင် ရွာထဲမှ ငါးဟင်းစားတောင်းမည်ကို မပေးချင်၊ စိုးရိမ်စိတ်ဝင်လာသဖြင့် ဇနီးဖြစ်သူအား ငါးကြီးကြီးမိနေ၍ ရွာသို့ဦးစွာပြန်ခိုင်းပြီး ပတ်ဝန်းကျင်နှင့် စကားများရန်ဖြစ်ခိုင်း၏။

www.burmeseclassic.com

သို့မှသာ ငါးကြီးရလာပါက စကားများထားသဖြင့် ငါး ဟင်းစားပေးရန် မလိုတော့ကြောင်း တွေးမိ၏။

သို့သော် ရေအောက်ငုပ်၍ တကယ်တမ်း ပိုက်ကွန်အားဖော်သည့်အခါ ငါးကြီးတစ်ကောင် မိနေသည် မဟုတ်၊ ရေအောက်၌ရှိနေသည့် သစ်ငုတ်ကြီးနှင့် ငြိနေခြင်းသာဖြစ်၏။

ဤသည်ကား မိမိ၏ စိတ်ပြောင်းလဲခြင်းသာဖြစ်၏။

တစ်ဖန် ဖြစ်စဉ်တစ်ခုတွင် ဆင်းရဲသော ဈေးသည်ဘဝတူချင်းတွင် မိသားစုနှင့် ပိုမိုကျပ်တည်းသော သူငယ်ချင်းမိန်းကလေးအား လူလွတ်တစ်ကောင်ကြွက်ဖြစ်သော မိမိက ကိုယ်ချင်းစာနာစိတ်၊ သနားကြင်နာစိတ်တို့ဖြင့် အစစအရာရာ ကူညီပံ့ပိုးပေး၏။ မိမိတို့နှစ်ယောက်၏ သံယောဇဉ်ကို အခြားသော ဘဝတူတို့က သိရှိနားလည်ထားကြ၏။ မိမိစိတ်တွင် တစ်ချိန် ထိုမိန်းကလေးနှင့် လက်တွဲ၍ ဘဝတစ်ခု ထူထောင်နိုင်ရန်အတွက် လုပ်ငန်းတစ်ခု မဖြစ်မနေလုပ်ရန် ရည်ရွယ်၏။ ထိုအတွက်လည်း လက်ရှိဈေးရောင်းနေသော အလုပ်ကို ပိုမိုကြိုးစားလုပ်ကိုင်ရင်း အရင်းအနှီးရအောင်

ကူညီစောင့်ရှောက် မှုကို
ကြည်နူးနှစ်သက်စွာ လက်ခံ၏။
ထိုစဉ် ထိုမိန်းကလေးရုတ်တရက်
သိန်းထီထပေါက်ပြီး
ငွေကြေး ပြည့်စုံသွား၏။
ထိုမိန်းကလေးက ဘဝတူများ
အားလုံး ကို လုပ်ငန်းများ
တိုးချဲ့လုပ်ကိုင်နိုင်ရန် အရင်းအနှီးများ....

စုဆောင်းနေ၏။

ထိုမိန်းကလေးကလည်း မိမိ၏သဘောဆန္ဒကို ရိပ်မိသိရှိသည်။ မိမိ၏ ကြင်နာမှု၊ ကူညီစောင့်ရှောက်မှုကို ကြည်နူးနှစ်သက်စွာ လက်ခံ၏။ ထိုစဉ် ထိုမိန်းကလေး ရုတ်တရက် သိန်းထီထပေါက်ပြီး ငွေကြေးပြည့်စုံသွား၏။ ထိုမိန်းကလေးက ဘဝတူများအားလုံးကို လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန် အရင်းအနှီးများ အလုံအလောက်ထုတ်ပေး၏။ လုပ်ဖော်ကိုင်ဖက်များကလည်း အလွန်အမင်း ဝမ်းသာပျော်ရွှင်နေကြ၏။ မိမိတစ်ယောက်သာ မသွား။ လုပ်ဖော်ကိုင်ဖက်များက တိုက်တွန်း၏။ မိမိတို့ ဘဝတစ်ခုမျှ ကူညီပံ့ပိုးနိုင်ခြင်း မရှိခဲ့သော သူတို့ကိုပင် ထိုမိန်းကလေးက အရင်းအနှီး အလုံအလောက် ထုတ်ပေးနေသေးသည်ဆိုလျှင် မိမိကဲ့သို့သော သူမအပေါ် ကျေးဇူးရှိသည့် ကျေးဇူးရှင်အနေဖြင့် ဆိုဖွယ်ရာမရှိ။ ဤသည်ကိုသိသည်။ သို့သော် မိမိစိတ်ကိုက မသွားချင်။ ထိုမိန်းကလေးက မိမိအား လိုက်ရှာနေသော်လည်း မိမိက မတွေ့ချင်၊ ရှောင်ပုန်းနေ၏။

အမှန်ဆိုလျှင် မိမိက ထိုမိန်းကလေး ချမ်းသာသွားသည်ကို မနာလို၍လော။ ထိုမိန်းကလေးကို မချမ်းသာစေချင်၍လော။ တစ်သက်လုံး မိမိ၏ လက်ဝေခံဘဝနှင့် ဆင်းဆင်းရဲရဲ ချို့ချို့ငဲ့ငဲ့ နေစေချင်၍လော။

ထိုသို့လည်းမဟုတ်ပြန်။ ချမ်းချမ်းသာသာ နေစေချင်ပါသည်။ သို့သော် မိမိ၏ အတ္တနှင့် မာနစိတ်တို့ကို မစွန့်လွှတ်နိုင်။ မိမိက သနားစိတ်ဖြင့် ကူညီပံ့ပိုးပေးနေရသောဘဝကို နှစ်သက်ကြည်နူးနေ၏။ သူမကလည်း မိမိအပေါ် အားကိုးတွယ်တာစိတ်ကလေးနှင့် ပြန်လည်၍ ကြင်နာမှုအရိပ်အယောင်ကလေးများပြကာ နိုင်သလောက် ပြုစုပေးနေသည့် ဘဝလေးများကို မက်မောတွယ်တာနေ၏။



www.burmeseclassic.com

www.burmeseclassic.com

အခြားသော အကြောင်းကြောင်းကြောင့် ယခု အခြေအနေလေး ပျောက်ကွယ်သွားမှာ၊ ပျောက်ပျက်သွားမှာ မလိုလား။ အမြဲစိုးရိမ်နေမိ၏။ ထိုသို့သော အခြေအနေတွင် ရုတ်တရက် သိန်းထီပေါက်လိုက်ခြင်းဖြင့် သူမက မိမိအပေါ် စိတ်သဘောထား ပြောင်းလဲသွားမှာလား၊ မိမိကို မေ့သွားမလား၊ ယခင်က မိမိအပေါ် အလေးထားခဲ့သလောက် ယခု ပေါ့ပေါ့တန်တန် သဘောထားတော့မလား။

စသည့် စသည့် မိမိတစ်ယောက်တည်း၏အတွေးစိတ်များဖြင့် ယောက်ယက်ခတ် စိတ်မောနေသည်။ သူမ ထီပေါက်သွားခြင်းကိုက မိမိအတွက် ဝမ်းနည်းကြေကွဲစရာလို ဖြစ်နေ၏။ မိမိတို့ဘဝနှစ်ခုကို ဝေးကွာသွားစေသော အကြောင်းအရင်းတစ်ခုဟု ထင်မှတ်နေ၏။ ဝမ်းနည်းကြေကွဲစိတ်၊ သိမ်ငယ်စိတ်၊ အားငယ်စိတ်တို့ဖြင့် ရှောင်ပုန်းနေခြင်းသာဖြစ်၏။

အမှန်ဆိုလျှင် မိမိစိတ်က မိမိကိုယ်မိမိ လှည့်စားနေခြင်းသာဖြစ်သည်။ တကယ်တမ်းတွင်လည်း သူမဘက်က ဘာမှမပြောင်းလဲ။ မိမိတို့ဘဝတူများအတွက် တိုးတက်မှုလမ်းစရရန် ကုသိုလ်ကံအကြောင်းတရားက အရင်းအနှီးထုတ်ပေးလိုက်ခြင်းဖြစ်သည်ဟု လက်ခံသည်။

**မိမိတိတ်တဆိတ်**
**ကြေကွဲဝမ်းနည်းနေမိသလိုမျိုး**
**သူမအတွေးအာရုံတွင် လုံးဝမရှိ။**
**ယခုအချိန်တွင်**
**မိမိ ကသာ တလွဲမာနဖြင့်**
**အတွေးချော်ပြီး**
**ထိုပိုင်ဆိုင်မှု အားလုံးကို ....**

သူမ၏ မိဘညီအစ်ကို၊ မောင်နှမများအပေါ် ပြည့်စုံစွာထားနိုင်ဖို့ ကြိုးစားရမည့် တာဝန်တစ်ခုအား အလို လိုဖြည့်ဆည်းပေးပြီးသား ဖြစ်သွားသဖြင့် တာဝန်တစ် ခု ပေါ့သွားပြီး မိမိတို့နှစ်ဦး နီးစပ်ဖို့အရေး ပိုမိုနီးစပ် လွယ်ကူသွားပြီဟုသာ ယုံကြည်ထား၏။

မိမိတိတ်တဆိတ် ကြေကွဲဝမ်းနည်းနေမိသလိုမျိုး သူမအတွေးအာရုံတွင် လုံးဝမရှိ။ ယခုအချိန်တွင် မိမိကသာ တလွဲမာနဖြင့် အတွေးချော်ပြီး ထိုပိုင်ဆိုင်မှု အားလုံးကို ပေးထားပစ်ခဲ့၊ ပြီးလျှင် အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် မိမိဘဝထဲ ခုန်ဆင်းလာခဲ့ဟု မိမိက ဖိတ်ခေါ်လျှင်လည်း သူမက အပြုံးမပျက် ဝမ်းသာအားရဖြင့် ခိုဝင်လာမည့်သူပင်ဖြစ်ပါ၏။

မသေချာ မရေရာသော သံသယအတွေးတို့သည် လူ၏စိတ်ကို ပင်ပန်းနွမ်းနယ်စေ၏။ ပူပြင်းလောင်မြိုက်စေ၏။ ကြေကွဲဝမ်းနည်းစေလျက် ဆုံးရှုံးနစ်နာမှုကို ဖြစ်စေတတ်ပါသည်။

♛♛♛♛♛♛

ဤသည်တို့သည် မသေချာ မရေရာသော သံသယအတွေးတို့ဖြင့် မိမိစိတ်ကို မိမိလှည့်စားလျက် ဝမ်းနည်းကြေကွဲစရာများ၊ နာကြည်းဆွေးမြည့်ဖွယ်ရာများ၊ ဆုံးရှုံးနစ်နာမှုများ၊ အကျည်းတန် ရက်စက်မှုများကို ဖြစ်ပွားစေရာ၏။

ထို့အတူ ကာလ၊ ဒေသ၊ အင်္ဂါ၊ ခန့်လိုက်၍ လူ့ စိတ်ပြောင်းလဲမှုများသည် သတိသံဝေဂရယူဖွယ်ရာများလည်း ဖြစ်စေခဲ့ပါ၏။ ကျွန်တော် ဖတ်မှတ်ဖူးသော ဖြစ်စဉ်တစ်ခုအား ကျွန်တော်နားလည်သလို ပြန်လည် ဝေငှလိုပါသည်။

နာမည်ကြီးစာရေးဆရာ မောင်ခွေးတွင် အသွန်



www.burmeseclassic.com

www.burmeseclassic.com

**ဆရာနှင့်တန်းတူ နာမည်ကြီးရုံမက ဆရာ့ထက်ပင်**
**လက်စောင်းထက်ချင်သလိုဖြစ်သော မောင်အေးက**
**သူ့ဆရာ မောင်ခွေးအား လက်ရှိတွင် "ဆရာခွေး" ဟုသာ**
**အမည်တပ်ခေါ်တော့သည်။**
**ဆရာမောင်ခွေးလည်း ကျန်းမာရေးကောင်းလာပြီဖြစ်သဖြင့် စာပေများအား ကြိုးစားရေး၏။**
**စာကောင်းပေကောင်းများ အများအပြားထွက်လာပြီးနောက် ယခင်ကထက် .....**

တော်သော၊ အလွန်ကြိုးစားသော တပည့်မောင်အေး ရှိ၏။ မောင်အေးသည် ဆရာ့အပေါ်တွင် အလွန်လေးစားသည်။ ခြေဆုပ်လက်နယ်ပြုသည်။ သူ့ဆရာမောင်ခွေးအား "ဆရာ"ဟု လေးလေးစားစားခေါ်သည်။

မောင်ခွေးသည် ကျန်းမာရေးအရ စာများများ မရေးနိုင်။ ရေးအားကျလာသည်။ ထိုအချိန်တွင် မောင်အေး နာမည်တက်လာသည်။ ဆရာ့ထက် တပည့် လက်စောင်းထက်လာသည်။ ဆရာမောင်ခွေးအိမ်သို့လည်း ယခင်လို မရောက်ဖြစ်တော့။ ဆရာ့ကိုလည်း ခြေဆုပ်လက်နယ်ပြုလုပ်ရန် အချိန်မရနိုင်ခဲ့။ ထို့အတူ ဆရာဖြစ်သူအား "ဆရာ"ဟုပင် လေးလေးစားစား မခေါ်နိုင်တော့။

ဆရာနှင့်တန်းတူ နာမည်ကြီးရုံမက ဆရာ့ထက်ပင် လက်စောင်းထက်ချင်သလိုဖြစ်သော မောင်အေးက သူ့ဆရာ မောင်ခွေးအား လက်ရှိတွင် "ဆရာခွေး"ဟုသာ အမည်တပ်ခေါ်တော့သည်။ ဆရာမောင်ခွေးလည်း ကျန်းမာရေးကောင်းလာပြီဖြစ်သဖြင့် စာပေများအား ကြိုးစားရေး၏။ စာကောင်းပေကောင်းများ အများအပြားထွက်လာပြီးနောက် ယခင်ကထက် တစ်ဟုန်ထိုး နာမည်ကြီးလာတော့သည်။ အခြားအခြားသော စာရေးဆရာများက လက်ဖျားခါ သြချယူရ၏။

ဆရာမောင်ခွေး၏ဂုဏ်သတင်း မွှေးပျံ့ကြီးမားနေချိန်တွင် တစ်ချိန်က ၎င်း၏တပည့်ရင်းဖြစ်သူ မောင်အေးက စိတ်သဘောထား ပြောင်းလဲသွားသကဲ့သို့ အခေါ်အဝေါ်လည်း ပြောင်းလဲသွား၏။

"ဆရာ"ဟုလည်း မခေါ်တော့။

"ဆရာခွေး"ဟုလည်း မခေါ်တော့။

ယခုအခါ "အာစရိ"ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့လေသည်။

အမှန်ဆိုလျှင် ဆရာ၊ ဆရာခွေး၊ အာစရိတို့၏ အနက်အဓိပ္ပာယ်မှာ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ တည်းဟူသော တစ်ခုခုသော ပညာရပ်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ သင်ကြားပေးသူတို့ကို ခေါ်လိုခြင်းဖြစ်ပါသည်။

သို့သော် ထိရောက်လေးနက်မှု၊ ဂါရဝတရားနှင့် ယှဉ်လျက် ရင်ထဲမှလာခြင်း၊ မလာခြင်း၊ ကိုးကွယ်ဆည်းကပ်သူတို့က အကြည်ညိုခံ ပုဂ္ဂိုလ်တို့အပေါ်တွင် ထားသော လေးစားမှု၊ သဒ္ဓါတရားရှိမှုတို့ဖြင့် ချိန်ထိုးကြည့်ပါက ကွဲပြားခြားနားမှု အများကြီးရှိပေမည်ဖြစ်ပေသတည်း။

ကိုကို (ငယ်ချစ်)

www.burmeseclassic.com



# ကိုညွန့်အောင်

# ရှုသောအကျိုး

"ဖနိတံ ပါကံ ဖနေတိ"စာသားပါသော သစ်သားပျဉ်ဆိုင်းဘုတ်လေးကို ရွှေပန်းထိမ်ဆိုင်အဝင်ဝမှာ အမြဲတမ်း ချိတ်ဆွဲထားတဲ့ ပန်းထိမ်ဆရာကြီးတစ်ဦးကို တွေ့ဖူးကြုံဖူးပါတယ်။ စိတ်ခတ်ကောင်းတယ်၊ ရိုးသားကြိုးစားမှုလည်းရှိတယ်။ ကွမ်း၊ ဆေးလိပ်၊ အရက် အကုန်ကင်းတယ်။ လက်ရာလည်း အင်မတန်ကောင်းတယ်။ ဒါ့ကြောင့် ရွှေဆိုင်တော်တော်များများက လက်ဝတ်ရတနာပေါင်းစုံကို ယုံကြည်စွာ အပ်နှံကြတယ်။ ဒီလိုအပ်ကြတော့ သူ့ဆိုင်မှာ အလုပ်အမြဲတမ်းရှိတယ်။ ဒီလိုအလုပ်များတော့ နယ်ပေါင်းစုံက ပန်းထိမ်ဆရာတွေကလည်း လက်ခစား လာလုပ်ကြသလို ပညာသင်တပည့်တွေကလည်းများလို့ ဆရာကြီးရွှေပန်းထိမ်ဆိုင်မှာ နေ့စဉ် ရွှေထုသံ၊ စက်ကြိတ်သံ၊ တံစဉ်းတိုက်သံ၊ ကက်ဆက်ဖွင့်သံ၊ ဆရာတပည့် စကားပြောသံ စသဖြင့် အသံမျိုးစုံ ဝေဝေဆာဆာ ကြားနေရတာပဲ။

၁၉၉၆ ခုနှစ်ဝန်းကျင်ခန့်က ဆရာကြီးနေတဲ့မြို့လေးမှာ ရွှေပန်းထိမ်ပြိုင်ပွဲကြီးကျင်းပဖို့ ပန်းထိမ်ဆရာတွေကို ဖိတ်ခေါ်စီစဉ်ကြတယ်။ အဲဒီအချိန်က ဆရာကြီးရဲ့ ဂုဏ်အရှိန်အဝါ ကြီးမားတာကတစ်ကြောင်း၊ လက်ရာအင်မတန်ကောင်းတယ်ဆိုတဲ့ ဆရာကြီးရဲ့ ကျော်စောနေတဲ့သတင်းတွေကြောင့်တစ်ကြောင်းမို့ ပြိုင်ဝံ့သူမပေါ်လို့ ပြိုင်ဘက်မရှိ၊ ပြိုင်ပွဲမကျင်းပရပါဘဲ ဆရာကြီးက ဗိုလ်စွဲ "ပထမ"ရသွားတယ်။ မြို့ငယ်လေးမှာ ဆရာကြီး ပြိုင်ဘက်မရှိ ဗိုလ်စွဲ ပထမရသွားပေမယ့် ပြိုင်ပွဲမကျင်းပရဘဲ ဆုရတာ အရသာမရှိဘူးလို့ဆိုတယ်။ ဒါကြောင့် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့မှာ ကျင်းပတဲ့ပြိုင်ပွဲကို ဆရာကြီး ပါဝင်ယှဉ်ပြိုင်တယ်။ အဲဒီပြိုင်ပွဲမှာ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထဆိုပြီး ဆုလေးဆု ရွေးချယ်ဆုံးဖြတ်ပေးတဲ့အထဲမှာ ဆရာကြီးက တတိယဆု ဆွတ်ခူးရရှိတယ်။ ကျန်တဲ့ဆုတွေက မုံရွာပန်းထိမ်ဆရာကြီးက စတုတ္ထ၊ စစ်ကိုင်းပန်းထိမ်ဆရာကြီးက ဒုတိယ၊ မန္တလေးပန်းထိမ်



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးက ပထမရရှိသွားတယ်။ အဲဒီပြိုင်ပွဲကြီးက မြန်မာပြည်မှာ နောက်ဆုံးပြိုင်ပွဲဖြစ်တယ်။ ဒီနောက်လည်း မကျင်းပဖြစ်တော့ဘူး။

ပြိုင်ပွဲမှာ ဆုရပြီးတဲ့နောက်ပိုင်း ဆရာကြီးရဲ့ဂုဏ်သတင်းက ပိုပြီးတက်လာသလို တပည့်တပန်းတွေလည်း များသထက်များလာတယ်။ များလာတဲ့တပည့်တပန်းတွေထဲမှာ ကွမ်းစားတဲ့သူ၊ ဆေးလိပ်ဖွာတဲ့သူ၊ အရက်သောက်တဲ့သူ၊ အပျော်အပါးဝါသနာပါတဲ့သူ စသဖြင့် လူပေါင်းစုံတယ်။ လူစုံတော့ စရိုက်မျိုးစုံပဲ။ အဲဒီတပည့်မျိုးစုံတဲ့အထဲမှာ ကွမ်းကြိုက်တဲ့တပည့်က ဆရာကြီးထမင်းစားပြီးတဲ့အချိန်တိုင်း ကွမ်းကျွေးတယ်၊ ဆေးလိပ်ကြိုက်တဲ့ တပည့်ကလည်း ဆရာကြီး လက်ဖက်ရည်သောက်တိုင်း ခံတွင်းအချဉ်ပြေအောင်ဆိုပြီး ဆေးလိပ်တိုက်တယ်၊ အရက်ကြိုက်တဲ့တပည့်ကလည်း ဆရာကြီး စိတ်ညစ်တဲ့အခါမျိုးမှာ စိတ်ညစ်ပြေပျောက် အရက်သောက်ဆိုပြီး တိုက်တယ်။ တပည့်တွေကိုချစ်တဲ့ဆရာကြီး တပည့်တွေကို အလိုလိုက်ရင်းနဲ့ တပည့်တွေတတ်ထားတဲ့ပညာတွေက ဆရာကြီးထံ အကုန်ရောက်သွားတယ်။

ယနေ့ခေတ်လူငယ်၊ လူရွယ်၊ လူကြီး
အရွယ်သုံးပါးစလုံး တစ်ရက်ပျော်ချင်တဲ့သူ
ခပ်များများပဲလို့ ဆိုရမလိုပဲ။
တစ်ရက်ပျော်ချင်တဲ့လူတွေထဲမှာ
ပန်းထိမ်ဆရာကြီး လည်း အဖွဲ့ဝင်ဖြစ်တယ်။
ဆရာကြီးတတ်ထားတဲ့
ပန်းထိမ်ပညာကို တပည့်တပန်းတွေ
အားလုံးကို....

လူကိုဖျက်တာ အရက်၊ ဝါးကိုဖျက်တာ ဝါးမျက်လို့ ရှေးလူကြီးသူမတွေက ဆိုခဲ့ကြတယ်။ အင်မတန်မှန်တဲ့စကားတွေပါ။ လူက သူ့အတိုင်းနေရင် ကြည့်ကောင်းပါတယ်။ အရက်နဲ့တွေ့သွားရင် ကြည့်လို့မကောင်းတော့ဘူး။ လူပုံပျက်သွားပြီး လူမပီသတော့ဘူး။ ဓားကလည်း သူ့အတိုင်းနေရင် ကြည့်ကောင်းပါတယ်။ ဝါးမျက်နဲ့တွေ့သွားရင် ကြည့်လို့မကောင်းတော့ဘူး။ ဓားပုံပျက်သွားပြီး ဓားမပီသတော့ဘူး။ အရက်နဲ့တွေ့သွားတဲ့လူက လူပုံပျက်သွားသလို အကျင့်စာရိတ္တပါ ပျက်စီးချို့ယွင်းပြီး အသုံးချမရလို့ ချောင်ထိုးခံရတတ်ပါတယ်။ ဝါးမျက်နဲ့တွေ့သွားတဲ့ ဓားကလည်း ဒီတိုင်းပါပဲ။ ပုံစံပျက်သွားသလို ပဲ့ရွဲ့တွန့်လိပ်ပြီး အသုံးချမရလို့ ချောင်ထိုးခံရတတ်ပါတယ်။ အားလုံးကတော့ သူ့ဘာသာသူနေရင် အကောင်းတွေပါပဲ။

တစ်ရက်ပျော်ချင်လျှင် အရက်သောက်၊ တစ်နှစ်ပျော်ချင်လျှင် အိမ်ထောင်ပြု၊ တစ်သက်ပျော်ချင်လျှင် သစ်ပင်စိုက်တဲ့။ ရှေးလူကြီးသူမတွေက ဒီလိုပဲ နှုတ်တိုက်ပြောခဲ့ကြတယ်။ စာသားအနေဖြင့်တော့ မဖတ်ဖူးဘူး။ ဒါပေမဲ့ ဒီစာသားအားလုံးကို သဘောကျနှစ်ခြိုက်မိတယ်။ ဘာဖြစ်လို့ သဘောကျ နှစ်ခြိုက်ရသလဲ ဆိုတော့ အားလုံးက မှန်တယ်လို့ ယူဆမိလို့ပါ။ ယနေ့ခေတ်လူငယ်၊ လူရွယ်၊ လူကြီး အရွယ်သုံးပါးစလုံး တစ်ရက်ပျော်ချင်တဲ့သူက ခပ်များများပဲလို့ ဆိုရမလိုပဲ။ တစ်ရက်ပျော်ချင်တဲ့လူတွေထဲမှာ ပန်းထိမ်ဆရာကြီးလည်း အဖွဲ့ဝင်ဖြစ်တယ်။ ဆရာကြီးတတ်ထားတဲ့ ပန်း ထိမ်ပညာကို တပည့်တပန်းတွေအားလုံးကို သင်ပေး သလို တပည့်တပန်းတွေအားလုံးကလည်း သူတို့တတ် ထားတဲ့ ကွမ်းစား၊ ဆေးလိပ်ဖွာ၊ အရက်သောက်၊ အပျော်အပါး စသည့်ပညာရပ်တွေကို ဆရာကြီးအား ပြန်လည်သင်ကြားပေးကြတယ်။


www.burmeseclassic.com

www.burmeseclassic.com



ဆရာ၊ တပည့် ပညာဖလှယ်ပွဲကြီးဆိုလည်း မမှားဘူးပေါ့။

ဆရာ၊ တပည့် ပညာဖလှယ်ပြီးနောက် ဆရာကြီးရဲ့ ကျော်ကြားတဲ့ ဂုဏ်သတင်းတွေဟာ တဖြည်းဖြည်း ကျဆင်းလာသလို ရွှေဆိုင်တော်တော်များများကလည်း ယုံကြည်မှုနည်းလာလို့ အလုပ်မအပ်ကြတော့ဘူး။ အလုပ်နည်းလာတော့ နယ်ကပန်းထိမ်ဆရာတွေကို အလုပ်မပေးနိုင်တော့ နယ်ကပန်းထိမ်ဆရာတွေလည်း ဆရာကြီးကို ချစ်ခင်လေးစားပေမယ့် မိသားစုစားဝတ်နေရေးအခက်အခဲကြောင့် တခြားပန်းထိမ်ဆိုင်တွေမှာ ပြောင်းပြီးလုပ်ကြတယ်။ ပန်းထိမ်ဆရာတွေဆိုင်ပြောင်းသွားတော့ ဆရာကြီးဆိုင်က လုပ်အားနည်းလာတယ်။ လုပ်အားနည်းလာတော့ ဝင်ငွေပါလျော့လာတယ်။ ဒီတော့ အဆင်မပြေတော့ဘူး။ ဆရာကြီး အဆင်မပြေတော့ တပည့်တွေလည်း စိတ်မကောင်းဘူး။ ဒါကြောင့် တစ်ယောက်ပြီးတစ်ယောက်ထွက်သွားကြလို့ ဆရာကြီးဆိုင်မှာကျန်တာဆိုလို့ သားသမီး၊ ဇနီးနှင့် "ဇနိတံ ပါကံ ဇနေတိ"လို့ ရေးထားတဲ့ သစ်သားပျဉ်ဆိုင်းဘုတ်လေး ကျန်တော့တယ်။

ဆရာကြီးသဘောကျလို့ ပန်းထိမ်ဆိုင်အဝင်ဝမှာ အမြဲတမ်း ချိတ်ဆွဲထားတဲ့ သစ်သားပျဉ်ဆိုင်းဘုတ်လေးမှာ ရေးထားတဲ့ စာသားတွေကို ဘာသာပြန်ဆိုလိုက်တော့ တူသောအကျိုးပေးလိမ့်မည်လို့ အဓိပ္ပာယ်ထွက်ပါတယ်။ တူသောအကျိုးဆိုတာက ကောင်းတာလုပ်ရင် ကောင်းကျိုးခံစားရမည်၊ မကောင်းတာလုပ်ရင် မကောင်းတဲ့အကျိုး ခံစားရမည်ဆိုတဲ့သဘောသက်ရောက်ပါတယ်။ ဒီစာသားတွေက ဆရာကြီးလုပ်ခဲ့တာတွေနဲ့ တစ်ထပ်တည်း အံဝင်ခွင်ကျ ဖြစ်နေပါတယ်။ ဆရာကြီး ကွမ်းမစား၊ ဆေးလိပ်မဖွာ၊ အရက်မသောက်ခင်က အလုပ်ကို ကြိုးစားလုပ်ခဲ့လို့ တပည့်တပန်းတွေများလာပြီး အလုပ်လည်းအောင်မြင်ခဲ့သလို

**ပန်းထိမ်ဆိုင်အဝင်ဝမှာ**
**အမြဲတမ်း ချိတ်ဆွဲထားတဲ့**
**သစ်သားပျဉ်ဆိုင်းဘုတ်လေးမှာ**
**ရေးထားတဲ့ စာသားတွေကို**
**ဘာသာပြန်ဆိုလိုက်တော့**
**တူသောအကျိုးပေးလိမ့်မည်လို့.....**

ဝင်ငွေလည်း ကောင်းခဲ့ပါတယ်။ ဒါဟာ ကောင်းတာလုပ်လို့ ကောင်းကျိုးခံစားရတဲ့သဘောပါပဲ။

ကွမ်းစား၊ ဆေးလိပ်ဖွာ၊ အရက်သောက်မိတဲ့နောက်ပိုင်း အလုပ်လည်း ကြိုးစားရမှန်း မသိတော့ဘူး။ အရက်စိတ်ပဲရှိနေတော့ အလုပ်လုပ်လည်း ခရီးမပေါက်တော့ဘူး။ အရင်လို သွက်လက်မှုမရှိတော့ အလုပ်တွေက ကြန့်ကြာနေတယ်။ ဒါကြောင့် ရက်ချိန်းပေးပြီး လုပ်ရတဲ့ လက်ဝတ်ရတနာတွေလည်း ဆရာကြီးဆိုင်မှာ မအပ်ကြတော့ဘူး။ ဒီတော့ အလုပ်ကမရှိ၊ အလုပ်မရှိတော့ မိသားစု စားဝတ်နေရေး ခက်ခဲလာတယ်။ စားဝတ်နေရေး အခက်တွေ့တော့ စိတ်ညစ်တယ်။ စိတ်ညစ်တော့ အရက်သောက်တယ်။ အရက်သောက်တော့ မူးတယ်။ မူးတော့ စိတ်ညစ်တာတွေ ခဏပျောက်ကုန်တယ်ထင်ရတယ်။ အမူးပြေတော့ စိတ်ညစ်ရတာတွေက ပြန်ပေါ်လာတယ်။ ပြန်ပေါ်လာတော့ ထပ်သောက်တယ်။ ဒီလိုနဲ့ပဲ အရက်သံသရာထဲမှာ ဝဲနေတော့တယ်။

အရက်သံသရာထဲဝဲနေတဲ့ ဆရာကြီး အတတ်ပညာတော်ပေမယ့် အသိပညာနည်းတဲ့အတွက်ကြောင့် အရက်ကို မကောင်းမှန်းသိလျက်နဲ့ သောက်ခဲ့တယ်။



6:48 pm 07/24/13

www.burmeseclassic.com

www.burmeseclassic.com

အရက်က သောက်ပြီးရင် ဖြတ်ဖို့ခက်ခဲတယ်။ ခက်ခဲတယ်ဆိုတာကလည်း အရက်သောက်၊ အရက်မူး၊ အရက်စွဲတဲ့သူတိုင်း ဖြတ်ဖို့စိတ်ကူးမရှိတော့တာကို ဖြတ် ဖို့ခက်ခဲတယ်လို့ ဆိုတာပါ။ တကယ်ဖြတ်ချင်လျှင် ဖြတ် ဖို့လွယ်ပါတယ်။ သောက်ချင်တဲ့စိတ်က အဓိက ဖြစ်နေတော့ အဲဒီစိတ်ကို အဦးဆုံးဖျောက်ရမယ်။ ဒါဟာ အရက်မသောက်မိဖို့ အဟန့်အတားပဲ။ အရက် သောက် ချင်တဲ့စိတ်ကို ဖျောက်လို့ရတယ်။ အာသီသက ရှိသေးတယ်။ ဝမ်းထဲကလည်း တောင်း ဆိုတယ်ဆိုရင် အဲဒါကိုလည်း ရအောင်ဖျောက်လိုက်ပါ။ ဒါဆို ဖြတ်လို့ရပါပြီ။

ဆရာကြီး အရက်ကြိုက်၊ အရက်စွဲနေတော့ မိသားစု စားဝတ်နေရေးအတွက် ထည့်မစဉ်းစားနိုင်တော့ဘူး။ အချိန်တန်ရင် သူအရက်သောက်ဖို့ပဲ စဉ်းစားတော့တယ်။ အရက်မသောက်၊ အရက်မစွဲခင်က ရှာဖွေထားတဲ့ စီးပွားရေးလည်း ကုန်သလောက်ရှိနေပြီ။ အလုပ်မလုပ်နိုင်တော့ ဝင်ငွေကမရှိ၊ ထွက်ငွေကတော့ နေ့စဉ်ပဲ။ ဒီတော့ ရှာထားတဲ့စီးပွားရေးက ဘယ်တောင့်ခံနိုင်မှာလဲ၊ ကုန်တာပေါ့။ စီးပွားရေးက ကုန်သလို အရက်သောက်တာလည်းများလို့ သွေးသားတွေလည်း ခန်းခြောက်ကုန်ပြီ။ ခန္ဓာကိုယ်ကြီးကလည်း

**စီးပွားပျက်သွားတာရယ်၊**
**အလုပ်မလုပ်နိုင်တာရယ်၊**
**လက်ဝတ်ရတနာအပ်သူ**
**မရှိတော့တာရယ်တွေ ကြောင့်**
**လုပ်ငန်းရပ်လိုက်ရတယ်။**
**အလုပ်မလုပ်နိုင် တော့တဲ့**
**နောက်ပိုင်း .....**

အရိုးနဲ့အရေပဲ ကျန်တော့တယ်။

စီးပွားပျက်သွားတာရယ်၊ အလုပ်မလုပ်နိုင်တာရယ်၊ လက်ဝတ်ရတနာအပ်သူ မရှိတော့တာရယ်တွေကြောင့် လုပ်ငန်းရပ်လိုက်ရတယ်။ အလုပ်မလုပ်နိုင်တော့တဲ့နောက်ပိုင်း ဆရာကြီး အရက်ပိုပိုသောက်လာတယ်။ အစားလည်းမဝင်တော့ဘူး။ အစားမဝင်တော့ သူ့ခန္ဓာကိုယ်က ပိန်ခြောက်ခြောက်နဲ့ ကြည့်ရဆိုးသွားတယ်။ ဘယ်မှလည်း မသွားနိုင်တော့ဘူး။ ပက်လက်ကုလားထိုင်ပေါ်မှာပဲ အိပ်တယ်၊ သောက်တယ်။ ဆရာကြီး အခြေအနေဆိုးနေတယ်ဆိုတာကို သိတဲ့တပည့်တွေက လာမေးကြတယ်။ လာမေးတဲ့တပည့်တွေလည်း ကန်တော့ပြီးသာ ပြန်သွားတယ်။ ဘယ်သူဘယ်ဝါ လာကန်တော့တယ်ဆိုတာ မသိတော့ဘူး။ တချို့တပည့်တွေလည်း ကိုယ်ကန်တော့တာကို ဆရာကြီးမှ မသိတာပဲဆိုပြီး မကန်တော့တဲ့တပည့်လည်း ရှိတာပဲ။

တပည့်တွေစွန့်ခွာသွားတာ၊ စီးပွားပျက်တာ၊ အလုပ်မလုပ်နိုင်တော့တာ၊ လက်ဝတ်ရတနာအပ်သူတွေ ယုံကြည်မှုကင်းမဲ့သွားတာ စတာတွေက "ဇနိတံ ပါကံ ဇနေတိ"ဆိုတဲ့စကားအတိုင်း တူသောအကျိုးပေးသွားခြင်းသာဖြစ်ပါတယ်။ တစ်နည်းဆိုရသော် မိမိပြုလုပ်တာ မိမိသာ ခံစားရခြင်းဖြစ်တယ်။ အရက်သေစာသောက်စားတာ မကောင်းဘူး။ ဒါကြောင့် မကောင်းတာကိုလုပ်မိလို့ မကောင်းတဲ့အကျိုးသက်ရောက်တာ ခံစားရတာကို "ဇနိတံ ပါကံ ဇနေတိ"လို့ ခေါ်တာပါပဲ။ ၂၀၀၃ ခုနှစ်မှာ ဆရာကြီး အသည်းရောဂါနဲ့ကွယ်လွန်သွားရှာတယ်။ ဆရာကြီးရဲ့ ပညာအမွေကို သူ့သားကြီးက ဆက်ခံယူတယ်။ ပညာအမွေဆိုပေမယ့် ပန်းထိမ်ပညာတော့မဟုတ်ဘူး။ အရက်သောက်တဲ့ ပညာအမွေပဲ။

**ကိုညွန့်အောင်** (ရွှေပန်းထိမ်)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




## တစ်ဦးက ၃၈၀၊ တစ်ဦးက ၄၁၁

မောင်သိန်းနိုင်

အခင်းဖြစ်နေရာတွင် လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ပြီးဖြစ်သည်။ အိမ်ရှင်များ ခရီးသွားခိုက် အိမ်စောင့်ထားခဲ့သူကို လိုအပ်သည်များ မေးမြန်းသည်။

"ညီလေးနာမည်က ဘယ်သူ....."

"ကျော်ကြီးပါ ဆရာ၊ ကျွန်တော်က ဒီအိမ်မှာနေတာ ၆ နှစ်လောက်ရှိပြီဆိုတော့ သားသမီးတစ်ဦးလို ဖြစ်နေပါပြီ၊ မိသားစုဝင်တစ်ဦးလို့တောင် ပြောနိုင်ပါတယ်၊ ဘဘနဲ့ မေမေကြီးကလည်း ကျွန်တော့်ကို အထူးယုံကြည်ပါတယ်၊ ကျွန်တော့်ကို လုပ်ငန်းကိစ္စ မှန်သမျှခိုင်းတယ်၊ တစ်ခါတလေ ကျွန်တော် အကြံဉာဏ်ပေးလို့ အောင်မြင်သွားတာတွေလည်းရှိတယ်၊ ပွဲရုံကိစ္စနဲ့ ပတ်သက်လို့ ငွေသိန်းနဲ့ချီပြီးလည်း သွားထုတ်ခိုင်းတယ်၊ သိန်းနဲ့ချီပြီးလည်း ပို့ခိုင်းတာရှိတယ်၊ ကျွန်တော်တို့အိမ်မှာ ဘာပစ္စည်းမှ မပျောက်ဖူးဘူး၊ မွေးထားတဲ့ နိုင်ငံခြားခွေးတွေကလည်း ကျွန်တော်မှကျွန်တော်၊ ကျွန်တော်ပဲ ကျွေးရ၊ မွေးရ၊ ရေချိုးပေးရနဲ့ ဒီနှစ်ကောင်ကို ညဘက်မှာလွှတ်ထားတယ်၊ ကျွန်တော်ရှိလျက်နဲ့ အခိုးခံရတယ်လို့ဗျာ၊ ဘဘကြီးပြန်လာရင် ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး၊ ဩော်.....မေ့လို့ တစ်ခုပဲရှိတယ်၊ ကျွန်တော့်ချစ်သူဆီက ဖုန်းလာလို့ ခဏသွားတွေ့လိုက်တာတော့ ရှိတယ်၊ ညနေ ၃ နာရီလောက်ဗျာ၊ နေ့ဆိုတော့ ခွေးတွေကို လှောင်အိမ်ထဲထည့်ထားခဲ့တာပေါ့၊ ဘယ်လောက်မှ မကြာဘူးဗျာ၊ အိမ်လည်း သော့ခတ်ခဲ့ပါတယ်၊ ခြံတံခါးလည်း ပိတ်ခဲ့တယ်၊ တစ်နာရီလောက်ပဲကြာပါတယ်၊ ချက်ချင်း အိမ်ပြန်လာတာ၊ ကျွန်တော် သူ့ကိုသိပ်ချစ်တာဗျ၊ ကြိုက်တာ သုံးနှစ်ပြည့်တော့မယ်၊ (ဂ)ရပ်ကွက်ထဲကပါ၊ နာမည်က ချစ်ချစ်ချိုတဲ့၊ သိပ်သနားဖို့ကောင်း




www.burmeseclassic.com

တာ၊ သူက အိမ်အကူလုပ်တာပါ''

''----''

''အိမ်ရှင်က ဦးကြီးမောင်တဲ့၊ အဒေါ်ကြီးက တော်တော်ဆိုးတယ် ပြောတယ်၊ တစ်အားခိုင်းတာတဲ့၊ သူနဲ့ကျွန်တော်က သူဈေးဝယ် ထွက်တုန်း တွေ့ကြတာ၊ ဖြူဖြူ သွယ်သွယ်လေး သူ့ကိုကြည့်ရတာ ဗျာ၊ ဘယ်လိုပြောမလဲ၊ စမ်းချောင်း လေး မြင်ဘူးတယ်မဟုတ်လား၊ တငြိမ့်ငြိမ့် တသွင်သွင်လေး စီး ဆင်းနေတာလေ၊ ကျောက်ခဲရရလေး ပေါ့၊ မြစ်တွေ၊ ပင်လယ်၊ သမုဒ္ဒ ရာတွေလို မဟုတ်ဘူး၊ လှိုင်းတံပိုး မထန်ဘူး၊ အဲ့ဒီစမ်းချောင်းလေးက မြေပြန့်မှာ ဖြစ်ကတတ်ဆန်းတွေ့ ရတတ်တဲ့ စမ်းချောင်းမျိုးမဟုတ် ဘူးဗျ၊ တောင်ကြိုတောင်ကြားက နေ အသံလွင်လွင်လေးနဲ့ ကွေ့ ကာ၊ ဝိုက်ကာနဲ့ စီးဆင်းတတ်တဲ့ စမ်းချောင်းလေးမျိုး''

''----''

''ဟုတ်ပါပြီ၊ ကျွန်တော် သူ့ အကြောင်းပြောနေရင် ဆရာတို့ တစ်ထောင့်တစ်ညပုံပြင် နား ထောင်ရသလို ဖြစ်သွားမယ်၊ ဖြစ် ချင်လို့ပါဗျာ၊ ကျွန်တော့်ကို အဖြေ ပေးတဲ့နေ့ဆိုတော့ ကျွန်တော် လည်း ခြေထောက်နဲ့မြေကြီးတောင် မထိဘူးထင်တယ်၊ မိုးမမြင် လေ မမြင်ပေါ့၊ အိမ်ကပစ္စည်းတွေကို အာဆိုဘာမှကို သတိမထားမိဘူး၊ ထမင်းစားဖို့တောင် မေ့ပါတယ်ဆို၊ မပိုပါဘူး ဆရာ၊ ဒါ ကျွန်တော့် အိမ်လေ၊ ကျွန်တော်က သူစိမ်းဆို ပေမယ့် မိသားစုလိုပါပဲ၊ ပျောက် တဲ့ပစ္စည်းတွေကလည်း ကျွန်တော့် ပစ္စည်းတွေပဲလို့ ကျွန်တော် ခံစား ရတယ်၊ ကျွန်တော် တာဝန်မကျေ တာပါ ဆရာရယ်၊ ဟုတ်ပါတယ် ဆရာ၊ ညှော်ခန်းကိုဖြတ်ပြီးမှ ကျွန် တော့်အိပ်ခန်းကို ရောက်တာတော့ မှန်ပါတယ်၊ ဒါပေမဲ့ ဆရာ့ကို ခုန

အိမ်ရှင်က
ဦးကြီးမောင်တဲ့၊
အဒေါ်ကြီးက
တော်တော်ဆိုးတယ် ပြောတယ်၊
တစ်အားခိုင်းတာတဲ့၊
သူနဲ့ကျွန်တော်က
သူဈေးဝယ် ထွက်တုန်း
တွေ့ကြတာ၊
ဖြူဖြူ သွယ်သွယ်လေး
သူ့ကိုကြည့်ရတာ ဗျာ....

က ပြောခဲ့သလိုပဲလေ၊ ချစ်သူဆီ က အဖြေရတဲ့နေ့ဆိုတော့ အပျော် ကြီးပျော်တာပေါ့ ဆရာရယ်၊ ဆရာလည်း ငယ်ငယ်က ဒီလိုဖြစ် ဘူးမှာပါ၊ တီဗွီကြီးလား၊ ဟုတ်ပါ တယ်၊ အပြင်သွားတုန်းတော့ ရှိ တာပေါ့ ဆရာရယ်၊ ဖုန်းဝင်လာမှ တီဗွီ၊ အောက်စက်ပိတ်ပြီး အပြင် သွားတာ၊ အပြန်ကျတော့ သတိ မထားမိဘူး ဆရာ၊ အိပ်ခန်းထဲဝင် ပြီး စိတ်ကူးယဉ်ပြီး မှေးခနဲ အိပ် ပျော်သွားတယ်''

''----''

''ခဏပါ၊ နာရီဝက်လောက် ပါပဲ၊ မနက်ဖြန် ဈေးမှာ သူနဲ့တွေ့ ဖို့ ချိန်းထားတယ်လေ၊ ဘဘကြီး ကို ဖွင့်ပြောမယ်၊ ဘဘကြီးက ကျွန်တော့်ကို သိပ်ချစ်တာဗျ၊ မင်္ဂလာဆောင်ပေးမှာ သေချာ တယ်၊ ကောင်မလေးပါ အိမ်ပေါ် ခေါ်ထားမှာ၊ သူတို့က သားသမီး တွေရှိပါတယ်၊ သားကြီးသမီးကြီး တွေဆိုတော့ အလုပ်အကိုင် ကိုယ် စီနဲ့ဗျ၊ အကြီးဆုံးသားက နိုင်ငံခြား မှာ၊ ငွေတွေ ခဏခဏပို့တယ်၊ ကျွန်တော်က သားသမီးလိုဆိုတော့ တစ်ခါတလေ ပွဲရုံကိုလည်း သွား ပြီးကြီးကြပ်ရတယ်''

''----''

''ကျွန်တော့်ကို ပွဲရုံအလုပ် တွေ တတ်အောင်သင်ခိုင်းတယ်၊



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကလည်း လေ့လာပါတယ်၊ ကျွန်တော်က လူယုံပါ၊ ပွဲရုံလုပ်ငန်းကိုတောင် ဘဘကြီးက လွှဲပေးမယ်လို့ ပြောပြောနေတာ၊ ကျွန်တော်က ငြင်းနေလို့၊ ဘာဖြစ်လို့လဲဆိုတော့ ကျွမ်းကျွမ်းကျင်ကျင် တတ်အောင် သင်ရဦးမယ်လေ၊ ကျွန်တော်က လုပ်ပြီဆို ပိုင်မှလုပ်တာ၊ လုပ်ငန်းကိုပြောတာ၊ လုပ်ပြီဆို အမှားအယွင်းမရှိအောင်၊ ပွဲရုံလုပ်ငန်းကို အရင်ထက်သာအောင်၊ အဲ့ဒီလို ဆိုလိုတာပါ၊ ဟုတ်ပါတယ်ဆရာ၊ အတွင်းပစ္စည်းတင်မကဘူး၊ တီဗွီရော၊ အောက်စက်ရော၊ ဘဘကြီးက ကျွန်တော့်ကို ဝယ်ပေးထားတဲ့ ဂိမ်းစက်လေးပါ ပါသွားတယ်ဆရာ၊ သူခိုးက အချိန်ရ/မရတော့ မသိဘူး၊ ချွတ်ထားတဲ့ ကျွန်တော့် နာရီလည်း ပါသွားတယ်၊ အတော်ရက်စက်တဲ့လူဗျာ"

♛♛♛♛♛

"တီဗွီကြီးကိုလား၊ သူခိုးက ဒီလိုမမှာပေါ့ ဆရာရယ်၊ သန်သန်မာမာလူဆို မနိုင်တာပေါ့၊ သိပ်အလေးကြီးမဟုတ်ဘူး၊ ဘာလို့သိလဲဆိုတော့ တီဗွီကို ဘဘကြီးက ဟိုနေရာရွှေ့ခိုင်းလိုက်၊ ဒီနေရာရွှေ့ခိုင်းလိုက်နဲ့ သူ့စိတ်တိုင်းကျ ရွှေ့ရွှေ့ပေးနေရတာ၊ အဲဒါကြောင့်



သိတာ၊ သူခိုးကလား၊ ဆရာကလည်း အမှုစစ်လုပ်နေပြီး နည်းနည်းပါးပါး တွေးဦးမှပေါ့၊ အကုန်လုံး လျှောက်ကြည့်ပြီးပြီ၊ ဒီလိုမ,တယ်လေ"

ဟုလက်ဟန်ခြေဟန်ဖြင့်လုပ်ပြသည်။

အမှုစစ်က.....

"ဒီလိုမ,တာတော့ ဟုတ်ပါပြီဗျာ၊ ဒီအတိုင်းမ,သွားရင် လူမြင်မှာပေါ့ဗျ၊ ကျွန်တော်ထင်တာပြောတာပါ"ဟု တော့၊ အေပုံသဏ္ဍာန်ဖြင့် မျက်လုံးလေး ပေကလတ်ပေ ကလတ်နှင့်လုပ်ပြီး မေးနေရာ.....

"ဟောဗျာ.....ဒုက္ခပါပဲ၊ ဆရာ အိမ်နောက်လည်း ကြည့် ပြီးပြီမဟုတ်လား၊ အိမ်နောက်ဖေး နဲ့ ခြံစည်းရိုးနဲ့ ကပ်နေတာပဲလေ၊ အိမ်ထဲအတိုင်း နောက်ဖေးကို မ,သွားမယ်ဗျာ၊ ခြံစည်းရိုးနား ကပ်ချထားမယ်ဗျာ၊ အလွယ်တကူ မမြင်ရအောင် အမှိုက်တောင်းနဲ့ ကာထားလိုက်မယ်ဗျာ၊ မှောင်မှ အပြင်ကိုထုတ်မယ်ဗျာ၊ နောက်ဖေးဘက်က အိမ်မှမရှိတာ၊ မှောင်မှ ထမ်းသွားမယ်ဗျာ၊ ဒါဆို ဘယ်သူမြင်မလဲ"

ကိုကျော်ကြီးက အမှုစစ်ကို ညှပ်ပါသော်ကောဆိုပြီး အားတက်သရောဖြင့် ရှင်းပြနေသည်။

"ဒါဆို ဖြစ်နိုင်ပါတယ်၊ ကိုကျော်ကြီးကမှ ကျွန်တော့်ထက်သာသေးတယ်၊ ခင်ဗျားပဲ အမှုစစ်လုပ်တော့ဗျာ"

အမှုစစ်က ရှက်ရှက်နှင့်ပြုံး



www.burmeseclassic.com

www.burmeseclassic.com



ကျဲကျဲလုပ်ပြီးပြောရာ ကိုကျော်ကြီးက.....

"ကျွန်တော်က ရှားလော့ဟုမ်းစာအုပ်ဖတ်တယ်၊ ဘာသာပြန်စာအုပ်တွေလည်းဖတ်တယ်၊ ဆရာတို့အလုပ်က စာဖတ်နည်းလို့မရဘူး၊ ဒါ ဆရာလုပ်တာမဟုတ်ဘူးနော်၊ အကြံပေးတာပါ"

"အေးဗျာ၊ ကိုကျော်ကြီးပြောမှ ကျွန်တော့်အားနည်းချက်ကို သတိထားမိတော့တယ်၊ ဒါနဲ့ ဗီရိုသော့တွေက ဖျက်ထားတဲ့အနေအထား မတွေ့ဘူးနော်၊ သော့မဖျက်ဘဲနဲ့ အထဲကပစ္စည်းကို ဘယ်လိုယူလဲမသိဘူး၊ ဒါတော့ ကျွန်တော် ဉာဏ်မရှိတော့ဘူးဗျာ"

"ဒီမှာ ဘာလဲ"

ကိုကျော်ကြီးက သော့တွဲကို ဟန်ပါပါဖြင့် လက်နှင့်ယမ်းပြရင်းဖြင့် ပြောခဲ့ပြန်သည်။

"ကျွန်တော်မရှိတုန်း၊ ဒါမှမဟုတ် အိပ်ခန်းထဲ အိပ်နေတုန်း သူခိုးက သော့တွဲတွေ့သွားတယ်ဗျာ၊ သော့ရှိမှတော့ ဗီရိုကို အလကားနေရင်း ရိုက်ဖွင့်နေပါ့မလားဗျ၊ ကျွန်တော်က အိပ်ရင်တောင် ကြက်အိပ်၊ ကြက်နိုးဗျ၊ အိပ်ပျော်သောကျား၊ နိုးသောလားဆိုလားဗျာ"



"အဲဒါတော့ ဟုတ်ပါပြီ ကိုကျော်ကြီးရယ်၊ သူခိုးက အိမ်ထဲ ဘယ်လိုရောက်တယ်ဆိုတာ ခုထိ မတွေးတတ်အောင် ဖြစ်နေတယ်ဗျာ"

အမှုစစ်က ခေါင်းကုတ်ရင်း ညည်းညူသည်။

"ဒါလွယ်ပါတယ်၊ ကျွန်တော် အပြင်သွားမှာ သူခိုးက ကြိုသိတယ်ဗျ၊ ကျွန်တော် အပြင်မထွက်ခင်ကတည်းက ငတိက အိမ်ထဲ ရောက်နေပုံရတယ်၊ လိုချင်တာတွေ ဖိမ်နဲ့ရှာဖွေပြီး စည်းရိုးဘက် သွားပုံထားတာနေမှာပေါ့ဗျာ"

ကိုကျော်ကြီးက ဆက်လက်၍ သမားဂုဏ်ပြလျက် ရှိပါတော့သည်။

"အိမ်ထဲက အိမ်ပြင်ထွက်ဖို့က လွယ်တယ်လေ၊ ကန့်လန့်ဖြုတ်ပြီး ထွက်သွားရုံပေါ့ဗျာ"

"ဒါနဲ့ ကိုကျော်ကြီးက ဘယ်လိုလုပ်ပြီး ပစ္စည်းတွေပျောက်တာ သိတာလဲ၊ ရှားလော့ဟုမ်းကြီး လင်းစမ်းပါဦး"

ကိုကျော်ကြီးက ရယ်ရယ်မောမောနှင့်.....

"ဒီမှာ ကွက်လပ်ဖြစ်မနေဘူးလား"

တီဗွီစင်ပေါ်မှ တီဗွီမရှိတော့သည့်အဖြစ်ကို နောက်ပြန်လက်မ



www.burmeseclassic.com

www.burmeseclassic.com

နှင့် ညွှန်ပြသည်။

“တီဗွီမှမရှိတော့တဲ့နောက် အိမ်ကို သူခိုးဝင်ပြီဆိုတဲ့အချက် ထိုင်တွေးနေစရာ မလိုတော့ဘူး လေ၊ ကျွန်တာ အကုန်လိုက်စစ် ကြည့်တော့တာပေါ့ဗျ”

ကိုကျော်ကြီး၏ မခိုးမခန့်နှင့် အမူအရာကိုကြည့်ပြီး စိတ်လိုလက် ရ ထထိုးပစ်စရာ ကောင်းနေတော့၏။

♛♛♛♛♛

အမှုစစ်က အ,အဖာတ်ထုပ် ကို ဆက်ကနေသည်။

အမှုစစ်က.....

“ကိုကျော်ကြီး ကျွန်တော့်ကို လျှာရှည်တယ်လည်း မထင်နဲ့ဦး၊ ပျောက်တဲ့ပစ္စည်းအတိအကျ,ကျ တော့ ကိုကျော်ကြီး ဘယ်လိုသိ လဲ”

အနူးအညွတ် ခါးလေးညွတ် ပြီးမေးရာ ကိုကျော်ကြီးသည် ဟူး ခနဲ လေမှုတ်ထုတ်ပြီး စိတ်မရှည် တော့သည့်လေသံဖြင့်.....

“ကိုယ့်ဆရာ ဒါ ကျွန်တော့် အိမ်ပါလို့ ပြောပြီးပြီလေ၊ ဘယ်နား ဘာရှိတယ်ဆိုတာလောက်မှ မသိ ရင် ဒီအိမ်ရဲ့လုံခြုံရေးကို ကျွန်တော် ဘယ်လိုတာဝန်ယူမလဲဗျ”

“အမှုစစ်ပညာများ သင်ပေး နေသည့် နည်းပြချုပ်ကြီးပေပဲ”ဟု စိတ်ထဲက ကျိတ်ပြီးပြောမိသည်။

“ကဲ.....ကဲ အမှုစစ်ကြီး၊ ကျွန်တော်ရှင်းပြတာတွေ နားလည် ရင် ဆက်လုပ်ပေတော့”

အမှုစစ်က.....

“ကျေးဇူးပဲ ကိုကျော်ကြီး” ဟု လက်ကမ်းပေးရာ ကို ကျော်ကြီးကလည်း အမှုစစ်၏ လက်ကို ဟန်ပါပါဖြင့် လက်ဆွဲ နှုတ်ဆက်လိုက်၏။

“ချောက်.....”

“ဒါ ဘာလုပ်တာလဲ၊ ကိုယ့် လူကို ကျုပ်မေးနေတယ်၊ ဒါဘာ လုပ်တာလဲလို့၊ အခုပြန်ဖြုတ်စမ်း”

“----”

“ကျုပ်ကို နောက်စရာ မဟုတ်ဘူး၊ လက်ထိတ်နဲ့နောက် ရင်လည်း ကျုပ်က သည်းခံမှာ မဟုတ်ဘူး၊ တစ်မိနစ်အတွင်း လက်ထိတ်ပြန်မဖြုတ်ပေးရင် ကျုပ် ကို အပြစ်မပြောနဲ့၊ ခင်ဗျားထိုက်နဲ့ ခင်ဗျားကံပဲ၊ အမှုစစ်လုပ်စားမနေ ပါနဲ့၊ ဒီလောက်တုံး၊ ဒီလောက်အ နေတာ၊ ကြားတယ်ဗျာ၊ ကျုပ်လက် ကလက်ထိတ် အခုဖြုတ်”

“----”

“ကျုပ်က တိုင်တဲ့လူဗျ၊ ကြုံ ဘူးပေါင်ဗျာ၊ တိုင်တဲ့လူကို ပြန် ဖမ်းတယ်လို့၊ ခင်ဗျား သူခိုးကို မဖမ်းနိုင်ဘူးမဟုတ်လား”

**ကျုပ်ကို**
**နောက်စရာ မဟုတ်ဘူး၊**
**လက်ထိတ်နဲ့နောက်ရင်လည်း**
**ကျုပ်က**
**သည်းခံမှာ မဟုတ်ဘူး၊**
**တစ်မိနစ်အတွင်း**
**လက်ထိတ်**
**ပြန်မဖြုတ်ပေးရင်....**

ကိုကျော်ကြီး၏ဒေါသသည် အထွတ်အထိပ်ရောက်နေပေပြီ။ မျက်နှာတစ်ခုလုံး နီရဲနေသည်။

“ဆောရီး ကိုကျော်ကြီး၊ ကျွန်တော် သူခိုးဖမ်းပြီးပါပြီ”

“ဘာပြောတယ်ဗျ၊ ခင်ဗျား ဒီအလုပ်ကို ဆက်မလုပ်ချင်တော့ ဘူးလား၊ ကျွန်တော့်ကို ဒီလိုလုပ် တာ ဘာဘကြီးသိသွားရင် ခင်ဗျား မလွယ်ဘူး”

ကိုကျော်ကြီးတစ်ယောက် လှိုင်းတံပိုးထန်သည့် မြစ်ပြင်လို၊ မုန်တိုင်းထန်သည့် ပင်လယ် သမုဒ္ဒရာလို ဆောက်တည်ရာမရ ရုန်းကန်နေသဖြင့် တပ်ဖွဲ့ဝင်များ



www.burmeseclassic.com

www.burmeseclassic.com



က ကိုကျော်ကြီးကို ညှပ်ထိန်းထားရသည်။

"ဘဘကြီးက ခင်ဗျားကို အလုပ်ပြုတ်အောင်ကို လုပ်လိမ့်မယ်"

ဆက်လက်ကြိမ်းဝါးနေစဉ်...

"အလုပ်ပြုတ်မှာက မင်းကွ၊ ခွေးထက်မိုက်တဲ့ကောင်ရဲ့ မဘက်လိုက်၊ မိုက်ဘက်ပါဆိုတဲ့ကောင်မျိုး၊ မင်းကိုယ်မင်း ဟုတ်လှပြီ ထင်နေလား"

"ဟင်.....ဘဘကြီး ဘယ်တုန်းက ပြန်ရောက်လာတာလဲ ဟင်၊ သားကိုကြည့်ပါဦး ဘဘကြီး၊ ကျွန်တော့်ကိုကြည့်ပါဦး၊ သားကို ဒီလူဖမ်းနေတယ်"

"မင်းကို ဖမ်းရုံတင်မကဘူး၊ ထောင်တောင်ကျဦးမှာ ခွေးမသားရဲ့"

ဦးစွမ်းအင်မိုးက ကျော်ကြီး၏ မျက်နှာနားထိ သူ့မျက်နှာကြီးကိုကပ်ပြီး အံကြိတ်ပြီး ပြောလိုက်၏။

"ဘဘကြီး မှားနေပြီ၊ ဒီလူတွေပြောတာ မယုံပါနဲ့၊ သူတို့ ရမ်းလုပ်နေတာ"

ကျော်ကြီး သွေးရူးသွေးတန်း ဖြစ်နေပေပြီ။

ဦးစွမ်းအင်မိုးက.....

"မင်းနားလည်အောင် ငါတစ်ခုပဲ နောက်ဆုံးပြောလိုက်မယ်၊ မင်းနဲ့ မင်းကောင်မလေးရဲ့ ဆက်သွယ်တဲ့ ဖုန်းပေကျ(ဖုန်းခေါ်ဆိုမှုနံပါတ်များ)၊ မင်းခိုးပေးထားတဲ့ ရွှေထည်၊ ငွေနဲ့ပစ္စည်းတွေကိုလက်ခံထားတဲ့ မင်းကောင်မလေးကိုလည်း ခိုးရာပါပစ္စည်း လက်ခံမှုနဲ့ဖမ်းပြီးပြီ၊ ပစ္စည်းတွေလည်းသိမ်းပြီးပြီ၊ ထွက်ချက်လည်း ရပြီးပြီ"



"ဟင်....."

"ကဲ.....မင်းဘာဆက်ပြောဦးမလဲ"

ကိုကျော်ကြီး ခေါင်းငိုက်စိုက်ကျသွားပေပြီ။

"မိုက်လိုက်တဲ့ ချစ်ချစ်ချိုရယ်၊ ကားငှားပြီး ချက်ချင်းလစ်တော့လို့ မှာထားလျက်နဲ့၊ အခုတော့.....အခုတော့....."

♛♛♛♛♛

ဖြစ်လေရာဘဝတိုင်းမှာ "ငှက်ဖြစ်သော်လည်း တစ်ကိုင်းတည်း နားရပါစေသား"လို့ ဆုတောင်းခဲ့ကြလေသလား ကိုကျော်ကြီးနဲ့ ချစ်ချစ်ချိုရယ်။ အမှုရင်ဆိုင်ကြတော့လည်း အတူတူ၊ ရုံးထုတ်တော့လည်း အတူတူ၊ နောက် အကျဉ်းထောင်မှာလည်း အတူတူပင် ဖြစ်မည်ထင်သည်။

ဘဝတစ်ခုကို ခဲရာခဲဆစ် ကြိုးကြိုးစားစား မထုဆစ်ချင်ဘဲ ဖြတ်လမ်းက လိုက်မိသည့်အဖြစ်။

ကိုကျော်ကြီး၏ ပုံရိပ်သည် ချစ်ချစ်ချိုရဲ့ လောဘကြောင့်လား၊ ကိုကျော်ကြီးရဲ့ ကျေးဇူးရှင်အပေါ် ကျေးစွပ်မိသည့် အပြစ်ကြောင့်လား။


လောလောဆယ် မသိတော်မှ ပြစ်မှုကြွေးကို ချွေးဖြင့် ဆပ်ပြီးတဲ့နောက်တော့ ဒီလိုအမှားမျိုးနဲ့ ထာဝရ ဝေးကြပါစေလို့ ဆန္ဒပြုရင်း.....။

**မောင်သိန်းနိုင်**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com

ရှင်လွန်းမယ်

# နှလုံးသား အကြောင်းအစား





www.burmeseclassic.com

www.burmeseclassic.com



## နှလုံးသားအလောင်းအစား

ရှင်လွန်းမယ်

"မီးငယ်...ညှို့သည်လာတယ်"

"လာပြီ မကြီး"

ပန်းသခင် စာကြည့်နေရာမှ အိမ်ရှေ့သို့ထွက်လာခဲ့သည်။ ညှို့သည်ဆိုသူကို မြင်လိုက်ရသော အခါ အံ့ဩစိတ်က ထိန်း၍ မရချေ။ ပန်းအတွက် လာခြင်းကောင်းသော ညှို့သည်မဟုတ်တာကတော့ သေချာသည်။

"ဘာပြောစရာရှိလို့လဲ နှင်းသဖင်"

မေးသာမေးလိုက်ရသည်။ ပန်းသူနှင့် ရင်မဆိုင်ချင်ပါ။ အို.....ရင်မဆိုင်ချင်ရုံသက်သက်မဟုတ်ပါဘူး။ ဒီလောကထဲမှာ ပန်းသခင်၊ ဒါမှ မဟုတ်ရင် နှင်းသဖင် တစ်ယောက်ယောက်မရှိမှသာ ကောင်းလိမ့်မည်ဟု မတွေးကောင်းသော အတွေးကိုလည်း တွေးမိတတ်သည်။

"နှင်းနဲ့ငါ ပြိုင်စရာရှိတယ်"

ထင်တော့ထင်သားပဲ။ နှင်းသဖင်သည် အလောင်းအစား မလုပ်ရလျှင် မနေတတ်သော ညဉ့်ပါလာခဲ့ဟန်တူသည်။ နဂိုကမှ ကြက်ခေါင်းဆိတ် မခံတတ်သော ပန်းကို လာဆွသည်။ မခံချင်စိတ်နဲ့ ပန်းသခင်ဘက်က လက်ခံလိုက်ရတာချည်းပင်။ အခုတော့.....

"မပြိုင်ဘူး နှင်းသဖင်၊ နှင်နဲ့ ဘယ်လိုပြိုင်ပွဲကိုမှ ပြိုင်ဖို့ ငါစိတ်မဝင်စားတော့ဘူး"

"ဘာလဲ ကြောက်နေတာလား"



နှင်းသဖင်ရဲ့စကားကြောင့် ပန်းခပ်ဟက်ဟက်ရယ်လိုက်သည်။ နောက် အနိုင်ပိုင်းပြုံး၍ နှင်းသဖင်အား မျက်လုံးမေးကြည့်ပြီး.....

"အဲဒီမေးခွန်းမျိုး ငါကမေးရမှာပါ နှင်းသဖင်ရယ်၊ ဘာလဲနှင် မကြောက်သေးဘူးလားလို့လေ၊ ပြိုင်ပွဲတိုင်းလိုလို ငါနိုင်ခဲ့တာတွေကို နှင်မမေ့လောက်သေးပါဘူးနော်"

လှပချောမောသော နှင်း



www.burmeseclassic.com

www.burmeseclassic.com

သဇင်၏မျက်နှာ မည်းခနဲဖြစ်သွားသည်။ ထို့ကြောင့် ပို၍ မခံချင်စိတ်ဖြစ်လာကာ.....

"အခုပြိုင်ပွဲကို နင်စိတ်ဝင်စားမှာပါ၊ အရှင်းဆုံးပြောမယ်ဟာ၊ ဒီပြိုင်ပွဲမှာ နင်နိုင်ခဲ့ရင် ငါ အမြဲတမ်း နင့်ကို ဆရာတစ်ယောက်အနေနဲ့ အသိအမှတ်ပြုမယ်၊ ငါနိုင်ခဲ့ရင်တော့ နင်ငါ့ကို နိုင်ခဲ့ဖူးပါလားဆိုတဲ့အတွေး ဘယ်တော့မှမရှိရဘူး"

ပန်းသခင် စိတ်ဝင်စားသွားသည်။ ဒီလောက်စကားကုန်ပြောရအောင် ဘာပြိုင်ပွဲမို့လို့လဲ။ ပန်းကိုယ်တိုင် အကြောင်းမဲ့ပြိုင်ပွဲတွေမလုပ်ချင်တော့ပေ။

"မော်ကွန်းတင်ရဲ့အချစ်ကို ရအောင်ယူဖို့"

"ဘာရယ်.....မဖြစ်နိုင်တာ"

ပန်း အလန့်တကြား ငြင်းဆိုမိပေမယ့် နှင်းသဇင်က ပန်းကိုတွန်းပြီး မထိတထိပြုံးကာ လက်သုံးချောင်း ထောင်ပြသည်။

"သုံးလအတွင်းနော်"


ပန်းသခင် ခေါင်းယမ်းလိုက်မိသည်။ နှင်းသဇင်ရယ်..ဒီပြိုင်ပွဲဟာ တရားမျှတမှုမရှိတဲ့ ပြိုင်ပွဲဆိုတာ နင်ကိုယ်တိုင် သိပါတယ်။

ငယ်စဉ်ကတည်းက ပန်းအပေါ်မှာ တစ်ဖက်သတ် မုန်းတီးနေသော နှင်းသဇင်သည် အရာရာတိုင်းကို လိုက်ပြိုင်ရမှ ကျေနပ်သည်။ ဖိနပ်အသစ်စီးလျှင် ဖိနပ်ချင်းပြိုင်သည်။ ဘောလ်ပင်အသစ်ဝယ်လျှင် သူ့ဘောလ်ပင်က ဘယ်လိုတန်ဖိုးကြီးကြောင်း ပြိုင်သည်။

အဆုံးစွန် တစ်ခါတစ်ရံ ကျောင်းသို့ ထမင်းချိုင့်ထည့်လျှင် ထမင်းဘူးကအစ၊ ထမင်းဟင်းအဆုံး ပြိုင်သည်။ တရားသောနည်းလမ်းတွေနဲ့ ပြိုင်ကြတာဖြစ်ပေမယ့် နှင်းသဇင်က အလိုဆန္ဒကြီးသူရယ်။ အမြဲတစေ အနိုင်ရချင်သည်။ ပန်းနိုင်သည့်အခေါက်များဆိုလျှင် အိပ်ရာထဲထိပင် လဲသွားတတ်သည်ဟု သိရသည်။ စိတ်ကတော့ တော်တော်ကြီးသည်။

အမေကြီးက.....

"မီးငယ်၊ ပြိုင်ဆိုင်တယ်ဆိုတာ ဘယ်အရာမှ မကောင်းပါဘူး၊ လောဘနောက်လိုက်ရတယ်၊ အတ္တနောက်လိုက်ရတယ်၊ ရှုံးတော့ ဒေါသဖြစ်ရတယ်၊ ပူ





www.burmeseclassic.com

www.burmeseclassic.com


လောင်တယ်ကွဲ့.”တဲ့။

အဖေကြီးကလည်း.....

“သူကဘယ်လောက်ပြိုင်ပြိုင် ကိုယ်ကလိုက်မပြိုင်နဲ့၊ ကြာရင် သူ့ဘာသာမောပြီး နားသွားလိမ့်မယ်”

မိဘတွေ ဘယ်လိုပဲ ဆုံးမဆုံးမ ပန်းဟာလည်း လူထဲက လူတစ်ယောက်ပေမို့ လှုပ်ပါများ ယိုင်နဲ့လာတဲ့ ကျောက်တိုင်လို့ နှင်းသဇင်ကို နိုင်ကိုနိုင်ရမည်ဟု အဓိဋ္ဌာန်ပြုထားသည်။ မြို့လေးက ကျဉ်းသလို အထက်တန်းကျောင်း နည်းတဲ့ မြို့ဖြစ်သဖြင့် ပန်းနဲ့ နှင်းသဇင်ရဲ့ ပြိုင်ဆိုင်မှုကို အထက်တန်းကျောင်းတိုင်းသိသည်။

ပန်းချီ၊ စာပေ၊ သုတ၊ ရသ ဘယ်လိုပြိုင်ပွဲမဆို ပန်းသခင်ရှိလျှင် နှင်းသဇင်ရှိသည်။ နှင်းသဇင်ရှိလျှင် ပန်းသခင်ရှိသည်။

ဘယ်လိုပဲ ယှဉ်ပြိုင်ယှဉ်ပြိုင် ပန်း ထာဝရအရှုံးပေးနေရသည်က ရုပ်အလှ။

နှင်းသဇင်က မော်ဒယ်လ် ကိုယ်လုံးမျိုးကို ပိုင်ဆိုင်ထားသည်။ ခေတ်ပေါ် ဖက်ရှင်အမျိုးမျိုးကို ကိုယ်ပေါ်တင်သည်။

တစ်ကိုယ်လုံးလှအောင်ပြင်တတ်သလို မျက်နှာကလည်း ပုရိသတို့အား ဆွဲဆောင်နိုင်သည်။

ပန်းကတော့ မိန်းကလေးတွေထဲမှာ သာမန်အရပ် (၅)ပေမပြည့်တပြည့်။ ဒါ့အပြင် အနည်းငယ် ဝ လိုက်သေးတော့ ပုပုလုံးလုံးလေး ဖြစ်နေတော့သည်။ ဆံပင်ရှည်ကို အမြဲတမ်းဖြစ်သလိုစည်းထားပြီး စာကြည့်မျက်မှန် အမြဲတပ်ထားရသည်။ ကုန်ကုန်ပြောရလျှင် ကြည့်ပျော်ရှုပျော် မရှိတာ သေချာသည်။

မော်ကွန်းတင်နဲ့ နှင်းသဇင်ဟာ လိုက်ဖက်တဲ့စုံတွဲပါ။ ရီဝေယံနဲ့ခပ်ဆင်ဆင်တူပေမယ့် သူ့အသားအရေက ဖြူဝင်းသည်။ ပြီးတော့ ဓာတုဗေဒ (King) ဖြစ်သေးသည်။

မေဂျာချင်းတူပေမယ့် သူနဲ့ ပန်း တစ်ခါမှ စကားမပြောဖူးပါ။ ပန်းကိုယ်တိုင် ထင်ပေါ်တဲ့နေရာမှာ မနေတတ်ခြင်းကြောင့်ထင်တယ်။

အတန်းမကြာခဏလစ်ပြီး လူမသိ၊ သူမသိ နောက်ဘက်နံရံထောင့်နားမှာ ငြိမ်သက်စွာထိုင်ပြီး ငေးချင်ရာငေး၊ တွေးချင်ရာတွေးသည်။ တက္ကသိုလ်ရောက်သည့် နှစ်နှစ်တာကာလအတွင်း နှင်းသဇင်ဘက်က ပြိုင်ပွဲသတ်မှတ်ခဲ့သည်မှာ ဒါပထမဆုံးပင်။

အနူလက်နဲ့ရွှေခွက်နှိုက်တယ်လို့ပဲဆိုဆို၊ ကိုယ့်အိုးနဲ့ကိုယ့်ဆန် တန်ရုံမမှန်းဘူးဘဲ ထင်ချင်ထင်၊ ဘာတွေဘယ်လိုပဲပြောပြော လူမသိ သူမသိ ဝန်ခံရလျှင် ပန်း ‘မော်ကွန်းတင်’ကို သဘောကျပါ

မိဘတွေ ဘယ်လိုပဲ ဆုံးမ ဆုံးမ ပန်းဟာလည်း လူထဲက လူ တစ်ယောက်ပေမို့ လှုပ်ပါများ ယိုင်နဲ့လာတဲ့ ကျောက်တိုင်လို့ နှင်းသဇင်ကို နိုင်ကိုနိုင်ရမည်ဟု အဓိဋ္ဌာန်ပြုထားသည်။ မြို့လေးက ကျဉ်းသလို အထက်တန်းကျောင်း နည်းတဲ့ မြို့ဖြစ်သဖြင့် ပန်းနဲ့ နှင်းသဇင်ရဲ့ ပြိုင်ဆိုင်မှုကို....

သည်။ သူဟာ ရုပ်ချော၊ အပြောကောင်းရုံတင်မက စိတ်ဓာတ်လည်း ကောင်းသည်။ ဖောက်လွဲဖောက်ပြန်နဲ့ စိတ်ဓာတ်သိမ်နုတ်သော ယောကျ်ားအများစုရှိသော်လည်း လူနည်းစုဖြစ်သော ယောကျ်ားကောင်းတွင် ပါသူ တစ်ယောက်ဖြစ်သည်။

♛♛♛♛

တစ်ရက်တစ်ရက် အချိန်ကလည်း အကုန်မြန်လှသည်။ အခုဆို


www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်တောင်ပြည့်ပြီ။ ပန်းက ဘာအကောင်အထည်မှ မဖော်ရသေးချေ။ အမှန်တကယ်ပြောရလျှင် ဤကိစ္စနှင့် ပန်းသည် ခပ်စိမ်းစိမ်းသာဖြစ်သည်။

ယောကျ်ားလေးသူငယ်ချင်းမှဆိုစလောက် အနည်းငယ်ရှိသော်လည်း စကားသိပ်မပြောတတ်ချေ။ ဘာပဲဖြစ်ဖြစ် မပြိုင်ဘူးဟုပြောလျှင် နှင်းသဇင်က သေးကြောင်သည်ဟု ထင်မည်။

ကျောင်းဆောင်ရဲ့နောက်ဘက် အုတ်ခုံမှာထိုင်ပြီး တွေးချင်ရာတွေးနေမိသည်။ မနေ့က မော်ကွန်းတင်နဲ့ နှင်းသဇင် အတူတူတွဲထိုင်နေတာ တွေ့ရ၏။ ဤနေရာ၌ မရှင်းတာတစ်ခု ရှိသေးပါရဲ့။ ဘာလို့ နှင်း သဇင်က ပန်းကို ပြိုင်ပွဲဆိုပြီး သူတို့နှစ်ယောက်ကြား ဖွတ်အတင်းဆွဲသွင်းရသနည်း။ တမင်သက်သက် ရုပ်ဆိုးသောပန်းကို နှိမ်ချင်လို့လား၊ ပြီးတော့ မတော်တဆဖြစ်နိုင်ခဲ့ပါတယ်။ မော်ကွန်းတင်က ပန်းကို စိတ်ဝင်စားသွားသည်ဆိုပါတော့ သူပဲခံစားရမည်။

"ဟင်း....."

အခြားအမျိုးသမီးများကိုတော့ မသိ။ သူမအတွက်တော့ယောကျ်ားတစ်ယောက် စိတ်ဝင်စားလာအောင် ညှုပြု၊ ခရာပြုရမှာတော့ ရွံစရာ အကောင်းဆုံးအလုပ်ပင်ဖြစ်သည်။ တော်ပြီ။ ဒီပြိုင်ပွဲ ရှုံးချင်ရှုံးပါစေတော့။ သိက္ခာထက်အရေးကြီးတာ ဘာမှမရှိချေ။

"အ....."

ဆတ်ခနဲ ထိုင်ရာမှအထ ဗိုက်ထဲထိုးအောင့်လာသည်။ ခုံပေါ်ပြန်ထိုင်ကာ လွယ်အိတ်ကိုဖွင့်ပြီး ဆေးကိုရှာသည်။ အထပ်ထပ်အခါခါရှာ၍ မရတော့မှ ဗိုက်ထဲက ပို၍ပို၍အောင့်အောင့်လာသည်။

ပန်းသခင်တွင် အစာအိမ်ရောဂါရှိသည်။ အခုတလော အစားအသောက်မမှန်သဖြင့် အစာအိမ်ပြန်ထခြင်းဖြစ်မည်။ ဇောချွေးတွေပြန်ကာ ခေါင်းတွေတရိပ်ရိပ်ဖြစ်လာသည်။

ဘုရားရေ.....ပန်း ဒီအတိုင်းပဲ လဲကျရတော့မှာလား။ ပတ်ဝန်းကျင်ကို အကူအညီရလိုငြား ကြည့်မိလိုက်သည်။ ဝိုးတဝါးမျက်ဝန်းတွေကြား စာကြည့်တိုက်ဘက်ကထွက်လာသော ကျောင်းသားနှစ်ယောက်ကို တွေ့လိုက်ရတာနောက်ဆုံးပင်။

"ပန်းသခင်.....ပန်းသခင်"

ခေါ်သံတွေက မကြားတစ်ချက်၊ ကြားတစ်ချက်၊ နီးလိုက်၊ ဝေးလိုက်နဲ့။ အမှောင်ထဲမှာ စမ်းတဝါးဝါးလျှောက်ရင်း အလင်းရောင်တစ်ခုကို မြင်ရသည်။ ထိုအလင်းရှိရာ အားကုန်ပြေးလွှားစဉ်.....

"မီးငယ်"

အမေကြီးရဲ့ခေါ်သံကြောင့် ပန်း မျက်လုံးတွေပွင့်သွားရသည်။

"အမေကြီး"

"ကံကောင်းလိုက်တာအေ ရယ်၊ တော်သေးရဲ့၊ ဟိုဘက်လမ်းက ဥက္ကာစိုးနဲ့ ကျောင်းသားတစ်ယောက် အတွေ့မြန်လို့၊ အစားကို မှန်အောင်ဘာလို့မစားတာလဲ"

အမေကြီးစကားကြောင့် ပန်း ဥက္ကာစိုးကို ကျေးဇူးတင်သွားရ၏။

မနေ့က မော်ကွန်းတင်နဲ့
နှင်းသဇင်
အတူတူတွဲထိုင်နေတာ
တွေ့ရ၏။
ဤနေရာ၌
မရှင်းတာတစ်ခု
ရှိသေးပါရဲ့။
ဘာလို့နှင်းသဇင်က
ပန်းကို ပြိုင်ပွဲဆိုပြီး
သူတို့နှစ်ယောက်ကြား
ဖွတ်အတင်းဆွဲသွင်းရသနည်း။
တမင်သက်သက် ....



www.burmeseclassic.com

www.burmeseclassic.com



အတန်းကျောင်းသားဘဝကနေ တက္ကသိုလ်ရောက်သည့်အထိ မေဂျာတူ၊ အတန်းတူသော်လည်း ပန်းနဲ့ဥက္ကာစိုးက မေးထူးခေါ်ပြောအဆင့် ပဲရှိခဲ့သည်။ ဥက္ကာစိုးကိုတွေ့လျှင် ကျေးဇူးတင်စကား ပြောရဦးမည်။



♛♛♛♛♛

"ဟုတ်တယ်၊ ငါရယ်၊ မော်ကွန်းတင်ရယ် နင့်ကိုပို့ပေးတာ၊ ဘယ်လိုလဲ သက်သာရဲ့လား"

ဥက္ကာစိုးရဲ့အမေးကို မဖြေနိုင်ဘဲ အတန်းထဲဝင်လာသည့် မော်ကွန်းတင်ကိုသာ ကြောင်၍ကြည့်နေမိ၏။

"ဟိတ်...ပန်း၊ ကြားလား"

"ဟင်..အော်..ကြားပါတယ်၊ ဥက္ကာ ငါ သူ့ကိုလည်း ကျေးဇူးတင်စကားပြောချင်တယ်၊ ခေါ်ပေးပါလား"

"ရတယ်၊ ခေါ်လိုက်မယ်လေ"

ဥက္ကာစိုးက မော်ကွန်းတင်ကို လက်ခုပ်တီးပြီး ခေါ်လိုက်သည်။ စမတ်ကျကျနဲ့ချောသောသူသည် ပန်းနဲ့ဘယ်လိုမှ မလိုက်ဖက်မှန်း ဝမ်းနည်းစွာသိနေခဲ့သည်။

မော်ကွန်းတင် ဒီပြိုင်ပွဲမှာ ရှင့်အချစ်ကို မလိုချင်တော့ပေမယ့် မိတ်ဆွေတစ်ယောက်လို ထာဝရ ခင်မင်မှုမျိုးကိုတော့ လိုချင်တယ်။

"စောလုချည်လား ဥက္ကာ၊ ဒါနဲ့ သူက....."

"ပန်းသခင်လေ"

"အော်....သက်သာပြီပေါ့"

"ဟုတ်ကဲ့၊ အဲဒီအတွက် မော်ကွန်းတင်နဲ့ ဥက္ကာတို့ နှစ်ယောက်စလုံးကို ကျေးဇူးတင်ပါတယ်"

"ဒီလို ပါးစပ်နဲ့ပဲ ကျေးဇူးတင်တာ ဘယ်ရမလဲ"

"ရှင်....."

အတည်ပေါက်နှင့်ပြောလိုက်သော သူ့ရဲ့စကားကြောင့် ပန်းအံ့အားသင့်သွားသည်။ စိတ်ထဲမှာတော့ သူဟာ ဟန်ပန်တစ်ခွဲသားမရှိဘဲ ရိုးသားပွင့်လင်းသူဟု အလိုလို မှတ်ချက်ချမိသည်။

"ဒါဆိုလည်း ကျွေးပါ့မယ်၊ ဥက္ကာလည်း လိုက်ခဲ့နော်"

"ဟာ..ဆောရီး၊ ငါက ခင်လို့စတာပါ"

"မဟုတ်တာ၊ ပန်းက ဖိတ်ခေါ်ချင်ပါတယ်၊ မလိုက်မှာစိုးလို့ပါ"

"အဲဒါဆိုလည်း လိုက်သွားမယ် မော်ကွန်း"

ပန်း ဥက္ကာကို ဒုတိယအကြိမ်ကျေးဇူးတင်မိပြန်သည်။ သူ့ဆီက 'ခင်လို့'ဆိုတဲ့စကားကတော့ ရှေ့ဆက်ရမယ့်လမ်းမှာ အထောက်အကူဖြစ်ခဲ့သည်။ ကင်န်တင်းသွားလိုက်ခြင်းရဲ့အကျိုးက သူနဲ့ပန်းကို ပိုပြီးခင်မင်ရင်းနှီးစေခဲ့သည်။

နေ့ရက်တွေရဲ့ တိုက်စားမှုကြောင့် တစ်ရက်ပြီးတစ်ရက် ကုန်လွန်လာခဲ့တယ်။ ဒီအတောအတွင်းမှာ အလှအပကို စိတ်ပျက်တဲ့ ပန်းဟာ အလှအပကို စိတ်ဝင်စားတာ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ပြီးတော့ ပန်းရဲ့စားပွဲအံဆွဲထဲတွင် မော်ကွန်းတင် လက်ဆောင်ပေးတဲ့ ခေါင်းစည်းကြိုးများကလစ်များက နေရာယူလာသည်။ အစားလျှော့စားဖို့လည်း ဆုံးဖြတ်မိသည်။

ထူးခြားချက်တစ်ခုအနေနဲ့ သူက ရုံဖန်ရုံခါလမ်းလျှောက်ထွက်ဖို့ ပန်းကိုလာခေါ်တတ်သေးသည်။ နောက်ပြီး ဘယ်လို အစားအစာမျိုးက လူကိုဝစေတတ်ကြောင်း လက်ချာပေးတတ်သေး သည်။



တစ်နေ့.....

ပန်းနဲ့မော်ကွန်းစကားပြောနေရာသို့ နှင်းသဇင်ရောက်လာသည်။ ကြည်လင်နေသောစိတ်တွေ နောက်ကျိသွားရသည်။

"ဟယ်..ငါ့မှာတော့ ရှာလိုက်ရတာ မော်ကွန်း၊ နှင်ကတော့..."

"ဟာ...ဘာတွေပြောနေတာလဲဟ၊ လာ.....ထိုင်"

"ဟယ်...ပန်းသခင်၊ ငါလုံးဝမထင်ဘူး"

ပန်း အောင့်သက်သက်ဖြစ်သွားရသည်။ နှင်းသဇင်ကအထင်သေးတဲ့မျက်ဝန်းတွေနဲ့ ပန်းကိုစိုက်ကြည့်နေသည်။ နှင်ဘယ်လိုအထင်သေးသေး ပြိုင်ပွဲက မဆုံးသေးဘူး နှင်းသဇင်။ ပန်းတို့နှစ်ယောက် မျက်လုံးချင်း အားပြိုင်စကားပြောလိုက်သည်။

"သြော်.....ပန်းနဲ့သိကြတာလား"

"ဟင်...တစ်ရပ်ကွက်တည်းလေ"

"အိမ်လိပ်စာမပေးချင်တဲ့ နှင်း သဇင်ဆီ ပန်းကိုလိပ်စာမေးပြီး လာ လည်ရမယ်"

"လည်ပေါ့၊ ဒါပေမဲ့ ငါ့ဆီလာပြီးမှ ဟိုအိမ်သွားလည်၊ ဒီအိမ်သွားလည် မလုပ်ရဘူးနော်"

"ကြီးကျယ်လို့"

"ထားပါ၊ ကဲ..ပရက်တီကယ်ရှိလို့ နင့်ကိုလာခေါ်တာ၊ လာ.....သွားမယ်"

ပန်းကို ဖုတ်လေသည့်ငါးပိရှိသည့်ဟန်မထင်။ မော်ကွန်းကိုဖွတ်ဆွဲခေါ်သွားသည်။ မော်ကွန်းရယ် ခွင့်လွှတ်ပါ။ ရိုးသားဖြူစင်တဲ့ နင့်ကို အသုံးချချင်တာမဟုတ်ပါဘူး။

♛♛♛♛♛♛

"ပန်းသခင် နင့်ကို ပြောစရာရှိတယ်"

"ဘာလဲ၊ သတ်မှတ်ရက်မရောက်သေးဘူး နှင်းသဇင်၊ ဒီ ကြားထဲမှာ နင်နဲ့ငါ ပြောစရာ အကြောင်းလည်းမရှိဘူး၊ စကားလည်းမရှိဘူး"

ပန်းခပ်မာမာပင်ပြောလိုက်သည်။ ကိုယ့်လုပ်ပိုင်ခွင့်နဲ့ကိုယ်တောင် ပန်းအနားကနေ မော်ကွန်းကို အတင်းဆွဲခေါ်သွားတဲ့မိန်းမကို ပန်းက ကြည့်ဖြူနေရဦးမှာလား။

"နင် အခုတလော ပိုလှလာတယ်၊ ပြီးတော့ ပိုစွာလာတယ်"

"----"

"နင့်ကိုယ်နင် မော်ကွန်းရဲ့



www.burmeseclassic.com

www.burmeseclassic.com


အချစ်ကို ရမယ်လို့များ ထင်နေသလား”

“ဒါ နင်ဆုံးဖြတ်ပေးခွင့်မရှိဘူး နှင်းသဇင်၊ နင်သွားစမ်းပါဟာ”

“မသွားနိုင်ဘူး”

“ကျွတ်.....”

စိတ်တော်တော်ရှုပ်မိသည်။ ကျောင်းနောက်တက်မှာမို့ လွတ်လပ်စွာ ပြောဆိုနေရင်း ပတ်ဝန်းကျင်ကို ဂရုမစိုက်မိတော့ချေ။

“ဒီပြိုင်ပွဲကို ဖန်တီးခဲ့တဲ့သူက ငါပါ၊ ဒါပေမဲ့ ငါ.....”

“အဲဒါ နင့်ရဲ့ပြစ်ချက်ပဲ နှင်းသဇင်၊ ငါက ဖိတ်ခေါ်ခဲ့တာမဟုတ်ဘူး၊ မော်ကွန်းကို သိတယ်၊ သတိထားမိတယ်၊ ဒါပေမဲ့ သူ့ရှေ့မှာ ထင်ပေါ်အောင် ငါမလုပ်ခဲ့ဘူး၊ ငါလူလုံးပြခဲ့တာမဟုတ်ဘူး၊ အဲဒါ အမိက နင့်ကြောင့်ပဲ”

“နင်နိုင်မယ်ထင်လား”

“စောင့်ကြည့်ပါ၊ ငါ့ကိုနင် ဘယ်လောက်နိုင်ကွက်များများရလို့လဲ”

“ဒါပေမဲ့ ဒီပြိုင်ပွဲကို ငါရုပ်သိမ်းတော့မယ်”

“ရုပ်သိမ်းခွင့်မရှိဘူး”

အသံလာရာသို့ ပန်းနဲ့ နှင်းသဇင် ကြည့်မိလိုက်တော့ နှစ်ယောက်စလုံး စိုးထိတ်သွားရသည်။ မော်ကွန်းတင်။ သူ့မျက်နှာက အံတကြိတ်ကြိတ်နှင့်။



“ငါ့ကိုခုတုံးလုပ်ပြီး နင်တို့အနိုင်ရဖို့ ကြိုးစားနေတာကိုး၊ ငါ တော်တော်ညံ့တယ်၊ ဒါကိုဘာလို့ မရိပ်မိတာလဲ”

“ငါ....ငါတောင်းပန်ပါတယ် မော်ကွန်း”

“တော်တော့.....”

ပန်း ဘေးထွက်ပဲရပ်နေလိုက်တော့သည်။ အဖြစ်မှန်ကို သိနေမှတော့ ရှင်းပြနေလည်း အပိုပင်။ ဒါ ပေမဲ့ မော်ကွန်းက ပန်းကို ဆွေးဆွေးကြီးကြည့်ပြီး.....

“နင်က အဲဒီလိုမိန်းကလေးလား”

“ဘာကိုလဲ”

သူက ဘာမှဆက်မပြောတော့ဘဲ မျက်နှာလွှဲသွားသည်။ ပန်းရင်ထဲ ဝမ်းနည်းမှုများ ထိန်းထားရသည်။

“ပန်း.....”

ပန်းလှည့်မကြည့်တော့ပါ။ ဘာလို့လဲ။ ဘာခံစားနေရမှာလဲ။ အစကတည်းက အရှုံးကို ကြိုတင် သိခဲ့ပြီးသားပဲ။ မျက်တောင်မခတ်မိအောင် ထိန်းထားရသည်။ ငါမငိုဘူးမော်ကွန်းရယ်။ နင်ဘယ်လို မေးခွန်း မေးလိုက်တာလဲ။ နှစ်ဦးသား ခံစားချက်ချင်းနားလည်သော်လည်း နှလုံးသားကို အလောင်းအစားပြုခဲ့၍ နှလုံးသားက ပန်းကို ဒဏ်ခတ်လိုက်လေတော့သည်။

**ရှင်လွန်းမယ်**


www.burmeseclassic.com

www.burmeseclassic.com

ခင်ဦး (ပုတီးကုန်း)

# သားကောင်ဖမ်းသည့် ကျား





www.burmeseclassic.com

www.burmeseclassic.com



## သားကောင်ဖမ်းသည့်ကျား

ခင်ဦး (ပုတီးကုန်း)

ရန်ကုန်မြို့ရှိ ဆင်ခြေဖုံးမြို့နယ်လေးအတွင်း မမကြူဆိုသည့် ဘဏ်စာရေးမလေးအိမ်သည် ရှမ်းခေါက်ဆွဲရောင်းခြင်းကြောင့် နာမည်ကြီးလှသည်။ မမကြူတို့အိမ်ဟု ရပ်ကွက်၌မေးလျှင် မသိသူရှိသေးသည်။ 'ရှမ်းခေါက်ဆွဲအိမ်'ဟုဆိုလျှင် လူတိုင်းသိသည်။

စားသုံးသူတို့မှာ ညနေပိုင်း၌ လူပို၍စည်ကားသည်။ သို့သော် ယနေ့ညနေ မမကြူတို့ဆိုင်မဖွင့်ချေ။ ထူးခြားနေ၍ ဒေါ်စပ်စုကြီးဟု ခေါ်လေ့ရှိသော ဒေါ်သီရိကြီး ရောက်လာသည်။

"ဟဲ့ ....မကြူတို့ဆိုင် ဒီနေ့ ဘာလို့မဖွင့်သလဲဟဲ့"

အိမ်ပေါ်အတက် အသံဆုံးသည်နှင့် မမကြူ၏တူလေး 'ကိုသားသား' နှင့် ထမင်းချက်အသစ် ဖြစ်ဟန်တူသော မိန်းမခပ်ကြီးကြီး တစ်ယောက်ထွက်လာသည်။

"ဟဲ့...သားသား၊ နင့်အမေနဲ့ အဒေါ်တွေရော"

၆ နှစ်အရွယ် သားသားက ခေါင်းခါပြသည်။ ထိုအခါ ထမင်းချက်မိန်းမကြီးက ရိုးရိုးသားသားပင် ပြန်ဖြေသည်။



"ရဲစခန်းသွားကြတယ်"

"ဗုဒ္ဓေါ....."

အေးဆေးတည်ငြိမ်စွာ ရိုးရိုးသားသား လုပ်ကိုင်စားသော ဤအိမ်သည် အဘယ်ကြောင့် ရဲစခန်းသို့ သွားရသနည်း။

"ဘာအကြောင်းရှိလို့မည်နည်း"ဟူသော သိချင်သည့်ဆန္ဒကြောင့် ဒေါ်သီရိရင်တွင်း၌ မေးခွန်းပေါင်းများစွာ မေးနေမိသည်။ သို့ဖြင့် သိုသိုသိပ်သိပ် ပြန်လာပြီး စပ်စုချင်သည့် စိတ်ရင်းကြောင့် ဒေါ်သီရိသည် သူမ၏အိမ်နီးချင်းများထံ တစ်အိမ်ဆင်း တစ်အိမ်တက် ဝင်ပြန်သည်။

"အသေအချာတော့ မသိဘူး မသီရိရဲ၊ နေ့လယ်တုန်းက ကြားတာ


www.burmeseclassic.com

www.burmeseclassic.com

တော့ အိမ်ဖော်မလေး ပျောက်လို့ဆိုလား၊ ပြေးလို့ဆိုလား လိုက်ရှာနေကြတာလို့ကြားတယ်"

"ဟယ်.....ဟုတ်မယ်၊ ဒါကြောင့် ရဲစခန်းကိုသွားတာဖြစ်မယ်၊ မတွေ့ဘူးထင်တယ်"

ဒေါ်စပ်စုကြီးမှာ ခေါင်းကိုကုတ်လိုက်၊ လုံချည်ကိုမလိုက်ဖြင့် အလုပ်ရှုပ်နေသည်။

"အမယ်လေးတော်..သူ့အပူတစ်ပြားမှမပါဘဲ ဟိုအိမ်ကူး၊ ဒီအိမ်ကူးနဲ့၊ ထမင်းတောင် လက်နဲ့ရှူးမစားရတဲ့သူတွေမို့ထင်ရဲ့"

ရပ်ကွက်ထဲမှ သူ့ကိုအမြင်ကတ်နေသော မိန်းမတစ်ယောက်က မဲ့ကာရွဲ့ကာ ခနဲ့လိုက်သည်။



သို့ဖြင့် ညမိုးချုပ်ခဲ့လေသည်။

♛♛♛♛♛♛

နောက်တစ်နေ့နံနက်လင်းလျှင် မမကြူမှာ အဝတ်အစားအသစ်များဖြင့် ရန်ကုန်မြို့ထဲဘက်သို့ ထွက်သွားသည်ကို ဒေါ်စပ်စုကြီး မြင်လိုက်ပြန်သည်။

"ယူနီဖောင်းမဝတ်ဘူး၊ တခြားဝတ်စုံနဲ့ဆိုတော့ ဒီနေ့ ရုံးမတက်တာဖြစ်ရမယ်"

ထိုသို့တွေးပြီး မမကြူတို့အိမ်ဘက်သို့ ကူးခဲ့လေသည်။

"မဖြူဖြူ...ဟေး..မဖြူဖြူရေ"

"ရှင်.....အကြီးသီရိပါလား၊ လာလေ အကြီး"

အိမ်ရှေ့ရှိဆိုင်မှ အိုးခွက်များကိုတိုက်ရာ ရေစင်၌ စဥ့်အိုးကို ရေဖြည့်နေရင်း မဖြူဖြူက ဒေါ်သီရိကြီးကို ကြိုလိုက်သည်။

"အကြီးရယ် မျှော်နေတာအတော်ပဲ၊ အကြီးက ပေါက်ပေါက်ရောက်ရောက်ရှိတယ်၊ စပ်စပ်စုစုလည်းရှိတယ်ဆိုတော့ အိမ်က မဝါဝါလေးပျောက်လို့၊ ကူညီပါဦး"

"ဟယ်.....စောစောစီးစီးရှာမှဖြစ်မယ်၊ ရက်ကြာသွားရင် မကောင်းဘူး၊ ရဲစခန်းရော တိုင်ပြီးပြီလား"

"အင်း.....ဓာတ်ပုံပေးခဲ့ရတယ်၊ လူပုံသဏ္ဌာန်လည်း အားလုံးပြောပြခဲ့တယ်"

"ကြူကြူရော၊ ဘယ်သွားတာလဲ"

"ကြူကြူက သူ့မိတ်ဆွေတွေအကူအညီနဲ့ မြို့ထဲဘက်ထွက်ရှာမယ်ပြောတာပဲ"

ဒေါ်စပ်စုခေါ် ဒေါ်သီရိကြီးမှာ အကြောင်းအကျိုးမေးပြီး ကလေးမလေး၏ ဓာတ်ပုံတစ်ပုံတောင်းကာ မြို့ထဲဘက်သို့ ထွက်သွားပြန်သည်။

♛♛♛♛♛

ညနေမိုးချုပ်စတွင် ဒေါ်သီရိ



www.burmeseclassic.com

www.burmeseclassic.com

ကြီးရော မမကြူပါ ကောင်မလေး၏လက်ကိုဆွဲ၍ မောပန်းကြီးစွာဝင်လာကြသည်။ သူတို့မျက်နှာများမှာ လင်ပုပ်ဖမ်းသကဲ့သို့ ညှိုးမည်းနေကြသည်။ မဝါဝါလေးမှာ အဝတ်အစားများ ကြေမွစုတ်ပြတ်ကာ မျက်နှာလေး၌ ကုတ်ရာခြစ်ရာများဖြင့် ငိုနေရှာသည်။ ပန်းပွင့်လေး ညှိုးနွမ်းနေပုံမှာ ပွင့်ဖတ်များ ကြွေကျလျက် ဝတ်ဆံများ ကျိုးကျေလျက်ရှိပုံမျိုးဖြစ်သည်။

"အကြီးရယ် ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့အကြီးရယ် ရှက်စရာအဖြစ်မျိုးမို့ ပတ်ဝန်းကျင်ကိုတော့ အကြောင်းစုံ မပြောပြလိုက်ပါနဲ့ အကြီးရယ်"

အမှုစစ်အရာရှိက
မဖြူဖြူ အား
အရင်စစ်မေးရာ
ဝါဝါအား မိမိတို့လမ်းထိပ်ရှိ
တစ်ဆစ်ချိုးအကွေ့မှ
ကုန်စုံအိမ်ဆိုင်လေးထံ
ကြက်သွန်နီ
ဝယ်ခိုင်းလိုက်ခြင်း ...



"အေးပါ၊ ငါ သားသမီးချင်း စာနာစိတ်ရှိပါတယ်"

ဒေါ်သီရိပြန်သွားပြီး ညီအစ်မနှစ်ဦးမှာ ဝါဝါဆိုသည့် အိမ်ဖော်ကောင်မလေးအား နှစ်သိမ့်ရင်း အငိုတိတ်စေရန် အားပေးနေကြသည်။ သူမ၏ ဝတ်လက်စလုံချည်ကိုသိမ်းလိုက်သည်။

အိမ်ဖော်မလေးကား မပွင့်ခင် ညှိုးနွမ်းကြေမွခဲ့ရသော ပန်းလေးတစ်ပွင့်ဖြစ်ခဲ့ရပုံကို ညီအစ်မနှစ်ဦးမှာ တွေးရင်း ရင်နာခြင်း၊ ဒေါသထွက်ခြင်း၊ သနားခြင်းစသည့် ရသပေါင်းစုံခံစားပြီး တစ်ညလုံး မအိပ်နိုင်ရှာတော့ပေ။

"ခွေးလိုကျင့်တဲ့ကောင်....."

"တဏှာရူး၊ တဏှာဘီလူး"

"မုန်းတယ်.....မုန်းတယ်"

"သတ်ပစ်ချင်တယ်....."

မမကြူမှာ ဒေါသထွက်လွန်း၊ ခံပြင်းလွန်း၍ အဆက်မပြတ် ရေရွတ်ပြောဆိုရင်း ထခုန်မိတော့၏။

♛♛♛♛♛

"မင်းက တဏှာဘီလူးပဲကွ"

မဖြူဖြူ၊ မမကြူ၊ ရပ်ကွက်လူကြီးများနှင့် စခန်းမှူး၊ အမှုစစ်အရာရှိတို့ရှေ့၌ နယ်ထိန်း ဒုရဲအုပ် စစ်နိုင်က တရားခံ "စံထူး"အား မုန်းတီးစက်ဆုပ်သော မျက်ဝန်းများဖြင့် ကြည့်ကာ ပြောလိုက်သည်။ ဖြူဖြူက မဲ့ရွဲ့ကာ ခေါင်းညိတ်လိုက်မိသည်။

အမှုစစ်အရာရှိက မဖြူဖြူအား အရင်စစ်မေးရာ ဝါဝါအား မိမိတို့လမ်းထိပ်ရှိ တစ်ဆစ်ချိုးအကွေ့မှ ကုန်စုံအိမ်ဆိုင်လေးထံ



www.burmeseclassic.com

www.burmeseclassic.com

ကြက်သွန်နီ ဝယ်နိုင်းလိုက်ခြင်း ဖြစ်ကြောင်း၊ ပြန်မလာ၍ လိုက်စုံစမ်းရာ ကြက်သွန်နီဝယ်ပြီး ပြန်သွားသည်ဟုသိရကြောင်း၊ ညမိုးချုပ်သည့်ထိ ပြန်မလာဘဲ နောက်နှစ်ရက်ကြာမှ ရန်ကုန်--သဘောဆိပ်ကမ်းတွင် တွေ့ခဲ့ရကြောင်း ဖြေကြားသည်။

ဝါဝါအားခေါ်၍ စစ်မေးရာ



အသက် ဆယ့်လေးနှစ်ခန့်ရှိ အပျိုပေါက်မလေးဝါဝါမှာ ကြောက်လွန်း၍ အတော်အတန် ချော့မော့မေးယူရသည်။ ဖြေတိုင်းဝိုင်းနေ၍ စိတ်ရှည်ရှည် စစ်မေးရသည်။

"သမီးအသက်က ဆယ့်လေးနှစ်ရှိပြီနော်"

"ဟုတ်ကဲ့"

"မိဘတွေက ဘာလုပ်လဲ၊ ရှိသေးလား"

"အမေက အဝတ်လိုက်လျှော်ပါတယ်၊ အဖေက မရှိတော့ပါဘူး"

"ဒီက ဒေါ်ဖြူဖြူအိမ်မှာနေရတာ ပျော်ရဲ့လား"

"ပျော်ပါတယ်၊ အဒေါ်ကရော၊ ဒေါ်လေးကပါ အရမ်းကောင်းပါတယ်"

"သမီးကို စံထူးဆိုတဲ့လူက ခေါ်သွားတာမှန်ရဲ့လား"

"မှန်ပါတယ်၊ အဲဒီလူကြီးပါ"

"သမီးကို ဘယ်လိုပြောပြီး ခေါ်တာလဲ"

"နင့်အမေနဲ့ငါက သူငယ်ချင်းတဲ့၊ နင့်အဖေမသေခင်က ငါနဲ့ ဆိုက်ကားအတူနင်းတာတဲ့၊ အဖေက မသေခင် ဒီသားအမိကို စောင့်ရှောက်ပါလို့ ပြောခဲ့တယ်တဲ့၊ အဝတ်နဲ့မုန့်တွေ ဝယ်ကျွေးဖို့ ခုလိုက်ခဲ့ပါ၊ ဦးမှာ အချိန်မရှိလို့ပါ၊ ပြန်လိုက်ပို့ပါ့မယ်ဆိုပြီး ညာခေါ်သွားပါတယ်"

**သူငယ် ချင်းတဲ့၊
နင့်အဖေမသေခင်က ငါနဲ့
ဆိုက်ကားအတူနင်းတာတဲ့၊
အဖေက မသေခင် ဒီသားအမိကို
စောင့်ရှောက်ပါလို့
ပြောခဲ့တယ်တဲ့၊ အဝတ်နဲ့မုန့်တွေ
ဝယ်ကျွေးဖို့ ခု လိုက်ခဲ့ပါ၊
ဦးမှာ အချိန်မရှိလို့ပါ၊
ပြန်လိုက်ပို့ပါ့မယ်ဆိုပြီး....**

အမှုစစ်အရာရှိ ဒုရဲအုပ် မျိုးကြည်က ဂါတ်စာရေးကြီး တပ်ကြပ်ကြီး စန်းမြင့်ထံမှ ဆေးစာ တောင်းယူလိုက်သည်။ အသေအချာ စစ်ဆေးပြီး ဝါဝါလေးအား သနားကြင်နာလွန်းသော မျက်ဝန်းများဖြင့် စိုက်ကြည့်နေသည်။

"နောက်ပြီးဆက်ပြောပါဦး သမီး"

"ကျွန်မကို သူ့အိမ်ကိုလား ဘယ်နေရာမှန်းမသိဘူး၊ အဲဒီကို ခေါ်သွားပြီး အီး.....ဟီး.....ဟီး"

ကလေးမလေးမှာ ရှက်လွန်း၍ မျက်နှာကိုအုပ်ကာ ငိုချလိုက်ပါတော့သည်။ ရင်ထဲမှစကားစုများ



www.burmeseclassic.com

www.burmeseclassic.com

ကို နှုတ်မှမထွက်ဝံ့ရှာ။ သို့သော် ဘေးမှလူများ သိနေပါသည်။

"လူမဆန်သော မုဒိမ်းမှု" ပင်တည်း။

နောက်တစ်နေ့ တရားခံ စံထူးအား အချုပ်ခန်းမှထုတ်ကာ စစ်ဆေးခဲ့သည်။ သူကိုယ်တိုင်လို လိုလားလား ဖြောင့်ချက်ပေး၍ စခန်းမှူးနှင့် ဒုရဲအုပ်မျိုးကြည်မှာ ကျေနပ်သွားသည်။

"ကျွန်တော်မှားပါတယ် ဆရာ၊ သားသမီးအရွယ်လေးကို စော်ကား မိပါတယ်၊ အရက် သေစာ သောက် စားမှုကလည်း မကောင်းမှုကို ဆွဲဆောင်နေပါတယ်၊ နှစ်ရက်ပေါင်းပြီး ဆိပ်ကမ်းက တံတားပေါ်မှာ ချော့ပြီးထားခဲ့တာပါ"

"မင်းနဲ့သူ့မိဘ သိတယ်ဆိုတာကရော"

"ဘာမှမသိပါဘူး၊ သူ့ကြည့်ရတာ အိမ်ဖော်မလေးနဲ့တူလို့ပါ၊ အိမ်ဖော်ဆိုတာ သိကတည်းက စိတ်ကူးခဲ့တာပါ"



"မင်းက မြေနိမ့်ရာလှံစိုက်ပဲကွ"

အမှုစစ်အရာရှိမှာ လူသားချင်းစာနာသောစိတ်ဓာတ်ကြောင့် ဖြစ်ပေါ်လာသည့်ဒေါသကို မနည်းချုပ်တည်းထားရသည်။ ရေနစ်သူ ဝါးကူထိုးသကဲ့သို့ မရှိလွန်း၍ သူတစ်ပါးအိမ်၌ အိမ်ဖော်သဘော လုပ်နေပြီး ထမင်းတစ်လုတ်စားရရေးကို ဖန်တီးနေရသူ ကျောင်းနေအရွယ် အမျိုးသမီးလေးအား သားသမီးချင်း မစာမနာ လုပ်ရက်လေခြင်းဟု အမှုစစ်ရင်း ယူကျုံးမရဖြစ်နေမိသည်။

"အေး.....ဆေးစာလည်းရပြီဆိုတော့ အမှုကို အခိုင်အမာတည်ဆောက်ပြီး တရားစွဲတင်မယ်၊ တရားခွင်မှာ ပြစ်ဒဏ်ခံစားဖို့စောင့် နေပေါ့ကွာ"

အမှုစစ်အရာရှိက လိုအပ်သည့် စစ်ဆေးမှုအားလုံးကို ပြည့်စုံအောင် စစ်ဆေးဆောင်ရွက်ပြီး နောက် မြို့နယ်တရားရုံးသို့ အမှုကိုတင်ပို့လေသည်။ မြို့နယ်တရားရုံးက စံထူးအား အလုပ်နှင့်ထောင် ဒဏ် (၇)နှစ် ချမှတ်လိုက်လေ၏။

ဝါဝါအား ဆေးကုသပေးပြီး သူမ၏ မိခင်ကြီးရှိရာသို့ ပို့ပေးလိုက်သည်။ မိခင်ရင်ခွင်နှင့် ဝေးကွာနေရန် မသင့်သောအရွယ်လေးမို့ ပြန်ပို့ပေးလိုက်ခြင်းဖြစ်သည်။

**ခင်ဦး (ပုတီးကုန်း)**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





မြခြေကျင်းဒေါ်ငွေမြိုင်နှင့်ရွှေမန်းတင်မောင်

"တစ်ခေတ်မှာ တစ်ယောက်"ဟု ဝိသေသပြု ကမ္ပည်းထိုးရလောက်သည့် အနုပညာရှင်ကြီးများမှာ သူ့ခေတ်နှင့်သူ ထွန်းတောက်ပေါ်ပေါက်လာခဲ့ကြစမြဲ ဖြစ်ပါသည်။ ထိုပညာရှင်ကြီးများသည် မိမိတို့နှင့်ဆိုင်ရာ အနုပညာလုပ်ငန်းတွင် ကျင်လည်လှုပ်ရှားရင်း အနုပညာလောကတွင် သူမတူ စံမမီလောက်အောင် ပညာစွမ်းထက်မြက်ခဲ့ကြသူများဖြစ်ကြသည်။

ကမ္ပည်းထိုးအပ်သော၊ မှတ်တမ်းတင်အပ်သော၊ ခံစားသူပရိသတ်တို့ စွဲငြိစေအပ်သော အနုပညာရသ အသီးသီးကို ထိုပညာရှင်ကြီးတို့က အစွမ်းကုန် ကြိုးစားတင်ဆက်ခဲ့ကြသည်။

တစ်ခေတ်မှာတစ်ယောက် ထွန်းပေါက်ကျော်ကြား လွန်စွာမှပင် ထင်ရှားချေသော ထိုပညာရှင်ကြီးများသည် သူ့ခေတ်သူ့အခါ၊ သူ့အသက်သူ့အရွယ်နှင့် သူ့ဇာတိဘဝကံ ပေးနေချေသမျှ (ဝါ) အသက်ရှင်ခွင့်ရရှိနေသမျှ ပြောဆိုကြ၊ ကပြကြ၊ ဆိုတီးကြ၊ ရေးသားခဲ့ကြသည်။ လူ့ဘဝတွင် အသက်ရှင်နေထိုင်ခွင့်ကုန်ဆုံး၍ အသက်ခန္ဓာပျက်ကြွေပြုန်းသွားကြသောအခါ သူတို့နှင့်ပတ်သက်၍ မှတ်မိစရာ၊ တမ်းတစရာ၊ မှတ်တမ်းပြုစရာဟူ၍ ၎င်းတို့ပြုလုပ်[illegible]ဆောင်ခဲ့ကြသော အနုပညာလုပ်ရပ်များသာ ကျန်ရစ်ခဲ့ကြ၏။ သူ၏ဘဝ၊ သူ၏သက်တမ်းကုန်သည်နှင့် လူ့လောကမှ ကွယ်ပျောက်ရင်း တဖြည်းဖြည်း မေ့မှိန်လွင့်ပါးလာကြသောအခါ လူတို့၏မေ့ပျောက်ခြင်းကို လူ့လောကနိယာမအရ ကြုံတွေ့ကြရသည်မှာလည်း ဓမ္မတာပင်ဖြစ်ပါသည်။

ယခုတင်ပြမည့် အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်ကို ၁၂၈၀ ပြည့်၊ နတ်တော်လဆန်း (၅) ရက်၊ စနေနေ့တွင် သစ်ကုန်သည် ဖခင် ဦးပြား၊ မိခင် ဒေါ်မေတို့မှ မွေးဖွားသန့်စင်ခဲ့ပါသည်။ အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်၏အမည်သည် မြန်မာ့ဇာတ်သဘင်သမိုင်း၏ စာမျက်နှာများထက်တွင် မှတ်တမ်းတင်၍ တန်ဖိုးမဖြတ်နိုင်သော သဘင်အနုပညာရှင်အဖြစ် မော်ကွန်းထိုးခံရသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။

ရွှေမန်းဦးတင်မောင်၏ ဆိုငိုပြော၊ အကပညာများနှင့် တီထွင်ဆန်းသစ်မှုအမြင်များသည် နောင်လာနောက်သား သဘင်ပညာသည်များ စံနမူနာထား



www.burmeseclassic.com

www.burmeseclassic.com

အတုယူစရာ မြန်မာ့ရိုးရာဓလေ့ သမားစဉ် စံတင်လောက်အောင် ထိန်းသိမ်းနိုင်သည့် စွမ်းရည်ရှိသူဖြစ်သည်။ နောင်လာနောက်သား ဇာတ်သဘင်ပညာသည်တို့ အားကျအတုယူ လိုက်နာရသော ပြည်သူချစ်သော အနုပညာရှင်လည်းဖြစ်သည်။

ရွှေမန်းတင်မောင်သည် ဇာတကဟူသော ဇာတ်၏ဓလေ့ထုံးစံ သမားစဉ်အနှစ်သာရများကို လူတန်းစားအသီးသီးတို့က နားလည်ကြိုက်နှစ်သက်၍ လက်ခံလာသည်အထိ ထုတ်ဖော်တင်ပြနိုင်စွမ်းသူဖြစ်သည်။ အလင်္ကာကျော်စွာဟူသော ဂုဏ်ပုဒ်နှင့်ဆီလျော်စွာ လောက၊ ဓမ္မ၊ ရာဇအကြောင်းများကို အခြေခံပြီး ပညာပေးဇာတ်ကွက်ဇာတ်လမ်းများကို မှတ်တမ်းတင်အောင် စွမ်းဆောင်နိုင်သော သဘင်ပညာရှင်ဖြစ်သည်။



အသက်(၅၀)သာရှိသေးသောရွှေမန်းတင်မောင်၏ ပင်ကိုယ်အသွင်

ရွှေမန်းတင်မောင် ကွယ်လွန်ခဲ့သည်မှာ ယနေ့ဆိုလျှင် (၄၅)နှစ်ပြည့်၍ သဘင်သက် (၈၁)နှစ်ခန့်အထိ ကြာမြင့်ပြီဖြစ်သော်လည်း ဦးတင်မောင်လို ထူးထူးချွန်ချွန်၊ ပြောင်ပြောင်မြောက်မြောက် သဘင်ပညာရှင်မျိုး တစ်ဦးတစ်ယောက်မျှ ဖြစ်ထွန်းမလာသေးပေ။ နောင်လည်းဖြစ်ထွန်းလာလိမ့်မည်မဟုတ်ဟု စာရေးသူအတွေးတွင် အရိပ်ထင်နေမိသည်။ သူ၏ပုံရိပ်များက ပြည်သူနှင့်ကွာလှမ်းလာသကဲ့သို့ သူ့ဇာတ်၊ သူ့အထာ၊ သူ့ပညာ၊ သူ့အက၊ သူ့အလှ၊ သူ့စာပေ၊ သူ့သဘင်ပညာ စည်းကမ်းစနစ်နှင့် ပြည်သူအပေါ် ထားရှိသော မေတ္တာစေတနာတို့ကို မျိုးဆက်သစ်အနုပညာရှင်များ၊ လူငယ်လူရွယ်များအဖို့ စိမ်းသလိုဖြစ်လာခဲ့ရသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနက အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်၏ ဇာတ်စာ၊ ဇာတ်စကား၊ ဇာတ်ထုပ်၊ ဇာတ်လမ်းများကို မျိုးဆက်သစ်အနုပညာသည်များထံ လက်ဆင့်ကမ်းအမွေပေးရန် စေတနာမှန်ဖြင့် ရနိုင်သမျှ ရှာဖွေစုဆောင်း တင်ပြခဲ့သည်။ စာရေးဆရာမကြီး ဒေါ်စောမုံညင်း ရေးသားသော မြန်မာ့ဇာတ်သဘင်ပညာရှင်ကြီးများစာအုပ်တွင်လည်းကောင်း၊ ဆန်းညွန့်ဦး ဘဘဦးလှခင်တို့ကလည်းကောင်း ရွှေမန်းတင်မောင် ကပြသော ပြဇာတ်နောက်ပိုင်းဇာတ်ထုပ်များကို မှတ်တမ်းတင်စာအုပ်များ ထုတ်ဝေပေးခဲ့ပြီးဖြစ်သည်။ လူထုဒေါ်အမာကလည်း ပြည်သူချစ်သော အနုပညာရှင် ရွှေမန်းတင်မောင်ဟု ထုတ်ဖော်ရေးသားခဲ့သည်။

ရွှေမန်းတင်မောင်၏ ငယ်ဘဝဆရာတော် ရွှေမန်းဦးကေသရသည် ပထမကပြသော ရတနာပုံတင်မောင်အမည်ကို မကြိုက်၍ ဗေဒင်ပုဏ္ဏားပညာရှိ ဦးကဝိနှင့် ရွှေမန်းတင်မောင်၏ ဇာတာကိုတွက်ချက်ပြီး အမေဒေါ်ငွေမြိုင်နှင့် တိုင်ပင်ကာ ရတနာပုံတင်မောင်မှ ရွှေမန်းတင်မောင်ဟု ပြောင်းလဲကပြစေခဲ့သည်။ ရွှေမန်းတင်



www.burmeseclassic.com

www.burmeseclassic.com



မောင်ဘဝသည် အထူးပင် နာမည်ရ ကျော်စောလာခဲ့သည်။

လောကုတ္တရာဆရာရင်းမှာ မိုးကောင်းတိုက်ဆရာတော် ဦးနန္ဒဝံသဖြစ်သည်။ ဆရာတော်မှ ဆယ်စောင်တွဲ၊ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဓမ္မပဒ၊ ငါးရာ့ငါးဆယ်နိပါတ်တော်တို့ကို သင်ကြားပေးသည်။ မန္တလေးမြို့အနောက်ပြင် စကုတိုက်အုပ်ကျောင်းဆရာတော်၊ ဓမ္မကထိကအကျော် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးကေသရက သူ့ကပည့်ကို အဆိုအက နှစ်ဝနှစ်လီ သဘင်သည်ဖြစ်ရန် ဆရာကြီးဦးထွန်းရထံ အပ်နှံခဲ့သည်။

အမေမြခြေကျင်း ဒေါ်ငွေမြိုင်ကတော့ သူ့တပည့် မောင်တင်မောင်ကို တူမဖြစ်သူ ခင်ရီ၊ ခင်ကြည်တို့နှင့် တွဲဖက်ပြီး ဆိုင်းမင်းသားလေးအဖြစ် ပွဲထုတ်ခဲ့သည်။ ၎င်းမှတစ်ဆင့် မင်းသားတို့တတ်အပ်သော အဆို၊ အငို၊ အပြောကို စွယ်စုံတတ်မြောက်အောင် သင်ကြားပေးခဲ့သည်။ ရွှေမန်းတင်မောင်သည် ဆယ့်တစ်နှစ်သားက စတင်ပြီး မင်းသားဖြစ်ခဲ့သည့်အကြောင်းကို ပထမဆုံး ဓာတ်ခုံပေါ်မှ''ဗိုလ်ချေမင်အောင်...ကိုရွှေတင်မောင်... မင်းသားလေး.....အေးအေး....စားလောက်အောင်..... စားလောက်အောင်.....ကပြရာမှာပင်.....ထင်ထင်ပေါ်ပေါ်.....ကြော်ငြာကမ်းလို့...မန်းမြို့ဘွဲ့ထူးအောင်..... ဂုဏ်ထူးဆောင်.....သော်တာရောင်.....ပေါ်လာတာ မောင်.....ဆယ့်တစ်နှစ်သားက.....မင်းသားလုပ်တဲ့ကောင်''သီချင်းဖြင့် စတင်နာမည်ကျော်ခဲ့ပါသည်။ ရွှေမန်းတင်မောင်၏ ငယ်ငယ်ရွယ်ရွယ်နှင့် လုံ့လ၊ ဝီရိယ၊ ဖွဲ့ ကြိုးစားမှုတို့ကို ပရိသတ်က လက်ခံခဲ့ပါသည်။ [illegible]ခေတ်မှာတစ်ယောက် ထွန်းတောက်စေရန် ဘဝအစမှာ စတင်ပြီး နာမည်ရခဲ့ပါသည်။

ထိုခေတ်ပွဲကြည့်ပရိသတ်ထဲမှ မင်းတို့မင်းသားက နဖူးကကျယ်ကျယ်၊ ဖင်ကကောက်ကောက်၊ အရပ်က ပုတက်တက်နဲ့၊ အသံကလည်း အော်ငေါက်ဆိုတာ၊



ခွဲကုန်သည်ပြဇာတ်မှ ဦးတင်မောင်



www.burmeseclassic.com

www.burmeseclassic.com





လှည်းသားငါးရာ အော်ပရာမှ မိန်းမအသွင် ဦးတင်မောင်

မဟန်ပါဘူးကွာဟု ဝေဖန်နေသည့်အချိန်တွင် မင်းသားလေးက ဇာတ်ခုံပေါ်က စကားကို တတွတ်တွတ်ပြော တာနားထောင်ရင်း မိုးလင်းသွားတာတောင် ထမပြန်ကြသေးသူများကို တွေ့ရပါသည်။ သဘင်ပညာကို အစဉ်အလာကြီးစွာ အလက်ာကျော်စွာ ဆိုသည့်ဘွဲ့နှင့်အညီ သမိုင်းမော်ကွန်းထိုးရလောက်အောင် အပြောကတော့ ရွှေမန်းပဲဟော့လို့ စကားတစ်ခွန်း တွင်ကျန်ခဲ့ပါသည်။

ရွှေမန်းသည် ပွဲစပွဲဆုံးကို စတင်ကပြခြင်း၊ မင်းသားစဖြစ်သည့်အချိန်မှ ကွယ်လွန်သွားချိန်အထိ တစ်မျိုးပြီးတစ်မျိုး မရိုးရအောင် အသစ်အဆန်းများကိုသာ သဘင်ချစ်သူများအတွက် နှစ်စဉ် အော်ပရာပြဇာတ်၊ နှစ်ပါးသွား၊ နောက်ပိုင်းဇာတ်ကြီးများကို ကပြခဲ့ပြီးဖြစ်ပါသည်။

အပြောကောင်း၊ အပြကောင်းသော ရွှေမန်းတင်မောင်သည် နောက်ပိုင်းဇာတ်ထုပ်များကို ဗုဒ္ဓဝင်ဇာတ်ထုပ်ကသောအခါ ဖွားတော်မူခန်း၊ လေးတော်တင်ခန်း၊ တောထွက်ခန်း၊ လယ်ထွန်မင်္ဂလာခန်း စသည်တို့သည် စာဖြင့်ရွတ်ဆိုရသည့်စာများကို မန်လည်ဆရာတော်၏ မဃဒေဝလင်္ကာမှလည်းကောင်း၊ ကျပင်းဆရာဖိ၏ စာ ပေများမှလည်းကောင်း၊ ဗုဒ္ဓဝင်ဆရာထွန်း၏ စာပေ များမှလည်းကောင်း အလွတ်ကျက်မှတ်ပြီး ရွတ်ဆိုကပြ သွားသည်မှာ နှစ်ဆယ်ရာစုခေတ်မှသည် နောင်နှစ် ပေါင်းများစွာ ကုဋေကုဋာအထိ ဗုဒ္ဓဝင်ဇာတ်တော်များကို ရတု၊ ရကန်၊ အဲ၊ အန်၊ လူးတား၊ တေးထပ်၊ အဆိုအငို၊ အပြောပညာတို့ဖြင့် လွှမ်းထုံသွားသည်မှာ စွယ်စုံမြောက် တတ်မြောက်သော အနုပညာသူရဲကောင်းတစ်ဦး ဖြစ်ပေသည်။ ဦးတင်မောင်၏ ပထမဆုံးအအောင်မြင်ဆုံးဇာတ်ထုပ်မှာ လက်ဝဲသုန္ဒရဖြစ်သည်။ ထို့ကြောင့် "သဘင်လောကတွင် ရွှေမန်းလက်ဝဲ၊ အောင်မောင်းပန်းပဲ၊ အောင်မင်း



www.burmeseclassic.com

www.burmeseclassic.com

ဖဝေး၊ ကက်နက်သုယောနန္ဒီဟု ကမ္ဗည်းမော်ကွန်း တင်ထားပေသည်။

အောင်မြင်ခဲ့သော အော်ပရာပြဇာတ်များမှာ အောင်ထူး၊ ရွှေကြေးစည်၊ အောင်ဘာလေ၊ မလှချင်၊ မေပန်းချီ၊ ဂီတရူး၊ မုန်းလို့ဟုတ်ဘူး၊ အသစ်စက်စက်၊ မောင်မှူး၊ ပြည်သူ့စာဆို၊ ရွဲကုန်သည်၊ ဝဏ္ဏပထ၊ ပုလဲဒေဝီ၊ ရဲရန်အောင်၊ ရဲကြစမ်းပါ၊ ကျွားမာယာ၊ သဘင်ရှူး၊ ထွက်ရပ်လမ်း၊ ချစ်ပြည်ထောင်စု၊ သပြေ တစ်ခက်တို့ဖြစ်ကြပါသည်။

နောက်ပိုင်းဇာတ်ထုပ်များမှာ ဗုဒ္ဓဝင်လေးတော် တင်ခန်း၊ ဖွားတော်မူခန်း၊ တောထွက်ခန်း၊ လယ်ထွန် မင်္ဂလာ၊ မင်းညီနောင်၊ မဏိကက်၊ ဝိမာန၊ မယား ထိမ္မာပူဇိကာ၊ မဟောသဓာ၊ ပန်းပဲမောင်တင့်တယ်၊ ဒန်းစီးမောင်နမ၊ ပန်းထိမ်သည်မောင်သုမန၊ သိခ်၊ မနော်ဟရီ၊ ဇိမ္မိသာရ၊ လက်ဝဲသုန္ဒရတို့ဖြစ်ကြပါသည်။

တွဲဖက်ညီသော စာရေးဆရာများမှာ အေဝမ်း ဆရာညွှာ၊ ဆရာထာ၊ နန်းတော်ရှေ့ဆရာတင်၊ မုံရွာ ကိုလေးခန့်၊ ဦးစံခို၊ စာရေးဆရာ ဦးရွှေမန်းတို့ ဖြစ်ကြ ပါသည်။

တွဲဖက်ညီသော မင်းသမီးများမှာ အောင်သန်း ကြည်၊ စိန်လှကြည်၊ မျိုးချစ်စိန်၊ ရတနာပုံခင်ကြည်၊ ခင်ရီ၊ သုံးပန်လှကျိုက်ထိုသူ မသိန်းညွန့်၊ အောင် သန်းတင်၊ မြို့တော်မူမူ၊ ရွှေမန်းကေသီ၊ နွဲ့နွဲ့ကြည်၊ အဝေရာကြည်တို့ဖြစ်ကြပါသည်။

ညဦးဝက်စနစ်ဖြင့် ရွှေမန်းတင်မောင်သည် ၁၉၅၉ ခုနှစ်တွင် သိမ်ဖြူကွင်း၌ ရှက်ထည်ရုံသစ်ကြီးဖြင့် သဘင် တစ်ခေတ်မှာ တွင်ရစ်အောင် ကပြခဲ့ပါသည်။

ဇာတ်ကပြရင်း မအားလပ်သည့်ကြားမှ ရုပ်ရှင် ဇာတ်ကားများ ရိုက်ကူးခဲ့ပါသည်။ ၎င်းရုပ်ရှင်ဇာတ်ကား များမှာ (၁) ဝိမာန၊ (၂) သိခ်၊ (၃) မနော်ဟရီ၊ (၄) အိရွှေစင်တို့ဖြစ်ပါသည်။ ယမင်းသူဇာဇာတ်ကားတွင်

> **ရှုမငြီးသည့် ပွဲမပျက်ဆုံးကို**
> **ဇာတ်ကပြခြင်း၊**
> **မင်းသားဖြစ်သည့်အချိန်မှ**
> **ကွယ်လွန်သွားချိန်အထိ**
> **တစ်မျိုးပြီးတစ်မျိုး မရိုးအောင်**
> **အသစ်အဆန်းများကိုသာ**
> **သဘင်ချစ်သူများအတွက်**
> **နှစ်စဉ် အော်ပရာပြဇာတ်၊ နှစ်ပါးသွား၊**
> **နောက်ပိုင်းဇာတ်ကြီးများကို .....**

သားမောင်ဝင်းဗိုလ်နှင့် ထပ်ဆင့်အကယ်ဒမီ ဝါဝါဝင်း ရွှေတို့အား ကိန္နရီမောင်နှံကကြိုးကကွက်များကို ကိုယ် တိုင်ဦးစီးသင်ကြားပေးခဲ့သည်။

ဝါဂီနစ်သဘင်အဖွဲ့ချုပ်တွင် ရွှေမန်းတင်မောင် သည် ၁၉၅၈ ခုနှစ်၊ ၁၉၆၀ ပြည့်နှစ်တို့တွင် သဘင် ဥက္ကဋ္ဌအဖြစ် နှစ်ကြိမ်တိုင်တိုင် ဆောင်ရွက်ခဲ့ပါသည်။ အလင်္ကာကျော်စွာဘွဲ့ကို မြန်မာနိုင်ငံတော်အစိုးရ (ဆဌမအကြိမ်မြောက်) မြန်မာ့လွတ်လပ်ရေးသဘင် ကျင်းပသောနေ့၊ ရွှေမန်းတင်မောင် အသက် ၃၅ နှစ် အရွယ်တွင် ရရှိခဲ့ပါသည်။ အလင်္ကာကျော်စွာ ရွှေမန်း တင်မောင်+သုံးပန်လှကျိုက်ထိုသူ ဒေါ်သိန်း ညွန့်တို့တွင် သားသမီး (၇)ယောက်ထွန်းကားပါသည်။ အဆိုပါ သား သမီးများမှာ (၁) အကယ်ဒမီဦးညွန့်ဝင်း၊ (၂)ရွှေမန်းဦးဝင်းဗိုလ်၊ (၃) ရွှေမန်းဦးဆန်းဝင်း၊ (၄) သမီး ဒေါ်ခင်ချစ်ဝင်း၊ (၅) ရွှေမန်းဦးဝင်းမောင်၊ (၆) သမီး ဒေါ်ခင်ဝင်းကြည်၊ (၇) ရွှေမန်းဦးချမ်းသာတို့ ဖြစ်ကြပါသည်။

ရွှေမန်းတင်မောင်သည် အသက် (၁၁)နှစ်အရွယ်



www.burmeseclassic.com

www.burmeseclassic.com

မှ အသက် (၅၁)နှစ်အရွယ်ထိ လုပ်သားပြည်သူများကို ကပြအသုံးတော်ခံခဲ့ရာ နောက်ဆုံးကွယ်လွန်သည့် နေ့မှတ်တမ်းကို ဆရာဦးတင်မောင်၏ တပည့်ရင်းဖြစ်သူ ရွှေမန်းထွန်းထွန်းက နောင်လာနောက်သားများ သိရှိစေရန် တင်ပြလိုက်ပါသည်။

ဆရာသည် ညနေ ၅ နာရီမှ ၆ နာရီထိ ဇာတ်ခုံပေါ်ရှိ ဘုရားစင်ရှေ့တွင် ဘုရားရှိခိုး၊ ပုတီးစိပ်၊ တရားထိုင်သည်မှာ တစ်နာရီတိတိကြာခဲ့သည်။ ညနေ ၆ နာရီမှ ၈ နာရီအထိ ခေတ္တပြန်၍မှိန်းနေသည်။ ည ၈ နာရီမှစ၍ မိတ်ကပ်လိမ်းသည်။ "တေလပတ္တ"အော်ပရာကသည်။ ထို့နောက် သားဖြစ်သူ မောင်ဆန်းဝင်းကပြသော "အိပ်မက်လေလား ပုံပြင်လား"ပြဇာတ်ကို ဆိုင်းဝိုင်းထဲမှ ဆင်း၍ကြည့်သည်။

နိဝင်ဘာလ ၃၀ ရက်နေ့အကူး နံနက် ၁ နာရီခွဲတွင် နှစ်ပါးသွားထွက်လာသည်။ ထိုညက သူနောက်ဆုံးဆိုသော နှစ်ပါးသွားသီချင်းမှာ အဓိပ္ပာယ်ရှိလှသည်။ ထိုသီချင်းသည် အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်၏ ဘဝသမိုင်းတွင် မှတ်တမ်းတင်၍ကျန်ရစ်မည့် သီချင်းဖြစ်သည်။ ထိုသီချင်းရေးစပ်ပေးသူမှာ ရွှာစားကျော်စိန်လှမြိုင်ဖြစ်သည်။

ဆရာသည် ဆံပင်ဖြတ်ပြီး သူဘာကြောင့် ဆံပင်ဖြတ်ရသည်ကို ရှင်းလင်းပြောပြသော သီချင်းဖြစ်သည်။ ဦးတင်မောင်သည် ခေတ်ကိုအမီလိုက်သူဖြစ်သည့် အလျောက် ထိုခေတ်ကာလက ခေတ်သီချင်းများ တီထွင်စပ်ဆိုကြသော ကာရံဆန်းများကို သဘောကျ၍ သူနောက်ဆုံးဆိုမည့် သီချင်းအတွက် စိန်လှမြိုင်အား (အော)ကာရံဖြင့်စပ်ဆိုရန် ညွှန်ကြားခဲ့သည်။ သီချင်း၏အဓိပ္ပာယ်ကို တစ်ပိုဒ်စီ ဆန်းစစ်ကြည့်လျှင် "မြန်ဗမျိုးအောင်၊ အေးမယ့်အတိတ်ဆောင်...ကေသျှောင်ပယ်လျှော.....အပြုသဘော"မြန်မာပြည်ကြီး အေးမည့်နိမိတ်ကိုဆောင်၍ အပြုသဘောဖြင့် ဆံပင်ဖြတ်

**ဆရာသည် ဆံပင်ဖြတ်ပြီး သူဘာကြောင့် ဆံပင်ဖြတ်ရသည်ကို ရှင်းလင်းပြောပြသော သီချင်းဖြစ်သည်။ ဦးတင်မောင်သည် ခေတ်ကိုအမီလိုက်သူ ဖြစ်သည့် အလျောက် ထိုခေတ်ကာလက ခေတ်သီချင်းများ တီထွင်စပ်ဆိုကြသော ကာရံဆန်းများကို သဘောကျ၍ သူနောက်ဆုံးဆိုမည့်.....**

ခြင်းဖြစ်သည်ဟုဆိုပေသည်။

"မွေးဇာတာ၊ သေချာစစ်ကြော...(သက္ကရာဇ်ဖြိုကာ၊ ၁၃၀၀ ပြည့်ကျော်စော)၂ နှစ်ရှည်ကြာ...အာယုဝဍ္ဎော.....သုခေါ.....တဲ့"မွေးဇာတာကို စစ်ဆေးကြည့်ရှုစေရာမှာ သက္ကရာဇ်ဖြိုလိုက်ပါလျှင် နှစ်ပေါင်းများစွာ အသက်ရှည်၍ ချမ်းသာခြင်းပြည့်စုံမည်ဟု ဗေဒင်ဆရာအဟောထွက်သောကြောင့် သူသည် ငယ်မူပြန်၍ သက္ကရာဇ်ဖြိုလိုက်ပြီး ၁၃၀၀ ပြည့်နှစ်မှာမွေးသည့် စိတ်သစ်၊ လူသစ် လူငယ်လေးတစ်ဦးအဖြစ် အသက်သုံးဆယ်အရွယ်သာရှိသေးသည်ဟု ထိုသီချင်းက ဆိုခဲ့ပေသည်။

ဆရာသည် ဆံပင်ညှပ်ပြီး စပို့ရှပ်ဝတ်ကာ သတင်းစာဒွိ ဓာတ်ပုံဖြင့် ကြော်ငြာရာတွင် ၁၃၀၀ ပြည့်နှစ်သားကလေး မောင်တင်မောင်၊ ပစ်တိုင်းထောင်လေး မောင်တင်မောင်အဖြစ် ကြော်ငြာခဲ့သည်။ ဤသို့လျှင် အသက်ရှည်မည်ဟု ဗေဒင်အဟောထွက်သည်ကို သူယုံကြည်ခဲ့ပုံရသည်။

"နဝဝီသတိအရွယ်.....ကျော်လွန်သော...ငယ်



6:48 pm 07/24/13

www.burmeseclassic.com

www.burmeseclassic.com





ကျော်ညိုချောကလေးတွေနဲ့.....ချစ်ခြင်းမေတ္တာ..... အသည်းချင်းနှော.....ပေါင်းရမည့်အဟော...မှန်နေပြီကော''အသက် ၂၉ နှစ်ကျော်လျှင် ဆယ်ကျော်ညိုချောကလေးတွေနှင့် တွဲဖက်ကပြရမည်ဆိုသည့် အဟောမှန်နေပြီကောဟု ဝမ်းမြောက်ဝမ်းသာဆိုခဲ့၏။

"ကိုတင်.....လိုအင်ဆန္ဒ.....ခုမှပြည့်ဝ....ပြုံးရွှင်ရယ်မော.....(အချစ်နယ်ကြော)၂ ကိုတင်သဘောကျတွေ့နေပြီကော....မိုးနတ်သို့ချော''(အများဆို)"မြှောက်မနေနဲ့...ဇာတ်ဆရာကြီး ကိုကြီးတင်မောင်...၂၀ ကျော်ကေသျှောင်ပယ်လို့း.....ရိပ်ကြီးခိုမယ်...သူ့အပြော...ရှက်ကြောက်အား...ခုများ...မုသားဆိုတာ....မလျော်စိတ်ပျိုကိုယ်နု အဆိုပြုတာလား ရှင့်သဘော''မင်းသမီးနှင့် ယိမ်းသမများက ၎င်းအား (မိုးနတ်သို့ချော)ဟုဆိုခြင်းကို မြှောက်မနေပါနဲ့၊ အသက် ၂၀ ကျော်လေးရှိသည့် ကိုကြီးတင်မောင်ရယ်၊ ဆံပင်ကိုပယ်ပြီး ရိပ်ကြီးခိုမည်ဟု ပြောခဲ့သည့် မုသားစကားများမှာ မတော်ပါ၊ စိတ်ပျိုကိုယ်နုလို့ပဲ ရှင့်သဘောက ဆိုချင်တာလားဟု ဝိုင်း၍ပြောဟန်ဖြစ်သည်။ (ရွှေမန်းဆက်ဆို)"ဒီလိုမထင်ကြပါနဲ့.....တပည့်တွေများအပေါ်.....သနားညှာတာထောက်မျှော်.....(ကိုတင်...ကိုတင်)သံယောဇဉ်မီးကကြီးလှပါပကော''မုသားစကားပြောတယ်လို့ မထင်လိုက်ပါနဲ့၊ တောထွက်မယ်ပြောခဲ့ပေမယ့် တပည့်များအပေါ် ညှာတာထောက်ထားပြီး သံယောဇဉ်မီး ကြီးလှလို့ တောမထွက်တာပါဟု ဆိုခဲ့လေသည်။

ဦးတင်မောင်သည် ထိုသီချင်းကိုဆိုပြီးနောက် နရီတစ်ပိုဒ်ကကာ ဆိုင်းက ရေလည်စိမ်တီးပေးသဖြင့် ဆိုင်းနှင့်အပြိုင် မမောတမ်း ကလေတော့သည်။ ကနေရင်း ကကြိုးကကွက်စုံလင်လှသဖြင့် သေသေချာချာ စူးစိုက်၍ကြည့်နေသော သားငယ်မောင်ဆန်းဝင်းကို "သေချာကြည့်နော်၊ အဖေပေးနိုင်တဲ့အမွေက အနုပညာပဲ၊ ပစ္စည်းဆိုလျှင် ဂျတ်စုတ်နှင့်ကားလိမ်သော



www.burmeseclassic.com

www.burmeseclassic.com

မင်း တို့ရမှာပဲ''ဟု ပြောခဲ့လေသည်။

လူရှင်တော်များ ပြက်လုံးထုတ်ပြီး မောင်ဆန်းဝင်း သီချင်းဆို၍ ကပြသည်ကို ကြည့်ပြန်သည်။ မောင်ဆန်းဝင်း အချိုးကျကျကနေသည်ကို မှန်တင်ခုံမှထလာသော ဦးတင်မောင်က ကားလိပ်ကြားမှရပ်၍ သဘောကျကာ တပြုံးပြုံးနှင့် ကြည့်နေသည်။

မောင်ဆန်းဝင်းကပြီး လူရှင်တော်များ ပြက်လုံးထုတ်နေစဉ် ဦးတင်မောင်သည် ကားကြားမှထွက်လာပြီး ပရိသတ်ရှေ့သို့ ရောက်လာသည်။ လူရှင်တော်များ၏ ပြက်လုံးကို သဘောကျစွာ မင်းသားဟန်ဖြင့် လက်ပိုက်ကြည့်နေရင်းက နားထင်ကြောတွင် မြက်ခနဲဖြစ်ပြီး မျက်လုံးထဲမှ 'ဝင်းခနဲ'ဖြစ်သွားသဖြင့် အနီးရှိ ယိမ်းသမ မခင်ရီအား ''အစ်ကို့မျက်လုံးထဲ ဘာဝင်သွားသလဲကြည့်ပေးစမ်း''ဟုဆိုကာ ယာဘက်မျက်လုံးကို သူ့လက်ဖြင့်ဖြဲ၍ပြရင်းက ''မျက်လုံးထဲ ဝင်းခနဲဖြစ်သွားပြီး အဲဒီယာဘက်နားထင်က စူးတူးတူးဖြစ်နေတယ်''ဟု ဆိုပြန်၏။ မခင်ရီသည် ဦးတင်မောင်၏ မျက်လုံးကိုကြည့်ကာ ''အစ်ကို့ယာဘက်မျက်လုံးကနီနေတယ်၊ သွေးခြည်ဥနေသလိုပဲ''ဟု ဆိုလိုက်၏။ မျက်လုံးက သွေးခြည်မျှင်အနည်းငယ်သန်းနေသည်ကို တွေ့ရသည်။ ဆိုးဆိုးဝါးဝါးမဟုတ်လှ။ လူရှင်တော်များ ပြက်လုံးဆုံးသွား၍ မခင်ရီအား ''အေး.....အေး''ဟု အဖြေပေးရင်း ရှေ့သို့ထွက်ခဲ့သည်။

''မြန်ဇမ္ဗူဘောင်.....
မြန်ဇမ္ဗူဘောင်.....
အေးမယ့်အတိတ်ဆောင်





www.burmeseclassic.com

www.burmeseclassic.com


ကိုတင်မောင်၊

ကေသျှောင်ပယ်လျှော.....

အပြုသဘော.....

မွေးဇာတာ.....''သီချင်းစာသား၏ ထိုနေရာအရောက်တွင် ခါးတောင်းကျိုက်ရန်ဟန်ပြင်၍ ဦးခေါင်းကိုငုံ့လိုက်ရာမှ မူးမိုက်သွားသဖြင့် ခါးပုံစကို လက်မှလွှတ်လိုက်ပြီး နားသယ်နှစ်ဖက်ကို သူ့လက်နှစ်ဖက်ဖြင့်ဖိကာ ကိုယ်ကိုမတ်လိုက်စဉ် မဟန်နိုင်ဘဲ ယိုင်ထိုးသွားတော့၏။ အနီးတွင်ရှိနေသော လူရွှင်တော် ဦးကျောက်စိမ်းက ဝင်၍ဖေးမလိုက်ရသည်။ ဦးတင်မောင်သည် ဦးကျောက်စိမ်း၏ပခုံးကို လက်တစ်ဖက်ဖြင့်မှီတွယ်ရင်း တံတွေးထွေးလိုဟန်ဖြင့် ဇာတ်ရုံဘေးပုဏ္ဏားကွယ်ဆီသို့ လှမ်းသွားခဲ့၏။ ဦးကျောက်စိမ်းကတွဲ၍ပို့ပေးရသည်။ ဇာတ်ခုံပေါ်တွင် တံတွေးလှမ်း၍ထွေးပြီး ပရိသတ်ဘက်သို့ပြန်လှည့်လာကာ ဦးကျောက်စိမ်းပခုံးမှလက်ကို ဖြုတ်ချရင်း ဆိုလက်စသီချင်းကိုဆက်ဆိုပြန်သည်။

''သေချာစစ်ကြော.....''

အသံမှာ ပီသစွာထွက်မလာနိုင်တော့။ တိမ်၍ဝင်သွားပြီး ပရိသတ်ဘက်သို့ လက်အုပ်ချီကာ ပါးစပ်မှ''ဘုရား.....ဘုရား''ဟုဆို၍ ယိုင်လဲမည်ပြုစဉ် ဦးကျောက်စိမ်းက ချက်ချင်းဝင်တွဲလိုက်ရသည်။ ကိုအောင်ငွေကလည်း အပြေးအလွှားလာ၍ တစ်ဖက်မှဝင်တွဲ လိုက်သည်။ အောင်သန်းတင်နှင့် မူမူတို့က ဘေးမှ ဖေးမ၍ လိုက်ပါသွားသည်။

ဇာတ်ဆရာသည် လက်အုပ်ချီလျက်နှင့်ပင် ကားကြားထဲမှ မှန်တင်ခုံဆီသို့ ရောက်သွားခဲ့သည်။ သားကိုဆန်းဝင်းသည် ဖခင်၏အဖြစ်ကိုကြည့်ရင်း နောက်မှကပ်၍လိုက်ပါသွားသည်။ လူရွှင်တော်များက ပွဲကိုဆက်၍ထိန်းရန် တာဝန်ရှိသည့်အလျောက် ပွဲကိုဆက်၍ထိန်းသိမ်းခဲ့သည်။ ပြက်လုံးများထုတ်ကာ ပရိသတ်



ကို ဖျော်ဖြေပေးနေသည်။ ပရိသတ်များကား 'တဟားဟား'နှင့် သဘောကျ၍ရယ်မောနေကြဆဲ။ ဇာတ်ဆရာ သည် မှန်တင်ခုံရှေ့အရောက်တွင် လက်အုပ်ချီလျက် အရုပ်ကြိုးပြတ် ဒူးထောက်လျက် ပုံလျက်သား လဲကျ သွားရှာသည်။

အောင်ငွေသည် သူ့ဇာတ်ဆရာကို ပခုံးမှဆွဲထူပြီး သူ့ပေါင်ပေါ်တွင် မှေးထားလိုက်သည်။ ယိမ်းသမအချို့နှင့် အောင်သန်းတင်၊ မူမူတို့က ယင်ခတ်သူခတ်၊ နင်းသူနင်း၊ နှိပ်သူနှိပ် လုပ်ပေးနေကြသည်။


www.burmeseclassic.com

www.burmeseclassic.com


မောင်ဆန်းဝင်းက ဖခင်၏အဖြစ်ကိုကြည့်၍ ရှိုက်ကာ ရှိုက်ကာ ကျိတ်၍ငိုနေသည်။

ဇာတ်ခုံရှေ့မှ လူရွှင်တော်များ၏ ပြက်လုံးတို့သည် ရှည်လျားပြီး အိုင်၍နေပေပြီ။ ထို့ကြောင့် အောင်သန်းတင်က မောင်ဆန်းဝင်းနားနားကပ်၍ တိုးတိုးလေးပြောလိုက်သည်။



"ဆန်းဆန်း တစ်ပုဒ်လောက်ဆိုပြီးကလိုက်ဦး"

"ဟင့်အင်း၊ ကျွန်တော်မကချင်ဘူး"

"မင်းက အစကလေးဆိုပေးလိုက်၊ ကောင်မလေးတွေက လိုက်ဆိုပါစေ"

ကိုဆန်းဝင်းသည် ဖခင်နားမှ မသွားချင်သွားချင်နှင့် ဇာတ်ခုံရှေ့သို့ ထွက်ခဲ့ပြီး မျက်ရည်ကိုသိမ်းကာ မပူရပ်ဆောင်ကာ သီချင်းဆိုနေရှာတော့သည်။

"တိုင်းပြည်ချစ်တဲ့...ကျွန်တော့်ဖေဖေလိုသာ....အနုပညာ ချစ်မြတ်နိုးခဲ့တာ.....မောင်ဆန်းဝင်းဝါသနာပါ.....ပညာအမွေကို.....ဆည်းပူးစောင့်ထိန်းမှာ...."

ဦးတင်မောင် ဘဝတစ်ပါးသို့ ကူးပြောင်းအံ့ဆဲဆဲတွင် ကြားရသော သား၏သီချင်းသံမှာ ဖခင်အားပေးသော ကတိအဖြစ် ဖခင်ဖြစ်သူက ကျေနပ်နှစ်သိမ့်နိုင်မည်သာဖြစ်သည်။ မမူသည် သူ့ဇာတ်ဆရာ၏ ခေါင်းပေါင်းကို ယိမ်းသမများအကူအညီဖြင့် အသာဆွဲချွတ်သည်။ ချွတ်၍မရကြ။ သေအံ့မူးမူးဝေဒနာခံစားနေရသော ဇာတ်ဆရာသည် သူ့လက်ဖြင့်ပင် သူ၏ခေါင်းပေါင်းကို ပုံစံမပျက် အသာချွတ်၍ ဇာတ်သမားလက်သို့ ပေးအပ်လိုက်သည်။

"ငါ၏ဥသျှောင်ကို ကောင်းစွာထိန်းသိမ်းကြလော့" ဟု မှာကြားခဲ့ဟန်တကား။

ရွှေမန်းဦးတင်မောင်၏ အမွှန်အမြတ်ဥသျှောင်ကား ရွှေမန်းသဘင်အဖွဲ့ကြီးတည်း။

သူချစ်သော ပြည်သူများ၊ သူချစ်သော ဇနီး၊ သားသမီးများကို နှုတ်မဆက်ဘဲ ရုတ်တရက် အမှတ်တမဲ့မှ အမှတ်တရဖြစ်အောင် သရက်ခရိုင်၊ လက်ပံရွာ၊ မဟာဗေယျဇာတ်ရုံဇာတ်စင်တွင် ကပြရင်း ရှိရင်းစွဲ သွေးတိုးနှလုံးရောဂါဖြင့် သူ၏ အိပ်ခန်းဘုရားစင်ရှေ့တွင် ဦးနှစ်ကြိမ်ချပြီး ကွယ်လွန်သွားခဲ့ပါသည်။

ဘုရားတကာ၊ ကျောင်းတကာ၊ အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်၊ သဘင်ဥသျှောင် ရွှေမန်းတင်မောင် ကောင်းရာသုဂတိလားပါစေဟု ဆုမွန်ကောင်း တောင်းရင်း မဂ္ဂဇင်းပိုင်းတော်သားများနှင့်အတူ စာရေး သူက သဘင်ဖခင် ကောင်းရာသုဂတိလားပါစေဟု ဆုမွန်ကောင်းတောင်းရင်း အလွမ်းမပြေသေးပါဘူး ဦးတင်မောင်ဟုသာ။ ။

**ရွှေမန်းထွန်းထွန်း**


www.burmeseclassic.com

www.burmeseclassic.com





# ငါးရက်သာ ချစ်သူနဲ့အတူနေခွင့်ရသွားသူ မိန်းကလေးရဲ့ဖြစ်ရပ်

အမေရိကန်ပြည်ထောင်စု၊ မစ်ချီဂန်ပြည်နယ်တွင် "ကေတီ" အမည်ရှိ ကောလိပ်ကျောင်းသူလေးတစ်ဦးသည် ပြင်းထန်သော ကင်ဆာရောဂါဝေဒနာကို ခံစားနေရသူဖြစ်သည်။ ရောဂါဝေဒနာခံစားနေရသော်လည်း ကျောင်းမှအနားယူရန် စိတ်ကူးလုံးဝမရှိဘဲ သူမ၏ချစ်သူ ကျောင်းနေဖက် 'နစ်ဂွတ်ဝင်း' နှင့် လက်တွဲမြဲလက်တွဲခဲ့သည်။

ဆေးစစ်ချက်ရလဒ်အရ ကေတီသည် အသက်ရှင်ရန် အချိန်သိပ်မကျန်တော့ပေ။ သူမ၏ချစ်သူကလည်း သူမအတွက် သူ၏ ဘဝတစ်ခုလုံးကို ပေးဆပ်ရန် အသင့်ရှိနေသူဖြစ်၍ သူတို့၏ မင်္ဂလာပွဲကြီးကို ခမ်းခမ်းနားနား ကျင်းပခဲ့သည်။

နှစ်ဖက်မိဘအသိုင်းအဝိုင်းက ကေတီ၏ နှစ်ရှည်လများ မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးခဲ့ကြသည်။ မင်္ဂလာဆောင်ပြီး ငါးရက် အကြာတွင် သူမ၏ ဈာပနအခမ်းအနားကို ကျင်းပခဲ့ရသည်။ မည်သို့ပင်ဖြစ်စေ ချစ်သူနှင့် လက်ထပ်ဖြစ်ခဲ့သည့် ကေတီမှာ ကျေနပ်ခဲ့ရသည်။

**ဆောင်းဟေမန်**

Ref: World News;6.6.2013



www.burmeseclassic.com

www.burmeseclassic.com



# Slayers ဂီတအဖွဲ့မှ ဂစ်တာသမား ပင့်ကူအကိုက်ခံရလို့ သေဆုံးခဲ့မှု



အမေရိကန် Metal ဂီတအဖွဲ့ တစ်ခုဖြစ်သော Slayers မှ ဂီတာသမား ဂျက်ဖ်ဟန်နီမန်းသည် ပင့်ကူကိုက်ခံရသည့် အဆိပ်ပျံ့နှံ့မှုကြောင့် သေဆုံးသွားကြောင်း သိရသည်။

ဟန်နီမန်းသည် ပင့်ကူကိုက်ခဲ့သည့် အဆိပ်သင့်ဒဏ်ရာတစ်ခုကို ပေါ့ပေါ့တန်တန် သဘောထားကာ အဆောတလျင် ဆေးဝါးကုသမှု မခံယူခဲ့သောကြောင့် ထိုဒဏ်ရာမှ ဆိုးရွားသော နောက်ဆက်တွဲ ဝေဒနာများကြောင့် လက်မောင်းတစ်ဖက်လုံး ဆုံးရှုံးလုနီးပါး အခြေအနေထိ ကြုံခဲ့ရသည်။ ထို့နောက် တဖြည်းဖြည်းသက်သာလာကာစဖြစ်နေချိန်မှာပင် သေ ဆုံးသွားခြင်းဖြစ်သည်။ ဟန်နီမန်း သေဆုံးချိန်တွင် အသက် (၄၉)နှစ်ရှိပြီဖြစ်ပြီး ဆေးရုံမှ တာဝန်ရှိသူများ၏ ပြောပြချက်အရ အသည်းပျက်စီး ရပ်ဆိုင်းသွားခြင်းဖြစ်ကြောင်း သိရသည်။

**ဆောင်းဟေမန်**

Ref: International News

5.6.2013



www.burmeseclassic.com

www.burmeseclassic.com



# ငါးနှစ်သမီးကို အမှိုက်ပုံးထဲက အစာစားခိုင်းတဲ့ ဆရာမကို အရေးယူခဲ့မှု



အင်္ဂလန်နိုင်ငံတွင် မူကြို ကျောင်းမှ အိမ်သို့ပြန်လာသော အသက် ငါးနှစ်အရွယ် သမီးဖြစ်သူ တဲရစ်က မိခင်ကို ပြန်လည်ပြောပြရာ၌ ဆရာမက အမှိုက်ပုံးထဲမှ အစားအစာများကို ကောက်စားခိုင်းခဲ့သည်ဟု တိုင်ကြားခဲ့၏။

မိခင်ဖြစ်သူက ရဲစခန်းသို့ သွားရောက်ပြီး ဤသို့အရှက်ရစေသည့် အပြုအမူမျိုးကို ကျူးလွန်သည့် ဆရာမအား အရေးယူပေးပါရန် တိုင်ကြားခဲ့သည်။ မိမိ၏ သမီးဖြစ်သူသည် ပေါင်မုန့်မကြိုက်သဖြင့် မစားဘဲ အမှိုက်ပုံးထဲသို့ လွှင့်ပစ်ခဲ့ကြောင်း၊ ဆရာမက သမီးဖြစ်သူအား အမှိုက်ပုံးကိုဆွဲယူလာပြီး ပုံးထဲမှပေါင်မုန့်ကို ပြန်ကောက်စားခိုင်းကြောင်း၊ ကျောင်းသားများအရှေ့တွင် ဤသို့အရှက်ရစေသည့် အပြုအမူကို လုပ်ခိုင်းခြင်းကြောင့် အရေးယူပေးပါရန် မိခင်က တိုင်ကြားခဲ့သည်။

အစပထမတွင် မိခင်ဖြစ်သူက ကျောင်းသို့ ပထမဦးဆုံးရောက်ရှိလာကာ ကျောင်းအာဏာပိုင်များကို အရေးယူပေးပါရန် တောင်းဆိုခဲ့သော်လည်း ဆရာမက မိဘများကို မတောင်းပန်နိုင်ကြောင်း မချေမငံ ပြောကြားခဲ့သည့်အတွက် ရဲစခန်းသို့ လာရောက်တိုင်ကြားခြင်းဖြစ်ကြောင်း သိရသည်။

**ဆောင်းဟေမန်**

Ref: International News

-20-6-13



www.burmeseclassic.com

www.burmeseclassic.com



# တရုတ်ပွဲတော်တစ်ခုအတွက် သူတောင်းစားတို့ကို လှောင်အိမ်သွင်းထားခဲ့ရမှု

တရုတ်ပြည်တောင်ပိုင်း၊ Jiangxi ပြည်နယ်၊ Nanchang မြို့တွင်ကျင်းပသည့် ယဉ်ကျေးမှုပွဲတော်တစ်ခုလုပ်တိုင်း သူတောင်းစားနှင့် အိမ်ခြေရာခြေမဲ့များ အများအပြားလာရောက်၍ တောင်းစားလေ့ရှိကြသည်။ ယင်းကဲ့သို့ လာရောက်မှုကြောင့် ယခုနှစ်၏ အထူးခြားဆုံးလုပ်ဆောင်ချက်မှာ လှောင်အိမ်သွင်းထားခြင်းပင်ဖြစ်သည်။

ကမ္ဘာလှည့်ခရီးသည်များ စိတ်အနှောင့်အယှက်မဖြစ်စေရန် နှင့် မလိုလားအပ်သော လုံခြုံရေးပြဿနာများ မဖြစ်ပေါ်လာစေရန် သူတောင်းစားများကို လှောင်အိမ်တန်းများတွင် ထည့်သွင်းထားပြီး ၎င်းတို့တောင်းစားသည့် ခွက်များကို အပြင်သို့ထုတ်ပေးထားကြ၏။

ခရီးသွားများအတွက် ရည်ရွယ်၍ ပြုလုပ်ဖန်တီးထားသော်လည်း ကြည့်ရသည်မှာ အရုပ်ဆိုးသည့်မြင်ကွင်းတစ်ခုဖြစ်ခဲ့သလို ထူးဆန်းမှုလည်း ဖြစ်စေခဲ့သည်။

ပွဲတော်သို့ရောက်လာသည့် သူတောင်းစားများသည် သူတောင်းစားဖြစ်ကြောင်း သက်သေအထောက်အထားပြသပြီး လှောင်အိမ်ထဲသို့ ဝင်နိုင်သည်။ စားသောက်ရန် ထောက်ပံ့ပေးပြီး အိပ်ရန်အတွက် အဆင်ပြေသလို စီစဉ်ပေးကြောင်း သိရသည်။

သူတောင်းစားပပျောက်ရေး၊ ဂုဏ်သိက္ခာထိန်းသိမ်းရေးအတွက် ကြိုးပမ်းလုပ်ဆောင်မှုဟု သိရသည်။

**ဆောင်းဟေမန်**

Ref: International News

-11-6-13

www.burmeseclassic.com



# ရုပ်ရည်ချောမောလွန်းတဲ့ ဒူဘိုင်းနိုင်ငံသား အနုပညာရှင်တစ်ဦးမှာ တိုင်းပြည်မှ နှင်ထုတ်ခြင်းခံလိုက်ရမှု



ဆော်ဒီအာရေဗျအစိုးရသည် ဒူဘိုင်းနိုင်ငံသား ဖက်ရှင်၊ ဓာတ်ပုံဆရာ၊ ရုပ်ရှင်သရုပ်ဆောင်နှင့် ကဗျာဆရာတစ်ဦးဖြစ်သူ Omar Al Gala အား ရုပ်ရည်အလွန်ချောမောနေသည့်အတွက် သူ့ကို နိုင်ငံမှ နှင်ထုတ်လိုက်ကြောင်း သိရသည်။

စုံစမ်းသိရှိရသည်မှာ ဆော်ဒီအမျိုးသမီးများသည် အဆိုပါအမျိုးသားအား တမ်းတမ်းစွဲဖြစ်နေသည့်အတွက် သူတို့နိုင်ငံက ချမှတ်ထားသော လိင်ပိုင်းဆိုင်ရာ စည်းမျဉ်းဥပဒေများကို ချိုးဖောက်မည်ကို စိုးသောကြောင့် ဘာသာရေးဆိုင်ရာ ရဲတပ်ဖွဲ့အရာရှိများက နိုင်ငံမှ နှင်ထုတ်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ဆော်ဒီအာရေဗျနိုင်ငံတွင် အမျိုးသမီးများသည် ကိုယ့်ဆွေမျိုးသားချင်းမဟုတ်သည့် သူစိမ်းယောက်ျားများနှင့် စကားပြောဆိုခြင်းကို တင်းကျပ်စွာ တားမြစ်ထားပြီး အိမ်ထောင်သည် အမျိုးသမီးများအနေဖြင့် အိမ်ထောင်ရေးဖောက်ပြန်ခဲ့လျှင် ကြိမ်ဒဏ်မှ သေဒဏ်အထိ အပြစ်ပေးခံရမည်ဟု ဥပဒေထုတ်ပြန်ထားကြောင်း သိရသည်။

ထိုဥပဒေများကြောင့် ရုပ်ရည်ချောမောသူ အမျိုးသားနှင့် တွေ့ဆုံလျှင် အမျိုးသမီးများဘက်မှ ဥပဒေကို ဂရုမပြုတော့ဘဲ ချိုးဖောက်နိုင်သဖြင့် အမျိုးသမီးအများစုအတွက် ရုပ်ရည်ချောမောသူ အမျိုးသားကို တိုင်းပြည်မှ နယ်နှင်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆောင်းဟေမန်**

Ref: International News

-27-5-13



www.burmeseclassic.com

www.burmeseclassic.com



# မော်ဒယ်လ်ဖြစ်ချင်သူများ သတိထားရမည့် အန္တရာယ်

အသက် (၂၃) နှစ်အရွယ်ရှိ အချိန်ပိုင်းမော်ဒယ်လ် Winnie Ong ဆိုသူ အမျိုးသမီးသည် မော်ဒယ်လ်တစ်ယောက်ဖြစ်ရန် ဆန္ဒပြင်းပြနေသဖြင့် ကိုယ်ခန္ဓာအထက်ပိုင်းအား ဗလာကိုယ်နေဟန်ထားဖြင့် ဓာတ်ပုံအရိုက်ခံခဲ့ရာ နောက်ပိုင်းတွင် ဓာတ်ပုံဆရာမှ ခြိမ်းခြောက်စာပို့ခြင်းခံရသည့်ဖြစ်ရပ် မလေးရှားနိုင်ငံတွင် ဖြစ်ပွားခဲ့သည်။

လွန်ခဲ့သော နှစ်နှစ်ခန့်က အသက် (၃၇)နှစ်အရွယ်ရှိ အလွတ်တမ်းဓာတ်ပုံဆရာနှင့် တွေ့ဆုံခဲ့ပြီး သူမအား အတွင်းခံဝတ်စုံနှင့် ညဝတ်အင်္ကျီဝတ်ဆင်ပြီး ဟိုတယ်တစ်ခု၏ အခန်းတွင်း၌ ဓာတ်ပုံရိုက်ရန်အတွက် အဖိုးအခအဖြစ် ရင်းဂစ် ၆၀၀ နှင့် ဖိတ်ခေါ်ခဲ့သည်။


ဓာတ်ပုံဆရာက သူမ၏ကိုယ်အထက်ပိုင်းကို ဗလာချွတ်ပြရန် မတော်မတရား တောင်းဆိုခဲ့သောကြောင့် ကြောက်ကြောက်လန့်လန့်နှင့် လုပ်ပေးခဲ့ရသည်။ နောက်ပိုင်းတွင် တစ်ကိုယ်လုံးချွတ်ရန်ပြောသောအခါ သူမက ငြင်းဆိုပြီးပြန်လာခဲ့သည်။

နောက်ပိုင်းတွင် ဓာတ်ပုံဆရာက သူမ၏ ဝတ်လစ်စလစ်ပုံများ မပို့လျှင် ကိုယ်အထက်ပိုင်းဗလာပုံများကို အင်တာနက်ပေါ်သို့ တင်လိုက်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

ထိုခြိမ်းခြောက်မှုများကို သည်းမခံနိုင်တော့သဖြင့် အချိန်ပိုင်းမော်ဒယ်လ်လုပ်နေသော သူမသည် ရဲစခန်းသို့ တိုင်တန်းခဲ့ရာမှ ခြိမ်းခြောက်မှုလည်း ရပ်တန့်သွားခဲ့သည်။

**ဆောင်းဟေမန်**

Ref: Daily News
-7/6/2013





www.burmeseclassic.com

www.burmeseclassic.com


# အိန္ဒိယ ဘောလီးဝုဒ်မင်းသမီးမှာ အလှကြောင့်မဟုတ်ဘဲ စကားကြောင့် ရက်စက်စွာအသတ်ခံခဲ့ရမှု

အသက် ၂၆ နှစ်သာရှိသေးသည့် အိန္ဒိယ ဘောလီးဝုဒ် မင်းသမီး Meenakshi Tharpan သည် အလွန်ပင် ထင်ရှားကျော်ကြားကာ ထိုသို့လှပချော မောမှုကြောင့် နောက်ဆုံးတွင် ရက်ရက်စက်စက် သေဆုံးခဲ့ရသည်။

သူမ ရုပ်ရှင်ရိုက်ကူးနေစဉ် တွဲဖက်သရုပ်ဆောင် နှင့် ဇာတ်ပို့ သရုပ်ဆောင်နှစ်ဦးဖြစ်သည့် Amit Jaiswal နှင့် Preeti Swinတို့မှာ အပြင်တွင် သမီးရည်းစား များဖြစ် ကြသည်ဆို၏။

Tharpan မင်းသမီးက ထိုသမီးရည်းစားစုံတွဲ နှစ်ဦးနှင့် အတွဲများပြီး သူမတွင် ဥစ္စာနေ အိန္ဒိယ ရူပီး ၁ ဒသမ ၅သန်း ပိုင်ဆိုင်ကြောင်း ကြွားဝါမိ လေသည်။

ထိုသို့သော ကြွားဝါမှုကို ယုံကြည်ခဲ့သည့် Amit တို့နှစ်ဦးက Tharpan ကို ပြန်ပေးဆွဲကာ ဟိုတယ် တစ်ခုတွင် ဖမ်းဆီးထားပြီး နယ်စပ်တွင်နေသည့် Tharpan ၏ မိခင်ထံ ဖုန်းဆက်ကာ ရူပီး ၆ သောင်း တောင်းခံခဲ့လေသည်။


ရူပီး ၆သောင်းရရှိပြီးသော်လည်း မကျေနပ် နိုင်သေးသည့် ထို စုံတွဲသည် Tharpan အား ခေါင်း ဖြတ်သတ်ခဲ့ပြီး ခန္ဓာကိုယ်အား ရေတိုင်ကီတွင် ပစ်ထားခဲ့၏။ ဦးခေါင်းကို စီးနင်းသွားလာသော ဘတ်စ် ကားပေါ်မှ လှမ်းပစ်ခဲ့သည်။

ရဲတပ်ဖွဲ့က လူသတ်မှုကျူး လွန်ခဲ့သူ တရားခံများ ကို Tharpan၏ Sim Card မှတစ်ဆင့် ရှာဖွေ တွေ့ရှိ ဖမ်းမိခဲ့လေသည်။

**ဆောင်းဟေမန်**

Ref: International Crime News

28.6.2013




6:28 pm 07/25/13
www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




# အထိန်းမဲ့ဒေါသ

ဒုရဲမှူးကြီးဝင်းဦး (ငြိမ်း)

ကချင်ပြည်နယ်၊ မိုးညှင်း–မြစ်ကြီးနားကားလမ်းပေါ်ရှိ ဝါးရုံကုန်းရွာလေးမှာ နံနက်ခင်းနေခြည်မထွက်ခင် နှင်းမှုန်များကြား၌ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။ ရွာနေသူများမှာ အများအားဖြင့် လယ်ယာလုပ်ငန်းလုပ်ကိုင်ကြပြီး တစ်နေကုန်အလုပ်နှင့်လက်နှင့်မပြတ်လုပ်ကြသူများဖြစ်၍ အိပ်စက်အနားယူသည့်အခါ၌လည်း အပြည့်အဝအနားယူလေ့ရှိကြပါသည်။ နံနက် ၆ နာရီခန့်ရှိပြီဖြစ်သော်လည်း နှင်းမကွဲသေးသဖြင့် မြစ်ကြီးနား–မိုးညှင်းဘက်သွားသည့် ခရီးသည်တင်ကားများလည်း ထွက်ခွာမလာသေးသည့် အချိန်ဖြစ်ပါသည်။

သို့သော် ရွာမြောက်ဘက်ဖျားဆီမှ တစ်ခါတစ်ခါ ခွေးဟောင်သံသဲ့သဲ့ကြားရပါသည်။ အိမ်ခြေကလည်း ၈၀ခန့်ရှိပြီး ရွာသူရွာသားအချင်းချင်း တစ်ယောက်



အကြောင်း တစ်ယောက်သိနေကြသည့် အိမ်ထောင်စုများစုဝေးနေသည့် နေရာလည်းဖြစ်ပါသည်။ အချို့ လယ်ယာမလုပ်သူများကတော့ အိမ်ဈေးဆိုင်လေးများဖွင့်ပြီး လုပ်ကိုင်စားသောက်ကြပါသည်။ ထိုသို့ တိတ်ဆိတ်နေမှုကို ထိတ်လန့်ဖွယ်ရာ အသံတစ်ခုက နံနက် ၈ နာရီခန့်တွင် ဖြိုခွင်းလိုက်သည်။

"ရွာမြောက်ဘက်က ချောင်းရိုးမှာ လူခေါင်းပြတ်ကြီးတွေ့တယ်ဗျို့"

ထိုသို့ ရွာလယ်လမ်းအတိုင်း အော်ပြီး ပြေးသွားသည့် လူငယ် အသံကြောင့် အိမ်များတွင် အိပ်ပျော်နေသောလူများ နိုးလာကြပြီး စိတ်ဝင်စားစွာဖြင့်.....


www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာတွေ့တာလဲ၊ ဘယ်သူ့ခေါင်းပြတ်လဲ" စသည်ဖြင့် တစ်ဦးနှင့်တစ်ဦး မေးသံများပေါ်လာပြီး ထိုလူငယ်အော်သွားသည့် ရွာမြောက်ဘက် ချောင်းရိုးဆီသို့ တစ်ဦးစ၊ နှစ်ဦးစက အမြန်သွားနေကြပြီဖြစ်သည်။ တချို့လည်း မျက်နှာကပျာကယာသစ်ပြီး လူများသွားရာနောက်သို့ လိုက်နေကြသည်။ တစ်စတစ်စ တစ်ဆင့်စကားတစ်ဆင့်ကြားကြောင့် ရွာမြောက်ဘက်ကိုက် ၃၀၀ ခန့်အကွာ ရွာချောင်းရိုးကမ်းပါးတွင် လူများအုံလျက်ရှိနေသည်။ ကိုယ်ထင်ရာမြင်ရာနှင့် ပြောဆိုနေသည့်အသံများကလည်း ဆူညံနေသည်။ ထိုအချိန် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်မိုင်ရောက်လာပြီး လူအုပ်ထဲတိုးဝင်၍ ချောင်းရိုးထဲရှိခေါင်းပြတ်အားကြည့်ရှုရာ.....

"ဦးသိန်းမောင်သား မြင့်နွယ်ပဲ၊ ဒါဖြင့်ရင် ကိုယ်လုံးရှိဦးမယ်၊ ဝိုင်းရှာကြဦးဟေ့၊ ခေါင်းပြတ်က ရေစီးနဲ့မျောလာတာဆိုတော့ အထက်ဘက်မှာရှိနိုင်တယ်"

လူအုပ်စုထဲမှ လူတချို့လည်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်မိုင်နှင့်အတူ ချောင်းရိုးအထက်သို့ လမ်းလျှောက်သွားကြသည်။ ကိုက် ၁၀၀ ခန့်အရောက်တွင် ချောင်းရိုး၏အရှေ့ဘက် ကွင်းပြင်၌ တုံးလုံးလဲလျက် တစောင်းအနေအထားဖြင့် မြင့်နွယ်၏ကိုယ်လုံးအား တွေ့ရသည်။ ဦးဇော်မိုင်က

"ဘယ်လိုဖြစ်ရတာလဲကွာ၊ တို့ရွာမှာ တစ်ခါမှ ဒီလိုမဖြစ်ဖူးပါဘူး။ ရက်စက်ဆိုးရွားလိုက်တာ၊ ကောင်လေးက ဒီနှစ်မှ တက္ကသိုလ်တက်တာ၊ ဖြစ်မှဖြစ်ရလေကွာ"

မကြာမီ သေဆုံးသူ မြင့်နွယ်၏ဖခင် ဦးသိန်းမောင်လည်းအပြေးအလွှားရောက်ရှိလာပြီး.....

"အုပ်ချုပ်ရေးမှူးကြီးရယ် ကျွန်တော့်သားလေးဟာ ဘာရန်ငြိုးမှ မရှိပါဘူးဗျာ၊ လိမ္မာပါတယ်၊ ဒီနေ့ ကျွန်တော်တို့ အိပ်ရာမထခင်မှာပဲ ကျွဲနွားတွေ စားကျက်ကို လွှတ်မယ်ဆိုပြီး ထွက်သွားတာ၊ နှင်းတောင်မကွဲသေးဘူး၊ အခုလို ခေါင်းကိုဖြတ်ပြီး သတ်လိုက်တာတော့ မယုံကြည်နိုင်အောင်ပါပဲ အုပ်ချုပ်ရေးမှူးကြီးရယ်၊ သူ့အမေလည်း သတင်းကြားပြီး တက်နေလို့ မနည်းပြုစုနေရတယ်"

စိတ်အေးအေးထားပါ ကိုသိန်းမောင်၊ သတ်တဲ့လူကိုရအောင် ဖော်ထုတ်ရမှာပေါ့ဗျာ၊ အခုလုပ်ရမှာက ပင်းဘောရဲစခန်းကို အမြန်သွားပြီး အကြောင်းကြားရမယ်၊ အလောင်းကိုတော့ နေရာမပျက်အောင်....

ထိုသို့ ငိုသံပါနှင့် ပြောဆိုနေသည်။ အုပ်ချုပ်ရေးမှူး ဦးဇော်မိုင်ကတော့.....

"စိတ်အေးအေးထားပါ ကိုသိန်းမောင်၊ သတ်တဲ့လူကိုရအောင် ဖော်ထုတ်ရမှာပေါ့ဗျာ၊ အခုလုပ်ရမှာက ပင်းဘောရဲစခန်းကို အမြန်သွားပြီး အကြောင်းကြားရမယ်၊ အလောင်းကိုတော့ နေရာမပျက်အောင် ဒီအတိုင်းထားရမယ်၊ လူတွေကိုလည်း အဝေးကပဲ ကြည့်နိုင်းတာကောင်းမယ်"

ထို့နောက် ဦးဇော်မိုင်က ကျေးရွာဆယ်အိမ်ခေါင်း ကိုညတ်ဝင်းအား ပင်းဘောရဲစခန်းသို့ဆိုင်ကယ်ဖြင့် အမြန်သွားရောက် အကြောင်းကြားရန် စေလွှတ်လိုက်သည်။

ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်မိုင်မှာ အတွေးပေါင်းများစွာနှင့် ခေါင်းထဲတွင် စဉ်းစားလျက်ရှိနေသည်။ သူတို့ရွာတွင် တစ်ဦးနှင့်တစ်ဦး ကြီးကြီးကျယ်ကျယ်



www.burmeseclassic.com

www.burmeseclassic.com



ခိုက်ရန်ဖြစ်ပွားမှုမှာ သူတာဝန်ယူစဉ်ကာလအတွင်း အလွန်နည်းပါးပါသည်။ ယခုကဲ့သို့ ရက်ရက်စက်စက် သတ်ဖြတ်ရလောက်သည့်အကြောင်းတရားမရှိဟုလည်း ယူဆထားပါသည်။

ယခုတော့ ရက်စက်သတ်ဖြတ်မှုက ဖြစ်သွားပြီ။ ကျေးရွာတာဝန်ရှိသူတစ်ဦးဖြစ်နေသည့်အလျောက် သတ်ဖြတ်မှုအား မပေါ်ပေါ်အောင် စုံစမ်းရမည်ဟု စိတ်ထဲက ပိုင်းဖြတ်လိုက်သည်။

သူတာဝန်ယူသည့် သက်တမ်းတစ်လျှောက် ကျေးရွာအတွင်း စကားများသည့် မှုခင်းများကိုသာ ဖြေရှင်းခဲ့ဖူးပါသည်။ သူဖြေရှင်းပေး မှုကိုလည်း ကျေးရွာသူ/ရွာသားများက ကျေနပ်စွာ ခံယူသွားကြသည်။ ယခုလောက် ကြီးကျယ်ရက်စက်သော သတ်ဖြတ်မှုမျိုး တစ်ခါမှမကြုံခဲ့ဖူး၍လည်း သူ၏ရွာတွင် လူတစ်ဦးအား ရက်စက်စွာသတ်ရဲသည့်လူရှိနေပြီလားဟု စိုးရွံ့တွေးတောနေမိတော့သည်။

သေဆုံးသူ မောင်မြင့် နွယ်မှာ ယခုမှ လူပျိုပေါက် အရွယ်ကောင်းလေးဖြစ်မှ သတ်ဖြတ်ခြင်းကို ခံလိုက်ရသည်။ ရွာထဲတွင်လည်း ချစ်သူရည်းစားထားသည်ဟုလည်း မကြားမိ။

မိဘ၏အုပ်ထိန်းမှုအောက်တွင် ရိုးသားစွာ သွားလာနေထိုင်သူဖြစ်နေသည်။ ယခုနှစ်မှ မြစ်ကြီးနားတက္ကသိုလ်တက်ရသည်ဟု သိရ၍ ရွာ၏ပညာတတ်တစ်ဦး ဆုံးရှုံးခဲ့ရသည်ဟု ခံစားနေမိသည်။ ဦးဇော်မိုင် စဉ်းစားသည့်အခါတိုင်း မောင်မြင့်နွယ်၏ ကောင်းသတင်းကသာ စိုးမိုးနေ၍ ဘယ်လိုလူမျိုးကများ ဒီလောက်ထိ ရက်စက်စွာ သတ်ဖြတ်ရသနည်းဟူသောမေးခွန်းက ဦးဇော်မိုင်အား ထပ်ခါထပ်ခါ မေးနေသယောင်ရှိနေပါတော့သည်။



♛♛♛♛♛

ရွာရှိလူများကလည်း မိမိတို့ရွာတွင် တစ်ခါဘူးမျှ ဤကဲ့သို့သော အဖြစ်ဆိုးမျိုး မဖြစ်ဘူးသဖြင့် ရွာလုံးကျွတ်နီးပါးမျှ မောင်မြင့်နွယ်၏အလောင်းတွေ့သည့် နေရာများကို ခေါက်တုံ့ခေါက်ပြန် မဝတမ်း ကြည့်ရှုနေကြ၍ အနီးအနားသို့ ကပ်မသွားကြရန် သက်ဆိုင်ရာလူကြီးများနှင့် ထိန်းသိမ်းနေရသည်။

ထိုသို့ လူအုပ်စုကြီးကြည့်နေချိန်တွင် ရဲတွေလာပြီဟုပြောသံကြောင့် ကြည့်လိုက်ရာ ရွာမြောက် ဘက်အစပ်တွင် ယူနီဖောင်းဝတ် ရဲတပ်ဖွဲ့ဝင်ငါးဦးလာနေသည်ကို ဦးဇော်မိုင်က လှမ်းတွေ့လိုက်၏။

ဦးဇော်မိုင်လည်း ရိုးချောင်းအတွင်းရှိ မောင်မြင့်နွယ်အလောင်းတွေ့သည့်နေရာသို့ အမြန်သွားပြီး ရဲတပ်ဖွဲ့ဝင်များအား စောင့်နေပါသည်။ မကြာမီ ပင်းဘောရဲစခန်းမှူး ရဲအုပ် အောင်သန်း (ယခု ဒုရဲမှူး၊ ဖားကန့်)နှင့် နယ်ထိန်း



www.burmeseclassic.com

www.burmeseclassic.com

ရဲအုပ် မင်းစိုးအောင် (ယခုရဲအုပ်၊ ပူတာအိုခရိုင်)နှင့် အခြားတပ်ဖွဲ့ဝင် သုံးဦးတို့ ရောက်ရှိလာသဖြင့် ဦးဖော်မိုင်က.....

"ဗိုလ်ကြီးရေ ကျွန်တော့်ရွာမှာ တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှမဖြစ်ဖူးတဲ့ ရက်စက်မှုကြီးတော့ ဖြစ်သွားပြီဗျာ၊ ဗိုလ်ကြီးတို့လည်း ကြိုးစားပြီး ဖော်ထုတ်ပေးပါဦးဗျာ"

ထိုသို့ ခရီးရောက်မဆိုက် လှမ်းပြောလိုက်သည်။

"ဖြစ်လာရင်တော့ ပေါ်ပေါက်အောင် စုံစမ်းရမယ့်တာဝန်က ကျွန်တော်တို့ရဲ့ မွေးရာပါတာဝန်ပဲလေ၊ အုပ်ချုပ်ရေးမှူးကြီးတို့လည်း မသက်ာရရှိတဲ့သတင်းလေးတွေစုဆောင်းပြီး ကျွန်တော့်ကိုပြောကြပေါ့၊ ကျွန်တော်လည်း ရွာထဲမှာ အနည်းအကျဉ်းတော့ စုံစမ်းခဲ့ပါသေးတယ်"

"စိတ်ချပါ ဗိုလ်ကြီး၊ ကျွန်တော်တို့ကလည်း ဗိုလ်ကြီးတို့နဲ့ပူးပေါင်းပြီး ဖော်ထုတ်ကြမှာပါ"

"ကျွန်တော် ခရိုင်ရဲတပ်ဖွဲ့မှူးနဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူးကို အကြောင်းကြားထားပါတယ်၊ သူတို့လည်း ရောက်လာကြပါလိမ့်မယ်၊ အခုတော့ ကျွန်တော် ရဲ့ လုပ်ငန်းလေးတွေ လုပ်လိုက်ပါရစေဦး"

ရဲစခန်းမှူး ရဲအုပ် အောင်သန်းက ရိုးချောင်းအတွင်းဆင်းပြီး ကျောက်တုံးငယ်ဘေးနားတွင် မေးတင်နေသော မောင်မြင့်နွယ်၏ဦးခေါင်းအား စစ်ဆေးနေပါသည်။ လည်ပင်းဒဏ်ရာတွင် ဓားဖြင့် လေးချက်ခန့် တိတိကျကျ ဖြတ်ပိုင်းထားသည့်ဒဏ်ရာများ တွေ့ရှိရသည်။ ဒဏ်ရာအနေအထားအရ လဲသွားသည့်အခါမှ ပြစ်မှုကျူးလွန်သူသည် ခေါင်းအား ခုတ်ဖြတ်ထားသည့်သဘော တွေ့ရှိရသည်။ ခေါင်းပြတ်တွေ့သည့်နေရာသည် အခင်းဖြစ်နေရာ မဖြစ်နိုင်ပါ။



ခေါင်းပြတ်သည် ချောင်းရိုးရေစီးနှင့် မျောလာပြီး ကျောက်တုံးနှင့်ခံနေ၍ တင်နေခြင်းဖြစ်သဖြင့် ချောင်းရိုးအတိုင်း လျှောက်သွားကြည့်ပါသည်။ ကိုက် ၁၀၀ ခန့် အကွာတွင် ချောင်းရိုး၏အရှေ့ဘက်ကမ်း ၂၅ ပေခန့်အကွာတွင် မောင်မြင့်နွယ်၏ ခေါင်းမပါကိုယ်လုံးအား ဘေးစောင်းအနေအထားဖြင့် လဲနေသည်ကို တွေ့ပါသည်။ မောင်မြင့်နွယ်၏ ခြေသလုံး၊ ဖနောင့်များတွင်လည်း ပြတ်ရှဒဏ်ရာများ တွေ့ရှိရပါသည်။

စခန်းမှူး ရဲအုပ် အောင်သန်းက မောင်မြင့်နွယ်အလောင်းနှင့် ၂၅ ပေခန့်အကွာ ရိုးချောင်းကမ်းစပ်အား စစ်ဆေးရာ ကမ်းပေါ်သို့ တက်သည့်ခြေရာများ တွေ့ရပြီး



www.burmeseclassic.com

www.burmeseclassic.com



ခြေရာများဘေး ပေါက်နေသည့် မြက်ပင်အချို့၌လည်း သွေးစများကို ထပ်မံတွေ့ရှိရသည်။

စခန်းမှူး ရဲအုပ် အောင်သန်းသည် နယ်ထိန်းခေါင်းဆောင်အား အခင်းဖြစ်မှတ်တမ်းဓာတ်ပုံများအား စေ့စပ်သေချာစွာ ဘက်ပေါင်းစုံမှ ရိုက်ခိုင်းသည်။ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် မင်းစိုးအောင်ကလည်း ချောင်းရိုးအတွင်းဆင်းပြီး စခန်းမှူးညွှန်ကြားသည့်အတိုင်း ဓာတ်ပုံများရိုက်နေသည်။

ခြေရာများစစ်ဆေးရာ မတူညီသော ခြေရာနှစ်စုံခန့်တွေ့ရှိရသဖြင့် ချောင်းရိုးထဲမှာပင် တစ်ဦးနှင့်တစ်ဦး သတ်ပုတ်ကြတာလားဟု သံသယဖြစ်နေသည်။ စခန်းမှူး ရဲအုပ် အောင်သန်းကလည်း အခင်းဖြစ်ပွားရာ မြေပုံကြမ်းအား ရေးဆွဲမှတ်တမ်းတင်နေသည်။

"အုပ်ချုပ်ရေးမှူးကြီး ကျွန်တော့်အထင်တော့ မောင်မြင့်နွယ်ဟာ ကမ်းပေါ်ပြေးအတက်မှာ နောက်ကနေ ဓားနဲ့လိုက်ခုတ်ခံရတယ်ထင်တယ်၊ နောက်ပြီး ဓားကလည်း တော်တော်ထက်ပုံရတယ်ဗျာ၊ ဖနောင့်၊ ခြေသလုံးတွေမှာ ဓားဒဏ်ရာတွေချည်းပဲ၊ သူနဲ့ ရန်ငြိုးရန်စရှိသူ၊ ဒါမှမဟုတ် အုပ်ချုပ်ရေးမှူးတို့က မောင်မြင့်နွယ်နဲ့ ဖြစ်တဲ့ကိစ္စရပ်တွေ ရှင်းပေးဘူးသလား"

"အဲဒါ ကျွန်တော် စဉ်းစားရကျပ်နေတာပေါ့၊ ဒီကောင်လေးက ရွာမှာ အင်မတန်ရိုးအေးတဲ့သူပါဗျာ၊ ဟော့ဟော့ရမ်းရမ်းထဲက မဟုတ်ပါဘူး၊ ဒီနှစ်မှ မြစ်ကြီးနားတက္ကသိုလ် တက်တာပါဗျာ"

စခန်းမှူး ရဲအုပ် အောင်သန်းက ပတ်ဝန်းကျင်ကို ဝေ့ဝိုက်ကြည့်ရှုပြီး.....

"ဒီအနီးအနားမှာ လယ်ယာတဲတွေမရှိဘူးလား အုပ်ချုပ်ရေးမှူးကြီး"

"ဒီအနားတစ်ဝိုက်တော့မရှိဘူး၊ ဒါပေမဲ့ ရွာအထွက်မှာတော့ ပုဂ္ဂလိကရေအားလျှပ်စစ်ပေးတဲ့တဲတော့ရှိတယ်၊ သူ့နေရာက မြင်နိုင်၊ မမြင်နိုင်တော့ ကျွန်တော်လည်း မသိဘူး၊ အဲဒီတဲမှာတော့ လူအမြဲရှိနိုင်တယ်၊ စုံစမ်းကြည့်ကြတာပေါ့"

ရဲစခန်းမှူး ရဲအုပ် အောင်သန်းနှင့် ဦးဇော်မိုင်တို့ ဖြစ်နိုင်ခြေရှိနိုင်သောသတင်းများ စုဆောင်းနေစဉ်ပင် ညနေ ၄ နာရီခန့်တွင် မိုးညှင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ဝင်းဦးနှင့် မိုးကောင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ခင်မောင်ဇော်တို့အဖွဲ့ ရောက်ရှိလာသည်ဟု သိရှိရသဖြင့် စခန်းမှူး ရဲအုပ် အောင်သန်းက ရွာထိပ်သို့အမြန်သွားကြိုပြီး အခင်းဖြစ်ပွားရာနေရာသို့ လမ်းပြခေါ်ဆောင်ခဲ့သည်။

ခြေရာများစစ်ဆေးရာ
မတူညီသော
ခြေရာနှစ်စုံခန့်တွေ့ရှိရသဖြင့်
ချောင်းရိုးထဲမှာပင်
တစ်ဦးနှင့်တစ်ဦး
သတ်ပုတ်ကြတာလားဟု
သံသယဖြစ်နေသည်။
စခန်းမှူး
ရဲအုပ် အောင်သန်းကလည်း
အခင်းဖြစ်ပွားရာ
မြေပုံကြမ်းအား

ခရိုင်ရဲတပ်ဖွဲ့မှူးက ခေါင်းပြတ်တွေ့သည့်နေရာ၊ ခေါင်းမပါကိုယ်လုံးတွေ့သည့်နေရာများကို ကြည့်ရှုပြီးနောက်.....

"ကဲ...မြို့နယ်မှူးနဲ့စခန်းမှူး၊ ကျုပ်တို့ ဒီချောင်းရဲ့အနောက်ဘက်



www.burmeseclassic.com

www.burmeseclassic.com



မှာရှိတဲ့ တောစပ်ထဲ ဝင်ကြည့်ကြရအောင်ဗျာ၊ အုပ်ချုပ်ရေးမှူးကြီးက ကျုပ်တို့ကိုလမ်းပြပေါ့ဗျာ"

♛♛♛♛♛

အုပ်ချုပ်ရေးမှူး၏ ပြောပြချက်အရ ထိုတောစပ်အလွန်တွင် ရွာစားကျက်အဖြစ် သတ်မှတ်ထားသောနေရာရှိကြောင်း၊ ရွာရှိ ကျွဲ၊ နွားများကို နံနက်စောစောတွင် စားကျက်ဘက်သို့ လွှတ်ကျောင်းလေ့ရှိကြောင်း သိရှိရသည်။

ယခုသေဆုံးသူ မောင်မြင့်နွယ်မှာ ယခုနေ့နံနက်စောစောတွင် အိမ်မှ ကျွဲ၊ နွားများကိုမောင်း၍ စားကျက်ဘက်သို့ လွှတ်ခဲ့သည်ကို ရွာထဲမှ သတင်းရရှိခဲ့သဖြင့် ခရိုင်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့က စားကျက်မြေဘက် ထူးခြားမှု ရှိ/မရှိ စစ်ဆေးခြင်းဖြစ်သည်။

ရွာချောင်းရိုးစပ်မှ အနောက်ဘက်ရှိ လေးဖာလုံခန့်အကွာ တောစပ်သို့ရောက်ရှိပြီး စစ်ဆေးရာ စားကျက်ဘက်သို့ ကျွဲ၊ နွားများမောင်းသည့် လှည်းလမ်းသဖွယ် လမ်းကြမ်းကို တွေ့ရှိပါသည်။ ၎င်းလမ်းဘေးတွင် ခြံစည်းရိုးကာထားသောလယ်ကွက်များတွေ့ရပြီး စပါးစိုက်ပျိုးထားမှုတွေ့ရှိရသည်။ ၎င်းလယ်ကွက်များထဲတွင် တဲငယ်တစ်လုံးတွေ့ရှိသဖြင့် ခရိုင်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့က ခြံစည်းရိုးကျော်ပြီး ဝင်ရောက်ကြည့်ရှုရာ တဲငယ်တွင် မည်သူမှ မတွေ့ရှိပါ။ လယ်စောင့်တဲသဘော တွေ့ရှိရပြီး တဲပေါ်တွင် ဖြာထားလက်စနိုးများ တွေ့ရှိရသဖြင့် အုပ်ချုပ်ရေးမှူး ဦးဇော်မိုင်အား မေးမြန်းရာ.....

"ဒီလယ်တဲက ဦးထွန်းဝတဲပါ၊ အသက် ၇၀ နီးပါးရှိပါပြီ၊ အခုစပါးစိုက်ထားတဲ့လယ်က သူ့လယ်ပါ၊ တစ်ခါတစ်ရံတော့ ဒီတဲမှာ

ရွာချောင်းရိုးစပ်မှ
အနောက်ဘက်ရှိ
လေးဖာလုံခန့်အကွာ
တောစပ်သို့ရောက်ရှိပြီး
စစ်ဆေးရာ
စားကျက်ဘက်သို့
ကျွဲ၊ နွားများမောင်းသည့်
လှည်းလမ်းသဖွယ်
လမ်းကြမ်းကို
တွေ့ရှိပါသည်။
၎င်းလမ်းဘေး....

လာနေတယ်လို့ သိရတယ်၊ သူက အသက်ကြီးပေမယ့် စိတ်နည်းနည်းတိုတတ်ပြီး ဒေါသထွက်တာမြန်တယ်၊ ရွာထဲကလူတွေကတော့ သူ့ကိုကြောက်ကြတယ်၊ ရွာမှာတော့ ဘာပြဿနာမှ မဖြစ်ဖူးပါဘူး၊ အသက်ကြီးပေမယ့် သန်တုန်းမြန်တုန်းပဲ၊ တစ်ခါတစ်ခါ အပြောဆိုးတာပဲရှိတယ်"

ခရိုင်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့က တဲပတ်ဝန်းကျင်တစ်ဝိုက် စစ်ဆေးပြီး ရွာဘက်သို့ပြန်လာကြသည်။ ရွာထိပ်ရှိ ရေအားလျှပ်စစ်ပေးသည့်တဲသို့ ရောက်ရှိပြီး စုံစမ်းရာ အခင်းဖြစ်သည့်နေ့ နံနက်ပိုင်းတွင် နှင်းများထူထပ်စွာကျနေကြောင်း၊ နှင်းမကွဲမီအချိန်တွင် ဦးထွန်းဝတစ်ဦးတည်း ၎င်းလယ်တဲဘက်သို့ သွားသည်ကို နှင်းမှုန်များကြား ဝိုးတဝါးမြင်လိုက်မိကြောင်း စုံစမ်းသိရှိရသည်။ ခရိုင်ရဲတပ်ဖွဲ့မှူးက...

"အဲဒီလူ ခေါင်းပြတ်တွေ့ပြီးတော့ ဘာထူးခြားသေးလဲ"

"ထူးခြားမှုတော့မရှိဘူး ဆရာ၊ ကျွန်တော်လည်း ရွာကလူတွေ အော်ပြီးရောက်လာကြမှ ခေါင်းပြတ်အသတ်ခံရတယ်လို့ သိရတယ်၊ ကြောက်တာနဲ့သွားမကြည့်ပါဘူး၊ ကျွန်တော့်တဲမှာပဲ နေနေတယ်၊ ရဲတပ်ဖွဲ့က အလောင်းဆေးရုံပို့ပြီးချိန်လောက်ထင်တယ်၊ ကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော့်တဲရှေ့က ဦးထွန်းဝ သူ့လယ်တဲဘက် ဖြတ်သွားပြီး အော်မေးသွားတယ်''

''ဘယ်လိုမေးတာလဲ''

''ရဲတွေလာစစ်တာ ဘာထူးလဲကွမေးလို့ ကျွန်တော်က ဘာမှမထူးဘူးလို့ ပြောလိုက်တော့ သူလည်း သူ့တဲဘက်ကိုသွားတာတွေ့လိုက်တယ်''

ခရိုင်ရဲတပ်ဖွဲ့မှူးက တစ်စုံတစ်ခုကို လေးလေးနက်နက်စဉ်းစားနေပုံရသည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် စခန်းမှူးတို့လည်း အတွေးကိုယ်စီဖြင့် စဉ်းစားအဖြေထုတ်နေဟန်တူသည်။ ရေအားလျှပ်စစ်ပေးသည့်တဲပိုင်ရှင်အား ဘာမျှဆက်မမေးတော့ဘဲ ရွာတွင်းသို့ ပြန်ဝင်လာကြသည်။ ဘုန်းကြီးကျောင်းရှေ့လမ်းဆုံ လူပြတ်သောနေရာအရောက်တွင်.....

''ကဲ....မြို့နယ်မှူးနဲ့စခန်းမှူး၊ အခင်းဖြစ်နေရာနဲ့ ပတ်ဝန်းကျင် စစ်ဆေးချက်အရ ကျုပ်အမြင်လေးကို ပြောမယ်၊ ဒီလူသတ်မှုဟာ ရန်ငြိုးကြောင့်တော့ မဖြစ်နိုင်ဘူး၊ သတ်ရလောက်တဲ့အကြောင်းတစ်ခုခုလည်း ရှိချင်ရှိနေမယ်၊ ခုန ကျွန်တော်တို့ ဝင်ကြည့်ခဲ့တဲ့ ဦးထွန်းဝတဲမှာ နီးဖြာထားလက်စ တွေ့တယ်၊ နီးဖြာတဲ့ဓားတွေဟာ ထက်တယ်၊ သေတဲ့ကောင်လေးရဲ့



ခြေသလုံး၊ ဖနောင့်တွေမှာလည်း တော်တော်နက်တဲ့ ပြတ်ရှဒဏ်ရာတွေတွေ့တယ်လို့ စခန်းမှူးက ပြောထားတယ်၊ အဲဒီတော့ ခုနက အုပ်ချုပ်ရေးမှူးပြောတဲ့ စိတ်တိုတတ်တယ်ဆိုတဲ့ ဦးထွန်းဝနဲ့များ တစ်နည်းမဟုတ်တစ်နည်း ဆက်စပ်နေမလားလို့ လေ့လာရမယ်ထင်တယ်၊ ခင်ဗျားတို့ ဘယ်လိုသဘောရလဲ''

စခန်းမှူး ရဲအုပ် အောင်သန်းကလည်း သူ့မှတ်စုစာအုပ်ထုတ်လျက် လေ့လာထားသည့်အချက်များ ထုတ်နုတ်ပြီး.....

''ကျွန်တော်လည်း ခရိုင်ရဲတပ်ဖွဲ့မှူးပြောသလို တွေးမိပါတယ်၊ နောက်ပြီး ဒီဦးထွန်းဝဆိုတဲ့လူကြီးက သည်းခံစိတ်မရှိ၊ စိတ်တိုတတ်တဲ့လူလို့ သိရတယ်၊ နောက်ပြီး ကျွန်တော် စုံစမ်းထားတဲ့သတင်းအရ လွန်ခဲ့တဲ့ တစ်လခန့်လောက်က သူ့အိမ်ရှေ့မှာ လမ်းခင်းနေတုန်း သူက လမ်းကိုဖြတ်မသွားရဘူးလို့ပြောတာကို ရွာသားတစ်ဦးက ဖြတ်လျှောက်မိတာ ဓားနဲ့လိုက်လို့ ထွက်ပြေးရဘူးတယ်လို့ သိရတယ်၊ လူငယ်လောက်နီးနီး သန်မာတယ်လို့ သိရတယ်၊ စိတ်တို၊ ဒေါသထွက်မြန်လွန်းလို့ ရွာသူ၊ ရွာသားတွေက သူ့ကိုဆိုစကားကောင်းကောင်းမပြောရဲကြဘူးလို့ ကြားသိရတယ်''

''ကဲ.....ဒီလိုဆိုရင် စခန်းမှူးက ဦးထွန်းဝဆိုတဲ့လူကြီးကို ခေါ်စစ်ပြီး အိမ်မှာရှာကြည့်တာပေါ့၊ နောက်ပြီး ကျွန်တော်တို့ ခုန ဖြတ်လာတဲ့ ကျွဲ/နွားကျောင်းတဲ့ လမ်းအတိုင်း ထပ်ပြီးအသေးစိတ် ထပ်စစ်ဗျာ၊ ဒီနေ့တော့ အချိန်ပြီ



www.burmeseclassic.com

www.burmeseclassic.com

မရှိတော့ဘူး၊ ကျုပ်တို့လည်း မိုးညှင်းပြန်ရဦးမယ်၊ မြို့နယ်မှူးကတော့ နေခဲ့ပြီး စခန်းမှူးနဲ့ပေါင်း စစ်ဗျာ''

ခရိုင်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့လည်း လိုအပ်သည်များ ထပ်မံမှာကြားပြီး ထွက်ခွာသွားကြသည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် စခန်းမှူးတို့လည်း ခရိုင်ရဲတပ်ဖွဲ့မှူး ညွှန်ကြားချက်များအပေါ် မည်သို့ဆက်လက်ပြုလုပ်ရမည်ကို စဉ်းစားတွေးတောနေကြပြီးနောက် စခန်းမှူးက စဉ်းစားမိသည်ကို တင်ပြခဲ့သည်။

''ဗိုလ်ကြီး၊ ကျွန်တော်ကတော့ ခုနခရိုင်ရဲတပ်ဖွဲ့မှူးနဲ့ ဖြတ်လျှောက်ကြည့်တဲ့ ဦးထွန်းဝတဲရှေ့လမ်းကို ပြန်ပြီးစစ်ချင်တယ်၊ အဲဒီနေရာမှာ တစ်ခုခုများ ထူးခြားမလားလို့ စဉ်းစားမိတယ်''

''အေးဗျာ၊ ကျုပ်လည်း ထပ်စစ်ချင်တဲ့ ဆန္ဒရှိတယ်၊ မိုးမချုပ်သေးပါဘူးဗျာ၊ အချိန်ရှိပါသေးတယ်''

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် စခန်းမှူးတို့အဖွဲ့သည် ဦးထွန်းဝလယ်တဲခြံရှေ့ရှိ ကွဲ၊ နွား လှည်းကျောင်းသည့် လှည်းလမ်းဘက်သို့ ထပ်မံသွားရောက်ခဲ့ကြသည်။ ရောက်သည့်အခါ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်တစ်ဦးက လှည်းလမ်း၏ယာဘက်၊ စခန်းမှူးနှင့် နယ်ထိန်းအရာရှိတို့က လှည်းလမ်းဝဲဘက် ချုံများဆီသို့ တဖြည်းဖြည်း ရွှေ့လျားစစ်ဆေးကြသည်။

ဦးထွန်းဝ၏ ခြံစည်းရိုးအပြင်ဘက် အရှေ့မြောက်ယွန်းယွန်း ကွဲနွားလမ်း၏ ဝဲဘက်ချုံစပ်တစ်နေရာတွင် ရော်ဘာအပြာရောင် ဝဲဘက်စီး ဖိနပ်တစ်ဖက်ကို ချုံစပ်နားတွင် တွေ့ရှိရသည်။ စခန်းမှူးရဲအုပ် အောင်သန်းက.....

''ဗိုလ်ကြီး ဒီမှာ ရော်ဘာဖိနပ်တစ်ဖက်တော့တွေ့တယ်၊ မောင်မြင့်နွယ်ဖိနပ် ဟုတ်၊မဟုတ်တော့ မသိဘူး၊ ကျွန်တော်ယူလာပြီး ပြကြည့်ရမှာပဲ''

''အေး ကောင်းတယ်၊ တို့ရွာထဲပြန်ပြီး အုပ်ချုပ်ရေးမှူးအိမ်မှာ စုရပ်လုပ်မယ်၊ ကောင်လေးအဖေ၊ အမေခေါ်ပြီး ပြကြည့်ကြတာပေါ့ဗျာ''

ဒုရဲအုပ် မင်းစိုးအောင်က တွေ့ရှိသော ဖိနပ်တစ်ဖက်အား ယူ၍ ကြိုးဖြင့်ချည်ပြီး ဆွဲလာသည်။ အုပ်ချုပ်ရေးမှူး ဦးဇော်မိုင်အိမ်သို့ ရောက်သည့်အခါ အသင့်တွေ့ရှိပြီး မောင်မြင့်နွယ်၏ ဖခင်၊ မိခင်တို့အား ခေါ်ခိုင်းလိုက်သည်။ မကြာမီ မောင်မြင့်နွယ်၏ ဖခင်နှင့်မိခင်တို့လည်း မျက်နှာမသာမယာနှင့် ရောက်လာကြသည်။



''ကဲ.....ဦးလေးနဲ့ အဒေါ်တို့ စိတ်မကောင်းဖြစ်မနေကြပါနဲ့တော့၊ တရားနဲ့ဖြေဖြေကြပါ၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



လည်း သတ်တဲ့လူကို ပေါ်အောင် စုံစမ်းပါ့မယ်၊ အခုခေါ်တာက ဦးထွန်းဝခြံအရှေ့ဘက် ကျွဲနွားလွှတ်ကျောင်းတဲ့ လှည်းလမ်းဘေးချုံစပ်မှာ ရော်ဘာဖိနပ်တစ်ဖက်တွေ့လို့ ကျွန်တော်ယူလာတယ်၊ အဲဒါ ဦးလေးတို့သားစီးသွားတဲ့ ဖိနပ်ဟုတ်၊ မဟုတ် ကြည့်ပေးကြပါဦး''

ရဲအုပ် အောင်သန်းက သိမ်းယူလာသည့် အပြာရောင် ရော်ဘာဖိနပ်တစ်ဖက်အား ယူ၍ပြသရာ သေသူမောင်မြင့်နွယ်မိဘနှစ်ဦးစလုံးက ဖိနပ်အား သေချာစွာကြည့်ရှုပြီးနောက်.....

''ဟုတ်ပါတယ် ဆရာရယ်၊ ကျွန်မသား စီးသွားတဲ့ ဖိနပ်ပါပဲ၊ ကျွန်မကတောင် ကျွဲနွားသွားလွှတ်တာပဲ၊ ဘာဖြစ်လို့ ဖိနပ်စီးသွားမှာလဲလို့ ပြောလိုက်သေးတယ်''

ဟု ငိုယိုပြီးပြောသည်။

''ကဲ.....အဒေါ့်သားဖိနပ်မှန်ရင်တော့ ကျွန်တော် အဒေါ်တို့ဆီကပဲ သိမ်းလိုက်ပါ့မယ်''

ထိုသို့ပြောပြီး ရဲအုပ် အောင်သန်းက ရှာဖွေပုံစံနှင့် သိမ်းလိုက်သည်။ ထို့နောက် သိလိုသော အချက်များ မေးမြန်းပြီးနောက် မောင်မြင့်နွယ်၏ ဖခင်၊ မိခင်တို့အား ပြန်လွှတ်လိုက်သည်။

စခန်းမှူး ရဲအုပ် အောင်သန်းက နယ်ထိန်း ဒုရဲအုပ် မင်းစိုး

**ခင်ဗျား မသိချင်ယောင်ဆောင်မနေပါနဲ့ဗျာ၊ ခင်ဗျားအရွယ်ဟာ တကယ်တမ်းတော့ ဘုရား၊ တရားအရိပ်မှာ ပျော်မွေ့နေရမယ့်သူပါ၊ ဒေါသသိပ်ကြီးလွန်းရင် မကောင်းဘူးဗျာ၊ အခု ခင်ဗျား အသက်....**

အောင်နှင့် အဖွဲ့အား ဦးထွန်းဝနေအိမ်သို့ စေလွှတ်ပြီး ရဲစခန်းသို့ခေါ်လာခဲ့ရန် ညွှန်ကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်အတူ ရဲစခန်းသို့ပြန်လာခဲ့ကြသည်။

♛♛♛♛♛

ထိုနေ့ည ၈ နာရီခန့်တွင် နယ်ထိန်းအဖွဲ့နှင့်အတူ ဦးထွန်းဝလည်း လိုက်လာပါသည်။ ဦးထွန်းဝအား ရဲစခန်းရုံးခန်းတွင် ခေတ္တထိုင်နိုင်းထားပြီးနောက် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စခန်းမှူးနှင့် နယ်ထိန်းအဖွဲ့တို့က စစ်ကြောရေးစတင်ပြုလုပ်ကြသည်။

''ကဲ.....ဦးထွန်းဝ၊ ခင်ဗျားကိုခေါ်ခိုင်းတဲ့ကိစ္စကို ခင်ဗျားသိလောက်ပြီထင်တယ်''

''ဘာပြောတာလဲ စခန်းမှူး၊ ကျွန်တော် ဘာကိုသိရမှာလဲ''

''ခင်ဗျား မသိချင်ယောင်ဆောင်မနေပါနဲ့ဗျာ၊ ခင်ဗျားအရွယ်ဟာ တကယ်တမ်းတော့ ဘုရား၊ တရားအရိပ်မှာ ပျော်မွေ့နေရမယ့်သူပါ၊ ဒေါသသိပ်ကြီးလွန်းရင် မကောင်းဘူးဗျာ၊ အခု ခင်ဗျား အသက် ဘယ်လောက်ရှိပြီလဲ''

''ကျွန်တော် အခု ၅၃ နှစ်ထဲရောက်ပါပြီ''

''အင်း...ခင်ဗျားက အသက်သာကြီးတယ်၊ တော်တော်သန်မြန်တုန်းပဲနော်''

ဦးထွန်းဝမှာ ဘာမှပြန်မပြောဘဲ သူ့အားစစ်ဆေးနေကြသည့် ရဲတပ်ဖွဲ့ဝင်များကိုသာ ငေးမော ကြည့်ရှုနေသည်။ တိတ်ဆိတ်နေမှုအား စခန်းမှူး ရဲအုပ် အောင်သန်းက စတင်ဖြိုခွင်းလိုက်သည်။

''ခင်ဗျား ဘာဖြစ်လို့ မောင်မြင့်နွယ်ကို သတ်ရတာလဲ''

ထိုသို့ ရုတ်တရက်ပြောလိုက်ရာ.....

''ဆရာ ဘယ်လိုလုပ်သိတာလဲ''

ရုတ်တရက်ပြောဆိုပြီးမှ သူ့



www.burmeseclassic.com

www.burmeseclassic.com



စကားမှားသွားသည်ကို သိပြီး ကပျာကယာ ပြန်ပြင်ပြောလိုက်သည်။

“မဟုတ်ပါဘူး၊ ကျွန်တော်ဆိုလိုတာက ကျွန်တော်သတ်တယ်ဆိုတာကို ဘယ်လိုအထောက်အထားတွေများ တွေ့ထားသလဲလို့မေးတာပါ”

“ကဲ...ဒါဆို ကျွန်တော်ပြောမယ်ဗျာ၊ ကျွန်တော်ပြောပြီးရင်တော့ ခင်ဗျား အမှန်ဝန်ခံရမယ်၊ အခုသေတဲ့သူ မြင့်နွယ်ရဲ့ ရော်ဘာဖိနပ်တစ်ဖက်ကို ခင်ဗျားလယ်စိုက်တဲ့ခြံတဲရှေ့ ကျွဲ၊ နွားလမ်းဘေးချုံအစပ်မှာတွေ့တယ်၊ အဲဒီနေ့မနက် ခင်ဗျားတဲကို နှင်းမကွဲခင်သွားတာကို တွေ့တဲ့လူရှိတယ်၊ နောက်ပြီး အလောင်းကို လူတွေလာကြည့်တော့လည်း ခင်ဗျားက ရေအားလျှပ်စစ်တဲကလူကို ဘာထူးသေးလဲလို့ မေးသွားတယ်၊ ခင်ဗျားဟာ ရွာမှာဆို စိတ်အလွန်တိုပြီး ထစ်ခနဲဆို ဓားနဲ့လိုက်တတ်တဲ့အကျင့်ရှိတယ်ဗျာ၊ အခုလည်း ခင်ဗျား မောင်မြင့်နွယ်နောက်ကို ဒေါသနဲ့လိုက်ပြီး ဓားနဲ့လိုက်ခုတ်တာပဲမဟုတ်လား၊ ဘာမဟုတ်တဲ့အကြောင်းလေးကိုပဲ ခင်ဗျားက ဒေါသနဲ့ဖြေရှင်းတတ်တဲ့လူမို့ ခင်ဗျားပဲလို့ ကျုပ်စွပ်စွဲလိုက်တာပဲ၊ ခင်ဗျား ငြင်းနေလည်း ခင်ဗျားအိမ်ကို ကျုပ်တို့ ဝင်ရှာရမှာပဲ”

ဦးထွန်းဝမှာ စခန်းမှူးပြောသည့်စကားများကို နားထောင်ပြီး သက်ပြင်းအခါခါချလျက်ရှိနေ၏။

“ကဲ...ခင်ဗျားအိမ်ကို ကျုပ်တို့သွားရှာတော့မယ်”

“နေ.....နေပါဦး ဆရာရယ်၊ ကျွန်တော့်ဇနီးကလည်း အိမ်မှာကောင်းကောင်းနေမကောင်းဖြစ်နေတာမို့ ကျွန်တော် အမှန်ကိုပြောပါတော့မယ်၊ ဆရာပြောသလိုပါပဲ၊ ကျွန်တော့်ရဲ့ဒေါသကို ကျွန်တော် မထိန်းသိမ်းနိုင်လို့ ဖြစ်သွားရတာပါ၊ အခုဖြစ်ပြီးမှတော့ ကျွန်တော်လည်း ဘယ်လိုမှပြင်လို့မရတော့ပါဘူး ဆရာရယ်၊ ကျွန်တော်လည်း စိတ်မကောင်းပါဘူး၊ ကျွန်တော့်ရဲ့ ဒေါသက ကျွန်တော့်ကို ဒဏ်ခတ်လိုက်ပါပြီ၊ အဖြစ်က ဒီလိုပါ ဆရာ.....”

♛♛♛♛

“ကျွန်တော်က ငယ်ငယ်ကတည်းက စိတ်တိုတတ်တဲ့ အကျင့်ရှိတယ်၊ ကျွန်တော်လည်း ကြိုးစားပြီး သတိပြုထိန်းတာပါပဲ၊ ဒါပေမဲ့ ဗီဇလိုဖြစ်နေပြီ၊ ကျွန်တော့်ကို မချေမငံ ပြန်ပြောရင်တော့ ကျွန်တော့်စိတ်ကို ထိန်းလို့မရတော့ဘူး၊ အဲဒီပြောတဲ့လူကို တစ်ခုခု လုပ်လိုက်ရမှ ကျေနပ်တယ်ဆရာ၊ အခုလည်း မောင်မြင့်နွယ်က အပြောအဆိုမတတ်ဘဲ ကျွန်တော့်ကို ပြန်ပြောခဲ့လို့ ကျွန်တော့်ဒေါသကို မထိန်းနိုင်ဘဲဖြစ်ခဲ့ရတာပါ”

“မောင်မြင့်နွယ်နဲ့ ဘယ်လိုပြဿနာဖြစ်လို့လဲ”

“ကျွန်တော်စိုက်ထားတဲ့လယ်ကွက်ထဲကို လွန်ခဲ့တဲ့ ၁၀ ရက်ကျော်လောက်က သူ့ကျွဲတွေဝင်


**ကျွန်တော်က ငယ်ငယ် ကတည်းက စိတ်တိုတတ်တဲ့ အကျင့်ရှိတယ်၊**
**ကျွန်တော်လည်း ကြိုးစားပြီး သတိပြုထိန်းတာပါပဲ၊ ဒါပေမဲ့ ဗီဇလိုဖြစ်နေပြီ၊**
**ကျွန်တော့် ကို မချေမငံ ပြန်ပြောရင်တော့ ကျွန်တော့်စိတ်ကို ထိန်းလို့မရတော့ ဘူး၊ အဲဒီပြောတဲ့လူကို**
**တစ်ခုခု လုပ်လိုက်ရမှ ....**



www.burmeseclassic.com

www.burmeseclassic.com





စားခဲ့တယ်၊ တစ်ခါလည်း မကာဝင် စားတော့ လယ်တွေပျက်စီးတာပေါ့ဗျာ”

“အချင်းဖြစ်တဲ့နေ့က ဖြစ်ပျက်ပုံကို ပြောပါဦး”

“အဲဒီနေ့ကကျွန်တော်လည်း လယ်တဲကို မနက်စောစောသွားခဲ့ပါတယ်၊ ခြံစည်းရိုးပျက်နေတာလေးတွေ ပြုပြင်ဖို့ နှီးဖြာနေတုန်း မောင်မြင့်နွယ်က သူ့ကျွဲတွေနဲ့အတူ ခြံရှေ့ကမောင်းသွားခဲ့ပါတယ်၊ ကျွန်တော်ကလည်း ကျွန်တော့်လယ်ထဲကို သူ့ကျွဲတွေ နှစ်ခါသုံးခါလောက် ဝင်စားထားတာမို့ ‘မင်းကျွဲတွေ ငါ့လယ်ထဲဝင်စားတာ ပျက်စီးကုန်တယ်၊ အဲဒါ မင်းအဖေကို ပြောပြီး ငါ့သီးနှံဖိုးလေး လျော်ပေးဦးကွာ’လို့ပဲ အေးအေးဆေးဆေး ပြောခဲ့ပါတယ်”

“မောင်မြင့်နွယ်က ဘာပြန်ပြောခဲ့သလဲ”

“မောင်မြင့်နွယ်က လူငယ်ပီပီ ကျွန်တော့်ကို မချေမငံ ပြန်ပြောခဲ့တယ်လေ၊ သူပြောပုံက ‘တိရစ္ဆာန်ပဲဗျာ၊ သူစားချင်ရာစားမှာပေါ့၊ မစားစေချင်ရင် ခင်ဗျားခြံကို လုံအောင်ကာပေါ့ဗျာ’လို့ မထီတရီ ပြန်ပြောခဲ့တယ်”

“အဲဒီတော့ ဘာဆက်ဖြစ်ကြသလဲ”

“ကျွန်တော်ကလည်း ကျွန်တော် ကောင်းကောင်းမွန်မွန် ပြောလျက်သားနဲ့ ကျွန်တော့်ကို မချေမငံ ပြန်ပြောခဲ့တာကြောင့် ကျွန်တော့်ရဲ့ဒေါသက အထွတ်အထိပ်ကို ရောက်သွားခဲ့ပါတယ်၊ ဘယ်လိုမှ ထိန်းလို့မရတော့ပါဘူး၊ ကျွန်တော် နှီးဖြာဓားကိုယူပြီး ‘မင်းကများ ငါ့ကိုဒီလိုပြောတယ်၊ တွေ့ကြသေးတာပေါ့ကွာ’လို့ပြောပြီး သူ့နောက်ကို ဓားနဲ့လိုက်ပါတယ်၊ သူကလည်း လူငယ်ဆိုတော့ အပြေးသန်ပါတယ်၊ ကျွန်တော်ကလည်း ဒေါသအရှိန်တက်နေတော့ သူ့နောက်ကို ဓားနဲ့အပြေးလိုက်ပါတယ်”

“မောင်မြင့်နွယ်က ဘယ်ဘက်ကိုပြေးတာလဲ”

“သူက ရွာမြောက်ဘက် ချောင်းရိုးဆီကို ပြေးတယ်၊ ကျွန်တော် ဆက်လိုက်တယ်၊ ရိုးထဲခုန်ချတော့ ကျွန်တော်လည်း လိုက်ပြီးခုန်ချတယ်၊ ဟိုဘက်ကမ်းပေါ် အတက်မှာ နောက်ကနေ သူ့ခြေသလုံးတွေကို ဓားနဲ့လှမ်းခုတ်မိတယ်၊ ကမ်းပေါ်ရောက်တော့ သူသိပ်မပြေးနိုင်တော့ဘူး၊ မှောက်ခုံ လဲသွားတယ်”

“အဲဒီအချိန်မှာ ခင်ဗျားက ဘာလုပ်သလဲ”

“ကျွန်တော်လည်း ဘာမှ မမြင်တော့ပါဘူး၊ သူ့အပေါ်ခွစီးပြီး လည်ကုပ်ကို အကြိမ်ကြိမ်အခါခါ ခုတ်မိတယ်ထင်တာပဲ၊ ခေါင်းတခြားကိုယ်တခြား ဖြစ်မှပဲ ရပ်လိုက်မိတော့တယ်၊ သူ့ခေါင်းကို ကျွန်တော် ခြေထောက်နဲ့ကန်လိုက်တော့ ချောင်းရိုးထဲ ကျသွားတယ်၊ အဲဒီတော့မှ ကျွန်တော်လည်းသတိ



www.burmeseclassic.com

www.burmeseclassic.com

ဝင်လာတော့တယ် ဆရာ၊ ငါမှားသွားပြီလို့ နောင်တရမိတယ်၊ ဒါပေမဲ့ သိပ်နောက်ကျသွားပြီ ဆရာ၊ ဒေါသစိတ်က ကျွန်တော့်ကိုအနိုင်ယူသွားခဲ့တယ်လေ၊ ခုတ်တဲ့ဓားကတော့ သွေးတွေပေနေလို့ ရေဆေးပြီး အိမ်မှာထားထားပါတယ် ဆရာ''

ရဲစခန်းမှူး ရဲအုပ် အောင်သန်းက ဦးထွန်းဝ၏ ရှည်လျားစွာပြောပြနေသော ဝန်ခံချက်ကို နားထောင်ပြီး.....

''အေးပေါ့ဗျာ၊ ကျွန်တော်တို့ မြတ်စွာဘုရားရှင်က မေတ္တာသည် အရာရာကို အောင်နိုင်တယ်လို့ ဟောခဲ့တယ်မဟုတ်လား၊ ဘုရားဖြစ်ခါနီး မာရ်နတ်နဲ့အဖွဲ့ လာဖျက်ခဲ့တာတောင် ဘုရားရှင်ရဲ့မေတ္တာဓာတ် စူးရှထက်မြက်လွန်းလို့ အောင်နိုင်ခဲ့တာပဲမဟုတ်လား၊ အခုလည်း ခင်ဗျားက ဘာမဟုတ်တဲ့ကိစ္စလေးကို ယိုးမယ်ဖွဲ့ပြီး မေတ္တာမထားနိုင်ဘဲ ဒေါသကို မထိန်းသိမ်းနိုင်ခဲ့လို့ မဖြစ်သင့်တာတွေ ဖြစ်ခဲ့ရတာပဲပေါ့ဗျာ၊ ဥပဒေက ပေးတဲ့အပြစ်ကိုတော့ ခံရမှာပေါ့ဗျာ''

စခန်းမှူး ရဲအုပ် အောင်သန်းက သက်သေများနှင့်အတူ ဦးထွန်းဝအိမ်သွားပြီး အခင်းဖြစ်စဉ်အသုံးပြုခဲ့သည့်ဓား၊ သွေးစွန်းအင်္ကျီတို့ကို သိမ်းဆည်းနိုင်ခဲ့သည်။ အမှုတွဲတည်ဆောက်ပြီး မိုးညှင်းခရိုင်တရားရုံးသို့ တရားစွဲတင်သည့်အခါ စစ်ဆေးပြီးသည့်နောက် ခရိုင်တရားရုံးက ဦးထွန်းဝအား အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ပြစ်ဒဏ် ချမှတ်ခဲ့သည်။





စခန်းမှူး ရဲအုပ် အောင်သန်းကတော့ ''ကမ္ဘာပေါ်ရှိ လူသားတိုင်း တစ်ဦးနှင့်တစ်ဦး မေတ္တာတရား ထားနိုင်ကြပါစေ''လို့ စိတ်ထဲမှ အကြိမ်ကြိမ်အခါခါ ဆန္ဒပြုလျက် ရှိနေပါတော့သည်။

**(အသက်အရွယ်ကြီးမြင့်ပြီး ဒေါသကို ထိန်းသိမ်းနိုင်မှု မရှိခဲ့သဖြင့် လူငယ်တစ်ဦး၏အသက် ဆုံးရှုံးခဲ့မှုဖြစ်စဉ် ဖြစ်ရပ်မှန်အား အမည်လိပ်စာများ လွှဲပြောင်း၍ ခံစားရေးဖွဲ့ထားခြင်းဖြစ်ပါသည်။)**

ဒုရဲမှူးကြီးဝင်းဦး (ငြိမ်း)



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

# ရေနံကြီး အမှောင်ထဲက ကျား ပြေးမလွတ်ပါ




www.burmeseclassic.com

www.burmeseclassic.com



## အမှောင်ထဲကကျား ပြေးမလွတ်ပါ

ရေနဂါး

"ဟဲ့..လုံးတင်၊ ညည်းလင်က မှာလိုက်တယ်၊ ကြည့်မြင်တိုင်ရဲ့ စခန်းကို လာတွေ့ပါတဲ့၊ ညည်းနှယ် တော် သမီးအပျိုလေးရှိရဲ့နဲ့နောက် လင်ယူရတယ်လို့၊ လင်ကောင်း သားကောင်းဆိုရင် တော်ပါသေးရဲ့၊ အခုဟာက ခါးပိုက်နှိုက်ကိုမှ လင် တော်ရတယ်လို့"

လုံးတင်ခမျာ မကြည်အေး ပြောသမျှကို ခေါင်းငုံ့ခံရင်း မျက်နှာ ငယ်ရသည်။ အားငယ်စိတ် ကြောင့် မျက်ရည်များက တစ်ပေါက်ချင်းကျ နေ လေ၏။

"ဒီမယ် မကြည် အေး၊ ကျွန်မ လိုမဖြစ် အောင်သာ ရှင့်ရဲ့သမီး တွေ ကိုထိန်းပါ"

မလုံးတင်၏ ဒေါသသံပါသော တုံ့ပြန်စကားကြောင့် မကြည်အေးမှာ ရုတ်တရက် ဒေါသပေါက်ကွဲခဲ့တော့၏။

"တောက်..ခါးပိုက်နှိုက်မယား ကများ ပြောရတယ်ရှိသေး၊ တော် ပြီ၊ နောက်တစ်ခါ ဘယ်တော့မှ မဆက်ဆံတော့ဘူး"

မကြည်အေးမှာ ဒေါသတကြီး ဖြင့် လှည့်ထွက်သွားခဲ့သည်။

* * * * *



မကြည်အေးမှာ ရပ်ကွက်ထဲ တွင် နေ့ပြန်တိုးဖြင့် ငွေချေးစားနေ၍ ရွာ၏မျက်နှာဖုံးလို ဖြစ်နေ၏။ သမီးသုံးယောက်မွေးထားသဖြင့် ရွာ ရှိ ကာလ သား များက မကြည်အေး ထံမှ ငွေများချေးယူပြီး သမီးများနှင့် ဖူးစာဆုံရန် ကြိုးစားကြ၏။

"သမီးမနှင်းပွင့်၊ သမီးရဲ့ခြေ လှမ်းတွေ ပျက်နေတယ်၊ ပြင်ရင် ကောင်းမယ်ထင်တယ်"

"အမေကလည်း သမီးနဲ့ ကို ဝေထွန်းနဲ့က ဘာမှမဖြစ်ပါဘူး အမေရဲ့၊ အမေကသာ ငွေချေး စားနေလို့ သမီးက အလိုက် သင့် ဆက်ဆံနေတာပါ အမေရဲ့"

မိခင်ဖြစ် သူ မကြည် အေးမှာ သမီး ဖြစ်သူက ဆင် ခြေပေး၍ ချေပ ပြောဆိုမှုကို ယုံ ကြည်၍ စိတ်ကို


www.burmeseclassic.com

www.burmeseclassic.com





လျှော့လိုက်ရ၏။

"အေးပါအေ...အေးပါအေ၊ ဘာမှမဖြစ်ရင် ပြီးတာပဲ"

ထိုစဉ် သမီးဖြစ်သူ မနှင်းပွင့်က အလန့်တကြားဖြင့် အော်ပြောလိုက်၍ မကြည်အေးမှာ အထိတ်တလန့်ဖြစ်သွားခဲ့ရင်း သမီးဖြစ်သူ ညွှန်ပြရာသို့ လှမ်းကြည့်လိုက်၏။

"အမေ..အမေ၊ ဟိုမှာ အမေ့ဆီကငွေချေးပြီး ရှောင်နေတဲ့ မဝင်းဝင်းနိုင်"

မကြည်အေးက မျက်နှာအား မျက်နှာသုတ်ပဝါဖြင့် သုတ်လိုက်ရင်း အသံကျယ်ကျယ်ဖြင့် ဝင်းဝင်းနိုင်အား လှမ်းခေါ်လိုက်၏။

"ဟဲ့ကောင်မ...ဝင်းဝင်းနိုင်၊ လာစမ်းပါဦး၊ ညည်းငါ့ဆီက ငွေယူတုန်းကတော့ ပြုံးပြုံးရွှင်ရွှင်နဲ့ယူပြီး အခုကျမှ ဘာကြောင့်ရှောင်နေတာလဲ"

"ရှောင်နေတာမဟုတ်ပါဘူး မကြည်အေးရယ်၊ ကျွန်မသမီးလေး နေမကောင်းဖြစ်နေလို့ပါ"

"အေး..ညည်းတို့ပြောလိုက်ရင် ဒီအတိုင်းချည်းပဲ"

"တကယ်ပြောတာပါမကြည်အေးရယ်"

"ငါ့နှယ်အေ အပိုငွေလေးရမလားလို့ အတိုးနဲ့ချေးစားပါတယ်၊ ဖွတ်မရ ဓားမဆုံးမယ့်ပုံစံတော့ မလုပ်နဲ့ သိလား၊ ကြည်အေးတဲ့၊

ညည်းကို အမွေ အနေနဲ့
ပညာအမွေပဲပေးနိုင်တာ၊
ငါ့မှာ အမွေပေးနိုင်တာဆိုလို့
ဒါပဲရှိတယ် သမီး၊
သမီးရယ်
ကျောင်း တော့တက်ပါနော်၊
ဒီနှစ်က ၁၀ တန်းလေ၊
ဒီတစ်ကွေ့လေး
သမီး ကြိုးစားလိုက်ရင်
သမီးရဲ့ဘဝက....

ဒီရွာမှာ တစ်ယောက်တည်းရှိတယ်"

ဝင်းဝင်းနိုင်မှာ ကြိမ်းမောင်းခံလိုက်ရ၍ ရှေ့ဆက်မည့်ခရီးကို မသွားချင်တော့။ ဝင်းဝင်းနိုင်၏ သမီးဖြစ်သူ ဝိုင်းစိန်နှင့်လည်း ကျောင်းကအပြန်တွင် သွားတိုးနေတော့ ပိုဆိုးသွားလေသည်။ သမီးဖြစ်သူ ဝိုင်းစိန်ကလည်း မိခင်ဖြစ်သူမျက်နှာကိုကြည့်ရင်း သနားစိတ်ဝင်သွားလေသည်။ အိမ်သို့ရောက်သောအခါ မိခင်ဖြစ်သူအား ပြောလိုက်၏။

"သမီး ကျောင်းမတက်ချင်တော့ဘူး အမေ"

"ညည်းဘယ်လိုပြောလိုက်တာလဲ ဝိုင်းစိန်၊ ညည်းကို အမွေ



www.burmeseclassic.com

www.burmeseclassic.com

အနေနဲ့ ပညာအမွေပဲပေးနိုင်တာ၊ ငါ့မှာ အမွေပေးနိုင်တာဆိုလို့ ဒါပဲ ရှိတယ် သမီး၊ သမီးရဲ့ ကျောင်း တော့တက်ပါနော်၊ ဒီနှစ်က ၁၀ တန်းလေ၊ ဒီတစ်ကွေ့လေး သမီး ကြိုးစားလိုက်ရင် သမီးရဲ့ဘဝက ပြောင်းလဲသွားမှာ သမီးရဲ့"

မိခင် ဝင်းဝင်းနိုင်၏ အားပေး စကားကို ပိုင်းစိန်က နားမဝင်ခဲ့။ မိခင်ကို သနား၍ အိမ်မှုတာဝန်ကို ခွဲယူရန် ဆုံးဖြတ်ခဲ့မိခြင်း ဖြစ်သည်။ သမီးဖြစ်သူမှာ မိခင်အတွက်ရင်တွင်း၌ မခံစားနိုင်တော့၍ ထပ်ပြော မည်ပြုစဉ် မိခင်ဖြစ်သူက သမီးအား ရှင်းပြလိုက်၏။

"ဒီမှာ သမီး၊ သမီးကို အမေက မွေးထုတ်ထားတာပါ၊ အခု အခန့်မသင့်လို့ ငွေလေးတစ်သောင်း ယူမိတာပါ သမီးရယ်၊ သမီးနောက်တော့ သိလာမှာပါ"

♛♛♛♛♛

"ကိုကျော်ဖံ.....ကိုကျော်ဖံ"

"ဟာ...ရပ်ကွက်လူကြီးနဲ့ ရဲတပ်ဖွဲ့ဝင်တွေပါလား၊ လာလေဗျာ၊ အိမ်ထဲဝင်ကြပါ၊ ဟဲ့.....မမြအေး ထစမ်း၊ ရေနွေးလေးဘာလေးလုပ်ကြစမ်း"

ကိုကျော်ဖံက ပျာပျာသလဲဖြင့် လှမ်းပြောရင်း မမြအေးအား



ရေနွေးကြမ်းဖြင့်ဧည့်ခံရန် ပြောလိုက်၏။

"ဟုတ်ကဲ့.....ဟုတ်ကဲ့"

အတူနေ အိမ်ဖော်အကူဖြစ်သူ မမြအေးမှာလည်း ပျာပျာသလဲဖြင့် ထိုင်ရာမှထ၍ ခတ်ဘူးထဲတွင် အသင့်ရှိသော ရေနွေးကြမ်းနှင့် အချိုအချဉ်ထုပ်များကို လင်ဗန်းထဲထည့်ကာ ဧည့်ခံခဲ့သည်။

ကိုကျော်ဖံအား တစ်ရွာလုံးက ချစ်ကြောက်ရိုသေကြသည်။ မည်သည့်ကိစ္စမဆို ကိုကျော်ဖံဆီသွားပါက အဆင်ပြေသည်။ ကိုကျော်ဖံက အနေ အထိုင် ပိရိသည်။ သေ သပ်သည်။ ဘယ်သူဘာပြောပြော ဝင်မပြောတတ်။ သူပြောလျှင်လည်း သူ့စကားက အောင်သည်။ ရပ်ကွက်က သူ့အား အုပ်ချုပ်ရေးမှူးအဖြစ် ဆောင်ရွက်ရန် တိုက်တွန်းကြ၏။ ကိုကျော်ဖံက ငြင်းပယ်ခဲ့သည်။ မမြအေးမှာ ကိုကျော်ဖံထံ ဒုက္ခသည်အဖြစ် ရောက်ရှိလာပြီး မီးခိုနေထိုင်ခွင့်တောင်းကာ အတူနေထိုင်ခဲ့သူဖြစ်၏။

ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်လူကြီးများက ကိုကျော်ဖံ၏ အပြုအမူနှင့် ဆက်ဆံရေးကို သဘောကျကြသည်။ ကိုကျော်ဖံတည်ခင်းဧည့်ခံသော ရေနွေးနှင့် အချိုအချဉ်များအား စားသောက်ပြီးနောက်ကိုကျော်ဖံအား နှုတ်ဆက်ကာထွက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုကျော်ဖုံမှာ ညော့သည်များထံမှ ဒီနယ်တွင် ဓားပြအဖွဲ့ဝင်တစ်ယောက် ရောက်နေသည်ဆိုသည့် စကားကို ကြားသွား၏။ ထိုစကားကြောင့် တုန်လှုပ်သွားခဲ့ရလေ၏။

အိမ်ဖော်အကူဖြစ်သူ မမြအေးက ဘာမျှမသိ။ ညော့သည်များပြန် သွားပြီဖြစ်သဖြင့် ပြန်၍ အိပ်ခဲ့ရာ ချက်ချင်းအိပ်ပျော်သွားခဲ့၏။

ကိုကျော်ဖုံကတော့ နဖူးပေါ် လက်တင်ရင်း တွေးတောကာ ရင်မောနေလေ၏။

နံနက် ၄ နာရီထိုးသည်နှင့် ကိုကျော်ဖုံမှာ မနေနိုင်တော့ပေ။ အထုပ်အပိုးများပြင်ရင်း အိမ်ထဲမှ ထွက်မည်အပြုတွင် အမြဲတစေ သူ့အား ရိုရိုကျိုးကျိုးဆက်ဆံနေရသည့် မမြအေးက သူ့အား လက်ထိတ်ခတ်လိုက်လေသည်။

"ချောက်....."

"မမြအေး၊ ဒါဘာ လုပ်တာလဲ"

"ရှင်လုပ်ခဲ့တာ ရှင်သိမှာပေါ့၊ ရှင် ဟာ ပြည် တစ်ဖက်ကမ်း မှာ နာမည်ကြီးနေတဲ့ ဓားပြခေါင်းဆောင်ဆိုတာ ရှင့်ကိုယ်ရှင်သိရင် ငြိမ်ငြိမ်လေး အဖမ်းခံပါ၊ အိမ်ပတ်ဝန်းကျင်မှာ လည်း ရဲတပ်ဖွဲ့ဝင်တွေရှိ တယ်၊ ရှင်လှုပ်မယ်မကြံနဲ့နော်၊ ရှင်လှုပ်လိုက်တာနဲ့ ကျွန်မလက်ထဲက သေနတ်ကျည်ဆန်က ရှင့် ဗိုက်ထဲဝင်သွားမယ်"

"အေးပေါ့ကွာ၊ မင်းတို့လက်ဦးသွားတော့လည်း ငါအဖမ်းခံရမှာပေါ့"

"အဲဒီလို လိမ္မာစမ်းပါရှင်"

"ဒါနဲ့ နေပါဦး၊ မင်းက ရဲတပ်ဖွဲ့ကလား"

"အဲဒါ ရှင်သိစရာမလိုသေးဘူး"

"မင်းက မိဘမဲ့ဆို၊ ငါ့ဆီမှာ ဘယ်လိုဘဝနဲ့ပဲဖြစ်ဖြစ် နေပါရစေဆို"

"ရှင်ကျေနပ်လို့ ကျွန်မကို လက်ခံခဲ့တာပဲ"

"မင်းနှယ်ကွာ ငါ့အိမ်မှာအိမ်အကူအနေနဲ့လာပြီး ဆင်းဆင်းရဲရဲ ဒုက္ခခံရတယ်လို့"

"လျှောက်ပြောမနေနဲ့၊ အချိန်မရှိဘူး"

"ငါက သံယောဇဉ်နဲ့ ပြောပြတာပါ"

"လူတွေသိကုန်မယ်၊ တိုးတိုးပြော"

"အေးပါ၊ ငါနာခံပါ့မယ်"

"ခရီးသွားတဲ့ပုံစံနဲ့ပဲ ဒီကနေထွက်ပါ၊ ကျွန်မလည်း ရှင့်ရဲ့အိမ်





www.burmeseclassic.com

www.burmeseclassic.com



ဖော်ပုံစံနဲ့ပဲ ဒီကထွက်မယ်၊ မြို့ကိုရောက်မှ လမ်းခွဲကြတာပေါ့၊ ဟုတ်လား''

''ကောင်းပါပြီဗျာ''

♛♛♛♛♛



ရွာမျက်နှာဖုံးနှင့် အိမ်အကူ မိန်းကလေးတို့ ပျောက်ခြင်းမလှ ပျောက်သွားသောအခါ ရွာထဲ၌ တစ်ယောက်တစ်ပေါက်ဖြင့် တီးတိုး ပြောဆို ဝေဖန်နေကြသည်။ ထိုသို့ ဝေဖန်ကြသည့်အထဲတွင် မကြည် အေးက ပထမ။ ကိုကျော်ဖံတို့မရှိ မှ သူမ၏လုပ်ငန်းက ပိုမိုတွင်ကျယ် လာလေသည်။

မကြည်အေး၏အတိုးနှုန်းက ယခင်ကထက်ကြီးလာ၏။ အပေါင် ခံသော ပစ္စည်းများကိုလည်း ဈေး နှိမ်လာလေ၏။ မကြည်အေးအား တစ်ရွာလုံးက ရွံ့မုန်းလာကြသည်။

သမီးဖြစ်သူကလည်း ၁၀ တန်းကျောင်းသူဆိုတော့ ပိုပြီး ဘဝင်မြင့်လေ၏။ ဆွဲကြိုးအပြားက လည်း လက်မလောက်ရှိ၏။ လက် ကောက်များကလည်း တံတောင် ဆစ်လောက်ဆိုတော့ ပိုပြီးအမြင် ကတ်ကြလေ၏။

မမြအေး ရွာသို့ပြန်ရောက်လာ ၏။ မကြည်အေးနှင့် ရွာထိပ်၌ ဆုံ ကြပြန်သည်။

အမယ်လေး...
သမီးရယ်
အမေ့ကို မေ့သွားပြီလား၊
ညည်း ပြောတော့
ဝေဖွန်းနဲ့
ဘာမှမဖြစ် ဘူးဆို၊
အခုတော့.....

''ဟဲ့.....မမြအေး၊ ညည်းတို့ နှစ်ယောက် ဘယ်ပျောက်သွားတာ လဲ''

''ခရီးထွက်သွားတာပါ အစ်မ ကြည်အေး''

''ဒါနဲ့ နေစမ်းပါဦး၊ နှင့်အိမ် ရှင် ကိုကျော်ဖံကော ပါမလာဘူး လား''

''သူက ဟိုမှာအခြေချချင် တယ်ဆိုပြီး ကျန်ရစ်ခဲ့တယ်၊ အစ်မ ကြည်အေးကို သူကမှာလိုက်တယ်၊ လိုအပ်ရင် အစ်မဆီကိုသွားပြီး အကူအညီတောင်းပါလို့လည်း မှာ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ် အစ်မ''

''အေး...ရပါတယ်၊ တစ်ရွာတည်းသားချင်းတွေပဲဟာ၊ ကူညီရမှာပေါ့''

မမြအေးမှာ ရွာသို့ပြန်ရောက်လာပြီး အိမ်ဆိုင်လေးဖွင့်နေ၏။

မကြည်အေးကလည်း မမြအေးအား လိုသလောက်ငွေကို ထုတ်ပေးလေသည်။ တစ်နေ့တွင် မကြည်အေးအိမ်သို့ မမြအေးရောက်လာသည်။

''အစ်မကြည်အေး''

''မမြအေးပါလား၊ ငွေလိုလို့လား''

''မဟုတ်ပါဘူး မကြည်အေးရယ်၊ အစ်မအိမ်မှာ နိုင်းစရာရှိရင် နိုင်းပါလို့ ပြောမလို့ပါ''

''ရပါတယ် မမြအေးရယ်၊ နင့် အိမ်ရှင် ပြန်လာရင်သာ ငါ့ငွေတွေကို ပြန်ဆပ်နိုင်အောင်သာ ကြိုးစားပါ''

''ဟုတ်ကဲ့ပါ အစ်မ''

မမြအေးမှာ မကြည်အေးအား အယုံသွင်း၍ ချဉ်းကပ်ခဲ့သည်။ စကားအပြောအဆိုကိုတော့ သတိထားနေရ၏။

♛♛♛♛♛

''သမီးမဝိုင်းစိန်၊ စာမေးပွဲဖြေနိုင်ရဲ့လား''

''ဖြေနိုင်ပါတယ် အမေ''

''အေး၊ ဒါမှငါ့သမီး၊ ဪ.. သမီးရေ အမေ မမြအေးရဲ့အိမ်ဘက် သွားလိုက်ဦးမယ်''

''ဟုတ်ကဲ့ အမေ''

တောရွာသဘာဝအတိုင်း မဝင်းဝင်းနိုင်မှာ ခေါင်းပေါ်၌ သဘက်လေးတင်ရင်း ရွာထဲသို့ ထွက်သွားလေ၏။

''ဟဲ့...ဝင်းဝင်းနိုင်၊ လာစမ်းပါဦးအေ၊ ညည်းကလည်း ကျူပ်အကြွေးဆပ်ပြီးကတည်းက ပေါ်မလာဘူး၊ အခုမှတွေ့တော့တယ်''

''မဟုတ်ရပါဘူး မကြည်အေးရယ်၊ သမီးက ၁၀ တန်းစာမေးပွဲ

**ကိုကျော်စံကို**
**စားပြုမှုနဲ့ဖမ်းခဲ့တာပါ၊**
**ကိုကျော်စံရဲ့**
**ဖော်ထုတ် ချက်အရ**
**ထိုက်ရာပါမှုဦးမွေကို**
**မကြည်အေးက**
**တစ်ခက်ရှည်နဲ့**
**ထု ခွဲသေးနေတယ်၊**
**စားပြုတိုက်ရ မယ့်**
**နေရာကို ပြောတာပြီး ...**

ဖြေနေတယ်ဆိုတော့ သူ့ရဲ့ဝေယျာဝစ္စ လုပ်ပေးနေရလို့ပါ''

''ညည်းလည်း တော်တော်ပိန်သွားတယ်နော်''

''ဟုတ်တယ်၊ နည်းနည်းပိန်သွားတယ်၊ ဒီမှာ ကျွန်မ သိပ်မနေချင်ဘူး၊ ကျွန်မအမေက ဒီရွာလေးမှာ သွားနေပေးပါဆိုလို့ လာနေပေးတာပါ၊ အိမ်ခြံမြေဈေးတွေကလည်း တက်လာတယ်ဆိုတော့ အမေ့စီးပွားရေးအတွက်ပေါ့''

''အေးပေါ့အေ၊ ညည်းတို့အမေက ချမ်းသာတယ်ဆိုတော့ ပြောအားရှိတာပေါ့''

မကြည်အေးသည် ဝင်းဝင်းနိုင်၏မိခင်အား တွေ့ဖူးထား၍ မျက်နှာချိုသွေးကာ ပြောလေ၏။

''ကဲ...မကြည်အေး စကားတော့ပြောလို့ကောင်းတယ်၊ ကျွန်မ အလုပ်လေးရှိလို့ ခွင့်ပြုပါဦးနော်''

''အေး.....အေး''

♛♛♛♛♛

''အမယ်လေး...သမီးရယ် အမေ့ကို ပစ်သွားပြီလား၊ ညည်းပြောတော့ ဝေထွန်းနဲ့ ဘာမှမဖြစ်ဘူးဆို၊ အခုတော့ ညည်းလုပ်ရက်တယ်''

''မကြည်အေးရယ် စိတ်ထိန်းပါ''



www.burmeseclassic.com

www.burmeseclassic.com



''ဘယ်လိုမှ စိတ်မထိန်းနိုင်ဘူး၊ ငါ့ရင်တွေ ကွဲကုန်ပြီ''

''ရှင့်သမီးပြန်လာမှာပါ''

မဝင်းဝင်းနိုင်က ဖျောင်းဖျပြောဆိုသော်လည်း မကြည်အေးမှာရင်ကိုထု၍ ငိုနေ၏။ အော်ဟစ်ငိုရင်း သတိလစ်သွား ခဲ့သည်။ ရွာထဲမှလူများ ကြားသိ၍ ရောက်လာကြ ပြီး ဝိုင်းဝန်းပြုစုပေး၍ သတိပြန်ရလာလေ၏။

''သမီးရယ် အမေ့ကို စိမ်းကားပြီး ထွက်သွားပြီလား''

''မကြည်အေးရယ် သဘာဝဖြစ်စဉ်မို့ တရားနဲ့ဖြေပါ ရှင်၊ ကိုယ့် ကိုယ်ကိုယ် မနှိပ်စက်ပါနဲ့''

မကြည်အေးမှာ သမီးဓာတ်ပုံကို ငိုနေခဲ့၏။ ထိုအချိန် စတီးလ်လက် ကောက်လေးလိုပစ္စည်းအား လက်ခနဲ မြင်လိုက်ရ၏။

မကြည်အေး လန့်သွား၏။

''ဒါဘာလုပ်တာလဲ မမြအေး''

''ဟုတ်ပါတယ်၊ တာဝန်အရ လုပ်တာပါ''

''ဘာတာဝန်လဲ၊ နင်ကဘယ်သူလဲ''

''နောက်မှမေးပါ''

''ဒါဆို ရှင်.....ရှင်''

''ဟုတ်ပါတယ်၊ ကျွန်မ ကိုကျော်ဖံကို ဖမ်းခဲ့တာပါ''

''ဘာအမှုနဲ့ဖမ်းတာလဲ''

''ကိုကျော်ဖံကို ဓားပြမှုနဲ့ဖမ်းခဲ့တာပါ၊ ကိုကျော်ဖံရဲ့ ဖော်ထုတ်ချက်အရ တိုက်ရာပါပစ္စည်းတွေကို မကြည်အေးက တစ်ဖက်လှည့်နဲ့ ထု ခွဲပေးနေတယ်၊ ဓားပြတိုက်ရ



မယ့်နေရာကို လေ့လာပြီး လက်ထောက်ချတယ်ဆိုတာ သိပြီးပါပြီ''

''အေးပေါ့လေ၊ လက်ဦးသွားတော့လည်း အဖမ်းခံရမှာပေါ့''

''မကြည်အေးရဲ့သမီး မနှင်းပွင့်အကြောင်းကိုပါ တစ်ခါတည်းပြောမယ်နော်၊ စိတ်မရှိပါနဲ့''

''ကဲ.....ပြောပါဦး၊ ငါ့သမီးက ဘာဖြစ်လို့လဲ''

''မကြည်အေးရဲ့သမီး မနှင်းပွင့်ဟာ ဝေထွန်းဆိုတဲ့ လူပွဲစားနဲ့ လင်နောက်လိုက်သွားတာပါ''

''ဒါဆိုရင် သမီးလေး ရေတိမ်နစ်ပြီပေါ့''

''အဲဒီလို ယူဆလို့ရပါတယ်''

''မမြအေးရယ် အားကိုးပါတယ်၊ ကူညီပါဦး''

''စိတ်မပူပါနဲ့ မကြည်အေး၊ ကျွန်မတို့ မျက်ခြည်မပြတ်စောင့် ကြည့်နေတဲ့အထဲမှာ ဝေထွန်းလည်း ပါပါတယ်၊ မူဆယ်ဂိတ်မှာ မကြည်အေးရဲ့ သမီးကို ကယ်တင်နိုင်ခဲ့ပါတယ်''

''ကျေးဇူးတင်လိုက်တာဟယ်''

''သားသမီးကို ထိတော့ သွေးကစကားပြောလို့ နာကျင်တတ်ပြီ မဟုတ်လား''

''ဟုတ်ပါတယ်''

ထို့နောက် မကြည်အေးမှာ မမြအေးခေါ်ဆောင်ရာ ရဲစခန်းဆီသို့ ခေါင်းငိုက်စိုက်ချလျက် လိုက်ပါသွားတော့သည်။

**ရေနဂါး**




www.burmeseclassic.com

www.burmeseclassic.com

မောင်ချောပွင့်(မန္တလေး)

# လူလိမ်နဲ့ ကားသမား





www.burmeseclassic.com

www.burmeseclassic.com





## လူလိမ်နဲ့ကားသမား

မောင်ချောပွင့် (မန္တလေး)

ဒီနေ့တော့ နေ့တွက်စီပြီထင်သည်။ သူ့အတွက် ဒီလိုနေ့မျိုးသည် ရှားရှားပါးပါး ကြုံရခဲသော အခွင့်အရေးဖြစ်သည်။

မနက်ကတည်းက ခရီးတိုလေးများကို ပို့ပေးနေရသော သူ့အတွက် နေ့လယ် ၂ နာရီခန့်တွင်တော့ အော်ဒါကောင်းကောင်းရလာခဲ့သည်။

သူ့ကားငှားစီးသူသည်အဖြူရောင်အင်္ကျီဝတ်ထားပြီး ရွှေကိုင်းမျက်မှန်တပ်ထားသော အသက် ၅၀ ခန့်ရှိ လူရည်သန့်တစ်ဦးဖြစ်သည်။ ထို့ထက် ကျေနပ်ဖွယ်ရာကောင်းသည်မှာ ရန်ကုန်မြို့ထဲမှ မှော်ဘီအထိသွားမည့်ခရီးအတွက် တန်ရာ ၈ ကြေးထက်ပိုပြီး သူတောင်းလိုက်သောဈေးကို တစ်ချက်မျှ မဆစ်ဘဲ ထိုသူငှားစီးခဲ့သည်။

ထို့ပြင် အပြန်ခရီးအတွက်ပါ ပြန်တင်ဆောင်လာရမည်ဖြစ်သဖြင့် အသွားအပြန်အတွက် သူမြိုးမြိုးမြက်မြက်ရမည့်ခရီးဖြစ်သည်။

တောင်းသည့်ဈေးကို မဆစ်သော ထိုသူသည် သူ့အတွက် ငွေပုံကြီးဖြစ်ကြောင်း မကြာခင် သိလာရခြင်းဖြစ်၏။ ကားမောင်းလာရင်း အပြန်အလှန်ပြောစကားများအရ သူသိလာသည်မှာ ထိုသူသည် နယ်တွင်နေသူဖြစ်ပြီး ရန်ကုန်ရှိ ဆွေမျိုးများထံလာရင်း အပြန်တွင် အိမ်



စီးကားတစ်စီး ဝယ်ရန်အတွက် ယခု သွားကြည့်ခြင်းဖြစ်ကြောင်း ပြောပြသည်။ သူတို့မြို့တွင်လည်း လက်ညှိုးထိုးမလွဲအောင် စိုက်ပျိုးရေးခြံနှင့် မွေးမြူရေးခြံများ ပိုင်ဆိုင်ကြောင်း သိခဲ့ရသည်။ ရယ်ရွှန်းပတ်စ စကားများပြောရင်း သူနှင့် ထိုသူ ပို၍ရင်းနှီးသွားသည်။

"ကြုံရင်ဝင်ခဲ့ပေါ့ကွာ၊ ဦးတင့်ဝေလို့သာမေးလိုက်၊ မသိသူမရှိဘူး"

"ဟုတ်ကဲ့ခင်ဗျာ၊ တစ်နေ့နေ့တော့ ကြုံလာမှာပါ၊ ဒါနဲ့ အခုဝယ်မယ့်ကားကို မြင်ပြီးသွားပြီလား"

"မမြင်ရသေးဘူး၊ အဲဒါကြောင့် သွားကြည့်မှာ၊ ကြိုက်ရင်တော့ တစ်ခါတည်း ငွေချေခဲ့လိုက်မှာပေါ့"

ထိုလူကြီး၏ပေါင်ပေါ်တွင် တင်ထားသော သားရေအိတ်အနက်ကို သူ မျက်လုံးထောင့်ကပ်ကြည့်လိုက်မိသည်။ ထို့ပြင် သူနှင့်ထိုသူ၏ကြားတွင်လည်း မြန်မာပြည်၏နာ



www.burmeseclassic.com

www.burmeseclassic.com



မည်ကြီးဘဏ်နာမည် ရေးသားထားသော ပလတ်စတစ်တစ်လုံးချထားသည်။

အထူးစာအိတ်ဖြစ်သည့်အပြင် ထိပ်ပိုင်းကို စုချည်ထားသဖြင့် အထဲကိုတော့ မမြင်ရပေ။ သို့သော် လောလောလတ်လတ် ဘဏ်မှ ထုတ်လာသော ငွေများဖြစ်မည်ဆိုတာတော့ သေချာသလောက်ရှိသည်။ သူ့စိတ်ထဲတွင် အမျိုးအမည် မဖော်ပြနိုင်သော ခံစားချက်တစ်ခု ဖြစ်သွားမိသည်။ ဒီလောက်များသောငွေများကို သူတစ်ခါမှ မပိုင်ဆိုင်ဖူးသေးပါ။

ယခုမောင်းနေသော ကားက လည်း ယခင်မောင်းနေသူ နေ မကောင်းသဖြင့် အုံနာကြေး တစ် နေ့တစ်သောင်းခွဲဖြင့် ယာယီယူ မောင်းရခြင်းဖြစ်သည်။ အုံနာကြေး နှင့် ဆီဖိုးဖယ်ပြီးလျှင် သူတစ်နေ့တာ ခါးချည့်အောင် မောင်းရသော ဝင်ငွေမှာ ....

ယခုမောင်းနေသောကားကလည်း ယခင်မောင်းနေသူ နေမကောင်းသဖြင့် အုံနာကြေး တစ်နေ့တစ်သောင်းခွဲဖြင့် ယာယီယူမောင်းရခြင်းဖြစ်သည်။ အုံနာကြေးနှင့် ဆီဖိုးဖယ်ပြီးလျှင် သူတစ်နေ့တာ ခါးချည့်အောင် မောင်းရသော ဝင်ငွေမှာ များများစားစားမကျန်တော့ပေ။ သို့သော်လည်း ဒီဝင်ငွေလေးရဖို့ပင် သူ့အတွက် အမြဲမသေချာ။ ယခင်မောင်းသူ ကျန်းမာရေးပြန်ကောင်းလျှင် သူတခြားကားမောင်းဖို့ရှာဖွေရဦးမည်။ ဒါမှမဟုတ်ရင်တော့ အခြားအလုပ်တစ်ခုခုကို ရှာဖွေရမည်။ သူ့မျက်လုံးများက ဘေးကအိတ်ကို မသိမသာ ကြည့်လိုက်မိပြန်သည်။

ထိုလူကြီးကတော့ အပြင်ဘက်ကို ငေးနေ၏။ ဒီအိတ်နှစ်လုံးထဲက ငွေတွေဆိုလျှင် တော်တော်များမည်။ ကားတစ်စီးလုံးတောင် ဝယ်ဖို့ဆိုမှတော့ သိန်းရာဂဏန်းရှိမှာ သေချာသည်။ သိန်းနှစ်ရာဖြစ်မလား၊ ထို့ထက်ပိုနိုင်မည်ထင်၏။ ကိန်းဂဏန်းများကို တွက်ရင်း သူ့ရင်ထဲ မောလာသည်။ ဒီငွေတွေကို သူသာပိုင်ဆိုင်လိုက်ရင် သူ့ဘဝ တော်တော်လေး အဆင်ပြေသွားမည်။ ဟုတ်တယ်။ ပိုင်ဆိုင်ရလျှင် သိပ်ကောင်းမှာပဲ။ လောဘစိတ်ကြောင့် သူ့စိတ်တွေ ဂနာမငြိမ်ဖြစ်လာသည်။ ရုပ်ရှင်တွေထဲကလို လူအသွားအလာရှင်းသည့်လမ်းကို ရွေးမောင်းရင် ကောင်းမလားတွေးလိုက်မိတော့ ရင်ထဲတွင် ကတုန်ကယင်ဖြစ်လာသည်။

လူတစ်ယောက်ကို မေ့မြောသွားအောင်၊ ဒါမှမဟုတ် ဝိညာဉ်နှင့် ကင်းကွာသွားအောင် လုပ်နိုင်သောပစ္စည်းများ သူ့နံဘေးတွင် အဆင်သင့်ရှိနေသည်။ ရှစ်လက်မရှည်သော ဝက်အူလှည့်တစ်ချောင်းကို သူကောင်းကောင်းအသုံးချနိုင်သည်။ သူ မျက်လုံးကို တစ်ချက်စုံမှိတ်လိုက်သည်။ လေအေးပေးစက်ဖွင့်ထားသော ကားထဲတွင် သူ ဇောချွေးများပြန်လာသည်။

သူ့လက်ဖဝါးတွင် ချွေးစေးများထွက်လာသည်။ အိတ်ထဲမှ လက်ကိုင်ပဝါကို စကိုင်ကာ နားထင်ဘေးသို့ စီးကျနေသော ချွေးများကို သုတ်လိုက်မိ၏။ စတီယာရင်ကို ပြန်ကိုင်တော့ ချွေးစေးများကြောင့် စေးကပ်ကပ်ဖြစ်နေသည်။

"မောင်ရင့်အသိတွေထဲမှာရော စိတ်ချရတဲ့ ကားပွဲစားရှိလား"

လောဘဇောအတွေးများနောက်ကို လိုက်နေမိသဖြင့် ထိုသူ့ထံမှ ရုတ်တရက် အသံထွက်လာတော့ သူတုန်သွားသည်။

"ဗျာ...ဟုတ်ကဲ့ ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com


"အခုသွားကြည့်တဲ့ကားကို မကြိုက်ရင် တခြားတစ်စီးစီး ရှာဝယ်ရမှာပဲ၊ အဲဒီလိုဆို မောင်ရင့်ကိုပဲ အားကိုးရမှာပဲ၊ မောင်ရင်လည်း ပွဲခရမှာပေါ့"


"ဟုတ်ကဲ့၊ အသိတွေထဲမှာ ကားပွဲစားတွေရှိပါတယ်၊ ဦးက ဘယ်လောက်လောက် မှန်းထားလို့လဲ"

"သုံးလေးရာလောက်ပေါ့၊ သဲ့ပ်ကြိုက်ရင်တော့ ငါးရာလောက်အထိ မှန်းထားပါတယ်"

"အခုသွားကြည့်မယ့်ကားကရော"

"ဒါက ဦးမိတ်ဆွေကားဆိုတော့ ဈေးမှန်မယ်ထင်ပါတယ်၊ သူကတော့ ၃၂၀ ခေါ်ထားတာပဲ၊ ကြည့်ပြီးကြိုက်မှ ၃၀၀ လောက်ရအောင် ညှိကြည့်မလားလို့"

ထိုလူ၏အဖြေစကားကြောင့် သူ့ရင်ထဲတွင် မောဟိုက်သွား၏။ ဒါဆို ဒီအိတ်ထဲမှာ သိန်းသုံးရာကျော်လောက် ပါတာပေါ့။ သူ့နေ့စဉ်ဝင်နေသော ဝင်ငွေငါးထောင်ခန့်ကို မသုံးမစွဲဘဲ စုဆောင်းထားရမည်ဆိုလျှင် ထိုသိန်းသုံးရာကျော်ကိုရဖို့ အနှစ်နှစ်ဆယ်ခန့် စောင့်ရမည်။ အနှစ်နှစ်ဆယ်လုံးလုံး တစ်ပြားတစ်ချပ်မျှ သုံးစွဲမရသည့်အပြင် နေ့စဉ်မပြတ် ဝင်ငွေလည်း ရှိနေရဦးမည်။



တကယ်တော့ သူသည် ယာယီအလုပ်အနေဖြင့် ကားမောင်းသူသာဖြစ်သည်။ လတ်တလော အလုပ်တစ်ခုအနေဖြင့် ဝင်လုပ်နေခြင်းဖြစ်၏။ တစ်နေကုန်ထိုင်ကာ ဖင်ပူအောင် ကားမောင်းရသော ဒီအလုပ်ကို သူမလုပ်ချင်။ သူဖြစ်ချင်တာက တစ်ချက်ကောင်းကြဲပြီး ချမ်းသာချင်သည်။ အကွက်ကောင်းကောင်းကို သူအမြဲလိုက်ရှာစောင့်ကြည့်ခဲ့သည်။

ယခုတော့ အခွင့်ကောင်းကြုံလေပြီ။ ဘေးတွင်ချထားသော ကျွတ်ကျွတ်အိတ်ကို ဂီယာချိန်းရင်း လက်ကထိမိသွားသည်။ ဂီယာတံကို ဆုပ်ကိုင်ရင်း အိတ်ကို လက်ဖြင့်မခွာဘဲ ဆက်ပြီးထိထားလိုက်၏။ ဖော်ပြခြင်းငှာ မစွမ်းသာသော ငွေရနံ့များသည် သူ့လက်ချောင်းသွေးကြောများမှတစ်ဆင့် နှလုံးသားထဲသို့ ဝင်ရောက်သွားသည်။

ထို့နောက် ခန္ဓာကိုယ်အနှံ့ သွေးကြောများသို့ ပြန်လည်ဖြာထွက် စီးဆင်းသွားတော့သည်။ ထိုသွေးများမှ တောင်းဆိုမှုသည် ကြောက်မက်ဖွယ်ရာဖြစ်သည်။ များပြားလှသော ငွေပမာဏတွေ ထိုအိတ်ထဲတွင်ရှိနေသည်။ သိန်းသုံးရာထက် ပိုများတာလည်းဖြစ်နိုင်သည်။ သူ တစ်ခုခုလုပ်ရမည်။ အသေလား၊ အရှင်လား ရွေးချယ်ရမည်။ ဘယ်လိုလုပ်မလဲ၊ စဉ်းစားစမ်း။

ယခုရောက်နေသည့်နေရာကို ကြည့်မိတော့ ထောက်ကြန့်လမ်းဆုံ


www.burmeseclassic.com

www.burmeseclassic.com

ကို ရောက်တော့မည်။ လူများစည်ကားနေသဖြင့် သူ စိတ်ကိုခဏလျှော့ချကာ အစီအစဉ်ကို အကွက်ချနေလိုက်သည်။ ထောက်ကြန့်အလွန်ရောက်မှလုပ်ဖို့ သူတွေးလိုက်သည်။ ဆုံးဖြတ်ပြီးသွားသဖြင့် သူ့လက်ဖဝါးတွင် ချွေးစေးများပိုထွက်လာသည်။ ဘေးကိုအသာစောင်းငဲ့ကြည့်တော့ ထိုသူက အပြင်ဘက်ကို ငေးမောနေ၏။ လမ်းမတွင် လူများ၊ ဆိုင်ကယ်နှင့် ဆိုက်ကားများ ရှုပ်ထွေးနေသဖြင့် သူ ဂရုတစိုက်မောင်းနှင်နေရသည်။

❦❦❦❦❦

ယောက်ယက်ခတ်နေသော စိတ်ကြောင့် သူတည်ငြိမ်ရန် အားထုတ်ကြိုးပမ်းနေရ၏။



သူအကြောက်ဆုံးမှာ ဦးတင့်ဝေဆိုသူက သူ့ကိုအကဲခတ်မိသွားမှာ သိပ်ကြောက်နေသည်။ တုန်ယင်နေသောလက်များ ငြိမ်သက်သွားစေရန် စတီယာရင်ကို တင်းတင်းဆုပ်ကိုင်ထားရသည်။ သူ့နားထင်မှ စီးကျနေသော ချွေးစေးများကို မသိမသာသုတ်ရင်း ထိုသူ့ကို ကြည့်လိုက်သည်။ ဘေးဘက်သို့ ငေးမောနေဆဲ။ သူ့အဖြစ်ကို သတိထားမိဟန်မတူ။ ထိုသို့ဖြင့် ထောက်ကြန့်ဈေးအနားကို ရောက်လာ၏။

"အတော်ပဲ၊ မောင်ရင် ဦးကို ဈေးဝမှာ ခဏရပ်ပေး၊ ဦးမိတ်ဆွေ အိမ်အတွက် လက်ဆောင်မုန့်လေးဘာလေး ဝယ်သွားချင်လို့"

သူလမ်းဘေးချရပ်ပေးလိုက်သည်။

"မကြာဘူး မောင်ရင်၊ ခဏ



လေး စောင့်ပေးနော်၊ ဒါမှမဟုတ် လက်ဖက်ရည် ဆင်းသောက်ဦးမလား"

"ရတယ် ဦးလေး၊ မသောက်တော့ဘူး၊ ကျွန်တော် စောင့်နေပါ့မယ်"

ထိုသူထွက်သွားသဖြင့် သူ စိတ်သက်သာရာရသွားသည်။ သူ ခဏလောက် စိတ်တည်ငြိမ်မှုရချင်သည်။ မကြာခင် သူဖန်တီးရတော့မည့်အလုပ်အတွက် စိတ်အေးအေးဖြင့် အကွက်ချချင်သည်။

နောက်မဆုတ်တော့ဟု ဆုံးဖြတ်ထားပြီးဖြစ်သဖြင့် သူ့အတွက် အလုံခြုံဆုံးနှင့် အသေချာဆုံးနည်းလမ်းကို ရွေးချယ်ရမည်။ မှော်ဘီမြောက်ရုံ လုပ်ခဲ့ရင် နောက်ပိုင်းပြဿနာတွေ ဆက်ဖြစ်မလား။ အပျောက်ရှင်းလိုက်လို့ သူမလွတ်မြောက်နိုင်ခဲ့ရင် ရင်ဆိုင်ရမှာက ပိုအပြစ်ကြီးမည်။ မေ့မြောရုံရိုက်ပြီး သူထွက်ပြေးရင်ရော လွတ်မြောက်နိုင်မလား၊ ကြုံလာနိုင်သည့် အနေအထားကို သေသေချာချာ ချင့်ချိန်နေမိသည်။ စိတ်အေးအေးဖြစ်အောင် သက်ပြင်းချကာ အသက်ပြင်းပြင်း ရှူသွင်းလိုက်သည်။ အစအနမထွက်အောင် သေသေသပ်သပ်၊ ပိပိရိရိ ဖြစ်အောင် သေသေချာချာတွေးရမည်။ ဂီယာတံကို ဖွဖွပုတ်ရင်း အကွက်ချစဉ်းစားနေရင်း လက်က


www.burmeseclassic.com

www.burmeseclassic.com



**ထိုသူကို နတ်စောင့်သည်ဟု ပဲ ပြောရမည်။**
**ဈေးထဲသို့သာမဝင်ခဲ့လျှင် သူရော၊ ထိုသူပါ အနာဂတ်**
**ကောင်းနိုင်မည်မဟုတ်။**
**ဈေး ရှေ့ကိုဖြတ်ရင်း ကြည့်လိုက်မိ၏။**
**ထိုသူ ပြန်ထွက်မလာသေး။ ဒီကားကို အုံနာထံ သွားပြန်အပ်ရမည်။**
**ပြီးလျှင်တော့ သူ ငွေထုပ်ပိုက်ပြီး ....**

အမှတ်မထင် ဘေးတွင်ချထားသော ကျွတ်ကျွတ်အိတ်ကို ထိမိသွား၏။

သူငုံ့ကြည့်လိုက်ပြီး အံ့သြသွားသည်။ သူ့ဘေးတွင် ထိုသူရဲ့ ငွေအိတ်တစ်အိတ် ကျန်ခဲ့သည်။ သူ့ကိုယုံကြည်လို့ ထားခဲ့တာတော့ မဖြစ်နိုင်။ လောလောနဲ့ ဆင်းသွားပြီး မေ့ကျန်ခဲ့တာဖြစ်နိုင်သည်။ ငွေ နှစ်အိတ်ပေါင်း သိန်းသုံးရာကျော်ဆိုလျှင် ဒီအိတ်ထဲတွင် အနည်းဆုံး သိန်း တစ်ရာတော့ ပြေးမလွတ်။ သူရင်ထဲတွင် လှိုက်ခနဲ လှိုက်ခနဲ ရင်ဖိုနေမိသည်။ သူ ကားကိုအမြန်ဆုံး မောင်းထွက်လိုက်သည်။ လူတစ်ယောက်ကို မဖျောက်ဖျက်ရဘဲ သိန်း တစ်ရာရလျှင်ရော နည်းလား။ ပြန်မိသွားလို့ အမှုဖြစ်ရင်တောင် အပြစ်အများကြီးမရနိုင်။

ထိုသူကို နတ်စောင့်သည်ဟုပဲ ပြောရမည်။ ဈေးထဲသို့သာမဝင်ခဲ့လျှင် သူရော၊ ထိုသူပါ အနာဂတ်ကောင်းနိုင်မည်မဟုတ်။ ဈေးရှေ့ကိုဖြတ်ရင်း ကြည့်လိုက်မိ၏။ ထိုသူ ပြန်ထွက်မလာသေး။ ဒီကားကို အုံနာထံ သွားပြန်အပ်ရမည်။ ပြီးလျှင်တော့ သူ ငွေထုပ်ပိုက်ပြီး ခြေရာဖျောက်ရတော့မည်။ ကားပြန်အပ်ရင်းနှင့် အုံနာကို အပ်ထားရသော မှတ်ပုံတင်ပြန်တောင်းဖို့ သူသတိမေ့၍မဖြစ်။ အဲဒါ သတိထားရမည်။ သူ့နောက်ကို လိုက်လာသည့်ကားများ ရှိနိုင်မလားဟု နောက်ကြည့်မှန်မှတစ်ဆင့် မကြာမကြာ ကြည့်နေရသည်။

ခပ်ပြင်းပြင်းမောင်းလာသည့် ကားများတော့ မတွေ့ရသေး။ သို့သော် သတိထားရမည်။ လမ်းရှင်းသောနေရာရောက်တော့ သူအရှိန်မြှင့်လိုက်သည်။ အချိန်ကြာလို့မဖြစ်။ သူစီစဉ်ရမှာ အများကြီး ကျန်နေသေးသည်။ သူ့လက်ကို ငွေအိတ်ပေါ် တင်ထားလိုက်၏။ ဒီတစ်ခါတော့ ပီတိများက သွေးကြောအနှံ့ ပျံ့နှံ့သွားသည်။ ဘဝတွင် တစ်ခါမှ မကိုင်တွယ်ဖူးသော ငွေကို သူပိုင်ဆိုင်ရပြီ။ ထောင်ကျနိုင်သည်ဟု သူသတိမရတော့။ ဒီငွေတွေနှင့် သူ ဘာလုပ်ရမလဲ။ အရာရာကို မလောဖို့၊ အကွက်ချစီစဉ်ဖို့ သူ့ကိုယ်သူ သတိပေးနေလိုက်သည်။

ပျော်ရွှင်ဖွယ်ရာအတွေးများနှင့် အမြန်မောင်းလာရင်း မင်္ဂလာဒုံကို ကျော်လာပြီးနောက် မြို့ထဲဝင်ချိန်တွင် သူ့အတွက် ကံဆိုးမိုးမှောင်ကျမည့်အဖြစ်သည် ရှေ့တွင် စောင့်ကြိုနေတော့သည်။ ရှေ့ကမြင်ကွင်းကို မြင်မိချိန်တွင် သူ့ရင်ဝသို့ တစ်စုံတစ်ခု လာဆောင့်သလို ဒိုင်းခနဲဖြစ်သွားသည်။

ကြောက်လန့်မှုကြောင့် အာခေါင်ထဲတွင် ခြောက်ကပ်သွားသလိုဖြစ်ကာ သူ့ခေါင်းတွေထူပူသွားရတော့၏။

“ဟာ.....သွားပြီ”

ရန်ကုန်ဘက်သို့ ဝင်လာသမျှ ကားများကို တားပြီးစစ်နေသော ရဲများကို မြင်လိုက်ရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ရဲများနှင့်အတူ အရပ်ဝတ်လူကြီး တချို့ကိုပါ တွေ့လိုက်ရချိန်တွင် သူ့အမှားကို သူသိသွားခဲ့ပြီ။ သူ ရန်ကုန်ဘက်ကို ပြန်မောင်းလာသည်ကိုက အကြီးဆုံးအမှားကျူး လွန်လိုက်ခြင်းပဲမဟုတ်လား။ ဦး တင့်ဝေအနေနှင့် ရဲစခန်းကို ဖုန်း ဆက်ထားနိုင်သည်ကို တွေးထားပေမယ့် သူ ရန်ကုန်ရောက်ချင်ဇောများနေခဲ့သည်။ သူလွတ်မြောက်နိုင်မည်ဟု ယုံကြည်ပြီး အမြန်ပြန်လာခဲ့ခြင်းဖြစ်သည်။

အခုတော့ သူ့ထက်မိုက်မဲတဲ့သူ ရှိနိုင်မည်မဟုတ်တော့။ ရလာသောငွေထုပ်ကို အရသာခံခွင့်မရသေးခင်မှာပဲ ထောင်ကျရတော့မည်။ ဘာလုပ်ရမလဲ အထပ်ထပ်တွေးနေသော်လည်း ထူပူနေသော ဦးခေါင်းထဲမှ မည်သည့်အကြံဉာဏ်မှ ထွက်မလာတော့။ ကားပြန်လှည့်ကာ မောင်းပြေးဖို့ တွေးလိုက်သော်လည်း အဆင်သင့်ရပ်ထားသော ရဲကားများကိုတွေ့သဖြင့် ထွက်ပြေးဖို့ရာ မဖြစ်နိုင်မှန်းသိနေသည်။ ရုတ်တရက် အရှိန်လျှော့လိုက်တာကြောင့်ထင်သည်။ ရဲတချို့ သူ့ကားကိုလှမ်းကြည့်နေကြ၏။ ရှောင်ပြေးလွတ်မြောက်ဖို့ မဖြစ်နိုင်တော့။

> ရလာသောငွေထုပ်ကို
> အရသာခံခွင့်မရသေးခင်မှာပဲ
> ထောင်ကျရတော့မည်။
> ဘာလုပ်ရမလဲ အထပ်ထပ်
> တွေးနေသော်လည်း
> ထူပူနေသောဦးခေါင်းထဲမှ
> မည်သည့်အကြံဉာဏ် မှ
> ထွက်မလာတော့။
> ကားပြန် လှည့်ကာ
> မောင်းပြေးဖို့....

သူ့ရင်တစ်ခုလုံး တဒိုင်းဒိုင်းခုန်ကာ သူ့ရဲ့လက်တွေ တဆတ်ဆတ်တုန်ယင်နေ၏။ စီးဆင်းနေသော သွေးများအားလုံး သူ့နားထင်သို့ လာဆောင့်နေပြီထင်ရသည်။ သွားပြီ။ သူထောင်ကျရတော့မည်။ စည်းစိမ်ရှိရှိနေချင်သော သူ့စိတ်ကူးများအားလုံး ပျက်စီးသွားရပြီ။

သူ့ကားကို ရဲများနှင့်အရပ်ဝတ်လူကြီးတချို့ လက်ပြကာတားနေကြသည်။ မောင်းပြေးမလားတွေးနေချိန်ပဲ ရဲတပ်ဖွဲ့ဝင်နှစ်ယောက်က လမ်းမပေါ် ပိတ်ရပ်လိုက်ကြသည်။ မတတ်နိုင်တော့။ သူ ကားကိုရပ်ပေးလိုက်ရတော့သည်။ ဘေးဘက်မှန်ကို ချပေးလိုက်သည်။ ပခုံးတွင် အပွင့်တပ်ထားသော ရဲအရာရှိက ဘေးတံခါးကို လက်ထောက်ကာ ကားထဲကိုငုံ့ပြီး သူ့ကိုကြည့်၏။ သူ့လက်တုန်ယင်နေသည်ကို သတိမပြုမိအောင် စတီယာရင်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားရသည်။ ရဲအရာရှိက ကားထဲကို ဝေ့ကြည့်နေသည်။

"နောက်ဖုံးဖွင့်ပေးပါ"

ကားထဲမှခလုတ်နှိပ်ပြီး သူ နောက်ဖုံးဖွင့်ပေးလိုက်သည်။ ရဲတချို့နှင့် အရပ်ဝတ်လူကြီးများ နောက်ဖုံးကို ဖွင့်ရှာကြသည်။ ထိုနောက်ဖုံးထဲတွင် ကားဘီးအပိုနှင့် တိုလီမိုလီပစ္စည်းများသာရှိသည်။

"မတွေ့ဘူး ဆရာ"

"အေး.....အေး"

ရဲတပ်ဖွဲ့ဝင်၏ သတင်းပို့ချက်ကို ရဲအရာရှိက အတည်ပြုပြီးနောက် သူ့ကားထဲကို နောက်တစ်ကြိမ် ထပ်ပြီးဝေ့ကြည့်သည်။ ထို့နောက် သူ့ဘေးကအိတ်ကို တစ်ချက်စိုက်ကြည့်လိုက်သည်။ သူ ထိန်းချုပ်ထား၍ မရနိုင်တော့။ မျက်လုံးများ ပြာဝေလာသည်။ အံကိုတင်းတင်းကြိတ်ကာ မျက်လုံးကို မှိတ်ပစ်လိုက်၏။ တဒိုင်းဒိုင်း ဆောင့်ခုန်နေသော ရင်ခုန်သံကိုပင် သူ

www.burmeseclassic.com

ပြန်ကြားနေရပြီ။ ခြေဖျားလက်ဖျားများ အေးစက်နေသည်ကိုပင် မသိနိုင်တော့။

"ဒါ ဘာအထုပ်လဲ"

ထိုမေးခွန်းမှာ သူ့အကြောက်ဆုံးမေးခွန်းဖြစ်သလို သူ့ကိုလက်ထိတ်ခတ်မည့် မေးခွန်းလည်းဖြစ်သည်။

"ဟို.....ဟို.....ငွေ.....ငွေတွေပါ ဆရာ"

သူ့အသံတုန်ယင်နေတာကြောင့်ထင်သည်။ ရဲအရာရှိ သူ့ကိုလှမ်းကြည့်သည်။

"ငွေတွေ.....ဟုတ်လား"

"ဟုတ်.....ဟုတ်ပါတယ် ဆ.....ဆရာ"

"ဖွင့်လိုက်"

"ဗျာ....."

"အထုပ်ကိုဖွင့်လို့ ပြောနေတာ"

"ဟုတ်.....ဟုတ်ကဲ့"

အထုပ်ကိုဖြေဖို့ရန် အိတ်ကို လှမ်းကိုင်လိုက်သည်။ တဆတ်ဆတ်တုန်ယင်နေသောလက်ဖြင့် ထိမိသဖြင့် ကျွတ်ကျွတ်အိတ်သံ တဖြန်းဖြန်းထွက်လာသောကြောင့် ရဲအရာရှိ သူ့ကိုစူးစိုက်ကြည့်နေ၏။ လက်များတုန်ယင်နေသဖြင့် ကျွတ်ကျွတ်အိတ်၏ ထိပ်နှစ်ဖက်ကို စုချည်ထားသောအထုံးကို သူ မည်သို့မျှ ဖြေ၍မရပေ။

"ဘာဖြစ်လို့ ဒီလောက်စိတ်လှုပ်ရှားနေတာလဲ"

"မ.....မဟုတ်ပါဘူး ဆရာ"

"ကဲ...တစ်ယောက်လာပြီး ဒီအထုပ်ကို ဖွင့်စမ်းဟေ့"

အနားတွင်ဝိုင်းနေသော ရဲများထဲမှတစ်ယောက် ကားတံခါးဖွင့်ကာ အထုပ်ကို ဆွဲယူလိုက်သည်။

"လေးလုချည်လား၊ ဘာတွေပါလိမ့်"

ရဲတပ်ဖွဲ့ဝင်၏ပြောစကားကို ကြားလိုက်သဖြင့် သူစိတ်ခတ်ကျသွားသည်။ လေးမှာပေါ့၊ အဲဒါ ငါမပိုင်လိုက်ရတဲ့ငွေတွေလို့ စိတ်ထဲက နာနာကြည်းကြည်း ပြန်ပြောလိုက်၏။ ရဲများအထုပ်ဖြေနေချိန်မှာပဲ သူတစ်ခုတွေးလိုက်မိသည်။ ဦးတင့်ဝေ ဖုန်းဆက်ထားတာဆိုလျှင် ဒီလိုမေးမြန်းနေမည်မထင်။ အခုက တိုက်တိုက်ဆိုင်ဆိုင် စစ်ဆေးရေးနှင့် တိုးခြင်းဖြစ်မည်။

ထိုအတွေးကြောင့် သူ စိတ်အနည်းငယ်အေးသွားသည်။ နဂိုရှိပြီးသား ဉာဏ်နီဉာဏ်နက်ကို အပြင်းအထန် အလုပ်ပေးလိုက်သည်။ ကားရောင်းလာတဲ့ငွေလို့ ပြောရမည်။ သို့သော် ဘယ်လောက်လဲမေးရင် သူဘယ်လိုဖြေမလဲ။ အထဲကငွေကို သူအတိအကျ မသိပါ။ ငွေအရေအတွက်ကိုသာ မေးခဲ့လျှင်တော့ သူ့လုပ်ရပ်ပေါ်သွားနိုင်သည်။ ထို့ကြောင့် သူကားပေါ်ကဆင်းကာ ရဲများရှိရာ တစ်ဖက်သို့ လျှောက်သွားလိုက်၏။ အံခြေအနေကြည့်ပြီး သူလုပ်ဇာတ်ခင်းဖို့အတွက် အာရုံကို စူးစိုက်ထားသည်။

♛♛♛♛♛





www.burmeseclassic.com

www.burmeseclassic.com





သူရောက်သွားချိန်တွင် အထုပ် ကိုဖြေပြီးဖြစ်နေပြီ။ အထုပ်ထဲကို ငုံ့ကြည့်လိုက်သည်။ အိတ်ထဲတွင် ငွေထုပ်များကို သတင်းစာစက္ကူဖြင့် ပတ်ထားသည်။ စုစုပေါင်းလေးထုပ် ရှိနေသည်။ တစ်ထုပ်ထဲတွင် ငွေဘယ်လောက်တောင် ဖြစ်နိုင်မလဲ။ သူစိတ်လှုပ်ရှားစွာဖြင့် ကြည့်နေမိသည်။ ရဲတပ်ဖွဲ့ဝင်က အထုပ်တစ်ထုပ်ကို ဆွဲထုတ်ကာ သတင်းစာစက္ကူအထပ်ထပ်ကို ဖြေလိုက်သည်။ ပတ်ထားသော သတင်းစာစက္ကူ ဖယ်ပြီးနောက် ထွက်လာသည်မှာ အုတ်နီခဲပွတစ်လုံးသာ ဖြစ်နေ၏။

"ဟာ.....အုတ်ခဲကြီးပါလား"

"ဟေ့လူ.....ဘာတွေလဲ"

"ဟို...ဟို...ဆရာ ငွေ အဲ... အုတ်ခဲပါ ဆရာ"

"ကျန်တဲ့အထုပ်တွေပါ ဖြေလိုက်"

သတင်းစာစက္ကူပတ်ထားသော ကျန်သည့်အထုပ်များကိုပါ ဆွဲထုတ်ကာ ဖြေလိုက်သည်။ သူစိတ်ကူးယဉ်ထားသလို သိန်းတစ်ရာတော့မဟုတ်။ ထွက်လာသည်မှာ အုတ်ခဲပွ သုံးလုံးသာဖြစ်သည်။

"ခင်ဗျားပြောတော့ ငွေတွေဆို"

"ဟုတ်ပါတယ် အဲ...မဟုတ်ပါဘူး၊ ကျွန်တော်က ဆရာတို့ကို စတာ၊ အဲဒါ အုတ်ခဲတွေ"

ဖြစ်ပေါ်လာသည့် အခြေအနေပေါ်မူတည်ပြီး သူ့မျက်နှာကို ပြုံးဖြီးဖြီးထားကာ ပြောလိုက်သည်။ သို့သော် ရဲအရာရှိကတော့ ဒေါသ ထွက်နေဟန်ရှိသည်။

"ဘာဗျ.....စတာ ဟုတ်လား၊ ဒီမှာ တာဝန်အရ လုပ်နေရတာဗျ၊ ဒါ သက်သက်နှောင့်ယှက်တာပဲ၊ ခင်ဗျားကို ဝတ္တရားနှောင့်ယှက်မှုနဲ့ အမှုဖွင့်ရမယ်"

"မလုပ်ပါနဲ့ ဆရာရယ်၊ ကျွန်တော်က ပျော်တတ်လို့စတာပါ"

"မရဘူး၊ ခင်ဗျားကို ဝတ္တရားနှောင့်ယှက်မှုနဲ့ အမှုဖွင့်မယ်၊ ခင်ဗျား လိုင်စင်ပေး"

ခုတော့ သူတကယ်ချောက်ကျလေပြီ။ သူ့ကိုလိမ်သွားသော ဟိုလူကို စိတ်ထဲမှ ကျိတ်၍ကျိန်ဆဲလိုက်သည်။

"မလုပ်ပါနဲ့ ဆရာရယ်၊ ဒီနေ့က ကျွန်တော့်မွေးနေ့မို့လို့အပျော်အနေနဲ့ စတာပါ၊ စိတ်မရှိပါနဲ့ဆရာ၊ ဆရာတို့အဖွဲ့ကို လက်ဖက်ရည် တိုက်ပါတယ်ဗျာ၊ ဒါလေးကို လက်ခံပေးပါ၊ ကျွန်တော့်မွေးနေ့မို့တိုက်တာပါ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com

မတတ်နိုင်တော့။ သူ့အိတ်ထဲတွင် မနက်ပိုင်းမောင်း၍ရသမျှငွေကိုထုတ်ပေးကာ မွေးနေ့အတု ဖန်တီးလိုက်ရတော့သည်။ သူ့မွေးနေ့ကို ယုံကြည်သွား၍ထင်သည်။ လက်ဖက်ရည်တိုက်ခြင်းကို အသိအမှတ်ပြုဟန်ဖြင့် သူပေးသောငွေကို ဆွဲယူကာ ရဲတပ်ဖွဲ့ဝင် တစ်ယောက်ကို ပေးလိုက်သည်။



''ဒါဆိုလည်း ကိုယ့်အုတ်ခဲ တွေကိုယ်သယ်ပြီး လိုရာ ခရီးဆက်ပါတော့ မွေးနေ့ရှင်ရေ၊ ကျုပ်တို့ အလုပ်ဆက်လုပ်ရဦးမယ်''

''ဟုတ်ကဲ့ပါဆရာ''

အုတ်ခဲလေးလုံးကို ကားပေါ်တင်ကာ သူ ထိုနေရာမှ ထွက်လာခဲ့တော့သည်။ ခပ်ဝေးဝေးရောက်သည့်အခါ လမ်းဘေးတစ်နေရာတွင် ကားကိုရပ်လိုက်၏။ အုတ်ခဲများကို ဒေါသတကြီးဖြင့် ဝေးနိုင်သမျှ ဝေးဝေးရောက်ရန် အားကုန် လွှင့်ပစ်လိုက်သည်။ ခံပြင်းစိတ် အနည်းငယ်မျှပင် လျော့မသွား။ စိတ်ထဲတွင် ခံပြင်းလွန်းလှသည်။ သူ လုလုပပ အလိမ်ခံခဲ့ရသည်။ အကွက်ကျကျ အရှုးလုပ်ခံခဲ့ရသည်။

တကယ်ဆို ကားသမား လောကတွင် ဒီလိုပုံပြင်မျိုးကို ခဏခဏ ကြားခဲ့ဖူးသည်။ ပစ္စည်းတစ်ခုခုကို အယောင်ပြထားခဲ့ကာ ကားပေါ်မှလစ်သွားသော ခရီးသည်များအကြောင်း သူကြားဖူးခဲ့သည်။ ခုတော့ သူကိုယ်တိုင် ကြုံရပြီ။

အမှောင်ဖုံးစေသော လောဘကြောင့် သူဘာကိုမှ မမြင်နိုင်ခဲ့၊ မချင့်ချိန်နိုင်ခဲ့။

အခုတော့ သူ အကျော့်အခွ အလုပ်ခံလိုက်ရပြီ။ မွေးနေ့အတုဖန်တီးလိုက်ရသဖြင့် ညစာစားဖို့ပင် သူ့အိတ်ထဲမှာ ငွေမကျန်တော့။ အုံနာကြေးပြည့်ဖို့လည်း မလွယ်ကူတော့။ ဦးတင့်ဝေဆိုသူကတော့ အခုလောက်ဆို သူ့အိမ်တွင်ထိုင်ကာ သူ့ကိုရယ်နေ တော့မည်။ ဦးတင့်ဝေဆိုတာလည်း နာမည်အတုပဲ ဖြစ်မှာပါပဲ။ ကားခသုံးသောင်းလည်း ဆုံးပြီ။ အရင်ကတည်းက သူ ရဖို့မသေချာသော ထိုငွေကို သတိရပြီး နှမြောလိုက်မိသဖြင့် ကိုယ့်ကိုယ်ကိုယ် ဆဲရေးလိုက်မိ၏။ ခံရခက်သော ဒေါသစိတ်ကြောင့် သူ့ကားကို ထိုနေရာမှ ခပ်ပြင်းပြင်း မောင်းထွက်ခဲ့သည်။ လမ်းမပေါ်တွင် သစ်ရွက်ခြောက်များ ထခုန်ကာ ကျန်ရစ်ခဲ့တော့သည်။

**မောင်ချောပွင့် (မန္တလေး)**



www.burmeseclassic.com

www.burmeseclassic.com



ဆုမွန်ဦး (ဟသိတ)

ညတစ်ည

မဟောင်္ဂီတစ်ပုဒ်နဲ့

ဝိန်းမချောလေး

တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



## ညတစ်ည၊ ပဟေဠိတစ်ပုဒ်နဲ့ မိန်းမချောလေးတစ်ယောက်

ဆုမွန်ဦး (ဟင်္သာတ)

"ကလင်..ကလင်..ကလင်"

ဟူသော ဖုန်းမြည်သံကြောင့် ဦးကောင်းမြတ်တစ်ယောက် ဖုန်းကိုကောက်၍ကိုင်လိုက်သည်။

"ဟယ်လို.....ပြောပါခင်ဗျား၊ ကျွန်တော် ကောင်းမြတ်ပါ"

"ဟော့ကောင်..ကောင်းမြတ်၊ သူငယ်ချင်း၊ ငါပါကွ၊ မိုးအောင်လေ"

"ဩော်.....သူငယ်ချင်း မိုးအောင်၊ ပြောလေ"

"ငါ သင်္ဘောပြန်တက်တော့မယ်ကွ၊ ဒါကြောင့် ငါတို့ ဒီညဆုံကြရအောင်ကွာ၊ ဝေဘုန်းနဲ့လှမြင့်ကိုလည်း ငါဖုန်းဆက်ပြောထားပြီးပြီ၊ ဘယ်လိုလဲ၊ ဖြစ်တယ်မဟုတ်လား"

"ဩော်.....ဖြစ်ပါတယ်ကွာ၊ ဒါနဲ့ ငါ့ကိုပြောဦး၊ ဆုံကြမယ့်နေရာနဲ့ အချိန်က ဘယ်မှာလဲဆိုတာ"

"ဩော်.....တော်ဝင်ခတ္တာကွန်ဒိုရှေ့က မိုးစံပယ်စားသောက်ဆိုင်ပေါ့ကွာ"

"အေး..အေး၊ ကောင်းပြီ...ကောင်းပြီ"

စကားဆုံးတော့ ဦးကောင်းမြတ်တစ်ယောက် ဖုန်းကိုချလိုက်သည်။ ဦးကောင်းမြတ်မှာ ဥက္ကာရဟူသော နယ်မြို့လေးတစ်မြို့တွင် မြို့မျက်နှာဖုံး သူဌေးတစ်ဦးဖြစ်လေသည်။ မြို့လယ်တွင် 'ရောင်ခြည်နု'ဟူသော ဂျာနယ်တိုက်လေးတစ်ခုကို ထောင်၍ထား၏။ ဂျာနယ်တိုက်သည် မြို့လယ်တွင်ရှိသော်လည်း ဦးကောင်းမြတ်နေသည်ကတော့ ဥက္ကာရဟူသော မြို့ထဲတွင်မဟုတ်။ ဥက္ကာရမြို့နှင့် ခြောက်ိုင်ခန့်ဝေးသည့် ကေလာသဟူသေ ရပ်ကွက်လေးတစ်ခုတွင်သာဖြစ်လေသည်။

နေ့စဉ် ဦးကောင်းမြတ်မှာ ရုံးဆင်းချိန်ဖြစ်သည့် ညနေ ၆ နာရီခန့်တွင် အိမ်သို့ ကားဖြင့်ပြန်တတ်၏။ သို့သော် ယနေ့တွင်တော့ ဦးကောင်းမြတ် ပြန်နေကျအချိန်တွင် မပြန်နိုင်လေတော့။ ငယ်သူငယ်ချင်းကျောင်းနေဖက်တစ်ဦးဖြစ်သည့် မိုးအောင်က ယနေ့ မိမိရှိရာ ဂျာနယ်တိုက်ဆီသို့ ဖုန်းဆက်၍ တွေ့ဆုံရန် ချိန်းဆိုလာသည်။

ထို့ကြောင့် ယနေ့ညတွင် အိမ်ပြန်နောက်ကျမည့်အကြောင်းကိုလည်း ဇနီးဖြစ်သူအား ဖုန်းဆက်အကြောင်းကြားထားလိုက်၏။ မိုးစံပယ်စားသောက်ဆိုင်လေးဆီမှ လူစုခွဲကြတော့ ည ၁၀ နာရီခန့်ပင်ရှိလို့နေလေပြီ။ မိုးအောင်၊ ဝေဘုန်းနှင့် လှမြင့်တို့ သူငယ်ချင်းအားလုံးက သူ့အား အိမ်အထိ လိုက်ပို့ပေးမည်ဟု ပြောကြ၏။ သို့သော် ဦးကောင်းမြတ်မှာ ဂျာနယ်ဖောင်ပိတ်ရက်ဖြစ်၍ ဂျာနယ်တိုက်သို့ အပြန်တွင် ခေတ္တဝင်လိုသောကြောင့် သူငယ်ချင်းတစ်စု ပြောကြားလာသော စကားတို့ကို လက်မခံဘဲ ငြင်းပယ်လိုက်သည်။

"ကဲ..ကောင်းမြတ်၊ ဒါဆို ငါ



www.burmeseclassic.com

www.burmeseclassic.com

တို့သွားမယ်နော်၊ ဖြစ်တယ်မဟုတ်လား"

"ဖြစ်ပါတယ်ကွာ၊ ငါ ဘာမှ မဖြစ်ဘူး၊ စိတ်ချ"

"ကောင်းပြီ သူငယ်ချင်း၊ ဂွတ်နိုက်....."



♛♛♛♛♛

၁၀

ဦးကောင်းမြတ်တစ်ယောက် ဉတ္တရမြို့လယ် လမ်းတစ်လျှောက် ကားလေးကို တဖြည်းဖြည်းမောင်း၍ ထွက်လာသည်။ သူ၏ဂျာနယ်တိုက်ဆီသို့ဖြစ်သည်။ ဂျာနယ်တိုက်ရောက်တော့ ဝန်ထမ်းအချို့မှာမအိပ်ကြသေး။ တာဝန်ခံအယ်ဒီတာ စိုးသူရလင်းအား လိုအပ်သော ကိစ္စလေးများ မှာကြားပြီး ဦးကောင်းမြတ်တစ်ယောက် ဂျာနယ်တိုက်မှ ထွက်လာသည်။

အချိန်သည် ည ၁၁ နာရီခန့် ရှိပြီဖြစ်လေ၏။

သူငယ်ချင်းမိုးအောင် နောက်ဆုံးထည့်ပေးလိုက်သော ဘလက်လေဘယ်အရက်လေးတစ်ခွက်က မြို့ထဲမှထွက်စတွင် သိပ်မသိသာ။ ကားမောင်းရင်း မြို့ပြင်ရောက်၍ လေတဖြူးဖြူး တိုက်လာခဲ့သည်မှ အရှိန်တက်ရင်း ရီဝေဝေဖြစ်စပြုလာ၏။

သို့သော် ဦးကောင်းမြတ်မမှူးပါလေ။ အရာရာကို သတိအပြည့်နှင့်ရှိနေ၏။ ဉတ္တရမြို့ပြင်သို့တဖြည်းဖြည်းရောက်လာသည်။ မြို့ပြင်သို့ရောက်သည်နှင့် လျှပ်စစ်မီးများက မရှိတော့။ လရောင်သည်လည်း လဆန်းရက်တစ်ရက်မို့ ထိန်ထိန်လင်းလင်း မသာနိုင်ပေ။ မှုန်ပျပျ အလင်းရောင်တချို့နှင့်သာ မနည်းအားယူလင်း၍နေရ၏။

မြို့နှင့် သုံးမိုင်ခန့်ဝေးသည့်နေရာတွင် ငါးဆယ်ကွေ့ဟုခေါ်သော မိုင်တိုင် (၅၀) သစ်တောကြိုးဝိုင်းလေးတစ်ခုရှိ၏။ ဤသစ်တောကြိုးဝိုင်းသည် ဟိုးအရင် ဂျပန်ခေတ်က ဂျပန်စစ်လေယာဉ်ပျက်များထားရာ လေယာဉ်စခန်းတစ်ခုဖြစ်လေသည်။ ယခုအခါတွင်တော့ လေယာဉ်ကွင်းမှာပျက်၍ သစ်တောကြိုးဝိုင်းတစ်ခုဖြစ်လာသည်။

မိုင်တိုင် (၅၀) သစ်တောကြိုးဝိုင်းသည် မြို့နှင့်အတန်ငယ်ဝေးပြီး သစ်ပင်များ ထူပြောစွာ စိုက်ပျိုးထားခြင်းကြောင့် သစ်ပင်သစ်ရိပ်များဖြင့် မည်းမှောင်ကာ ကြောက်မက်ဖွယ် နေရာတစ်ခုဖြစ်၍ နေလေသည်။

သစ်တောကြိုးဝိုင်းနယ်နိမိတ်ကို ဝင်လိုက်သည်နှင့် မှုန်မှုန်ပျပျလင်းနေလေသော လရောင်လရိပ်များပင် အမှောင်ထုဖြင့်ဖုံးလွှမ်းကာ မည်းမှောင်၍သွား၏။

ထိုနေရာအနီးသို့ ရောက်လာလေသည်နှင့် ဦးကောင်းမြတ် စိတ်အားငယ်သလိုတော့ ဖြစ်၍သွား၏။ သို့သော် ထိုခရီး၊ ထိုလမ်းများသည် သူအမြဲလိုလို သွားလာနေသောနေရာများဖြစ်၍ အားကိုတင်းလိုက်ရင်း ကား၏လီဗာကိုလည်း မြှင့်လိုက်သည်။ ကားလေးက မြားတစ်စင်းကို ပစ်လိုက်သလို ပြေးထွက်သွားသည်။

သစ်တောကြိုးဝိုင်းကလေး၏ အလယ်သို့အရောက် ကောက်ကာငင်ကာ ဘာဖြစ်သွားလေသည် မသိ။ ကားကဖောက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



တတောက်တောက်မြည်ကာ စက်ရပ်သွားလေတော့သည်။

"တောက်...အဲဒါမှ ဒုက္ခပဲကွာ"

ဦးကောင်းမြတ် ညည်းညူရင်း ကားပေါ်မှဆင်းလိုက်သည်။ အသင့်ဆောင်ထားသော ခါတ်မီးဖြင့် တတ်နိုင်သမျှ ကားကိုပြင်၏။ သို့သော် မရ။ နောက်ဆုံး လက်လျှော့ ကိုက်ရတော့သည်။

"မတတ်နိုင်ဘူးလေ၊ ခုမှတော့လည်း ဖြတ်သွားဖြတ်လာပြုလာမယ့် ကားတစ်စီးစီးကိုပဲ အကူအညီတောင်းရတော့မှာပေါ့"

**အမှောင်ရိပ်အောက် ကားပေါ်တွင် ထိုင်မနေလို၍ ဦးကောင်းမြတ် က ကားပေါ်မှဆင်း၍လာကာ ကားနှင့်မနီးမဝေးတွင် လမ်းလျှောက်နေ မိသည်။ တစ်ဆက်တည်း ကားလမ်းတစ်လျှောက် ....**

အတွေးဆုံးတော့ ဦးကောင်းမြတ် သက်ပြင်းမောတစ်စကို ခပ်ပြင်းပြင်းချလိုက်မိ၏။

"ဟင်း....."

♛♛♛♛♛

အမှောင်ရိပ်အောက် ကားပေါ်တွင် ထိုင်မနေလို၍ ဦးကောင်းမြတ်က ကားပေါ်မှဆင်း၍လာကာ ကားနှင့်မနီးမဝေးတွင် လမ်းလျှောက်နေမိသည်။ တစ်ဆက်တည်း ကားလမ်းတစ်လျှောက် တောင်၊ မြောက်၊ ဝဲ၊ ယာ အရပ်များဆီသို့လည်း မကြာမကြာ လှမ်းမျှော်ကြည့်မိ၏။

ထိုစဉ် မြောက်အရပ်ဘက်ဆီ တည့်တည့်မှ မီးထိုးရင်း အပြင်းမောင်းနှင်လာနေလေသော ကားတစ်စီးကို တွေ့ရ၏။ ဦးကောင်းမြတ် ပျော်သွားသည်။ ထိုကားကို တား၍ အကူအညီတောင်းခံရမည်ဟုလည်း တွေးလိုက်၏။

ဦးကောင်းမြတ်၏ လက်ပြတားဆီးမှုကြောင့် မီးထွန်း၍မောင်းနှင်လာသောအရာက အနားသို့ရောက်သည်တွင် စက်ရှိန်ကိုလျှော့ချရင်း ရပ်၍သွားတော့သည်။ ထိုသို့ရပ်လေတော့မှ ရပ်လာလေသောအရာသည် ကားတစ်စီးမဟုတ်ဘဲ ဆိုင်ကယ်တစ်စီးဖြစ်၍နေကြောင်း တွေ့ရတော့သည်။ ဆိုင်ကယ်စီးလာသူမှာ အသက် (၃၀)ခန့် လူရွယ်တစ်ယောက်ဖြစ်၍ သူ့နောက်တွင်တော့ သူ့ခါးကိုဖက်ကာ စီးနင်းလိုက်ပါလာလေသော ချောမောလှပ၍ ပြေပြေပြစ်ပြစ်ရှိလှသည့် မိန်းကလေးတစ်ဦး လိုက်ပါလာသည်ကို တွေ့ရတော့သည်။

ဆိုင်ကယ်ရပ်လိုက်သည်နှင့် နောက်တွင်လိုက်ပါလာသော မိန်းကလေးမှာ ဆင်း၍လာရင်း ကားနံဘေးတွင်ရပ်နေသော ဦးကောင်းမြတ်ထံသို့ တန်း၍ပြေးဝင်လာတော့သည်။ ဦးကောင်းမြတ်ပင် ကြောင်အမ်းအမ်းဖြစ်၍သွားတော့သည်။

"ဦး...ဦး...သ...သမီးကို ကယ်ပါရှင်.....ကယ်ပါ"

မိန်းကလေး၏ ရုတ်ခြည်းအပြုအမူကြောင့် ဆိုင်ကယ်ကို မောင်းနှင်လာသော လူရွယ်က မိန်းကလေးနောက်သို့ လိုက်လာကာ...

"ဟဲ့...မိသီဂီ၊ လာ..ခုချက်ချင်း ပြန်လာခဲ့"

"ဦး.....ဦး သမီးကို ကယ်ပါရှင်...ကယ်ပါ၊ သမီးက မိကောင်းဖခင်သားသမီးတစ်ယောက်ပါ၊ ဒီလူက သမီးကို ဆိုင်ကယ်ပေါ် အတင်းဆွဲတင်ပြီး ခေါ်လာခဲ့တာပါ"

"ဟဲ့...မိသီဂီ၊ နင့်ပါးစပ် ခပ်ပိတ်၊ ဘာမဟုတ်ကဟုတ်ကစကား



www.burmeseclassic.com

www.burmeseclassic.com



တွေ ပြောနေတာလဲ၊ ခုလာဆိုလာစမ်း"

"သမီးပြောတာ အမှန်တွေပါရှင်၊ သူကသာ လိမ်ညာနေတာပါ၊ သမီးကို ကယ်ပါဦးရယ်၊ ဦးသာမကယ်ရင် သမီးတော့ ဒုက္ခရောက်တော့မယ်"

အခါခါတောင်းဆိုရင်း တောင်းပန်နေလေသော မိန်းကလေး၏ စကားကြောင့် ဦးကောင်းမြတ်မှာ အကျပ်ရိုက်၍သွား၏။

ချက်ချင်း သတိတစ်ချက်လည်း ဝင်သွားမိသည်။ ညကြီးမင်းကြီးဟူသည် ဤလိုဇာတ်လမ်းတွေ ခင်းကျင်းရင်း ခွင်ဆင်လေ့ရှိသော မှုခင်းကိစ္စဖြစ်ရပ်များကို ဦးကောင်းမြတ် ကြားခဲ့ဘူး၏။

အထူးသဖြင့် သူ၏ဂျာနယ်တွင်ပင် ထိုပြစ်မှုမျိုးတွေ ထည့်ပေးခဲ့သည်မှာ မနည်းတော့။ မယုံတစ်ဝက် ယုံတစ်ဝက်စိတ်များဖြင့်.....

"နေ.....နေကြပါဦးဗျ၊ ဘာတွေဖြစ်လာကြတယ်ဆိုတာ ကျုပ်ကို ရှင်းပြကြပါလား"

ဦးကောင်းမြတ်စကားကြောင့် လူရွယ်၏မျက်နှာသည် တင်းမာ၍သွားသည်။ ဦးကောင်းမြတ်အားလည်း ခက်ခက်ထန်ထန် ကြည့်လိုက်ရင်း.....

"ခင်ဗျားကို ရှင်းပြနေရအောင် ခင်ဗျားက ဘာမို့လို့လဲ၊ ခင်ဗျားကို ကူညီပေးဖို့ ကျုပ်က ဆင်းလာခဲ့တာ၊ ခုတော့ ခင်ဗျားက ကျုပ်အတွက် အမှိုက်တစ်စဖြစ်နေပြီ"

"မဟုတ်သေးပါဘူး ငါ့ညီရာ၊ ဦးက ကောင်းကောင်းမွန်မွန်ပြောပြတာပါ"

"အို.....ကောင်းကောင်း၊ မကောင်းကောင်း ကျုပ်နားမလည်ဘူး၊ ခင်ဗျားနဲ့လည်း ဘာမှမဆိုင်ဘူး၊ ဟောဒီမှာကြည့်၊ မသေချင်ရင် အသာနေ"

စကားဆုံးတော့ လူရွယ်က လက်ထဲတွင်ကိုင်ထားသောဓားကို မြှောက်ရင်း ထိုးရန်ပြေးဝင်လာ၏။ ဦးကောင်းမြတ် ဘေးသို့ရှောင်ရင်း လူငယ်၏လက်ကို ဖမ်းဆုပ်လိုက်သည်။ တစ်ဆက်တည်း လက်ကို လိမ်ချိုးလိုက်၏။ လူရွယ်၏လက်ထဲမှဓားမှာ အောက်သို့လွတ်ကျသွား၏။

ဝဲဘက်တံတောင်ဖြင့် တစ်ချက်တွတ်လိုက်သည်။

"အင့်....."

**လူရွယ်ထံမှ အသံထွက်လာ၏။ နောက်တစ်ချက် ဆင့်၍ ထိုးမည်အပြု လူရွယ်မှာ လူးလဲထကာ လမ်းဘေးတောစပ်ဆီသို့ ပြေးဝင်သွားလေတော့သည်။ မိန်းကလေးမှာတော့ ဦးကောင်းမြတ်နှင့် လူရွယ် တို့ သတ်ပုတ်နေသော မြင်ကွင်းများကို စိုးရိမ်ထိတ်လန့်စွာ....**

လူရွယ်ထံမှ အသံထွက်လာ၏။ နောက်တစ်ချက် ဆင့်၍ထိုးမည်အပြု လူရွယ်မှာ လူးလဲထကာ လမ်းဘေးတောစပ်ဆီသို့ ပြေးဝင်သွားလေတော့သည်။ မိန်းကလေးမှာတော့ ဦးကောင်းမြတ်နှင့် လူရွယ်တို့ သတ်ပုတ်နေသော မြင်ကွင်းများကို စိုးရိမ်ထိတ်လန့်စွာ မနီးမဝေး သစ်ပင်တစ်ပင်အောက်မှရပ်၍ကြည့်နေသည်။ ခဏကြာတော့ မိန်းကလေး အနီးသို့လျှောက်လာသည်။

"ဘယ်လိုလဲ အစ်ကိုကြီး၊ ဘာဖြစ်သွားသေးလဲဟင်"

"ဘာမှမဖြစ်ပါဘူး၊ ဒါနဲ့ နေပါဦးကွ၊ မင်းတို့ရဲ့ဇာတ်လမ်းက ဟုတ်ကောဟုတ်ကြရဲ့လား"

"ဟုတ်ပါတယ်ရှင်၊ ကျွန်... ကျွန်မ မညာပါဘူး၊ ကျွန်မက မိကောင်းဖခင်မိဘတွေရဲ့ သားသမီးကောင်းတစ်ယောက်ပါ၊ ဒီနေ့ မိုးချုပ်စမှာ လမ်းထိပ်က စာအုပ်ဆိုင်ကို စာအုပ်အပ်ဖို့အသွား အဲဒီကောင် ဆိုင်ကယ်နဲ့ရောက်လာပြီး [illegible]မ်းစရာ



www.burmeseclassic.com

www.burmeseclassic.com



ရှိလို့ ခဏလိုက်ခဲ့ပါဆိုပြီး ဆိုင်ကယ်ပေါ်ဆွဲတင်ပြီး အတင်းခေါ်လာခဲ့တာပါရှင်''

''အင်း.....မင်းတို့မိန်းကလေးတွေလည်း သွားတာလာတာ တော်တော်ကို ဆင်ဆင်ခြင်ခြင်ပြုသင့်ပြီ၊ ဘာဖြစ်လို့လဲဆိုတော့ လူတွေက အတော့်ကို စရိုက်ကြမ်းနေကြပြီ''

''ဟုတ်ပါတယ်ရှင်၊ အရင်ကလည်း ဒီလိုပဲ သွားနေကျပါ၊ ဒီညကျမှ အခုလိုဖြစ်ရတာပါ''

''ခုမင်းပြောနေတာတွေဟာ တကယ်ပဲ အမှန်တွေလား''

''အမှန်တွေပါရှင်၊ သမီးမလိမ်ပါဘူး ဦးရယ်''

''ကောင်းပြီလေ၊ မင်းကိုပြန်ပို့ပေးချင်ပေမယ့် ငါ့ကားကလည်း ဘာဖြစ်သွားမှန်း မသိသေးဘူး၊ ပျက်သွားတယ်၊ ဒါကြောင့်လည်း မီးရောင်ထွန်းပြီး မောင်းလာတဲ့ မင်းတို့ဆိုင်ကယ်ကို ကားမှတ်ပြီး အကူအညီတောင်းခဲ့မိတာပဲ၊ မင်း ဒီညမှာ ငါနဲ့နေရဲတယ်မဟုတ်လား''

''ရှင်.....''

''အို.....အို တစ်မျိုးမထင်လိုက်ပါနဲ့၊ ကျုပ်ပြောတဲ့စကားက လောသွားလို့ပါ၊ ဒီည အကူအညီတစ်စုံတစ်ရာ မရမချင်း မင်းငါနဲ့ နေရဲတယ်မဟုတ်လားလို့ မေးတာပါ၊ ဦးကိုယုံပါ၊ ဦးဟာ လူကုံထံအသိုင်းအဝိုင်းက ဂုဏ်သရေရှိ လူကြီးတစ်ဦးပါ''

''----''

''ကဲ.....မင်း ကားထဲမှာဝင်နေ၊ ငါက လမ်းပေါ်မှာနေရင်း ဒီဘက်ကိုမောင်းလာမယ့် ကားတစ်စီးစီးကို အကူအညီတောင်းဖို့စောင့်မယ်''

ဦးကောင်းမြတ်စကားဆုံးတော့ သစ်ပင်ရိပ်အောက်မှ မိန်းကလေးမှာ ဦးကောင်းမြတ်၏ကားဆီသို့ တဖြည်းဖြည်းလျှောက်လာသည်။

ဦးကောင်းမြတ်က ကားခေါင်းခန်းတံခါးကို ဖွင့်ပေးလိုက်သည်။

မိန်းကလေးမှာ ချမ်း၍ တုန်ယင်နေသည်။

''ဘာလဲ မိန်းကလေး၊ မင်းချမ်းနေတာလား''

''ဟုတ်တယ်ရှင့်၊ ဖျားလည်း





www.burmeseclassic.com

www.burmeseclassic.com



ဖျားနေတယ်ထင်တယ်''

"ဒါဆို အဲဒီကားထဲမှာ ကျုပ်ရဲ့ဂျာကင်ရှိတယ်၊ ဝတ်ထားလိုက်ပါ''

စကားဆုံးတော့ ဦးကောင်းမြတ်တစ်ယောက် ကားလမ်းတစ်ဖက်သို့ လှမ်းမျှော်လိုက်သည်။ ထိုစဉ် မီးထိုး၍မောင်းလာလေသော ကားတစ်စီးကို တွေ့ရ၏။ ဦးကောင်းမြတ် တားလိုက်သည်။

ကားရပ်တော့ ကားပေါ်မှ ရဲများက ဆင်းလာသည်။ ဓာတ်မီးများဖြင့် ဟိုဟိုသည်သည် ထိုးကြည့်ကြ၏။ ဦးကောင်းမြတ်ကို တွေ့သွားသည်။

"ဟင်.....ဘယ်သူများလဲလို့၊ သူဌေးကြီးဦးကောင်းမြတ်ပဲ၊ ဘယ်လိုဖြစ်ရတာလဲ ဦးကောင်းမြတ်ရယ်''

"အင်း...ဒီနေ့ ဂျာနယ်ဖောင်ပိတ်ရက်မို့ ရုံးကဖြိုန်တာ နောက်ကျတယ်ဗျာ၊ ဒီနားရောက်မှ ကားက ဘာဖြစ်တယ်မသိဘူး၊ ထိုးရပ်သွားလို့''

ဦးကောင်းမြတ်စကားဆုံးတော့.....

"ဩော်..ဒါနဲ့ဦးကောင်းမြတ်၊ ဒီဘက်ကို ဆိုင်ကယ်တစ်စီးများ ဖြတ်သွားတာ မတွေ့မိဘူးလား''

"တွေ့ပါ့ဗျာ၊ အဲဒီဆိုင်ကယ်ပေါ်က မိန်းကလေးတစ်ယောက်တောင် ဆင်းလာပြီး အကူအညီ

**ဩော်...ဒါနဲ့**
**ဦးကောင်းမြတ်၊ ဒီဘက်ကို**
**ဆိုင်ကယ်တစ်စီးများ**
**ဖြတ်သွားတာ မတွေ့မိဘူးလား...**
**တွေ့ပါ့ဗျာ၊**
**အဲဒီဆိုင်ကယ် ပေါ်က**
**မိန်းကလေးတစ်ယောက် တောင်**
**ဆင်းလာပြီး**
**အကူအညီတောင်းလို့ .....**



တောင်းလို့ ကျုပ် ကူညီလိုက်ရသေးတယ်''

"အဲဒီမိန်းကလေးဆိုတာ ဘယ်မှာလဲဗျ''

"ဟောဟိုက ကျုပ်ကားခေါင်းထဲမှာ အိပ်နေတယ်''

စကားဆုံးတော့ ရဲတပ်ဖွဲ့ဝင်များက ဦးကောင်းမြတ်ကား ရပ်ထားရာဆီသို့ လျှောက်လာရင်း ကားခေါင်းထဲသို့ ကြည့်လိုက်သည်။

"ဟဲ့..မိန်းကလေး၊ ထစမ်း..ထစမ်း''

မျက်နှာတည့်တည့်သို့ ထိုးကျလာသည့် မီးရောင်စူးစူးရှရှများကြောင့် မိန်းကလေး မျက်လုံးဖွင့်၍ ကြည့်လိုက်သည်။

"ဟင်.....''

"ဟုတ်..ဟုတ်တယ်၊ ဒီ... ဒီမိန်းကလေးပဲ၊ ကိုတင့်ဆွေသူ့ကို



www.burmeseclassic.com

www.burmeseclassic.com

လက်ထိတ်ခတ်လိုက်ပါဗျာ”

“ချောက်.....”

“မိန်းကလေး မင်းနဲ့အတူ ဆိုင်ကယ်စီးလာတဲ့ ထွန်းမြင့်ဘယ်မှာလဲ”

“သူ....သူ.....သူ ကျွန်မနဲ့ ပြဿနာဖြစ်ပြီးထွက်ပြေးပါပြီ”

“ဒါဆို ဆိုင်ကယ်က ရော”

“ဆိုင်ကယ်ကတော့ ဟိုသစ်ပင်ရိပ်မှာ ရပ်ထားခဲ့ပါတယ်”

ရဲတပ်ဖွဲ့ဝင်တစ်ဦးက ခေါင်းဖြင့် လှမ်းထိုးလိုက်သည်။ သစ်ပင်ရိပ်အောက်တွင် ဆိုင်ကယ် တစ်စီးရပ်ထားသည်ကို တွေ့ရသည်။

ထိုအဖြစ်အပျက်များကို ဦး ကောင်းမြတ်တစ်ယောက် အိပ်မက် တစ်ခု မက်နေသလိုလို၊ ရုပ်ရှင်ဇာတ် ကားတစ်ကား ကြည့်နေရသလိုလိုဖြစ်နေသည်။

“အင်း.....ကိစ္စကတော့ ဦးကောင်းမြတ်ကိုတောင် ကျေးဇူးတင်ရမလို ဖြစ်နေပြီဗျာ၊ ဒီလိုမှမဟုတ်ရင် ဒီတရားခံနှစ်ယောက် လွတ်သွားတော့မှာ”

ညဥ့်နက်ပိုင်းရဲလှည့်ကင်းအဖွဲ့ ခေါင်းဆောင် ဒုရဲအုပ်၏စကားဆုံးတော့.....

“ဒါနဲ့ နေပါဦးဗျ၊ ဘာတွေဖြစ်ပျက်တယ်ဆိုတာလည်း ကျုပ်ကို ပြောပြပါဦး”

“အင်း.....ပြောရတာပေါ့ ဦးကောင်းမြတ်ရယ်၊ ဒီလိုဗျ၊ ဒီမိန်းကလေးက မူးယစ်ဆေးဝါးတွေ အကြီးအကျယ် ရောင်းဝယ်ဖောက်



ကားနေတဲ့ သိဂီအမည်ခံ နှင်းသက်မေပါ၊ သူနဲ့အတူ ဆိုင်ကယ်စီးလာတဲ့လူကတော့ ဘကွန်းအမည်ခံ ထွန်းမြင့်ပါ၊ ဒီကောင်က လူသတ်တရားခံ၊ ဝရမ်းပြေးဗျ၊ သူတို့နှစ်ယောက် ဒီနယ်ဘက်ကို ဆင်းလာတယ်ကြားကတည်းက ကျုပ်တို့ စုံစမ်းရင်း မနေ့ကတော့ ကွင်းဆက်ပြတ်သွားတယ်၊ သတင်းရရချင်း လိုက်လာပေမယ့် သူတို့က ခြေတစ်လှမ်းဦးသွားတယ်၊ ဦးကောင်းမြတ်နဲ့တွေ့လို့ ခုလိုဖမ်းမိတာပါ၊ ဘ ကွန်းအမည်ခံ ထွန်းမြင့်ကိုတော့ ဆက်ပြီးဖမ်းမိဖို့ ကြိုးစားရဦးမယ်”

“သြော်.....ဒီလိုကိုး၊ ကျုပ်ကတော့ ရိုးရိုးသားသား အကူအညီတောင်းခဲ့လို့ ကူညီခဲ့တာလေ”

“အင်း...ဒီလိုပါပဲ ဦးကောင်းမြတ်ရယ်၊ ဒီလိုလူတွေဆိုတာ ဒီလိုပဲ၊ ကောင်းတဲ့လူတွေကို လှည့်စားကြတယ်လေ၊ ကဲပါ...ခင်ဗျားကား ဆီကုန်သွားတာပဲဖြစ်မယ်၊ ကျုပ်တို့မှာ ဆီအပိုပါပါတယ်၊ တပ်ဖွဲ့ဝင်တစ်ယောက်ကို အဖြည့်ခိုင်းပြီး ကျုပ်တို့နဲ့ မြို့ထဲကို ပြန်လိုက်ခဲ့ပါ၊ ဒီနေရာတွေက ညကြီးမင်းကြီးမှာ အန္တရာယ်ရှိတယ်”

စကားဆုံးတော့ ရဲတပ်ဖွဲ့ဝင်တစ်ယောက်က ဦးကောင်းမြတ်ကားကို ဆီဖြည့်ပေးသည်။ ထို့နောက် မြို့ထဲသို့ ပြန်လာခဲ့ကြသည်။ ဦးကောင်းမြတ်ရင်ထဲမှာတော့ ပဟေဠိဆန်လှသော ညတစ်ညနှင့် မိန်းမချောလေးတစ်ယောက်အကြောင်း စဉ်းစားရင်း လိုက်ပါလာခဲ့တော့သည်။

ဆုမွန်ဦး (ဟင်္သာတ)



www.burmeseclassic.com

www.burmeseclassic.com

မောင်သာမန်

# ကြမ္မာဆိုး၏ ခေါ်ငင်ရာ





www.burmeseclassic.com

www.burmeseclassic.com





## ကြမ္မာဆိုး၏ခေါင်ငင်ရာ

မောင်သာမန် (ဓနုကုန်း)

"ဘုရား.....ဘုရား၊ ဖိုးကျော်တစ်ယောက် အဖန်ငါးရာ၊ ငါးကမ္ဘာ ခံရမယ့်ကိစ္စကို ဘာဖြစ်လို့ ကျူးလွန်လိုက်ရတာပါလိမ့်၊ တော်တော်မိုက်တဲ့သူငယ်ပဲ၊ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်ရင် နောက်ဘဝ ·ဘဝတွေမှာ ဘယ်လိုအကျိုးဆက်တွေ ခံရမယ်ဆိုတာ ဗုဒ္ဓဘာသာဝင်ဆိုရင် သိရမှာပေါ့၊ အခုတော့ ကြားလို့မှ နားမချမ်းသာစရာ"

ဖိုးကျော်တစ်ယောက် ကိုယ့်ကိုယ်ကိုယ် လည်ပင်း ကြိုးကွင်းစွပ်ပြီး ကြိုးဆွဲချ သေကြောင်းကြံသည်ဟူသော သတင်းဆိုးသည် ရပ်ကွက် အတွင်း တစ်မုဟုတ်ချင်းပျံ့နှံ့ ၍ လူတိုင်း၏ပါးစပ်ဖျား၌ တဖွဖွဖြစ်နေကြသည်။ ဖိုးကျော်၏ သဟင်းဆိုးကြောင့် လူတကာ တုန်လှုပ်ချောက်ချားခြင်းဖြင့်အတူ စိတ်မကောင်းခြင်းများ ဖြစ်နေကြပါ၏။

ပထမတွင် ဖိုးကျော်၏ သတင်းဆိုးနှင့်ပတ်သက်၍ ရပ်ကွက်တွင်းရှိ လူများ မယုံကြည်နိုင်ကြသေးပေ။ ဖိုးကျော်ဘုတ်လွှင့်သော ကောလာဟလဟုသာ ထင်မှတ်မှားခဲ့ကြ၏။ ရပ်ကွက်ထဲရှိ လမ်းများပေါ်၌ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ဆယ်အိမ်မှူးများနှင့် ရဲတပ်ဖွဲ့ဝင်များ ဥဒဟိုသွား လာနေသည်ကိုမြင်မှပင် ထိုသတင်း အမှန်ဖြစ်ကြောင်း သိရတော့သည်။ ဖိုးကျော်၏သတင်းဆိုးသည် မှန်



ကန်နေခြင်းကြောင့် လူတိုင်း စိတ်မကောင်းဖြစ်ကြရသည်။

ဖိုးကျော်သည် မိဘများမရှိကြတော့။ အသက်ငါးဆယ်အရွယ် အဒေါ်အပျိုကြီးနှင့် ရပ်ကွက်ထဲတွင် နေထိုင်သူဖြစ်သည်။ ဖိုးကျော်၏ အဒေါ် ဒေါ်မြခင်သည် လမ်းဖထိပ်တွင် အကြော်ကြော်၍ ရောင်းရသကဲ့သို့ ဖိုးကျော်သည်လည်း အကြော်ဆိုင်တွင် နေ့စဉ် ကူညီရောင်းချပေးရသည်။ တစ်ခါတစ်ရံ အကြော်ဗန်းကိုရွက်လျက် ရပ်ကွက်ထဲ၊ လမ်းထဲတွင် အော်ဟစ်ရောင်းချသည်လည်းရှိပါ၏။ အကြော်ကုန်ပါက သူ၏အလုပ်သည် သိပ်မရှိတော့။ နေ့လယ် ထမင်းစားသောက်ပြီးပါက ဖိုးကျော်သည် ရပ်ကွက်ထဲသို့သွားပြီး တစ်အိမ်တက်ဆင်း အိမ်လည်တော့သည်။

အမှန်အားဖြင့် ဖိုးကျော်ကိုလည်း ရပ်ကွက်တွင်းရှိလူများက ခင်ကြပါသည်။ ဖိုးကျော်သည် သဘောကောင်းပြီး ခင်မင်တတ်သူဖြစ်သည့်ပြင် ရိုးသားဖြူစင်သော



www.burmeseclassic.com

www.burmeseclassic.com

လူငယ်တစ်ဦးပင်ဖြစ်သည်။ လူမှုရေးစိတ်ဓာတ်ရှိခြင်းကြောင့်လည်း လူတိုင်း၏အခက်အခဲများကို တတ်စွမ်းသလောက် ကူညီတတ်ပေ၏။ တစ်ခုတော့ရှိသည်။ ဖိုးကျော်သည် လူတိုင်းအား ခင်မင်တတ်သကဲ့သို့ နောက်ပြောင်ကျီစယ်တတ်သော ဝါသနာရှိပေ၏။ တစ်ခါတစ်ရံ တစ်ဖက်လူ စိတ်ဆိုး၊ ဒေါသထွက်သည်အထိ နောက်ပြောင်တတ်သည်။ တချို့ဆိုပါလျှင် ဖိုးကျော်၏ နောက်ပြောင်မှုကြောင့် စိတ်ဆိုးရအခက်၊ စိတ်မဆိုးရအခက်ဖြင့် စိတ်ကသိကအောက်ဖြစ်ကြရ၏။

သို့စေကာမူ ဖိုးကျော်၏ ခင်မင်မှုနှင့် ရိုင်းပင်းကူညီတတ်မှုတို့ ကြောင့် စိတ်ဆိုးကြသော်လည်း ခွင့်လွှတ်လိုက်ရသည်ပင်။ ဖိုးကျော်ကို မတွေ့လိုက်နှင့်၊ တွေ့လိုက်သည်နှင့် မည်သို့သော အပူသောက မျှမရှိသလို ပြုံးတုံ့တုံ့အမူအရာဖြင့်။ သူ၏ပြုံးတုံ့တုံ့အမူအရာသည် တခြားသူများသို့ ကူးစက်သွားလေ့ရှိပြီး လူတိုင်း၏ပါးစပ်ဖျားသို့ ဖိုးကျော်၏နာမည်သည် တသသဖြစ်နေကြသည်ဟု ဆိုရပေလိမ့်မည်။

ထိုကဲ့သို့ စိတ်သဘောကောင်းသည့် လူငယ်လေးတစ်ယောက် မည်သို့သော ကံကြမ္မာဆိုး ဝင်ခဲ့လေသည်မသိ။



ဖိုးကျော်သေဆုံးခြင်းနှင့်ပတ်သက်၍ တချို့က အကုသိုလ်ကံပါ၍ သေရသည်ဟုဆိုသည်။ တချို့က စိတ်ဖောက်ပြီး မိမိကိုယ်မိမိ သေကြောင်းကြံသည်ဟု ဆိုပြန်၏။ လေးလေးနက်နက် စဉ်းစားတတ်သူများကမူ ဖိုးကျော်တစ်ယောက် အချစ်အတွက် သေကြောင်းကြံခြင်းဟု ဆိုပေ၏။

ဖိုးကျော်သည် ရပ်ကွက်၏တောင်ဘက်အစွန် ရေကန်ပေါင်ပေါ်ရှိ ခပ်နိမ့်နိမ့် တမာကိုင်းတွင် ကြိုးတန်းလန်းဖြင့် သေဆုံးနေခြင်းဖြစ်သည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းက ဖိုးကျော်၏ဖြစ်ရပ်အား မြို့နယ်ရဲစခန်းသို့ ဖုန်းဖြင့် အကြောင်းကြားခဲ့သည်။ ရဲစခန်း မှူးရဲအုပ် အောင်သက်နိုင်ကိုယ်တိုင် ဦးစီးလျက် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ရဲဇော်နှင့် တပ်ဖွဲ့ဝင်အချို့ အချင်းဖြစ်ပွားရာသို့ သွားရောက်ခဲ့ကြသည်။

ဖိုးကျော်၏ရုပ်အလောင်းအား ဓာတ်ပုံရိုက်ခြင်း၊ စစ်ဆေးမှတ်တမ်းတင်ခြင်းစသည့် ရဲလုပ်ငန်းများကို ပြည့်စုံအောင်ဆောင်ရွက်ပြီးနောက် ရဲစခန်းမှူး ရဲအုပ် အောင်သက်နိုင်ကိုယ်တိုင် တရားလိုပြုလုပ်၍ သေမှုသေခင်းဖြင့် အရေးယူဆောင်ရွက်ခဲ့သည်။ ယင်းနောက် ဖိုးကျော်၏ ရုပ်အလောင်းအား မိမိကိုယ်ကိုမိမိ သတ်သေခြင်း ဟုတ်/မဟုတ် စစ်ဆေးဆောင်ရွက်နိုင်ရန် မြို့နယ်ဆေးရုံကြီးသို့ ပို့ဆောင်ရန် စီစဉ်ကြရသည်။

♛♛♛♛♛



www.burmeseclassic.com

www.burmeseclassic.com

မစည်ကားအပ်သည့် နေရာဖြစ်သည့် ဆေးရုံရှိ ရင်ခွဲရုံ၌ ဖိုးကျော်၏အလောင်းပို့ဆောင်ခြင်းနှင့် ဖိုးကျော်၏ ဈာပနကိစ္စ ဆောင်ရွက်နိုင်ရန် ရပ်ကွက်ထဲမှ လူတော်တော်များများ ရောက်ရှိနေကြသည်။

"သားလေးဖိုးကျော်ရယ်.....ကိုယ့်ကိုယ်ကိုယ် သတ်သေရလောက်အောင် ဘယ်လိုအခက်အခဲမျိုးတွေ၊ စိတ်ညစ်စရာတွေ ကြုံခဲ့ရလို့လဲ ကလေးရယ်၊ သားလေးမှာ ဘယ်လိုစိတ်ပျက်စရာတွေ ရှိနေလို့ အဒေါ်တစ်ယောက်တည်းကို လူ့လောကအလယ်မှာ ထားခဲ့ရတာလဲကွယ်၊ စိတ်ပျက်စရာ၊ စိတ်ညစ်စရာတွေရှိရင် ဟောဒီ အဒေါ်အရင်းခေါက်ခေါက်ကို ဖွင့်ပြောပါတော့လား"

ဖိုးကျော်၏အဒေါ်ဖြစ်သူ ဒေါ်မြခင်မှာ တစ်ဦးတည်းသောတူလေး၏ ဖြစ်ရပ်ဆိုးအတွက် ရင်ခွဲရုံရှေ့တွင် မျက်ရည်လည်ရွဲဖြင့် ငိုကြွေးမဆုံး ဖြစ်နေပေသည်။ ရပ်ကွက်အတွင်းရှိ လူကြီး၊ လူငယ် တော်တော်များများသည် ဆေးရုံသို့ လိုက်လံကြည့်ရှုကြရာ ထိုလူများအတွင်းမှ ထူးခြားသော လူငယ်နှစ်ဦးကို ဆရာဝန်ကြီးရုံးခန်းမှ ထွက်လာသော နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ရဲဇော်က အမှတ်တမဲ့ အကဲခတ်မိသွားသည်။ ဒုရဲအုပ် ရဲဇော်၏အကြည့်ကြောင့် ထိုလူငယ်နှစ်ဦးမှာ မျက်နှာပျက်သွားရပြီး လူများကြားတွင် ပျောက်ကွယ်သွားလေသည်။ ထိုလူငယ်နှစ်ဦးသည် တစ်စုံတစ်ရာသော ဆေးဝါးတစ်ခုခုအား မှီဝဲထားသကဲ့သို့ ရှိနေသည်ကို ဒုရဲအုပ် ရဲဇော်က လျှပ် တစ်ပြက် အကဲခတ်မိသည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းနားကပ်၍ ၎င်းလူငယ်နှစ်ဦးနှင့်ပတ်သက်၍ ဒုရဲအုပ် ရဲဇော်က မေးမြန်းခဲ့ပါ၏။

"ဟိုနားမှာရပ်နေတဲ့ လူငယ်နှစ်ဦးက ဦးတင်မောင်ဝင်းတို့ ရပ်ကွက်ထဲကပဲလား"

ဒုရဲအုပ် ရဲဇော် မျက်စပစ်၍ပြသည်ကို ဦးတင်မောင်ဝင်းက လှမ်းကြည့်လိုက်ပြီး.....

"သြော်....ဟုတ်တယ် ဗိုလ်လေး၊ ဒီကောင်လေးတွေက မိဘတွေ ထိန်းမရလို့ လွှတ်ထားတဲ့ကောင်တွေပဲ၊ ဒါပေမဲ့ လူတွေနဲ့ ရှုပ်ရှုပ်ထွေးထွေး မနေကြဘူး၊ သူတို့ဘာသာသူတို့ နေကြတာပဲ၊ ပြဿနာအရှုပ်အရှင်းရယ်လို့မကြားမိပါဘူး"

ဒုရဲအုပ် ရဲဇော်သည် ရပ်ကွက်အုပ်ချုပ်ရေးမှူး ရှင်းပြသမျှကို နားထောင်နေလိုက်ပြီး ခေါင်းတညိတ်ညိတ်ဖြင့် စဉ်းစားတွေးတောနေပေသည်။

ထိုအချိန်တွင် မြို့နယ်ဆရာဝန်ကြီးက ဖိုးကျော်၏အလောင်းအား စစ်ဆေးကြည့်ရှုရာတွင် ဖိုးကျော် မိမိကိုယ်ကိုမိမိ သေကြောင်းမကြံခင် သေသူသည် တစ်စုံတစ်ဦးနှင့် ခိုက်ရန်ဖြစ်ပွားခဲ့သည့် လက္ခဏာကို တွေ့ရှိရသည်၊ ဖိုးကျော်၏ဦးခေါင်းတွင် ဖူ၍ရောင်နေသော ဒဏ်ရာတစ်ခုနှင့် သူ၏ကျောတွင် မာကျောသော (တုတ်ကဲ့သို့သောအရာ)အရာတစ်ခုနှင့် အရိုက်ခံထားရသော ဒဏ်ရာနှစ်

**မြို့နယ်ဆရာဝန်ကြီးက ဖိုးကျော်၏အလောင်းအား စစ်ဆေးကြည့်ရှုရာတွင် ဖိုးကျော်မိမိကိုယ်ကိုမိမိ သေကြောင်းမကြံခင် သေသူသည် တစ်စုံတစ်ဦးနှင့် ခိုက်ရန်ဖြစ်ပွားခဲ့သည့် လက္ခဏာကို တွေ့ရှိရသည်၊ ဖိုးကျော်၏ဦးခေါင်းတွင်......**

ချက်ကို တွေ့ရှိခဲ့ရသည်ဟုဆို၏။ ရဲစခန်းမှူးအား ဆရာဝန်ကြီးက ဖိုးကျော်၏ကိုယ်ခန္ဓာပေါ်မှ ဒဏ်ရာဒဏ်ချက်များအား ပြသခဲ့သည်။

"ဒီကလေးရဲ့ကိုယ်ပေါ်က ဒဏ်ရာတွေကိုကြည့်ရင် တုတ်တပြက် ဓားတပြက်နဲ့ လူတစ်ယောက် ဒါမှမဟုတ် လူနှစ်ယောက်တို့နဲ့ ရုန်းရင်းဆန်ခတ် ဖြစ်ကြတယ်နဲ့ တူတယ် စခန်းမှူးကြီး"

**တစ်စုံတစ်ယောက်၏**
**ပယောဂကြောင့်**
**ဖိုးကျော်သေဆုံးခြင်းဖြစ်သည်ဟု**
**မှတ်ချက်ပြုခြင်းကြောင့်**
**စခန်းမှူး**
**ရဲအုပ်အောင်သက်ခိုင်မှာ**
**လူသတ်မှုပုဒ်မသို့.....**



ဆရာဝန်ကြီး၏ ဆေးစစ်ချက်မှတ်တမ်းများအရ ရဲစခန်းမှူး ရဲအုပ် အောင်သက်ခိုင်သည် ကိုယ်တွေ့မျက်မြင်ဖြစ်သည်ကြောင့် ဖိုးကျော်၏ သေမှုသေခင်းအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ သို့ ပြောင်းလဲပြင်ဆင်သတ်မှတ်ရန် စီစဉ်ရတော့သည်။

ဆရာဝန်ကြီး၏ ဆေးစစ်ချက်အရ သေဆုံးသူ ဖိုးကျော်သည် မိမိကိုယ်ကိုမိမိ လည်ပင်းကြိုးစွပ်၍ ကြိုးဆွဲချသေဆုံးခြင်းသည် အဓိကအကြောင်းအရာ မဖြစ်တော့ပေ။ တစ်စုံတစ်ယောက်၏ ပယောဂကြောင့် ဖိုးကျော်သေဆုံးခြင်းဖြစ်သည်ဟု မှတ်ချက်ပြုခြင်းကြောင့် စခန်းမှူး ရဲအုပ် အောင်သက်ခိုင်မှာ လူသတ်မှုပုဒ်မသို့ ပြောင်းလဲပြင်ဆင်သတ်မှတ်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ခရိုင်၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးများသို့ အစီရင်ခံစာ တင်ပြရတော့သည်။ စခန်းမှူး၏ ညွှန်ကြားမှုဖြင့် နယ်ထိန်းအဖွဲ့များသည်လည်း ရပ်ကွက်များသို့ စုံစမ်းလှေ့လာ ဖမ်းဆီးရန် အချိန်နှင့်တစ်ပြေးညီ စီစဉ်ရတော့သည်။

သေဆုံးသူ ဖိုးကျော်သည် ရိုးသား၍ သဘောကောင်းသူဖြစ်၏။ သို့ကြောင့်ပင် သူ့အား မုန်းတီးသူဟူ၍ မရှိခဲ့ပေ။ ဖိုးကျော်အား ချစ်ခင်သူများ ပေါ်များသဖြင့် ဖိုးကျော်မှာ ရန်သူ၊ သို့မဟုတ် ရန်ပြုလိုသူ မရှိနိုင်ပေ။ သို့သော် ဖိုးကျော်သည် လူငယ်ဖြစ်၏။ လူငယ်ဖြစ်၍ လူငယ်နှင့်ပတ်သက်သော ကဏ္ဍများကို ခြုံငုံသုံးသပ်ရပေတော့မည်ဟု စခန်းမှူး ရဲအုပ် အောင်သက်ခိုင်သည် တွေးတောစဉ်းစားနေခိုက် သူ၏ရုံးခန်းထဲသို့ ဒုရဲအုပ် ရဲဇော် ရောက်ရှိလာသည်။ စခန်းမှူးအား အလေးပြုပြီးသည့်နောက် စခန်းမှူးက ဒုရဲအုပ် ရဲဇော်အား.....

"ထိုင်ပါဦး ဆရာရဲဇော်ရ၊ ဘာများအကြောင်းထူး၊ သတင်းထူး ရှိလို့လဲ"

စခန်းမှူးစားပွဲ၏ ရှေ့၌ရှိနေသော ထိုင်ခုံ၌ ဒုရဲအုပ် ရဲဇော်က ဝင်ထိုင်လိုက်ပြီးနောက်.....

"ထူးထူးခြားခြားသတင်းတော့ မရသေးပါဘူး၊ ဒါပေမဲ့ ဖိုးကျော်မသေခင်ညက အဲဒီကန်ပေါင်ပေါ်မှာ လူငယ်နှစ်ယောက် ရှိနေခဲ့တယ်လို့ ကျွန်တော့်အမာခံတစ်ယောက်က သတင်းပေးပါတယ်"

စခန်းမှူးမှာ မျက်လုံးများ မှေးစင်းနေရာမှ ဝင်းပသွားရပြီး ဝမ်းသာအားရဖြင့်.....

"ဒါထူးခြားတဲ့သတင်းပဲပေါ့

www.burmeseclassic.com

www.burmeseclassic.com


ဆရာရဲဘော်ရယ်၊ အဲဒီလူငယ်နှစ်ယောက်ကိုရော ခြေရာခံမိပြီလားဗျ''

"ဟုတ်ကဲ့၊ သူတို့နေတဲ့အိမ်ကနေ ဘယ်မှမထွက်ကြဘူးလို့သိထားပါတယ်၊ အဲဒီနေ့က ရင်ခွဲရုံနားမှာ လူငယ်နှစ်ဦးကို ကျွန်တော် တွေ့ခဲ့ပါသေးတယ်၊ အဲဒီတုန်းက အချင်းဖြစ်ပွားတဲ့နေရာမှာ ရှိနေတဲ့ လူငယ်နှစ်ဦးဟာ ဆေးရုံမှာတွေ့တဲ့ လူငယ်နှစ်ဦးလို့ ထင်မထားခဲ့ပါဘူး၊ ရပ်ကွက်ထဲဆင်းပြီး လေ့လာကြည့်တဲ့အခါကျမှ အချင်းဖြစ်ပွားတဲ့နေရာမှာရှိနေတဲ့ လူငယ်နှစ်ဦးဟာ ဆေးရုံမှာတွေ့ခဲ့တဲ့ လူငယ်နှစ်ဦးမှန်း သိလိုက်ရတယ် ဗိုလ်ကြီး၊ ဒီလူငယ်နှစ်ယောက်ဟာ ဘယ်ကရမှန်းမသိတဲ့ WY စာတန်းပါတဲ့ စိတ်ကြွဆေးတွေ သုံးနေတယ်လို့ သတင်းရထားပါတယ်''

"ခိုင်လုံလုံချည်လား ဆရာရဲဘော်ရာ၊ လူသတ်မှုရော၊ မူးယစ်ဆေးဝါးမှုပါ ပါဝင်လာတော့ ဒီလူငယ်နှစ်ဦးကို ကြာကြာလွှတ်ထားလို့မဖြစ်တော့ဘူး ဆရာရဲဘော်ရေ၊ အဲဒီလူငယ်နှစ်ဦးကို သုတ်လာခဲ့တော့ဗျို့''

စခန်းမှူး၏ ညွှန်ကြားချက်အရ လူငယ်နှစ်ဦးအား ဒုရဲအုပ်ရဲဘော်က ရဲစခန်းသို့ ခေါ်ဆောင်ခဲ့တော့သည်။ လူငယ်နှစ်ဦး၏ အမည်မှာ မြင့်ကျော်နှင့်မြင့်သိန်း ဖြစ်ပြီး ညီအစ်ကိုဖြစ်သည်ဟု သိရ၏။ ကပြားကလေးများဖြစ်၏။ လူငယ်နှစ်ဦးသည် ဆယ်တန်းအောင်ပြီး သူ့စည်းသူ့ကမ်းဖြင့် နေကြသူများဟု သိထားရသည်။ မိဘများမှာလည်း ငွေကြေးအတော်အတန် ပြည့်စုံပုံရပေသည်။



မြင့်ကျော်နှင့် မြင့်သိန်းသည် ရဲစခန်းသို့ ရောက်ရှိသော်လည်း စိုးရိမ်ထိတ်လန့်မှု တစ်စုံတစ်ရာ မပြသကဲ့သို့ ဖိုးကျော်နှင့် သူတို့ မတွေ့ဆုံခဲ့ကြဟု အတန်တန်ငြင်းနေခဲ့သည်။ ထိုလူသတ်မှုအား ရဲစခန်းမှူးကိုယ်တိုင်ကိုင်သောအမှု ဖြစ်သည်မို့ စခန်းမှူးသည် သူတို့ နှစ်ဦးအား ချော့၍တစ်ခါ၊ ခြောက်၍တစ်လှည့် မေးမြန်းစစ်ဆေးခဲ့သော်လည်း ငြင်းကွယ်၍သာနေ ပေ၏။ သူတို့၏မိဘများကလည်း သူတို့၏ သားနှစ်ယောက်အား အာမခံပေးပါရန်နှင့် ဖိုးကျော်ကိစ္စနှင့် ပတ်သက်၍ လုံးဝမဖြစ်နိုင်ပါကြောင်း ကာကွယ်ပြောကြားနေခဲ့၏။

ထိုစဉ်အတွင်း ဒုရဲအုပ် ရဲဘော်သည် စခန်းမှူးအနား သွားရောက်၍ တီးတိုးစကားဆိုခဲ့သည်။

"ဗိုလ်ကြီး သူတို့မငြင်းနိုင်တဲ့ အချက်တစ်ချက် ကျွန်တော်ကိုင်မိပြီ ဗိုလ်ကြီး''

"ဘာကိုလဲ ဆရာရဲဘော်''

"အဲဒီညက ဖိုးကျော်တို့အိမ်


www.burmeseclassic.com

www.burmeseclassic.com

ဘေးက သူဇာဆိုတဲ့ကလေးမ ဘော်ဒါဆောင်ကို ညအိပ်ဖို့အပြန်မှာ ဖိုးကျော်လိုက်ပို့ခဲ့ရတယ်၊ သူဇာ့ကို မြင့်ကျော်က ရည်းစားစကားပြောတော့ ဖိုးကျော်ကတားလို့ ရန်ဖြစ်မလို ဖြစ်ခဲ့ကြတယ်လို့ စုံစမ်းသိရှိရတယ်''

စခန်းမှူးမှာ ဝမ်းသာစွာဖြင့် ''ဒါဖြင့် ပွဲပြီးပြီပေါ့ကွာ''

♛♛♛♛♛♛

နောက်ဆုံးတွင် မြင့်ကျော်နှင့် မြင့်သိန်းဟူသော လူငယ်နှစ်ဦးမှာ မူးယစ်ဆေးဝါးမှီဝဲရခြင်းနှင့်အတူရဲတပ်ဖွဲ့၏ စိတ်ခါတ်စစ်ဆင်ရေး ကြောင့် ဟန်ဆောင်ကောင်းသော လူငယ်နှစ်ဦးမှာ ဝန်ခံရတော့သည်။ ညီအစ်ကိုနှစ်ယောက်တို့၏ ဖော်ထုတ်ချက်အရ စိတ်ကြွမူးယစ်ဆေးလျှို့ဝှက်ရောင်းချသော ဆေးဆိုင်အား ရဲတပ်ဖွဲ့ဝင်များက ဝင်ရောက် စီးနင်းရှာဖွေခဲ့သည်။ လျှပ်တစ်ပြက် ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ခြင်းကြောင့် WY စာတန်းပါ စိတ်ကြွဆေးပြား စုစုပေါင်း (၁၀၀)အား ရှာဖွေတွေ့ရှိခဲ့သဖြင့် ရှာဖွေပုံစံဖြင့် သိမ်းဆည်းလျက် ဆိုင်ရှင်အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဥပဒေအရ တရားစွဲဆိုတင်ပို့နိုင်ခဲ့သည်။



ဖိုးကျော် သေဆုံးမှုနှင့် ပတ်သက်၍ ညီအစ်ကိုနှစ်ယောက်က ဖြောင့်ချက်ပေးရာတွင် မြင့်ကျော်က အောက်ပါအတိုင်း ဖွင့်ဟသွားခဲ့၏။

''အဲဒီညက ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက် စိတ်ကြွဆေးသောက်ထားတာမို့ ကန်ပေါင်ပေါ်မှာ လေညင်းခံရင်း ထိုင်နေခဲ့ကြတာပါ၊ ည ၉ နာရီလောက်မှာ ကျွန်တော်နှစ်သက်နေတဲ့ သူဇာကို ဖိုးကျော်နဲ့အတူ ကန်ပေါင်ဘေးကွန်ကရစ်လမ်းလေးအတိုင်း လမ်းလျှောက်လာကြတာ တွေ့ပါတယ်၊ အဲဒီအချိန်မှာ ကျွန်တော် ဘာကိုစဉ်းစားလိုက်မိလဲဆိုတော့ ရူးသလိုပေါသလိုနဲ့ ဖိုးကျော်ဆိုတဲ့ကောင် ကျွန်တော်ကြိုက်တဲ့ သူဇာ့အချစ်ကို ရလို့သာပဲ သူဇာနဲ့ ယှဉ်တွဲလျှောက်နေတယ်လို့ စဉ်းစားမိလိုက်တယ်၊ အဲဒီအချိန်မှာ မှားတာ၊ မှန်တာ ဘယ်လိုမှ မဝေခွဲနိုင်ခဲ့ဘူး''

တရားခံပြသက်သေ သူဇာအား စစ်မေးရာတွင်.....

''ဘော်ဒါဆောင်ကနေ သမီးညနေပိုင်း ထမင်းပြန်စားပါတယ်၊ ပထမနေ့တွေက ဘော်ဒါနဲ့အိမ်ကို စက်ဘီးနဲ့အသွားအပြန်လုပ်ခဲ့တာပါ၊ အဲဒီနေ့မှာတော့ သမီးရဲ့စက်ဘီးကို သမီးရဲ့အစ်ကိုက အလုပ်ကိစ္စအရေးကြီးတယ်ဆိုပြီး သမီးရဲ့စက်ဘီးကို ယူစီးသွားပါတယ်၊ စက်ဘီးကလည်း အချိန်မီရောက်မလာတဲ့အပြင် ဘော်ဒါကိုပြန်ဝင်ဖို့ ညမှောင်လာ တာကြောင့် ရေး

www.burmeseclassic.com



အိမ်က ဖိုးကျော်ကို သမီးဘော်ဒါဆောင်ကို ပြန်ဖို့အတွက် လိုက်ပို့ပေးပါလို့ အကူအညီတောင်းခဲ့ရတယ်၊ ဖိုးကျော်က သမီးတင်မကပါဘူး၊ အများကိုကူညီတတ်တဲ့သူဆိုတော့ နှစ်ခါမခေါ်လိုက်ရပါဘူး၊ လိုက်ပို့ပေးပါတယ်၊ အဲဒီကန်ပေါင်ဘေး ရောက်တော့ ရပ်ကွက်ထဲက မြင့်ကျော်နဲ့မြင့်သိန်း လိုက်လာပြီး ဖိုးကျော်ကို ရန်လုပ်ပါတယ်၊ ဖိုးကျော်က လူတိုင်းကို အကောင်းမြင်တတ်တဲ့သူ ဆိုတော့ မြင့်ကျော်နဲ့မြင့်သိန်း ရန်လုပ်နေတာကိုပဲ စိတ်မဆိုးနိုင်ဘဲ သဘောကျပြီး ရယ်နေခဲ့တာပဲ''

''----''

''သမီးပါကတည်းက ဖိုးကျော်ကို ရန်ရှာချင်နေကြတာ၊ ဘေးက ဖြတ်သွားဖြတ်လာလူတွေကြောင့် သူတို့ညီအစ်ကို ရှုံသွားကြပြီး နောက်ကိုဆုတ်သွားကြတယ်၊ ဘော်ဒါဆောင်ရောက်တော့ သမီးက ဖိုးကျော်ကို မှာလိုက်ပါသေးတယ်၊ ဂရုစိုက်ပြီး သတိနဲ့ပြန်ဖို့ပါ၊ ဟင့်.....ဟင့်၊ မနက်ရောက်ပြီး နေမြင့်မှ ဖိုးကျော်အကြောင်းကြားခဲ့ရပါတယ်''

မြင့်သိန်းကမူ မျက်ရည်များစို့လျက်.....

''ကျွန်တော်တို့ရဲ့ ပုံမှန်စိတ်တွေကို မူးယစ်ဆေးက ဖုံးလွှမ်းထားလေတော့ လူကောင်းကို လူဆိုးအဖြစ်ပဲ မြင်နေမိတယ်၊ သူဇာကို ဘော်ဒါဆောင်ပို့ပြီး ပြန်လာတဲ့ ဖိုးကျော်ကို မှတ်လောက်သားလောက်အောင် သူ့နောက်ကျောကနေ နံချပ်ကူနဲ့ ဆက်တိုက်ရိုက်ပစ်ခဲ့တယ်၊ ဖိုးကျော်က တစ်ချက်လေးမှ ပြန်မလုပ်ပါဘူး၊ မလုပ်ကြပါနဲ့လို့ သူတောင်းပန်ပါသေးတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ရဲ့စိတ်တွေက မူမမှန်မဟုတ်လေတော့ နောက်ဆုံး ကျွန်တော့်ရိုက်ချက်က ဖိုးကျော်ရဲ့ ဦးခေါင်းကို ထိသွားခဲ့ပုံရပါတယ်၊ ဖိုးကျော် သတိမေ့သွားတာလား မသိဘူး၊ စကားပြန်မရပါဘူး၊ ကျွန်တော့်ညီ မြင့်ကျော်က ဒီကောင်သေမှ အေးမှာပါလို့ပြောပြီး အနီးပတ်ဝန်းကျင်မှာ လှည့်ပတ်ကြည့်လိုက်တော့ ဂုန်လျှော်ကြိုးအပြတ်တစ်ချောင်း သွားတွေ့တယ်၊ ကန်ပေါင်ပေါ်က တမာပင်နိမ့်နိမ့်ရှိတဲ့နေရာက သိပ်မဝေးဘူးလေ၊ သူ့ကို ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက် တွဲခေါ်သွားပြီး သူ့ကိုယ်သူ သတ်သေတဲ့သဘောဖြစ်အောင် ဖန်တီးလိုက်တာပါပဲ''



ဖိုးကျော်အား သတ်ဖြတ်သည့် တရားခံများက ဖွင့်ဟဝန်ခံခဲ့သည်မို့ စခန်းမှူးမှ တရားစွဲဆိုရန် တရားရုံးသို့ အမှုတွဲတင်လိုက်ပြီဖြစ်သည်။

စခန်းမှူး ရဲအုပ် အောင်သက်ခိုင်သည် လူမှန်စိတ်မှန်ဖြစ်နေသည့် ညီအစ်ကိုနှစ်ဦးအတွက် စိတ်မကောင်းဖြစ်ရသော်လည်း ပျော်ပျော်နေတတ်သော ဖိုးကျော်ရေတိမ်နစ်ရခြင်းအတွက် အထူးပင် ဝမ်းနည်းရပေသည်။

ပညာတတ်လူငယ်လေးများအား စိတ်ကြွမူးယစ်ဆေးများသည် အချိန်နှင့်အမျှ ဖျက်ဆီးလျက်ရှိနေသည်ကို လူငယ်များ သတိရှိနိုင်ပါစေဟု ရဲစခန်းမှူး ရဲအုပ် အောင်သက်ခိုင်တစ်ယောက် ဆုတောင်းလျက် သက်ပြင်းရှည်ကြီးအား ချ၍နေပါတော့သည်။


**မောင်သာမန် (ဒီကုန်း)**



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## မြူခိုးဝေတဲ့တောင်

ထက်ထက်ဦးဝေ

"ကိုလေး ဝတ်မှုံဆုံးသွားပြီ၊ အမြန်ပြန်လာပါတော့နော်"

"ဘာ.....ဝတ်မှုံဆုံးပြီ၊ ဟုတ်လား၊ ဘာဖြစ်သွားတာလဲ"

"မသိဘူး ကိုလေး၊ ပတ်ဝန်းကျင်က အပုပ်နံ့ရလို့ သက်ဆိုင်ရာကို သတင်းပေးလိုက်မှ သိကြတာတဲ့"

"ဟာ....."

မင်းခန့်မှာ တုန်လှုပ်သွားတော့၏။ သူခရီးထွက်နေချိန်တွင် ဝတ်မှုံတစ်ယောက်တည်း ကျန်ရစ်ခဲ့ရှာသည်။ ယောကျ်ားကို စိတ်မချသော ဝတ်မှုံမှာ ယခုတော့ဖြင့် သူ့အား ထားသွားခဲ့ပြီဖြစ်၏။ သည်တော့ မင်းခန့်အဖို့ ယူကျုံးမရစိတ်ဖြင့် ဝမ်းနည်းရုံသာရှိတော့သည်။

"ကိုလေး.....ဝတ်မှုံ နာရေးအတွက် စီစဥ်ရအောင် ပြန်လာနော်၊ ပြီးတော့ သက်ဆိုင်ရာက လူသတ်တရားခံကို ဖော်ထုတ်နိုင်အောင် စစ်ဆေးမေးမြန်းရဦးမယ်တဲ့၊ ကိုလေးက ခင်ပွန်းဖြစ်နေတော့ ထွက်ဆိုချက်ပေးဖို့လိုတယ်တဲ့"

"ငါသိပါတယ် မိသင်းရာ၊ ဒီမှာလည်း အလုပ်ကိစ္စတွေ ပြီးနေပါပြီ၊ အဝေးပြေးကားနဲ့ ဒီနေ့ပဲ ပြန်လာပါ့မယ်ကွာ၊ ဝတ်မှုံအတွက် စီစဥ်စရာရှိတာကို စီစဥ်ထားပေးဦး"

"စိတ်ချပါ ကိုလေးရယ်၊ ကိုလေးသာ အမြန်ပြန်ခဲ့နော်၊ ဝတ်မှုံကို ကြည့်ရတာ တစ်ယောက်ယောက်ကများ ဝင်သတ်သွားလေသလားမသိဘူး၊ အလောင်းက လွန်ခဲ့တဲ့ ငါးရက်လောက်က သေနေတာလို့ ရဲတွေကပြောကြတယ်"



"အေးလေ၊ သတ္တဝါတစ်ခု၊ ကံတစ်ခုပေါ့ကွာ၊ ယောကျ်ားခရီးထွက်ချိန်မှာ သေရတယ်ဆိုတော့ ဖောက်ပြန်လို့လည်း ဖြစ်နိုင်တာပဲ၊ ဒါကြောင့်မို့ အိမ်ထဲအထိ ဝင်သတ်သွားတာပေါ့"

"မဖြစ်နိုင်ပါဘူး ကိုလေးရယ်၊ ဝတ်မှုံက ကိုလေးအပေါ်မှာ ဘယ်လောက်ချစ်တယ်ဆိုတာ မိသင်းတို့ အသိဆုံးပါနော်၊ ကိုလေးသာ ဝတ်မှုံအပေါ် အပြစ်တွေမြင်ပြီး အလိုမကျဖြစ်နေတာပါ၊ ဒါကြောင့်မို့ မတည့်အတူနေ ဖြစ်နေကြတာလေ"

"တော်ပြီ မိသင်း၊ နင်ပြောနေ


www.burmeseclassic.com

www.burmeseclassic.com

တာနဲ့ ရဲတွေက ငါ့ကို တရားခံလို ကြည့်နေဦးမယ်၊ အေး...ဒါပဲနော်၊ ဖုန်းချလိုက်ပြီ"

မင်းခန့်လည်း တည်းခိုခန်းမှ ပစ္စည်းများသိမ်းဆည်းပြီးနောက် အဝေးပြေးဂိတ်သို့ ထွက်လာရတော့၏။ ကံကောင်းထောက်မစွာဖြင့် ရန်ကုန်ထွက်မည့်ကားတွင် ခရီးသည်ရောက်မလာ၍ ထိုင်ခုံတစ်နေရာရခဲ့သည်။ ကျေးဇူးတင်လိုက်သည့်ဖြစ်ခြင်းပါ။ ထို့နောက်တွင် အဝေးပြေး အဲယားကွန်းယာဉ်ကြီးပေါ်တွင် မင်းခန့်တစ်ယောက် အတွေးများစွာဖြင့် လိုက်ပါခဲ့ရတော့သည်။

ဝတ်မှုံ မည်သို့သေဆုံးသည်ကို မသိရသော်လည်း ဝတ်မှုံတွင် နှလုံး ရောဂါ စတင်ဝင်ရောက်နေကြောင်း မင်းခန့်သိထား၏။ တစ်ခါတစ်ရံတွင် ရင်ဘတ်မှ စူးအောင့်သောဒဏ်ရာကြောင့် နှလုံးသွေးကြော ကျဉ်းရောဂါဟု သိရသည်။ နှလုံးနှင့်ပတ်သက်သော ဆေးများက စားပွဲပေါ်တွင်အပြည့် နေရာယူထား ၏။ ရောဂါအခြေအနေအား မင်းခန့်က မေးမြန်းခြင်း၊ ကုသပေးခြင်း မရှိခဲ့ပေ။ သူ့အလုပ်ကိစ္စအကြောင်းပြ၍ ဝတ်မှုံအပေါ် စိမ်းစိမ်းနေခဲ့မိသည်။

ဝတ်မှုံမှာလည်း မာနစိတ်ဖြင့် မင်းခန့်သိစေရန် ပြောမပြပေ။

ဝေဒနာတစ်ခုကို ကြိတ်မှိတ်ခံစားတတ်၏။ ထို့ကြောင့်လည်း မင်းခန့်က ဝတ်မှုံအပေါ် အမြင်မကြည်ပေ။ တစိမ်းဆန်ရသည့် အကြောင်းရင်းကလည်း မင်းခန့်တွင် ရှိနေ၏။

အိမ်ထောင်သက် ငါးနှစ်အတွင်းတွင် မင်းခန့်က ရင်သွေးလိုချင်သော်လည်း ဝတ်မှုံက အကြောင်းပြချက်ဖြင့် ငြင်းဆန်ခဲ့၏။ သည်တော့ သံယောဇဉ်ကြိုးနှင့် အိမ်ထောင်ရေးကို ထိန်းမထားနိုင်လျှင် ရေရှည်တွင် မခိုင်မြဲတတ်ကြောင်း ဝတ်မှုံက နားမလည်ပေ။

"လှလှပပနေပါရစေဦး ယောကျ်ားရယ်၊ ကလေးတိုးလိုးတွဲလဲနဲ့ စိတ်ညစ်စရာကြီးရှင်"

"အေးလေ၊ မင်းမမွေးချင်ရင်ပြီးတာပဲ"

"ဝတ်မှုံက အိမ်ထောင်သက်နုသေးလို့ပါနော်"

"မင်းအလှပျက်မှာစိုးရင်လည်း သဘောပေါ့ကွာ"

သူတို့နောက်မှ အိမ်ထောင်ပြုသူများက သားသမီးရနေကြရာ မင်းခန့်လည်း အားကျစိတ်ဖြစ်မိ၏။ ကလေးငယ်များမြင်လျှင် ခံစားချက်ဖြင့် ကြင်နာတတ်ပြန်ရာ ဝတ်မှုံက မကြိုက်ပေ။ ပိုဆိုးသည်မှာ မိတ်ဆွေတစ်ယောက်၏ သမီးဖြစ်သူ သားအမိ အလည်ရောက်လာသည်နှင့် ဝတ်မှုံက ရန်လုပ်တတ်၏။

"ဟင်း.....ဟိုအကြောင်းပြ၊ ဒီအကြောင်းပြနဲ့ ငွေလာချေးနေတာနော်၊ မင်းခန့်ကြီး သဘောကောင်းမှန်းသိလို့ ဒုက္ခပေးဖို့ လာနေတာ"

"အဲဒီလိုမပြောပါနဲ့ မိန်းမရာ၊ သူ့ကိစ္စနဲ့သူ ရောက်လာတာပါ"

"ကာမနေနဲ့၊ မသိဘူးထင်နေလား"

"သူ့မိဘတွေက ကိုယ့်ကို ကျွေးမွေးထားတဲ့ ကျေးဇူးတွေရှိနေလို့ပါကွာ"

"ဒါဆိုလည်း တစ်ခါတလေပေါ့၊ အခုဟာက အားနာစိတ်မရှိကြဘူး၊ အပိုင်ယူဖို့များ ကြံစည်နေသလားမသိဘူး၊ ဟင်း....."

ကလေးငယ်လေးက သင်ထားသည့်အတိုင်းပင်။ ရောက်လာသည်နှင့် တဘတည်း ဘနေတတ်၏။ မင်းခန့်ပေါင်ပေါ်မှ မဆင်းတော့ပေ။ ဝတ်မှုံကိုတွေ့သည်နှင့် သူ့အမေနားသို့ ပြန်ပြေးတတ်သည်။ ဝတ်မှုံအမြင်ကတ်သည်က ကလေးပင်မဟုတ်၊ အမေဖြစ်သူ ယဉ်ယဉ်၏ 'ဦး'၊ 'ဦး'နှင့် ခေါ်တတ်သော ညုတုတုအသံပဲဖြစ်သည်။

"မိန်းမရှိနေတာတောင်မှ မသင့်တော်မှန်း နားမလည်ဘူးဟိုက ဦးလို့ခွဲပြီးခေါ်လေ ဒီက နွားပြာ



www.burmeseclassic.com

www.burmeseclassic.com



ကြီး အောက်သွားမရှိဖြစ်လေနဲ့ အကြည်ဆိုက်နေကြတယ်ပေါ့လေ''

''မင်းကွာ၊ ယယ်ယယ်က နှုတ်ကျိုးနေလို့ပါ၊ ဘာစိတ်မှမရှိဘူး၊ စိတ်ချ''

''သူ့လင်က ဘယ်ရောက်နေလို့လဲ''

''မသိဘူးလေ''

''ဟင်း.....ကလေးတောင် လင်ကောင်မပေါ်ဘဲ မွေးတာလား၊ လင်ကောင်ဖမ်းလို့ ပြေးတာလားမှ မသိတာ၊ အလည်မနော်၊ ကြည့်ရှောင်၊ ဒါပဲပြောမယ်''

နောက်တော့ ယယ်ယယ်လည်း အိမ်မလာရဲတော့ပေ။ သို့ပေမယ့် မင်းခန့်ထံ လာတွေ့တတ် သည်ကို ဝတ်မှုံက မမြင် သော်လည်း သိနေ၏။ လျှို့ဝှက်စွာနေတတ်ခြင်းက မိမိ၏အားနည်း ချက်ဖြစ်နေရာ ထိုအားနည်းချက်အား ယယ်ယယ်က အမိအရ အသုံးချသွားတော့သည်။ လင်မယား အဆင်မပြေလေ ဘေးပယောဂက ဝင်လာလေဖြစ်ရာ ယယ်ယယ်နှင့် ပတ်သက်၍ စကားများကြသည်မှာ အကြိမ်ကြိမ်ပါ။ မာနကြောင့် သူတစ်ပါး ကောင်းစားဖို့ ဖြစ်သွားရ၏။

မင်းခန့်လည်း အတွေးကိုရပ်၍ ကား ထိုင်ခုံနောက်မှီပေါ်တွင် ခေါင်းချရင်း အိပ်စက် လိုက်မိတော့သည်။

♛♛♛♛♛

''ဝတ်မှုံက ပြင်ပဒဏ်ရာဖြစ်တဲ့ ခေါင်းကို မာကျောတဲ့ အရာနဲ့ ထိခိုက်မိတဲ့ ဒဏ်ရာကြောင့် သွေးထွက်လွန်ပြီး သေဆုံးသွားရတာပါပဲ၊ ဘုရားစင်အောက်က မှန်ဗီရို စောင်းမှာ သွေးတွေကပ်နေတာကို ကြည့်ခြင်းအားဖြင့် ဆောင့်မိခြင်းဖြစ်တယ်လို့ ယူဆနိုင်ပါတယ် ကိုမင်းခန့်''

''ဟုတ်မယ်ဗျ၊ မိန်းမက ခြေမခိုင်၊ လက်မခိုင်နဲ့၊ အဲဒီလိုအမြဲတမ်းဖြစ်တတ်ပါတယ်''

ရဲအရာရှိက မင်းခန့်စကားကို နားထောင်ရင်း ပြုံးလိုက်၏။ လူသတ်မှုမမြောက်သော လူသေမှုတွင် အမျိုးမျိုးရှိကြသည်။ သေမှုသေခင်းတစ်ခုတွင် သဲလွန်စဟူသည် ရှိတတ်စမြဲပင်။ သက်မဲ့သက်သေများက ပြစ်မှုအမျိုးအစားကို ခွဲခြားပေးတတ်ကြ၏။ ဤသည်ကို သာမန်အရပ်သားများက မတွေးမိသော်လည်း ဥပဒေဘက်တော်သားများက နားလည်ကြသည်။



''ကိုမင်းခန့်ဇနီးသေဆုံးတာဟာ သွေးရိုးသားရိုးလို့ ယူဆနိုင်သလို တစ်စုံတစ်ယောက်ရဲ့ ပယောဂကြောင့် သေဆုံးရတာလို့လည်း ယူဆလို့ရပါတယ်၊ ဘာကြောင့်လဲဆိုရင် သံပန်းတံခါးကို အပြင်က သော့ခတ်သွား

www.burmeseclassic.com


လို့ပါပဲ''

''ဩော်.....ဆရာကလည်း ဝတ်မှုံကိုယ်တိုင် သော့ခတ်ခဲ့တာရော မဖြစ်နိုင်ဘူးလားဗျာ၊ တံခါးပိတ်ပြီးမှ တိုက်မိတာမျိုးလေ''

''မဖြစ်နိုင်ပါဘူး ကိုမင်းခန့်''

ရဲအရာရှိ၏ လေးနက်စွာခေါင်းခါပြပုံကြောင့် မင်းခန့်လည်းအနည်းငယ် တွေဝေသွားတော့သည်။

''တစ်ယောက်ယောက်က လုပ်ကြံပြီးထားခဲ့တာ သေချာနေပါတယ်၊ ခင်ဗျားက မိန်းမနဲ့အတူရှိမနေတော့ စစ်ဆေးစရာမလိုဘူးပေါ့ဗျာ၊ မဝတ်မှုံက တံခါးသော့ခတ်ရင် သစ်သားတံခါးကို အထဲကနေ ချက် ထိုးထားမှာပဲ၊ အခုတော့ သစ်သား တံခါးက စေ့ရုံစေ့ထားပြီး သံပန်း တံခါးကိုပဲ သော့ခတ်သွားတာလေ''

မင်းခန့်လည်း ပင့်သက်မောကို ချလိုက်မိတော့သည်။ ရဲအရာရှိက ဆက်ပြောပြလိုက်၏။

''တရားခံဟာ အပြင်ကနေ သော့ခတ်ခဲ့ပြီး တံခါးသော့ကိုအိမ်ထဲပြန်ပစ်ချသွားခဲ့တယ်၊ ဒါဟာ တွေးစရာပဲ ကိုမင်းခန့်၊ ဒါကြောင့်မို့ ပစ္စည်းတွေကို စစ်ဆေးကြည့်ဖို့ ပြောချင်ပါတယ်၊ ပစ္စည်းနဲ့ငွေတွေ ပျောက်တယ်ဆိုရင်တော့ လူသတ်၊ လုယက်မှုဖြစ်ဖို့ သေချာတယ်''

''ဟုတ်ကဲ့၊ အိမ်ပြန်ရောက်တာနဲ့ စစ်ဆေးကြည့်ပါ့မယ်ဆရာ၊ တစ်ခုတော့ ပြောပါရစေ''

''ပြောပါ ကိုမင်းခန့်၊ ခင်ဗျားစိတ်ထဲမှာ မသင်္ကာစရာလူရှိရင် ပွင့်ပွင့်လင်းလင်း ပြောပြနိုင်ပါတယ်''

မင်းခန့်သည် နှုတ်ဆွံ့နေရာမှ ရဲအရာရှိ၏စကားကြောင့် သွက်လက်စွာ ပြောပြလိုက်သည်။

''ဟိုလေ ဝတ်မှုံ့ရဲ့ဦးလေး အရင်း ဦးသက်နှင်းက အိမ်ကို မကြာခဏရောက်လာတတ်ပါတယ်၊ လာတိုင်းလည်း ဝတ်မှုံက ငွေ၊ သို့မဟုတ် ပစ္စည်းတစ်ခုခု ပေးတတ်တယ်၊ ကျွန်တော်မရှိချိန်မှာ သူ့တူမကိုများ.....''

''ဖြစ်နိုင်ပါတယ် ကိုမင်းခန့်၊ ဦးသက်နှင်းနေတဲ့ လိပ်စာကို ရနိုင်မလားဗျာ''

''ဟုတ်ကဲ့ခင်ဗျ၊ လိပ်စာရော ဖုန်းရော ရှိပါတယ်''

မင်းခန့်လည်း မှတ်စုစာအုပ်လေးကိုထုတ်ယူ၍ ဦးသက်နှင်း၏ လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ပေးလိုက်၏။

''ကျေးဇူးပဲဗျာ၊ ဘာပဲဖြစ်ဖြစ် တရားခံဖမ်းမိရေးအတွက် အစွမ်းကုန်ကြိုးစားရမှာပဲ၊ တခြားမသင်္ကာသူရှိရင်လည်း ပြောပါဗျာ၊ ကျွန်တော်တို့တစ်တွေ အမှုတစ်ခု မြန်မြန်ပေါ်နိုင်အောင် ဝိုင်းဖန်းလုပ်ဆောင်ကြရမှာပဲ၊ အဲဒီအတွက် တာဝန်သိပြည်သူတွေရဲ့ အကူအညီလိုအပ်နေပါတယ်''

''ကျွန်တော်လည်း ခရီးထွက်ရာက ပြန်ရောက်ရောက်ချင်း ရဲစခန်းကို တန်းလာခဲ့တာပါ၊ မနားရသေးပါဘူး၊ ကျွန်တော့်ကို ခွင့်ပြုပါဦးနော်''

''ကောင်းပါပြီ ကိုမင်းခန့်''

မင်းခန့်ထွက်သွားရာသို့ကြည့်ပြီး စခန်းမှူးလည်း စိတ်မကောင်းစွာဖြင့် ကျန်ရစ်ခဲ့သည်။ ဇနီးသည်၏အသုဘက ချက်ချင်းချလိုက်ရသည့်အတွက် မင်းခန့်မှာ ဝတ်မှုံ၏ မျက်နှာလေးအား မမြင်လိုက်ရပေ။ စခန်းမှူးမှာ စာနာစိတ်များဖြင့် သက်ပြင်းရှည်ကို ချလိုက်မိ၏။

♛♛♛♛♛

''ဖြစ်ရလေဗျာ၊ ကျုပ်တူမလေးက စိတ်ကောင်းရှိတဲ့ မိန်းကလေးပါ ဗိုလ်ကြီးရာ၊ သူ့မိဘတွေဆုံးတော့ ကျုပ်ကပဲ သမီးလေးလို ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့ရတာပါ၊ တူမလေး ၁၅ နှစ်သမီးအရွယ်ကတည်းကပါဗျာ''

စခန်းမှူးနှင့်အဖွဲ့က ဦးသက်နှင်းထံသို့ သွားရောက်၍ သတင်းယူ စုံစမ်းခြင်းဖြစ်သည်။ ဦးသက်နှင်းသည် ဝတ်မှုံသေဆုံးသည့်


10:31 am 07/29/13
www.burmeseclassic.com

www.burmeseclassic.com



သတင်းအား မသိသေးပေ။ စခန်းမှူးပြောပြမှ ဝမ်းပန်းတနည်း ရှိုက်ငိုတော့၏။ ဟန်ဆောင်ခြင်းမမည်သော ဝမ်းနည်းခြင်းတစ်ခုအား စခန်းမှူးက သရုပ်ခွဲသိလိုက်၏။

"ကျုပ်တူမလေးက ကျုပ်အပေါ် ဖခင်တစ်ယောက်လို သဘောထားပြီး ရိုသေလေးစားသူလေးပါဗျာ၊ သူတော်ကောင်းမလေးမှ ဖြစ်ရတယ်လို့ဗျာ၊ ကျွန်တော်တို့ လင်မယားက ဘုရားဖူးထွက်ခဲ့တာ မနေ့ကမှ ပြန်ရောက်လာတာပါ ဗိုလ်ကြီးရာ၊ ဘုရားဖူးထွက်မယ်လို့ ပြောတော့ လှူစရာရှိတာ လှူဖို့ဆိုပြီး တူမလေးက ငွေငါးသောင်း ပေးခဲ့ပါသေးတယ်၊ အဲဒါလည်း သူတို့လင်မယားနာမည်နဲ့ ဘုရားတွေမှာ လှူပေးခဲ့ပါသေးတယ်ဗျာ"

ဦးသက်နှင်း၏ဇနီး ဒေါ်ထွေးမေက အလှူငွေဖြတ်ပိုင်းစာရွက်လေးများကို ယူလာပြ၏။ စခန်းမှူးက သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းလိုက်၏။ ဘုရားဖူးထွက်နေချိန်ကျမှ ဝတ်မှုံက သေဆုံးသွားခြင်းဖြစ်ရာ ဦးသက်နှင်းမှာ မည်သို့မျှ တရားခံတစ်ယောက်မဖြစ်နိုင်မှန်း ရိပ်မိခဲ့၏။

"မောင်မင်းခန့်နဲ့ လက်ထပ်ပြီးတဲ့နောက်ပိုင်း ဝတ်မှုံနဲ့ မတွေ့ရတာ ကြာပါပြီရှင်၊ သူ့ဦးလေးက အိမ်အလည်သွားခဲ့ပေမယ့် ကျွန်မကတော့ မလိုက်ဖြစ်ပါဘူး၊ ဝတ်မှုံတို့လင်မယားသာ ဝါကျွတ်တိုင်းလာ ကန်တော့ကြမှ ဝတ်မှုံကို တွေ့ရ တာပါရှင်"

ရိုးသားသူများဖြစ်ကြောင်းကို စခန်းမှူးက အတွေ့အကြုံအရ သိနေ၏။ သည်တော့ စခန်းမှူးအတွက် မေးမြန်းစရာတစ်ခုပဲရှိတော့သည်။

"မဝတ်မှုံရဲ့ အိမ်ထောင်ရေးအပေါ်ရော ဦးလေးတစ်ယောက်အနေနဲ့ ဘယ်လိုမြင်မိသလဲဗျာ"

ဦးသက်နှင်းက အဝေးသို့ တွေဝေငေးမောကြည့်ပြီးမှ စကားတစ်ခွန်းအား ဖြည်းလေးစွာ ပြောတော့၏။

"သူတို့ချင်း မေတ္တာရှိကြတာ မှန်ပေမယ့် တူမက အိမ်ထောင်ပြုခါနီးမှာ ကျုပ်ကို မိဘတစ်ယောက်အနေနဲ့ တိုင်ပင်ခဲ့ပါတယ်၊ ဦးလေးနဲ့ဒေါ်လေး သဘောကျမှ သူယူမှာပါတဲ့၊ ကျုပ်က မောင်မင်းခန့်ကို လေ့လာပါဦးလို့တော့ တူမကိုပြောခဲ့ဖူးပါတယ်၊ ဘာကြောင့်လဲဆိုရင် အိမ်ထောင်ပြုမှားမိမှာစိုးလို့ပါ"

"သူ့မှာ ဦးလေးသဘောမကျစရာမျိုးရှိလို့လား"

"မရှိပါဘူး၊ ဒါပေမဲ့ မောင်မင်းခန့်က တစ်ခါတစ်ခါမှာ နားလည်ရခက်တယ်၊ သဒ္ဒါလွန်တတ်သလို တွန့်တိုပြန်ရင်လည်း သူ့အပြင်မရှိဘူး၊ ကျုပ်တူမကို စိတ်မကောင်းဖြစ်မှာစိုးလို့ ကျုပ်က ခဏခဏ မသွားခဲ့ဘူး၊ တစ်ခါတလေ တူမက အိမ်မလာလို့ စိတ်ဆိုးတတ်သေးတယ်လေ၊ ဒါပေမဲ့ဗျာ ကျုပ်တို့ကြောင့် လင်မယားချင်း မသင့်မြတ်မှာကို စိုးရိမ်တယ်၊ ပေးတိုင်းမယူသလို ကျွေးတိုင်းမစားဘူး၊ ကျုပ်တို့မှာလည်း သားသမီးတွေအထောက်အပံ့ ရှိနေတာပဲ ဗိုလ်ကြီးရာ၊ မလိုအပ်ပါဘူး"

ဦးသက်နှင်းက ပြတ်သားစွာ ပြောဆိုတတ်သူပါ။ သူ့အနေနှင့် အဆင်ပြေသော အိမ်ထောင်ရေးမျိုးကိုသာ မျှော်လင့်မိ၏။ စိတ်ဆင်းရဲသောကရောက်မည်ကို မမြင်ရက်သည့် မိဘမေတ္တာမျိုးနှင့် သံယောဇဉ်ဖြစ်နေ၏။

"ဒါပေမဲ့ ကျုပ်တူမလေးက ကံဆိုးပါတယ် ဗိုလ်ကြီးရာ"

ထိုစကားဖြင့်သာ ဦးသက်နှင်းက စကားရပ်သွား၏။ စခန်းမှူးလည်း သိသင့်သလောက်ကို သိထားနိုင်ခဲ့ပြီဖြစ်၍ ဦးသက်နှင်းနှင့် ဒေါ်ထွေးမေအား နှုတ်ဆက်ကာ ပြန်လာခဲ့လိုက်တော့သည်။ ရဲစခန်းပြန်ရောက်သည့်နောက် မြို့နယ်ရဲတပ်ဖွဲ့မှူးအား သတင်းပို့လိုက်၏။ မှုခင်းဖြစ်စဉ်တစ်ခုအား သေသေချာချာလေ့လာခြင်း၊ ပြန်လည်ဆွေးနွေးခြင်းနှင့် သက်သေများ၏ထွက်ဆို

www.burmeseclassic.com



ချက်များကို အဆင့်ဆင့်လေ့လာခြင်းတို့ ပြုကြရသည်။

"သူတို့တိုက်ခန်းကို အဝင်အထွက်ရှိတတ်တဲ့ ရေသန့်သမားနဲ့ စံပယ်ပန်းသည်တွေရဲ့ ထွက်ဆိုချက်တွေ၊ ဘေးကအခန်းတွေရဲ့ ထွက်ဆိုချက်တွေနဲ့ မသင်္ကာတရားခံတွေရဲ့ မှတ်တမ်းတွေကို အပြန်ပြန်အလှန်လှန် စစ်ဆေးဖို့လိုအပ်တယ်"

"ဟုတ်ကဲ့ ဗိုလ်ကြီး"

"မင်းတို့ လျှို့ဝှက်ကိစ္စရော စုံ စမ်းပြီးကြပြီလား"

"ဟုတ်ကဲ့ခင်ဗျ။ Fax ရောက်လာပါပြီ ဗိုလ်ကြီး"

"ကောင်းပြီ၊ ကဲ....ဆက်စပ်ကြည့်ကြရအောင်ကွာ"

♛♛♛♛♛

"ဆရာ ကျွန်တော့်မိန်းမကို သတ်တဲ့တရားခံ မိပြီဆို၊ ဘယ်မှာလဲဟင်.....ဘယ်မှာလဲ"

မင်းခန့်မှာ ဝတ်မှုံရက်လည်ပြီးသည့်နေ့တွင် တိုက်တိုက်ဆိုင်ဆိုင်ပင် စခန်းမှူးက အကြောင်းကြားလာသည့်အတွက် အလျင်အမြန်ရောက်လာ၏။

"ထိုင်ပါဦး ကိုမင်းခန့်၊ တရားခံကို မိပြီပဲ၊ အေးအေးဆေးဆေး ရှင်းပြပါ့မယ်ဗျာ၊ မြို့နယ်မှူးကိုခဏလေးစောင့်ပါဦး"

"ကျွန်တော် သိချင်လှပြီဗျာ၊ အဲဒီတရားခံကိုတွေ့ရင် ဆွဲထိုးပစ်လိုက်မယ်၊ တောက်... ကျွန်တော့်မိန်းမကို သတ်ရက်တယ်ဗျာ"

"အဲဒီလိုတုံ့ပြန်ရင် ခင်ဗျားမှားသွားမှာပေါ့၊ ဥပဒေအရ အပြစ်ပေးပါလိမ့်မယ် ကိုမင်းခန့်၊ စိတ်ကိုထိန်းပါဗျာ"

"ကျွန်တော်ထင်တယ် အဲဒီ တရားခံဟာ ဝတ်မှုံကိုကြိုက်နေတဲ့ ကောင်ပဲဖြစ်မှာပါဗျာ၊ ဟုတ်တယ် မဟုတ်လား ဆရာ"

"ဩော်.....ကိုမင်းခန့်က မဆိုးပါဘူး၊ ထင်မြင်ယူဆတတ်သားပဲ၊ ဟော.....မြို့နယ်မှူးလာပြီလား၊ အေး..အေး လာမယ်၊ ကဲ..ကိုမင်းခန့် မြို့နယ်မှူးအခန်းကို သွားကြရအောင်ဗျာ"

မင်းခန့်လည်း သွက်လက်စွာ လိုက်ပါသွားသည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးခန်းသို့ရောက်သည်နှင့်...

"တရားခံကို လက်ထိတ်ခတ်လိုက်တော့ကွာ"

"ဟုတ်ကဲ့"

"ချောက်....."

"ဗျာ....."

မင်းခန်း၏လက်နှစ်ဖက်တွင် လက်ထိတ်ခတ်ခြင်းခံလိုက်ရ၍ ထိတ်လန့်စွာ ငြင်းဆန်နေသည်။

"ကျွန်တော့်ကိုဘာကြောင့် လက်ထိတ်ခတ်ရတာလဲဗျာ၊ ကျွန်တော် တရားခံမဟုတ်ဘူးလေ၊ ဆရာတို့ မှားနေပြီဗျ"

"စိတ်တော့မကောင်းပါဘူး





10:31 am 07/29/13

www.burmeseclassic.com

www.burmeseclassic.com



ကို မင်းခန့်၊ ခင်ဗျားက တရားခံ မဟုတ်ဘူးလို့ ငြင်းနေပေမယ့် ကျုပ်တို့မှာ ခိုင်လုံတဲ့သက်သေ အထောက်အထားတွေ ရှိနေပါတယ်၊ ထိုင်ပါ၊ ရှင်းပြပါ့မယ်''

မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ပြတ်သားသောစကားကြောင့် မင်းခန့်မှာနှုတ်ဆိတ်ငြိမ်သက်သွားတော့၏။ ထို့နောက် မကျေမနပ်ဖြင့် ထိုင်ချလိုက်သည်။

''ခင်ဗျား ခရီးမသွားခင် အချိန်လေးမှာ သေဆုံးသူနဲ့ အချင်းများ ကြသေးတယ်မဟုတ်လား၊ အမှန်ကိုသာ ထွက်ဆိုပါဗျာ၊ ကျုပ်တို့မှာ ပတ်ဝန်းကျင်အိမ်တွေရဲ့ သက်သေ ထွက်ဆိုချက်တွေ ရှိနေတယ်''

မင်းခန့်သည် အသက်ပြင်းပြင်း ရှူပြီးနောက် စိတ်ကိုလျှော့ချလိုက် ပုံရ၏။ မင်းခန့်မျက်လုံးများက ဂနာမငြိမ်ပေ။

''ပြီးတော့ မိန်းမတစ်ယောက်နဲ့ပတ်သက်ပြီး စကားများကြတယ်မဟုတ်လား''

မင်းခန့်မှာ နှုတ်ခမ်းများတရွရွနှင့် ဝန်ခံရမည့်အရေး တုံ့နှေးနေပြန်၏။ မျက်နှာတွင် ဇောချွေးများပြန်လာပြီး ထိတ်ထိတ်ပျာပျာဖြစ်လာသည်။

''ပြောလေဗျာ၊ ကျုပ်မေးတာ မှန်ရင်မှန်တယ်၊ မှားရင်မှားတယ် ပေါ့''

''ဟုတ်...ဟုတ်ပါတယ်ဆရာ၊ ကျွန်တော်နဲ့ဝတ်မှုံ စကားများခဲ့ကြပါတယ်၊ ဒါပေမဲ့ ဝတ်မှုံက အဲဒီမိန်းကလေးနဲ့ ကျွန်တော့်ကို အထင်လွဲနေတာပါဗျာ''

''ထားပါတော့လေ၊ ဒါက ခင်ဗျားကိစ္စပါ၊ ကျုပ်တို့သိချင်တာက သေဆုံးသူကို ဘာကြောင့်သတ်ရတယ်ဆိုတာပဲ''

''ကျွန်တော် ဝတ်မှုံကိုမသတ်ခဲ့ပါဘူးဗျာ၊ သတ်ဖို့လည်းမရည်ရွယ်ခဲ့ပါဘူး၊ ဘာကြောင့်လဲဆိုရင် ဝတ်မှုံက ကျွန်တော်ချစ်လို့ လက်ထပ်ထားတဲ့ မိန်းကလေးပါဗျာ၊ ကိုယ့်မိန်းမကို ရက်ရက်စက်စက် မလုပ်ရက်ပါဘူး''

မင်းခန့်က ငြင်းဆန်နေတုန်းပင်။ သည်တော့ မင်းခန့်နားလည်စေရန် ရှင်းပြပေးရတော့၏။

''ခင်ဗျား ခရီးထွက်ခါနီး အချိန် မှာ ဖြစ်ပျက်ခဲ့တဲ့ ဖြစ်စဉ်ကို ပြောပြပါဦး၊ ဒါမှ ခင်ဗျားနားလည်လာ မှာလေ၊ ပြီးတော့ ကျုပ်တို့ စစ်ဆေးချိန်မှာ ခင်ဗျားက ဒီအဖြစ်အပျက်ကို ထိမ်ချန်ထားခဲ့တယ်၊ ဒါဟာ ခင်ဗျားရဲ့ မရိုးသားမှုပဲပေါ့''

''ဟုတ်ပါတယ်ဗျာ၊ ကျွန်တော့်ကို အထင်လွဲမှာစိုးလို့ပါ၊ ကျွန်တော် ကိုယ်တိုင်လည်း ဝေခွဲမရဖြစ်ခဲ့ပါ တယ်၊ ဒီလိုပါ ခင်ဗျာ၊ ကျွန်တော် ရှင်းပြပါ့မယ်''

မင်းခန့်လည်း ဝတ်မှုံနှင့် နောက်ဆုံးတွေ့ဆုံချိန်လေးအား မြို့နယ်ရဲတပ်ဖွဲ့မှူးအား အမှန်အတိုင်း ပြောပြလိုက်တော့သည်။

♛♛♛♛♛

''ကိုမင်းခန့်၊ ရှင့်ကိုယ်ရှင် လည်လှပြီပေါ့လေ၊ ရှင်တွေ့ဖူးတဲ့ မိန်းမတွေသာ ရှင့်ပြောသမျှကိုယုံကြလိမ့်မယ်၊ ဝတ်မှုံတို့ကတော့ မျက်စိစုံမှိတ် ခေါင်းညိတ်ပြီး ငွေနဲ့နှစ်သိမ့်တာကို ထိုင်စားနေတဲ့ ခပ်ညံ့ညံ့ မိန်းမမျိုးမဟုတ်ဘူး၊ ဘယ်သူ့ကိုမှလည်း မျှဝေဆွယ်ဖြားယောင်း မထားဘူး၊ မျောက်ပြပြီး ဆန်မတောင်းဘူး''

အဝတ်အစားများ အိတ်ထဲသို့ ထည့်နေစဉ် ဝတ်မှုံ၏ မကျေမနပ်စကားသံကြောင့် မင်းခန့်က စိတ်တိုသွား၏။ ယောကျ်ားခရီးသွားမည့်ကိစ္စတွင် ကူညီလုပ်ကိုင်ပေးခြင်းမရှိသည့်အပြင် တဖျစ်တောက်တောက်နှင့် စိတ်ညစ်စရာကောင်းနေသည်။

''ဟင်း.....ဇောင်းကလွှတ်တဲ့ မြင်းလို လွတ်ပြီကျွတ်ပြီဆိုပြီး ပျော် နေမှာပေါ့၊ ရှင်တို့ပျော်အောင် ကျွန်မ သေချင်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



နှလုံးရောဂါနဲ့မြန် မြန်သေသွားလည်း အေးတာပဲ၊ ဝဋ်ကျွတ်ပြီလေ''

အိတ်ထဲသို့ အဝတ်များကို ထည့်ပြီးသည်နှင့် ဇစ်ကိုပိတ်လိုက်သည်။ ပြီးမှ မင်းခန့်က ရုပ်အင်္ကျီနှင့် ဂျင်းဘောင်းဘီကို ဗီရိုထဲမှ ထုတ်ယူဝတ်နေ၏။ သူ့စိတ်ထဲတွင် ဝတ်မှုံနှင့် လွတ်ရာသို့ ပြေးသွားချင်နေသည်။ ကျောပူသာခံလိုက်ချင်၏၊ နားပူသည့်ဒဏ်အား မခံစားနိုင်ပါ။ သူငယ်စဉ်ကတည်းက မိဘဆူပူလျှင် အပြင်ဘက်ဝေးဝေးတွင် သွားထိုင်နေတတ်သည်။ မိဘအိပ်ချိန်ရောက်မှ တိတ်တဆိတ်ပြန်လာပြီး ဝင်အိပ်တတ်ခဲ့၏။

''ဟိုဟာမက ဆွဲအားကောင်းတော့ သွားဦးမှာပဲမဟုတ်လား၊ ဟိုကမလာလည်း ရှင်ကမှ မနေနိုင်တာ၊ ယူချင်လည်းယူကြ၊ အရှက်လာမခွဲနဲ့''

''ဟော့...ပတ်ဝန်းကျင်နဲ့နော်၊ မင်းမရှက်ဘူးလား''

''အမှန်ကိုပြောနေတာ၊ ရှက်စရာမလိုဘူး''

''အေး၊ မင်းသာ ငါမရှိရင် လင်ငယ်နဲ့ ပျော်မြူးနေတာ၊ ငါမသိဘူးများ ထင်နေသလား''

''ဘာ...ရှင်ဘာပြောတယ်၊ ပြန်ပြောလိုက်စမ်း၊ ပြောစမ်းပါ''

ဝတ်မှုံမှာ ဆွေ့ဆွေ့ခုန်နေတော့၏။ ပတ်ဝန်းကျင်ကြားလျှင် ဝတ်မှုံအား အထင်လွဲကြပေမည်။

''အေး၊ မင်းကိုပြောတာ မကြိုက်ရင် ငါ့လည်းလာမပြောနဲ့''

''မပြောစေချင်ရင် အပြောမခံရအောင်နေလေ၊ မရှုပ်နဲ့၊ အခုလည်း အဲဒီကောင်မနဲ့ သွားတွေ့ဦးမှာပဲမဟုတ်လား၊ ဘယ်လိုများလုပ်ထားလဲမသိဘူး၊ တမ်းတမ်းစွဲဖြစ်နေလိုက်တာ''

တကယ်လည်း မင်းခန့်က သွားတွေ့ရန် စိတ်ကူးထားသည်။ သူခရီးထွက်နေချိန်တွင် သုံးစွဲရန် ငွေကြေးပေးထားခဲ့ချင်၏။ ဝတ်မှုံစကားက မှန်နေသဖြင့် ကျိတ်ပြုံးမိ၏။

''မင်းကို ငါပြောထားမယ်နော်၊ ကောင်းကောင်းနေချင်နေ၊ မနေချင်ရင်တော့ ဒီအိမ်ပေါ်ကဆင်းသွား''

ဝတ်မှုံ၏ဒေါသက နှလုံးအထိ ဆောင့်တက်သွား၏။ စူးအောင့်ခြင်း ဝေဒနာအား ခံစားလိုက်ရသည်။ ယောကျ်ားဖြစ်သူသည် သူမ၏စိတ်အား တမင်နှိပ်စက်နေသည်လား၊ မြန်မြန်သေစေချင်နေသည်လား မသိပါ။

''ဘာကြောင့်ဆင်းရမှာလဲ၊ ကိုယ်က အမိုက်ခံပြီးဆင်းသွားရင် လာနေချင်တဲ့သူက အဆင်သင့်၊ သေတောင်မဆင်းဘူး''

''ငါ့စိတ်ကို လာမဆွနဲ့နော်၊ နောက်မှ မှားသွားပါပြီဆိုပြီး လာတောင်းပန်လို့မရဘူး၊ လုပ်ချင်ရာလုပ်သွားမှာ''

''လုပ်သွားလိုက်လေ၊ ဝတ်မှုံတို့က ထွေးပြီးသားတံတွေးကို ပြန်မမျိုဘူး''

မာနစကားများက ဝတ်မှုံ၏ ဝေဒနာအား တစ်စထက်တစ်စ တိုးလာစေသည်။ မင်းခန့်၏စကားများသည် စာနာစိတ်ကင်းမဲ့သူ၏ ရက်စက်ခြင်းနိဒါန်းစကားဟု ဝတ်မှုံက ထင်မိ၏။ သည်တော့မှ သားသမီးမမွေးခြင်း၏ နောက်ဆက်တွဲပြဿနာကို တဖြည်းဖြည်းသဘောပေါက်လာတော့သည်။ ထို့ကြောင့်လည်း ဒေါ်လေးဖြစ်သူ၏ ဆုံးမစကားကို ပြန်ကြားမိ၏။

''သားသမီးမရှိတော့ လွယ်လွယ်နဲ့ သံယောဇဉ်ပြတ်နိုင်ကြတယ်၊ တူမရဲ့၊ သိပ်ချစ်ပြီး သိပ်မြတ်နိုးသူမျိုးဖြစ်ရင် ပြဿနာမရှိနိုင်ဘူးပေါ့၊ နားလည်မှုနဲ့ အပြစ်မမြင်တတ်ကြဘူးကွဲ့၊ သားသမီးဆိုတာ သံယောဇဉ်ကြိုးပဲလေ၊ အဲဒီကြိုးနဲ့ အိမ်ထောင်တစ်ခုကိုထိန်းထားနိုင်တယ်''

ဝတ်မှုံကလက်မခံပေ။ သားသမီးရှိလျက်နှင့် စွန့်ပစ်ခဲ့သည့်လင်သားများလည်းရှိနေ၏။ အကြောင်းအမျိုးမျိုးကြောင့် မပေါင်းသင်းဘဲ



www.burmeseclassic.com

www.burmeseclassic.com

စရိတ်ထောက်နေသူများအား သံယောဇဉ်ကြောင့်ဟု မဆိုနိုင်ပါ။

“မင်းသုံးဖို့ ငွေတစ်သိန်းထားခဲ့မယ်၊ ကျန်တာအကုန်ယူသွားမယ်”

မင်းခန့်သည် သူ့တွက်ကိန်းနှင့်သူ အပ်ထားသောငွေငါးသိန်း အထုပ်ထဲမှ လေးသိန်းအား သူ့အိတ်ထဲသို့ထည့်လိုက်စဉ်.....

“တစ်ပတ်လောက် ခရီးကို အဲဒီလောက်ငွေတွေ လိုလို့လားရှင်၊ ဘယ်မယားတွေကိုပေးဖို့ ကြံနေသလဲ”

“ငါရှာတဲ့ငွေ ဘာလုပ်လုပ်ကွာ၊ လာမပြောနဲ့၊ ဖယ်”

ဝတ်မှုံကို တွန်းထုတ်လိုက်ရာ ဝတ်မှုံလည်း ဒေါသအထွတ်အထိပ်သို့ ရောက်သွားတော့သည်။ မင်းခန့်၏ကျောပိုးအိတ်အား အတင်းပြန်ဆွဲလုနေသဖြင့် မင်းခန့်လည်း စိတ်တိုသွား၏။ သည်တော့ ဝတ်မှုံအား အားနှင့်တွန်းထုတ်လိုက်ရာ အရှိန်ပြင်းစွာဖြင့် လွင့်ထွက်သွားပြီး ဘုရားစင်အောက်ရှိ ဗီရိုအပုလေးနှင့် တိုက်မိသွားသည်။

“ဒုတ်.....ဝုန်း.....”

“အမယ်လေး.....သေပါပြီ၊ ရှင် တော်တော်မွှန်နေပါလားဟင်၊ ရက်စက်လှချည်လား၊ ကျွတ်.... ကျွတ်.....ကျွတ်၊ ကယ်ပါဦး ဦးလေးနဲ့ဒေါ်လေးရယ်”

ဝတ်မှုံမှာ ထိုမျှသာပြန်ပြောနိုင်ပြီးနောက် ဗီရိုကိုမှီလျက် ညည်းညူနေချိန်တွင် မင်းခန့်လည်း သံပန်းတံခါးကိုသော့ခတ်၍ သော့တံအား အိမ်ထဲသို့ ပစ်သွင်းလိုက်၏။ ပြီးမှ ကျွန်းတံခါးအား



ဆွဲစေ့လိုက်ပြီးနောက် အနှောင့်အယှက်ကင်းစွာဖြင့် ဆင်းလာတော့သည်။ သော့ တစ်စုံစီရှိကြသော်လည်း ကိုယ့်သော့ကို မထုတ်ခဲ့ပေ။ ဝတ်မှုံကိုင်သည့်သော့ကိုသာ ပြန်ထားခဲ့ခြင်း ဖြစ်၏။

♛♛♛♛♛

“ကျွန်တော်ထွက်လာချိန်မှာ မိန်းမက အကောင်းကြီးပါ ဆရာရယ်၊ ဗီရိုမှာ ခေါင်းမှီပြီး ကျန်ခဲ့တာပါဗျာ”

“ဒါပေမဲ့ သွေးထွက်လွန်ပြီး သေဆုံးသွားတာမှ ခင်ဗျားကမသိခဲ့တာဘဲကိုးဗျ၊ ခင်ဗျားတွန်းလိုက်တဲ့အရှိန်ကြောင့် ဦးခေါင်းခွံ ကွဲသွားတယ်၊ ရုတ်တရက် သွေးပူနေတုန်းမို့ စကားပြောနိုင်ခဲ့တာပါ၊ တဖြည်းဖြည်းနဲ့ ခေါင်းကမူးဝေလာပြီး နောက်ဆုံးတော့ သတိမေ့လဲကျသွားခဲ့တယ်၊ အဲဒါကို ခင်ဗျားက လှည့်မကြည့်ဘဲ ထွက်လာခဲ့တော့ ဘယ်သိပါ့မလဲ”

မင်းခန့်လည်း ဝတ်မှုံ၏ ဖြစ်ရပ်အား မျက်လုံးထဲ ပြန်မြင်နေတုန်းပင်။ ဒေါသဖြင့် တွန်းလိုက်သည့် အဖြစ်အား သူကိုယ်တိုင်သိနေ၏။ ဗီရိုစွန်းနှင့် ဦးခေါင်းကို ပြေးဆောင့်လိုက်သလိုဖြစ်သွားအောင် ရက်ရက်စက်စက် လုပ်ခဲ့မိသည်။ သူ့အဖို့ မရည်ရွယ်ဘဲ လူသတ်မှုကျူးလွန်ခဲ့မိမှန်း နားလည်လိုက်၏။ သို့ပေမယ့် ဖြစ်ခဲ့ပြီးမှ လိမ်ညာမှသား ပြောနေမိသည်။

“ကျွန်တော်တကယ်မသိလို့ ဝတ်မှုံသေခဲ့ရတာပါဗျာ၊ သေစေလိုတဲ့ဆန္ဒ လုံးဝမရှိပါဘူး”

“ခင်ဗျားသာ မိန်းမအပေါ် စာနာစိတ်ရှိရင် တစ်ချက်လေးပြန်လှည့်ကြည့်ဖို့ ကောင်းတာပေါ့ဗျာ၊ ခင်ဗျားမှာရှိတဲ့ မထားသင့်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ခင်ဗျားဖနီး သေဆုံးခဲ့ရတာပါ၊ သေဆုံးသူဟာ ငွေဆိုတဲ့ လောဘစိတ်နဲ့ ခင်ဗျားကို တားဆီးတာမဟုတ်ဘူး၊ ခင်ဗျားရဲ့ မိန်းကလေးတိုင်းအပေါ် မေတ္တာရှင်ကြီးအဖြစ် ခံယူနေတဲ့စိတ်ကို ပြုပြင်ပေးချင်လို့ပဲ၊ ဒီလောက်ဆို ခင်ဗျားလည်း ကိုယ့်အမှားကို သိပြီပေါ့ဗျာ"

မြို့နယ်ရဲတပ်ဖွဲ့မှူးသည် သူ့လက်ထဲမှ ဒိုင်ယာရီစာအုပ်လေးအား မင်းခန့်အားပေးလိုက်သည်။

"ရော့..ဒီစာအုပ်ထဲမှာ ခင်ဗျားနဲ့ပတ်သက်ပြီး သေဆုံးသူရေးထားတဲ့ ခံစားချက်တွေလေ၊ ပြောမထွက်လို့ မျိုသိပ်ထားရတဲ့ နှလုံးသားဒဏ်ရာတွေက သူ့ရင်ထဲမှာ နေရာလွတ်မကျန်တော့ပါဘူးတဲ့၊ ခင်ဗျားတွေ့ကြုံဖူးတဲ့ မိန်းမတွေနဲ့ ယှဉ်ကြည့်ပေါ့ဗျာ"

မင်းခန့်သည် ဒိုင်ယာရီစာအုပ်လေးအား လှန်လှောကြည့်ပြီးနောက် မျက်ရည်ဖြိုင်ဖြိုင်ကျလာ၏။

"ကျွန်တော် မှားမိပါတယ်ဗျာ၊ ဝတ်မှုံကို သူနေချင်တဲ့ဘဝမျိုးရောက်အောင် ကျွန်တော် မထားနိုင်ခဲ့ဘူး၊ မိန်းမကို စိတ်ချမ်းသာအောင် ကျွန်တော် မနေခဲ့မိဘူး၊ အရွဲ့တိုက်ခဲ့မိပါတယ် ဆရာ၊ အဲဒီစိတ်က ကျွန်တော့်ကို ပြန်ပြီးဒုက္ခပေးလိုက်တာပါ"

"ခင်ဗျားမပြောခင်ကတည်းက ကျုပ်တို့သိခဲ့ပြီးပါပြီ ကိုမင်းခန့်၊ ခရီးမသွားခင် ငယ်ငယ့်ဆီသွားခဲ့တာရယ်၊ တစ်ညအိပ်ပြီးမှ အလုပ်ကိစ္စ ခရီးထွက်ခဲ့တာရယ်၊ မဝတ်မှုံ သေဆုံးပြီဆိုတဲ့သတင်းကို ကြားကြားချင်း ခင်ဗျားက ငယ်ငယ့်ဆီဝင်ပြောခဲ့ပြီးမှ ရောက်လာတာတွေရယ်အားလုံး ကျုပ်တို့မှာ သက်သေတွေရှိနေပြီးသားပါ ကိုမင်းခန့်"

"ဟုတ်ကဲ့၊ ဆရာတို့ပြောတာတွေ မှန်ပါတယ်ဗျာ၊ ကျွန်တော်ဟာ ဝတ်မှုံအတွက် လင်ဆိုးတစ်ယောက် ဆိုရင် မမှားပါဘူး၊ ကျွန်တော့်ကို ဖမ်းပါဆရာရယ်၊ ကျွန်တော့်အမှား ကို သိပါပြီဗျာ၊ မှန်တာတွေ ပြောတတ်လွန်းလို့ ဝတ်မှုံအပေါ် ကျွန်တော် မငဲ့ကွက်ခဲ့ဘူး၊ အမုန်းစိတ်ဝင်မိတယ်၊ မသနားခဲ့မိဘူးဗျာ"

အပြောချိုပြီး မင်းခန့်အကြောင်းကိုသိသော ငယ်ငယ်သာလျှင် အိမ်ပိုင်၊ ကားပိုင်နှင့် ဘဏ်စာအုပ်တွင်ပါ ငွေများစုဆောင်းနိုင်ခဲ့သည်။ ငယ်ငယ့်မိခင် ဒေါ်ခင်ဆွေ၏ စီမံမှုဖြင့် မင်းခန့်မှာ ကြိုးချည်ခံခဲ့ရသည်။ သည်တော့ ဝတ်မှုံနှင့် ပတ်သက်သူမှန်သမျှကို အကောင်းမမြင်နိုင်တော့ပေ။ မျက်နှာထားတင်းတင်းနှင့် ကြည်ကြည်ဖြူဖြူမရှိတော့ဘဲ စေတနာမရှိဖြစ်နေခဲ့၏။

"ငယ်နဲ့ဦးတို့ ပတ်သက်ခဲ့တာကို ဝတ်မှုံကမသိရှာတာ သနားစရာပဲနော်၊ ဦးလိုမိန့်သမျှကို ယုံနေရှာတယ်၊ ဟီး.....ဟီး"

ဝတ်မှုံအပေါ် ထိုသို့တွေးခဲ့ကြပြီး အထင်သေးခဲ့မိ၏။ ယခုမှ ဝတ်မှုံသည် သူထင်သလို နုံအသော၊ ယုံစားလွယ်သော မိန်းကလေးမဟုတ်မှန်း သိခဲ့၍ ကိုယ့်ကိုယ်ကိုယ် ရှက်မိ၏။ တကယ်တော့ ဝတ်မှုံသည် မမြင်သော်လည်း သိနေသူပါ။

"ခင်ဗျားမှာ ငယ်ငယ့်အပြင် ရှိနေသေးတာပဲမဟုတ်လား"

"ဗျာ...ဒါလည်း ဆရာတို့သိနေတယ်"

"သိတာပေါ့ဗျာ၊ အလုပ်ကိစ္စကို အကြောင်းပြပြီး မိန်းကလေးတစ်ယောက်နဲ့ တည်းခိုခန်းမှာ တည်းခဲ့သေးတယ်နော်"

"ဟုတ်ပါတယ်၊ ဝတ်မှုံကလွဲလို့ ပတ်သက်မိသူတွေကို အသံမထွက်အောင် ငွေနဲ့စည်းရုံးထားခဲ့တော့ ကျွန်တော့်ကိုယ်ကျွန်တော် အထင်ကြီးမိပါတယ်၊ ဖောက်ပြန်တာ ခေတ်မီတဲ့လုပ်ရပ်လို့ အတွေးမှားတွေနဲ့ ဂုဏ်ယူနေသူပါ ဆရာရယ်၊ ခရီးထွက်ခဲ့တာလည်းအလုပ်ကိစ္စနဲ့ မဟုတ်ပါဘူး၊ အပျော်ခရီး



www.burmeseclassic.com

www.burmeseclassic.com



ပါဗျာ''

''အင်း.....အိမ်ထောင်သည် ယောကျ်ားတွေအတွက် သင်ခန်းစာယူစရာပါပဲလား၊ တရားခံကိုခေါ်သွားကြတော့ဗျာ''

မင်းခန့်လည်း အချုပ်ခန်းထဲသို့ လိုက်ပါသွားတော့သည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးလည်း မင်းခန့်ကို ကြည့်၍ စိတ်ပျက်စွာ ကျန်ရစ်ခဲ့၏။

♛♛♛♛♛

''ဗိုလ်ကြီး တရားခံမင်းခန့်ကို သေဆုံးသူရဲ့ဦးလေး ဦးသက်နှင်းက လာတွေ့ပါတယ်၊ ခွင့်ပြုလိုက်ရမလားခင်ဗျာ၊ ပြီးတော့ ဦးသက်နှင်းက မြို့နယ်ရဲတပ်ဖွဲ့မှူးနဲ့ တွေ့ခွင့်တောင်းပါတယ်''

''အေး.....လွှတ်လိုက်ကွာ''

မြို့နယ်ရဲတပ်ဖွဲ့မှူးသည် ဦးသက်နှင်းအလာကို စောင့်နေလိုက်၏။ ခဏအကြာတွင် ဥပဓိရုပ်ခန့်ခန့်နှင့် အမျိုးသားကြီးတစ်ဦးဝင်လာသည်။

''ထိုင်ပါ ဦးလေး၊ ကိစ္စက...''

''ဒီလိုပါ မြို့နယ်မှူးကြီး၊ ကျွန်တော့်တူသမက်ကိစ္စမှာ မတော်တဆဖြစ်ခဲ့လို့ သူ့အမှုက လွတ်မြောက်ခွင့်ရစေချင်ပါတယ်ဗျာ၊ အမှုကို ပိတ်သိမ်းလို့ မရဘူးလား''

အတော်သဘောထားကြီးသူဟု မြို့နယ်ရဲတပ်ဖွဲ့မှူးက တွေးမိရင်း ဆက်နားထောင်မိ၏။

''ကျွန်တော့်တူမလေးလည်း ဆုံးပါးသွားခဲ့ပြီဆိုတော့ အပြစ်မယူစေချင်တော့ပါဘူးဗျာ''

''ဦးလေးပြောတာကို ကျွန်တော် သဘောပေါက်ပါတယ်၊ ဒါပေမဲ့ ဥပဒေကို လိမ်ညာလို့မရပါဘူး၊ မသိလို့ပြုမှားမိတာပါဆိုပေမယ့် လူသတ်မှုမြောက်နေရင် ဥပဒေကခွင့်မပြုပါဘူးဗျာ၊ အပြစ်ရှိသူကို အပြစ်ပေးရပါလိမ့်မယ်''

''ကျွန်တော် နားလည်ပါပြီ မြို့နယ်မှူးကြီးရယ်၊ ဒါဆိုလည်း မတတ်နိုင်တော့ဘူးပေါ့ဗျာ၊ မောင်မင်းခန့်ကိုတော့ နှစ်သိမ့်ပေးချင်ပါသေးတယ်''

''မှန်တာပေါ့ ဦးလေးရာ၊ ဦးလေးရဲ့စိတ်ဓာတ်ကိုကြည့်ရင်းနဲ့ သေဆုံးသူ မတင်မွှဲ့ရဲ့စိတ်ဓာတ်ကို သိနိုင်ပါပြီဗျာ၊ ရန်သူကို အပြစ်မမြင်ဘဲ ခွင့်လွှတ်တဲ့စိတ်မျိုးထားတာ မြင့်မြတ်သူတွေအလုပ်ပါဗျာ''

''မောင်မင်းခန့်လည်း သူ့အမှားကို သိလောက်နေပါပြီလေ''

ဦးသက်နှင်းသည် စိတ်မကောင်းစွာဖြင့် ပြောနေသေး၏။ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် စခန်းမှူးတို့မှာ မင်းခန့်၏ ဦးသက်နှင်းအပေါ်ထားသော သဘောထားအား သိနေသဖြင့် ဦးသက်နှင်းသိစေရန် ပြောမပြချင်တော့ပါ။ သူ့အား သံသယမရှိစေရန် ဦးသက်နှင်းဘက်သို့ လမ်းကြောင်းလွှဲခဲ့သေး၏။

''တောင်ကို တိမ်ဖုံးလို့မရသလိုပေါ့ဗျာ၊ ဘယ်လောက်ပဲ မြူနှိုးတွေနဲ့ ဝေနေပါစေ နေရောင်လာရင် ပျောက်ကွယ်သွားရမှာ သဘာဝတရားပါပဲ၊ အဲဒီတောင်ကို ကြာရှည်ဖုံးကွယ်မထားနိုင်ပါဘူးဗျာ၊ မင်းခန့်ရဲ့အဖြစ်ဟာလည်း မြူနှိုးငွေ့တွေဝေတဲ့တောင်နဲ့ မခြားပါဘူး ဦးလေးရာ''

''လောဘကြီးသူကို ပေးကမ်းခြင်းနဲ့ အောင်မြင်နိုင်သလို မေတ္တာတရားနည်းပါးသူကို သဘောထားကြီးခြင်းနဲ့ အောင်မြင်နိုင်ပါတယ်ဗျာ၊ ကျွန်တော့်ကို သွားခွင့်ပြုပါဦးနော်''

''ဟုတ်ကဲ့ ဦးလေး၊ ဟေ့..ဦးလေးကို လိုက်ပို့ပေးလိုက်ကွာ''

တလှုပ်လှုပ်ထွက်သွားသော ဦးသက်နှင်းကိုကြည့်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် စခန်းမှူးတို့လည်း သက်ပြင်းမောကို ပြိုင်တူချလိုက်မိတော့သည်။

ခက်ခဲနက်နဲသော ပြစ်မှုကြီးမျိုး မဟုတ်သော်လည်း မင်းခန့်အား တရားခံအဖြစ် သက်သေခိုင်လုံရန် အပြန်ပြန်အလှန်လှန် သုံးသပ်ရသည်မှာ မလွယ်ကူခဲ့



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ယူဆချက် လွဲမည်စိုး၍ ပရိယာယ် သုံးရ၏။ မင်းခန့်အား တရားခံဖြစ် လိမ့်မည်ဟု မည်သူမျှ သံသယ မဖြစ်ကြပေ။ မင်းခန့် သည်လည်း မျက်နှာငယ်လေးနှင့် သရုပ်ဆောင် ကောင်းနေသေး သည်။

မင်းခန့်အား တရားခံအဖြစ် စတင် သံသယဖြစ်မိသည်မှာ နာရေး သတင်းလာမေးသည့် အမျိုးသမီး တစ်ယောက်ကြောင့် ဖြစ်၏။ သူမနောက်သို့ ခြေရာခံ လိုက်ရာမှ မင်းခန့်အကြောင်း ကို သိသွားရသည်။ သည့် နောက် မင်းခန့်၏မျက်နှာဖုံး ကို ခွာချနိုင်ခဲ့ခြင်းဖြစ်၏။

သူတို့ ကံကောင်း သွားသည်မှာ တိုက်ခန်း အပေါ်ထပ်မှဆင်းလာ သော မိန်းကလေး တစ်ယောက်၏ ထွက် ဆိုချက်ကြောင့်ဖြစ်သည်။ အခင်းဖြစ်နေ့က မင်းခန့် နှင့် ဝတ်မှုံတို့၏ ရန်ဖြစ်စကားများ သံအား ထိုမိန်းကလေးက အစ အဆုံးကြားခဲ့ရာ သက်သေခိုင်လုံ သွား၏။ ထိုမှ ဆက်စပ်၍ ကွင်း ဆက်ကိုဖော် ထုတ်နိုင်ခဲ့ခြင်းဖြစ် သည်။

"တရားခံမင်းခန့်ရဲ့လုပ်ရပ်က တို့အတွက် တရားခံဖော်ထုတ်တဲ့ နေရာမှာ သင်ခန်းစာပဲကွ၊ သူဟာ လှည့်စားတဲ့အလုပ်မှာ ကျွမ်းကျင် သူဖြစ်နေတော့ ဒီအမှုမှာလည်း သူ က တို့တွေကို လှည့်စားခဲ့တာပဲ"

"အဲဒါဆိုရင် သူက သေစေ အောင် တမင်ရည်ရွယ်ပြီး သတ်ခဲ့ တာပေါ့နော် ဗိုလ်ကြီး၊ သူ့လုပ်ရပ်



ကို သိကို သိရမယ်"

"မတော်တ ဆလို့ပြောပြီး တမင်ဝင် တိုက်ခဲ့သူမျိုးပေါ့ကွာ၊ မကျေနပ်ရင် တောင်းပန်ပြီး ဘာမှ မပြောရင် မသိချင်ယောင်ဆောင်ပြီး ထွက် သွားတာမျိုးပေါ့၊ သူ့ရဲ့ တစ်ဖက် သတ်ထွက်ဆိုချက်ပဲရှိတာပါ"

"တစ်ဖက်မှာ အတွယ်ရှိနေ တော့ ဖြစ်နိုင်ပါတယ် ဗိုလ်ကြီး"

"ခုချိန်မှာ သူသိဖို့ကောင်းနေ ပါပြီကွာ၊ သူအချုပ်ကျချိန်မှာ သူ့ ကို မေတ္တာရှင်ကြီးဆိုပြီး မှီတွယ် ညာစားနေသူတွေ တစ်ယောက်မှ ရောက်မလာကြပါလား၊ သူဘယ်လိုမှ ထင်မထားတဲ့ ဦးသက်နှင်းပဲ သူ့ဆီကို ရောက် လာတာနော်၊ အဲဒါမှ တကယ့် မေတ္တာရှင်အစစ်ကွ၊ အမုန်း မရှိခဲ့ဘူး"

"ဩော်.....ဦးသက်နှင်းက ပြောခဲ့ဖူးတယ်၊ 'ကျုပ်တူမလေး ကံ ဆိုးပါတယ်'တဲ့၊ အဲဒီ အချိန်က ကျွန် တော်တို့လည်း သူတစ်ပါးအတွင်း ရေးကို မမေးချင်လို့ပါ ဗိုလ်ကြီး၊ အခုမှပဲ သဘောပေါက်တော့ တယ်ဗျာ"


မြို့နယ်ရဲတပ်ဖွဲ့မှူးလည်း အမှုတစ်ခုကို ဖော်ထုတ်နိုင်ခဲ့ ပြီဖြစ်သည့် အတွက် စိတ် လက်ပေါ့ပါးသွားကာ သက်ပြင်း ငွေ့ကို မှုတ်ထုတ်လိုက်တော့၏။ စခန်းမှူးသည်လည်း အမှုတွဲဖိုင် လေးကိုယူကာ မြို့နယ်ရဲတပ်ဖွဲ့ မှူးအား အရိုအသေပြု၍ ထွက် လာခဲ့တော့သည်။

လေးစားစွာဖြင့်
ထက်ထက်ဦးဝ




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



## စီပီအိုအမှုတွဲမှ သက်သေမမြစန္ဒာ

**တိုးနိုင်**

ကျွန်တော် ဘွဲ့ရထားသော်လည်း စီပီအိုတာဝန်ထမ်းဆောင်ရမည်ဆိုတော့ မဝံ့မရဲဖြစ်မိ၏။ ကျွန်တော့်ဘွဲ့က သမိုင်းအဓိကဖြစ်သည်။ ဥပဒေဘွဲ့မဟုတ်ပါ။ စီပီအိုဟူသည် မြို့နယ်တရားရုံး၌ အမှုလိုက်အရာရှိအဖြစ် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၁၉၇၉ ခုနှစ်၊ ရန်ကုန်တိုင်းအတွင်း (ယခု ရန်ကုန်တိုင်းဒေသကြီး)နေပြည်တော်ရဲအဖြစ် တပ်မတော်မှကူးလာသည့် ကျွန်တော်တို့ စိတ်ဝင်စားစရာတွေ၊ အတွေ့အကြုံအသစ်တွေများစွာ ရနေပါသည်။ မင်္ဂလာတောင်ညွန့်ကိုရောက်သည်ဖြစ်၍ အမှုအခင်းမျိုးစုံတွေကလည်း စောင့်ကြိုနေလေသည်။

စီပီအိုလူဟောင်း ဆရာဦးတင်လှက တရားရုံးမှာလုပ်ရမည့် ကိစ္စကို သေသေချာချာ ပြပေးသည်။ ကျွန်တော် ရုံးအမှုလိုက်ရသည်ကို ရဲတင်း၍လာသည်။ ရှေ့နေအလုပ်ကို ငယ်စဉ်က လုပ်ချင်စိတ်ရှိခဲ့သော်လည်း တပ်မတော်ထဲဝင်သဖြင့် အလှမ်းဝေးခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့အပြောင်းတွင် လက်တွေ့တာဝန်ထမ်းဆောင်နေရပါပြီ။

စီပီအိုဆိုသည်မှာ အစိုးရရှေ့နေပဲဖြစ်သည်။ ဆရာဦးတင်လှက ပြသ,သလို တရားရုံးတရားသူကြီး



ဦးအုန်းမြင့်ကလည်း လက်တွဲခေါ်သည်။ တစ်ဖက်ရှေ့နေများကလည်း ကျွန်တော်တို့ နေပြည်တော်ရဲတွေက လူသစ်တွေပဲဆိုပြီး သက်သက်ညှာညှာ ပြောဆိုတာမျိုးလုပ်ကြပါသည်။

တစ်နှစ်လောက်ကြာသောအခါ တရားရုံးတွင် လုပ်ကိုင်ပြောဆိုရသည်မှာ တော်တော်ပင်အဆင်ပြေသွားပါသည်။ တရားခွင်မှာပျော် စရာကောင်းလာပြီဖြစ်သည်။ တရားသူကြီးများနှင့် ရင်းနှီးလာကာ ရုံးဝန်ထမ်းအားလုံးနှင့်လည်း ရင်းနှီးနေပြီဖြစ်သည်။ ရှေ့နေ၊ အမှုသည်များနှင့်ပါ အရောတဝင်ဖြစ်လာ၏။

ဒုရဲအုပ် (စခန်းမှူး) စိုးမြင့်နှင့် တပ်ကြပ်ကြီး ဦးသောင်းတို့ ဘူတာကြီးဘက် ဂျွန်ရုံးသို့ နေ့တိုင်းသွားသည်။ စီပီအို ဦးတင်အောင်နှင့် ကျွန်တော်တို့က မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးကြီးတွင်



10:31 am 07/29/13

www.burmeseclassic.com

www.burmeseclassic.com




ဟိုဘက်တရားခွင်၊ ဒီဘက်တရား ခွင်ဟူ၍ စစ်ဆေးကြရသည်။

"သက်သေ မမြစန္ဒာ၊ ၁၂၄ လမ်း၊ သပြေကုန်းရပ်ကွက်"

ရှေ့ဖတ်စာရေး မောင်အောင် စိုးက တရားခွင်ဖွင့်သည်နှင့် ချိန်း ဆိုထားပြီး သမ္မန်စာအတည်ဖြစ်သူ များကို အသံကျယ်ကျယ်နှင့်ခေါ်နေ သည်။ မမြစန္ဒာ လာရောက်သည့် အတွက် စစ်ဆေးမည်ဖြစ်၏။

ကျွန်တော်လိုက်ပါစစ်ဆေးရ သည့် တရားခံ အောင်စစ်ချို၊ ပုဒ်မ ၄၅၇ အမှုမှဖြစ်သည်။ သက်သေ မမြစန္ဒာ တရားရုံးထဲဝင်လာပြီး ကျွန်တော့်ညာဘက်ဘေးခုံတန်း လျားတွင် ဝင်ထိုင်၏။ မမြစန္ဒာမှာ အသက် (၂၃)နှစ်ရှိ မိန်းမပျိုလေး တစ်ဦး ဖြစ်သည်။ ကြီးကျယ်ခမ်းနားသော ယခုလိုတရားရုံးမျိုးကို ပထမဆုံး အကြိမ်လာသည့်အတွက် ရှိုးတိုး ရှန့်တန့်ဖြစ်နေပုံရသည်။

ရဲစခန်းအမှုတွဲကို ကျွန်တော် အပြေးအလွှားလှန်ကာ" သက်သေ ထွက်ချက်ကိုဖတ်သည်။ မမြစန္ဒာ က တရားခံထားရာနေရာ (ဝက်ခြံ) ထဲမှ အောင်စစ်ချိုကို လှမ်းကြည့်နေ သည်။



အောင် စစ်ချိုကလည်း မမြစန္ဒာကို ခံစား ချက်တစ်ခုခုနှင့် ပြန် ကြည့်နေပါသည်။ တရားခံက သက်သေ ကို ကူညီထွက်ဆိုပေးပါ ဆိုသည့် အဓိပ္ပာယ်ဖော်ထုတ် ၍ရသည်။ သက်သေကို မတ် တတ်ရပ်ခိုင်းပြီး မှန်ကန်စွာ ထွက် ဆိုရန် ကတိသစ္စာ ပြုခိုင်း သည်။ အောက်ပါအတိုင်း ထွက်ဆို၏-

♛♛♛♛♛

မမြစန္ဒာသည် မင်္ဂလာတောင် ညွန့်၊ ၁၂၄ လမ်းတွင် နေထိုင်၏။ ဖခင်၏ အဝတ်အထည်၊ အလှကုန်၊ ဆေးပစ္စည်းတို့ ရောင်းဝယ်သည့် လုပ်ငန်းလုပ်ကိုင်ရာ စိန့်ဂျွန်းဈေးသို့ နေ့စဉ် ဖခင်နှင့်လိုက်ပါလုပ်ကိုင်၏။ နောက်ပိုင်းတွင် ကိုယ့်လက်ကိုယ့် ခြေ ဦးဆောင်လုပ်ကိုင်ရ၏။

ကိုယ်ပိုင် ပါပလေကားကား လေးနှင့် သွားသွားလာလာ စီးပွား ရေးလုပ်ငန်းကို နှစ်အနည်းငယ်ကြာ လုပ်ကိုင်ခဲ့ပြီးဖြစ်သည်။ မမြစန္ဒာမှာ စိန့်ဂျွန်းဈေးနှင့် နေအိမ်သို့ အသွား အပြန်ပြုခြင်းဖြင့်သာ အချိန်ကုန်ဆုံး စေခဲ့သည်။ လပြည့် ဥပုသ် တစ်ရက် ဈေးပိတ်သော်လည်း အိမ်၌သာ လုပ်စရာရှိသည်များ လုပ်ကိုင်နေလေ့ရှိသည်။

ရုံးတော်ရှေ့ရှိ အောင်စစ်ချိုကို သိကျွမ်းခဲ့သည်။ ဖခင်၏မိတ်ဆွေ သားဖြစ်သူ အောင်စစ်ချိုကို အလုပ် သမားတစ်ယောက်အဖြစ် လွှန်ခဲ့ သော နှစ်နှစ်ခန့်ကတည်းက ခန့် ထားခဲ့သည်။ ခန့်ထားစဉ်က ဖခင် က သဘောထားတောင်းခံခဲ့ရာ



www.burmeseclassic.com

www.burmeseclassic.com



မမြစန္ဒာက အောင်စစ်ချို၏အင်္ဂါရုပ်ကိုကြည့်ပြီး သဘောတူထောက်ခံခဲ့သည်။

အောင်စစ်ချိုမှာ မမြစန္ဒာထက် နှစ်နှစ်ငယ်သည်။ အရောင်းအဝယ်သာမက အိမ်မှုကိစ္စများကိုခိုင်းပါကလည်း လုပ်ကိုင်ပေးသည်။ သဘောကောင်းသူတစ်ယောက်အဖြစ် တွေ့မြင်ရသည်။ လုပ်ကိုင်နေကျအလုပ်များအပြင် ကားမောင်း သင်ထားသည့်အတွက် အောင်စစ်ချိုမှာကားကို ကျင်လည်စွာ မောင်းတတ်နေပြီ ဖြစ်သည်။

ဖခင်က အလုပ်ကြိုးစား၍ အခွင့်အရေးပေးသည့်အနေဖြင့် ယာဉ်မောင်းတာဝန်ကို လွှဲပေးထားသည်။ ထို့ကြောင့် မမြစန္ဒာနှင့် အသွားအလာများခဲ့သည်။ မမြစန္ဒာ ခိုင်းသမျှ ပေါ့ပါးသွက်လက်စွာလုပ်ကိုင်ပေးရုံမက ပျော်ရွှင်မှုနှင့်ဟာသ စွမ်းရည်ကို ပေးနိုင်သူတစ်ဦးဖြစ်သည်။ အလုပ်ခွင်တွင် လုပ်ရင်းကိုင်ရင်း တသောသောနှင့် ရယ်မောအောင် အောင်စစ်ချိုလုပ်နိုင်၏။

မမြစန္ဒာက အလုပ်သမား အောင်စစ်ချိုအပေါ် အရေးပေးသည်နှင့် အောင်စစ်ချိုက နှလုံးသားခံစားချက်ကို ရင်ဖွင့်လာခဲ့သည်။ မမြစန္ဒာအနေဖြင့် မူလကတည်းက ကြည်နူးရသူတစ်ယောက်ဖြစ်၍ သူ့မေတ္တာကရုဏာကို ကန့်ကွက်ခြင်း မရှိခဲ့ပါ။

အခင်းဖြစ်သောနေ့မတိုင်မီ နှစ်ရက်က အောင်စစ်ချိုက မိခင်နေမကောင်း၍ ရွာသို့ပြန်လိုကြောင်း မမြစန္ဒာထံ အလျင်ခွင့်တောင်းခဲ့သည်။ ဖခင်အား ခွင့် ၇ရက်ပေးရန် ပြောဆိုခဲ့ရာ ဖခင်ကြီးက ပြန်လာနိုင်မည့်ရက်ကို သေသေချာချာမှာလိုက်ရန်ပြောသဖြင့် မမြစန္ဒာက စီမံပေးခဲ့၏။

အခင်းဖြစ်နေ့မှာ ၁၂-၇-၁၉၈၂ နေ့ဖြစ်ပြီး မမြစန္ဒာ၏နေအိမ်၌ ဖောက်ထွင်းမှုဖြစ်ကာ စိန်ရွှေရတနာ၊ လက်ဝတ်လက်စားမျိုးစုံ ၁၁ သိန်းဖိုးခန့် ပါသွားသည်။ နေအိမ်တောင်ဘက် ပြတင်းပေါက်ကို သံတူးရွင်းလို တစ်စုံတစ်ခုနှင့် ကလန့်သွားသည်ကို တွေ့ရသည်။

တရားခံ အောင်စစ်ချိုနှင့် ယခင်က ချစ်သူသဘာဝ ချိန်းတွေ့ခဲ့ဖူးပါသည်။ အခင်းဖြစ်ညကချိန်းတွေ့ခြင်းမရှိပါ။ မမြစန္ဒာအနေဖြင့် အောင်စစ်ချို ခရီးသွားနေသည်ကို သိထားသည်။ အောင်စစ်ချို ဖောက်ထွင်းဝင်ရောက်မှု ရှိသည်၊ မရှိသည်ကို မမြစန္ဒာအနေဖြင့် ကံသေကံမ မပြောနိုင်ပါ။

နေအိမ်မှ ရတနာပစ္စည်းများကို ခိုးယူရန် မမြစန္ဒာအနေဖြင့် အောင်စစ်ချိုကို သဘောတူခဲ့ခြင်း မရှိပါ၊ ခိုင်းစေခြင်းမရှိပါ။ တရားခံ

**မမြစန္ဒာက အလုပ်သမား အောင်စစ်ချိုအပေါ် အရေးပေးသည်နှင့် အောင်စစ်ချိုက နှလုံးသားခံစားချက်ကို ရင်ဖွင့်လာခဲ့သည်။ မမြစန္ဒာအနေဖြင့် မူလကတည်းက ကြည်နူးရသူ တစ်ယောက်ဖြစ်၍ သူ့မေတ္တာကရုဏာကို. . .**



www.burmeseclassic.com

www.burmeseclassic.com



အောင်စစ်ချီအပေါ် မမြစန္ဒာ မေတ္တာစေတနာ မပျက်ပါ။ ဖခင်နှင့် မိခင်တို့မှ ကန့်ကွက်မှုမရှိလျှင် လက်ထပ်ယူမည်ဖြစ်သည်။

သက်သေထွက်ချက်ပေးနေသော သက်သေ မမြစန္ဒာကို ကျွန်တော် အကဲခတ်ကြည့်နေမိ၏။ အောင်စစ်ချီအပေါ် ပြတ်သားမှုရှိနေသည်။ ပြောဆိုမှုကလည်း အသံသာသည်။ ရုပ်လက္ခဏာမှာ ညိုစိမ့်စိမ့်ချောသူလေးတစ်ယောက်ဖြစ်၏။

အခွင့်အရေး၊ အချိန်အခါပေးလျှင် သက်သေနှင့် တရားခံတို့မှာ မျက်လုံးချင်းစကားပြောနေကြလေသည်။ ကျွန်တော့်အနေဖြင့် ဖောက်ထွင်းခံရသူနှင့် ပြစ်မှုကျူးလွန်သူတို့အကြား ကြုံဘူးပေါင် ဂုဏ်ထူးဆောင်ဟု စိတ်ထဲမှ အောက်မေ့မိသည်။ သို့သော် ကြီးမားသော အခက်အခဲများအကြားမှ အချစ်အတွက် ခိုင်မြဲကြသူ၊ သတ္တိမွေးထားကြသူများအဖြစ် ကျွန်တော် အသိအမှတ်ပြုမိသည်။

သက်သေတစ်ဦးသာ စစ်ဆေးသည်ဖြစ်၍ ပြီးဆုံးသောအခါ တရားခံအား အချုပ်ထဲပြန်သွင်းရန် ရုံးထုတ်အဖွဲ့မှ ဆရာလုရွှေတို့ ဆောင်ရွက်နေ၏။ မမြစန္ဒာက နေအိမ်မှယူလာဟန်ရှိသော ပေါင်မုန့်ကြော် အောင်စစ်ချီသို့ပေးခွင့်တောင်းနေသည်။ ဆရာလုရွှေက ကြည့်ရှုစစ်ဆေးပြီး ပေးခွင့်ပြုခဲ့သည်။ ငါးမိနစ်ခန့် မာကြောင်း၊ သာကြောင်း မိုးတိုးမတ်တတ်စကားပြောခွင့်လည်းပေးသည်ကို တွေ့ရသည်။

♛♛♛♛♛

မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးတွင် ရုံးဖွင့်သည့် နံနက် ၁၀ နာရီမှစ၍ စည်ကားနေသည်။ ရဲစခန်းဝင်းအတွင်းဖြစ်သဖြင့် လူများတစ်ယောက်နှင့်တစ်ယောက်

**အခွင့်အရေး၊ အချိန်အခါပေးလျှင် သက်သေနှင့် တရားခံတို့မှာ မျက်လုံးချင်းစကားပြောနေကြလေသည်။ ကျွန်တော့်အနေဖြင့် ဖောက်ထွင်းခံရသူနှင့် ပြစ်မှုကျူးလွန်သူတို့အကြား ကြုံဘူးပေါင် ဂုဏ်ထူးဆောင်ဟု စိတ်ထဲမှ အောက်မေ့မိသည်။ သို့သော်. . .**

တိုးနေရသည်။ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲစခန်း၊ တရားရုံးအပြင် မြို့နယ်တရားရေးဝန်ထမ်းရုံး၊ မြို့နယ်ဥပဒေဝန်ထမ်းရုံးများမှာ ထုံးစံအတိုင်း နီးနီးကပ်ကပ်ရှိရမည်ဖြစ်သဖြင့် စုပြုံနေခြင်းလည်းဖြစ်၏။

ယနေ့ရုံးဖွင့်သည်နှင့် မင်္ဂလာတောင်ညွန့်ရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ် သန်းထွန်းကို သမ္မန်စာအတည်ဖြစ်ထား၍ ရှေ့ဖတ်စာရေးက ခေါ်နေသည်။ ရုံးရှေ့ရောက်မလာပါ။ စီပီအိုအဖွဲ့ရဲ တပ်ကြပ် ဘိုအောင်အား နယ်ထိန်းအခန်းသို့ သွားခေါ်စေသည်။

ဒုရဲအုပ် (စခန်းမှူး) သန်းထွန်း တရားရုံးတော်ကို အရိုအသေပေးပြီး ဝင်လာသည်။ တရားသူကြီးများနှင့် ခင်မင်ပြီးဖြစ်သည်နှင့်အညီ အမှုမစစ်မီ နယ်မြေအခြေအနေသတင်းများ ပြောဆိုနေကြသည်။

ဆရာသန်းထွန်းမှာ အရပ်ရှည်ရှည်၊ ဗလကောင်းကောင်းဖြစ်၏။ ကျွန်တော်တို့နှင့်အတူ ရဲတပ်ဖွဲ့သို့ ရောက်လာသူဖြစ်၏။ သို့သော် ဆရာသန်းထွန်းမှာ ကျွန်တော့်ထက် စော၍ အဆင့်တိုးခဲ့သည်။ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဝင်းမြိုင်က ဆရာသန်းထွန်း၏ လုပ်ရည်ကိုင်ရည်ကို သဘောကျသည်။

စခန်းမှူး ရဲအုပ် ဝင်းဆောင်ကလည်း နယ်ထိန်းအရာရှိ ဒုရဲအုပ်

www.burmeseclassic.com

www.burmeseclassic.com





သန်းထွန်းကို လက်ရုံးတစ်ခုအနေနှင့် အသုံးပြုသည်။ ဆရာသန်းထွန်းမှာ နယ်ထိန်းလုပ်ငန်းကို ပိုင်နိုင်ကျွမ်းကျင်သူဖြစ်သည်။ ဖမ်းဆီးရေး၊ အမှုဖော်ထုတ်ရေး၊ ရှေ့တန်း (Field)မှာ အရမ်းကောင်းသည်ဟု ပြောဆိုရမည်ဖြစ်သည်။

စခန်းမှူးကလည်း အတွေ့အကြုံရှိသူပီပီ နယ်ထိန်းတပ်ဖွဲ့ ထက်မြက်ကောင်းမွန်ရေး၊ မိမိရဲ့ စခန်း အဆင့်အတန်းမြင့်မားရေးကို စည်းချက်မှန်မှန်နှင့် လုပ်နိုင်သူဖြစ်ကြောင်း တွေ့ရသည်။ ရန်ကုန်တိုင်းဒေသကြီး နေပြည်တော်ခေတ်ဦးတွင် မင်္ဂလာတောင်ညွန့်ရဲစခန်း နယ်မြေအတွင်း မှုခင်းကျဆင်းရုံသာမက ယခုအမှုမျိုးလို ဖောက်ထွင်းမှုစသည်များလည်း အားလုံး ဖော်ထုတ်နိုင်ပါသည်။

နယ်ထိန်းအရာရှိ၏ ထွက်ဆိုချက်များကို တရားရုံးက တလေးတစား နာကြားသည်။ ကျွန်တော်က ရဲစက္ကူနှင့် တရားရုံးအမှုတွဲတို့ကိုကြည့်ပြီး အောက်ပါအတိုင်း စိစစ်ဆေးအသေးစိတ် မှတ်တမ်းတင်ခဲ့သည်–

အခင်းဖြစ်နေ့က သပြေကုန်းရပ်ကွက်၊ ၁၂၄ လမ်း၊ အိမ်တစ်အိမ်တွင် ဖောက်ထွင်းမှုဖြစ်၍ တာဝန်သိပြည်သူတစ်ဦးက ရဲစခန်းသို့ လာရောက်သတင်းပေးခဲ့သည်။ စခန်းမှူးအား သတင်းပို့ရာ စခန်းမှူးက စမ်းချောင်း၊ ကျွန်းတောလမ်းရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ဆက်လက်တင်ပြခဲ့သည်။

အထက်လူကြီးများနှင့်အတူ အခင်းဖြစ်နေအိမ်သို့ မိုးမလင်းမီ (Seen of Crime) သွားရောက်စစ်ဆေးသည်။ အခင်းဖြစ်နေရာတွင် ရဲစခန်းမှ နယ်ထိန်းတပ်ကြပ် တင်ထွေး၊ တပ်ကြပ်ကြီး တင်သိန်း၊ တပ်ကြပ်ကြီး ညွန့်ကြည်တို့ အခင်းဖြစ်နေရာကို စောင့်ကြပ်ထိန်းသိမ်းထားကြသည်ကို တွေ့ရသည်။

အိမ်ရှင်နှင့် ရပ်ကွက်လူကြီးများက ဖောက်ထွင်းသည့်နေရာ အိမ်မကြီး၏တောင်ဘက်ရှိ ပြတင်းပေါက်ကို ပြသသည်။ ကလန့်ထားသည့်အနေအထားကို တွေ့ရသည်။ ဝင်းခြံနှင့်ဖြစ်သော်လည်း လမ်းဘက်မှ ကျော်ဝင်လျှင် ဖြစ်နိုင်သည်ဟု ယူဆရသည်။

အိမ်ရှင်က နေအိမ်အပေါ်ထပ် ရှိဗီရိုမှ လက်ဝတ်လက်စား၊ ရတနာများ ပါသွားကြောင်း ခေါ်ယူပြသခဲ့သည်။ အသေးစိတ်မေးကြည့်ရာ စိန်နားကပ်၊ ရွှေလက်ကောက် သုံး



www.burmeseclassic.com

www.burmeseclassic.com



ရန်၊ ပုလဲလောက်ကက်သီး နှစ်လုံး၊ ရွှေဆွဲကြိုးသံကြိုးကွင်းဆက် သုံးကုံး၊ ရွှေဘီး တစ်ခု၊ မြလက်စွပ်နှစ်ကွင်းတို့ဖြစ်ပြီး အလေးချိန်နှင့်တန်ဖိုးအသေးစိတ်တို့ကို ပြောဆိုခဲ့သည်။

"ဗီရိုသော့ ဘယ်သူကိုင်သလဲ"

စခန်းမှူးက သမီး မမြစန္ဒာကိုင်ကြောင်း အိမ်ရှင်က ပြောပြသည်။ နယ်ထိန်းအရာရှိက အဆိုပါဗီရိုအား စစ်ဆေးရာ ကလန့်ဖွင့်ရာ ခြေရာလက်ရာပျက်နေသည်ကို မတွေ့ရပါ။



အခင်းဖြစ်ဗီရိုကို ဖျက်ဆီးဖောက်ထွင်းထားသည်မဟုတ်၊ သော့ဖြင့်ဖွင့်သည်သာ ဖြစ်နိုင်၏။ ဗီရိုတွင်လည်းကောင်း၊ ပြတင်းပေါက်တွင်လည်းကောင်း လက်ဗွေရာများ ကျန်၊ မကျန် ရှာဖွေကြိုးစားသော်လည်း နယ်ထိန်းအရာရှိ လက်လျှော့ခဲ့ရတော့၏။

ဖောက်ထွင်းသွားသည့်ပြတင်းပေါက်အတွင်းနားမှ သံတူးရွင်းကောက်ကောက်တစ်ခုကို နယ်ထိန်းအရာရှိက အမှုနှင့်သိမ်းဆည်းခဲ့သည်။ အိမ်ကသံတူးရွင်းဟုဆိုသော်လည်း သိမ်းဆည်းရန် ဆုံးဖြတ်ခဲ့သည်။

"မမြစန္ဒာကို ရဲစခန်းခေါ်သွားဖို့ အန်ကယ့်ကို ခွင့်တောင်းပြီးပြီ၊ တစ်ခါတည်းလိုက်ခဲ့"

အိမ်ရှင်ကလည်း အမှုဖွင့်ရန် ရဲစခန်းသို့လိုက်လာသည်။ အတူပါလာသော သမီးမြစန္ဒာကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေပုံရသည်။ ဖောက်ထွင်းခံရမှုတွင် ရဲကသမီးကို သင်္ကာမကင်းဖြစ်နေသည်ကို သတိပြုမိ၏။

တစ်ဦးတည်းသော သမီးလေးမှာ လွဲမှားသောစိတ်ထားများ မရှိကြောင်း ဖခင်သိထား၏။ သမီးအဖမ်းခံရမည်ဆိုလျှင် ဖောက်ထွင်းခိုးယူခြင်းအား အမှုမဖွင့်တော့ဟု တွေးတောမိသော်လည်း စိတ်ထဲ၌သာ ပြောဆိုမိနေခြင်းဖြစ်သည်။

ဂိတ်စာရေးထံတွင် ဖခင်မှ အသေးစိတ်ပြောဆို အမှုဖွင့်နေစဉ် သမီးဖြစ်သူအား နယ်ထိန်းအခန်းတွင် နယ်ထိန်းအဖွဲ့မှ စစ်မေးနေသည်။ မိန်းကလေးကို စစ်ဆေးသည်ဖြစ်သဖြင့် အနီးတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲအုပ် ခင်ခင်အေး အဖော်အဖြစ်ထိုင်နေသည်။

မမြစန္ဒာက ဖြေကြားရာတွင် ပစ္စည်းပျောက်သွားသည်မှာ အတိအကျဖြစ်သည်။ သူမ သော့ကိုင်ခြင်းဖြစ်သော်လည်း အခင်းဖြစ်ဗီရိုကို သော့မခတ်သည်မှာ ကြာပြီဖြစ်၏။ ပျောက်ဆုံးမှုတွင် သူမ မသိပါ၊ ပါဝင်ပတ်သက်မှုမရှိပါ။ မိဘပစ္စည်း ခိုးယူရန် စဉ်းစားရာ



www.burmeseclassic.com

www.burmeseclassic.com



မလိုပါ။ ရတနာပစ္စည်းများကို ဖခင်နှင့်မိခင်က အပိုင်ပေးရန် ပြောဆိုထားပြီးဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။

အတွင်းလူဖြစ်နိုင်သည်ဆိုလျှင် အောင်စစ်ချီမှာ ရှာပြန်သွားသဖြင့် မဖြစ်နိုင်ပါ။ အပေါ်ထပ်တွင် ဖခင်၊ မိခင်၊ မမြစန္ဒာတို့ အိပ်ကြသည်။ အောက်ထပ်ဧည့်ခန်းတွင် ခုတင်တစ်လုံးနှင့် အလုပ်သမား တာဖံအိပ်ပါသည်။

အိမ်ရှင်က အမှုဖွင့်ပြီး နယ်ထိန်းအခန်းသို့သွားသည်။ နယ်ထိန်းအရာရှိထံ သမီးလေးအား ပြန်ခေါ်ခွင့်တောင်းခဲ့သည်။ နယ်ထိန်းအရာရှိက မေးစရာရှိသည်များ မေးပြီးပြီဖြစ်၍ ပြန်ထည့်မည်ဖြစ်ကြောင်းပြောပြီး မမြစန္ဒာကို ဖခင်လက်ထဲ ပြန်အပ်လိုက်၏။

ရတနာပစ္စည်းများ ပျောက်ဆုံးမှုတွင် တုန်လှုပ်မှုမရှိပါဘဲ သမီးအဖမ်းခံရမည်ကို စိုးရိမ်နေရာမှ တစ်ဖန် ဝမ်းသာပီတိ သောမနဿဖြစ်ပွားကာ သမီးကို လက်ဆွဲပြီး ရဲစခန်းထဲမှ ထွက်ခွာသွားသည်။

♛♛♛♛♛

နယ်ထိန်းအရာရှိ ဒုရဲအုပ် (စခန်းမှူး)သန်းထွန်းက အခင်း

သူ့ရည်းစားမမြစန္ဒာကို ချိန်းတွေ့ပြီးမှာစရာရှိ၍ ခဏအိမ်ပေါ်တက်မည်ဖြစ်ကြောင်း ပြော၏။ သမီးရည်းစားဖြစ်နေသည်ကို သိရှိပြီး ယခင်ကလည်း ယခုလိုချိန်းတွေ့နေကျဖြစ်ကြောင်း ထိုနေ့ညက တာဖံအတွက် ......

ဖြစ်နေအိမ်စစ်ဆေးစဉ်က အိမ်ထဲတွင်တွေ့ရသော သံတူးရွင်း အကောက်မှာ ဖောက်ထွင်းခံရသည်ဆိုသောနေရာကို ကလန့်ထားခြင်းဖြစ်ပြီး ယင်းနေအိမ်မှ ပစ္စည်းဖြစ်သဖြင့် ပြင်ပမှ လာရောက်ကျူးလွန်ခြင်းထက် အတွင်းလူတစ်ယောက်ယောက် ကျူးလွန်ဖွယ်ရှိကြောင်း ကောက်ချက်ချထား၏။

ဧည့်ခန်းတွင် ခုတင်ချ၍အိပ်သည်ဆိုသော အလုပ်သမား တာဖံ (၁) ကျော်ဇင်မင်းကိုအား ခေါ်စစ်သည်။ အခင်းဖြစ်ညက အိမ်သားများ အိပ်နေချိန်၌ ခရီးသွားသူ ကိုအောင်စစ်ချီ တံခါးအသာခေါက်၍ လာနှိုးကြောင်း၊ မှတ်ပုံတင်ကျပျောက်၍ သယ်န်းကျွန်းရှိ သူငယ်ချင်းအိမ်တွင် သောင်တင်နေသည့်အကြောင်း၊ ရှာကိုတော့ မဖြစ်မနေပြန်မည်ဖြစ်ကြောင်းပြောသည်ဟု ထွက်ဆိုသည်။

သူ့ရည်းစား မမြစန္ဒာကို ချိန်းတွေ့ပြီး မှာစရာရှိ၍ ခဏအိမ်ပေါ်တက်မည်ဖြစ်ကြောင်းပြော၏။ သမီးရည်းစားဖြစ်နေသည်ကို သိရှိပြီး ယခင်ကလည်း ယခုလိုချိန်းတွေ့နေကျဖြစ်ကြောင်း၊ ထိုနေ့ညက တာဖံအတွက် ပန်းသေးခေါက်ဆွဲထုပ်ပေးကြောင်း၊ သူအိပ်မောကျနေစဉ် ကိုအောင်စစ်ချီ ပြန်သွားသည်ကို မသိလိုက်ကြောင်းထွက်ဆိုသည်။

မြစန္ဒာမေးမြန်းစဉ်က ထိုညက အောင်စစ်ချီလာသည်ကို ပြောဆိုခြင်းမရှိသဖြင့် ခရီးသွားသည်ဆိုသော အောင်စစ်ချီသာ ရတနာပစ္စည်းများ လာရောက်ယူသွားခြင်းဖြစ်သည်ကို နယ်ထိန်းအရာရှိ ကျိန်းသေတွက်မိလိုက်သည်။

သူ့ကိုမထင်အောင် ဖောက်ထွင်းသည့်ပုံစံ လုပ်သွားခြင်းဖြစ်သည်။

သယ်န်းကျွန်းမှ သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com

အိမ်တွင် သောင်တင်နေကြောင်း သဲလွန်စစကား ကြားသိရကာ သဃ်န်းကျွန်းဆိုသော နေရာကိုလည်း မြစ်နန္ဒာကိုပင် သွားရောက် မေးမြန်းရသည်။ အောင်စစ်ချိုသွားတတ်သောနေရာကို မြစ်နန္ဒာ တစ်ခေါက်ရောက်ဖူးသဖြင့် ထိုနေရာကို မှတ်မိနေခဲ့သည်ဆို၏။

နယ်ထိန်းအရာရှိအဖွဲ့သည် အောင်စစ်ချိုကို သိကျွမ်းသော အရှုတ် (ခ) တင်ကိုကိုအားခေါ်ခဲ့ပြီး သဃ်န်းကျွန်း၊ ကဘူးကွေ့သို့ သွားခဲ့သည်။ ရောက်သောအခါ အောင်စစ်ချိုမှာ ခရီးထွက်ခွာသွားပြီဖြစ်ကြောင်း သူငယ်ချင်းဖြစ်သူကပြောပြခဲ့သည်။

"ဆရာ ဆင်မလိုက်အဝေး ပြေးကပဲ ကားစီးမှာပဲ၊ လိုက်ကြည့်ရအောင်"

"မီပါ့မလား ဆရာညွှန့်ကြည်"

"မီတော့ အမြတ်ပေါ့ ဆရာ"

"အရှုတ်ရေ.....ကြားတယ် မဟုတ်လား၊ မင့်ကား ဆက်သာ မောင်းဦး"


အရှုတ်သည် လူလည်းလိုက် ပြရသေးသည်၊ ကားလည်းမောင်း ပို့ရသေးသည်၊ မိုးမလင်းမီ အခင်းဖြစ်ကိစ္စသတင်းလည်း လာရောက် ပို့ရသေးသည်။ နယ်ထိန်းအရာရှိသည် မိမိနယ်မြေတွင် သတင်းပေးအဆင့်မက ရဲတပ်ဖွဲ့၏ အမာခံ တည်ဆောက်ထားခြင်းလည်းဖြစ်သည်။

ပါပလေကာ ကားအနီလေးသည် သဃ်န်းကျွန်းမှ ကမာရွတ်အဝေးပြေးဝင်းဆီသို့ အမြန်နှုန်းပြေးနေသည်။ အဆိုပါကားဝင်းနားသို့ ရောက်သောအခါ နေ့ခင်း ၁ နာရီ ထွက်သော မကွေးအမြန်ဟီးနိုးကား တစ်စီးထွက်လာသည်။ ကားချင်းရှောင်စဉ် အရှုတ်က လှမ်းကြည့်ခဲ့သည်။

"ဆရာဦးသန်းထွန်း၊ အခု ထွက်သွားတဲ့ကားပေါ်မှာ အောင်စစ်ချိုပါသွားတယ်၊ ဘယ်လိုလုပ်မလဲ"

ကားနံပါတ် မကြည့်လိုက်ရသဖြင့် နယ်ထိန်းအရာရှိက ကမာရွတ်ရဲစခန်းသို့ ကားမောင်းခိုင်းသည်။ စခန်းမှူးရုံးခန်းထဲဝင်ပြီး ဂိတ်သို့ဖုန်းဆက်မေးရာ မကွေးထွက်သောကားနံပါတ်ကို သိခဲ့ရသည်။

တစ်ဖန် ထောက်ကြန့်ရဲစခန်းသို့ အဆိုပါမကွေးကားကို ခေတ္တ





www.burmeseclassic.com

www.burmeseclassic.com



တားထားရန်နှင့် နောက်မှလိုက်လာကြောင်း အကြောင်းကြားလိုက်သည်။ အရှုတ်ကို ထောက်ကြန့်ဆက်မောင်းရန်ပြောဆိုရာ အရှုတ်က သူနားလည်ကြောင်း ပြောဆိုပြီး ပါပလေကာကားလေးကို အရှိန်မြှင့်မောင်းပါတော့သည်။

ဆရာတင်သိန်းက လူအားလုံး မနက်မိုးလင်းကတည်းက ဘာမျှ မစားရသေးသဖြင့် ဆင်မလိုက်တွင် ဝက်သားပေါက်စီအလုံး ၂၀ ဝယ်တင်ခဲ့သဖြင့် ကားသွားရင်း စားသောက်မိုက်ဖြည့်ကြသည်။ အရှုတ်က ဝက်သားမစားသဖြင့် မစားရပါ။

ထောက်ကြန့်ရဲစခန်းရှေ့တည့်တွင် ကားရပ်လိုက်သည်။ ခရီးသည်တင်ကားလည်း ရပ်ထားသည်ကို တွေ့ရ၏။ ထောက်ကြန့်ရဲစခန်းမှူးက နယ်ထိန်းအရာရှိကို တန်းဆူပါသည်။ တယ်လီဖုန်းဆက်စဉ်က သတင်းအကုန်မပေးသဖြင့် ဆူခြင်းဖြစ်သည်။

ကျောင်းဆင်းဘက်သူငယ်ချင်းများဖြစ်၍ ရင်းရင်းနှီးနှီးပြောနေကြခြင်းဖြစ်၏။ ကားကိုရဲမှတားစဉ် လူတစ်ယောက်ဆင်းပြေးကြောင်း၊ မသက်သာသဖြင့် ကားလမ်းတစ်ဖက်သို့ လိုက်ဖမ်းခဲ့ရရာ အောင်စစ်ချီဆိုသူဖြစ်နေကြောင်း၊ သူ့ကိုစစ်ဆေးရာ ရတနာပစ္စည်းများပါတွေ့၍ ထောက်ကြန့်စခန်းအချုပ်ထဲထည့်ထားပြီးဖြစ်ကြောင်း ပြောဆိုသည်။

"သူငယ်ချင်းကို အဲဒီလိုလုပ်ဖို့ ဖုန်းဆက်လိုက်တာပဲလေ"

"သေတော့မယ် သန်းထွန်း၊ ငါမလုပ်မိရင် အောင်စစ်ချီဆိုတဲ့ကောင် လစ်ပြီ"

"အေးပါ သူငယ်ချင်း၊ ကျေးဇူးတင်ပါတယ်၊ ငါ နေ့လယ်စာကျွေးပါ့မယ်၊ မစားရသေးဘူး မဟုတ်လား"

တရားခံထံမှ ရတနာပစ္စည်းများကို သက်သေနှစ်ယောက်ရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။ အောင်စစ်ချီအားချုပ်နှောင်ပြီး ထောက်ကြန့်မှ "လမ်းဆုံ" စားသောက်ဆိုင်တွင် ထမင်းသွားစားကြသည်။

♛♛♛♛♛

ယနေ့ မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးတွင် လူများပိုစည်ကားနေ၏။ အောင်စစ်ချီအမှုကို နေ့လယ် ၂ နာရီမှခေါ်မည်ဟု တရားသူကြီးက ပြောထားသည်။ စွဲချက်တင်မည်ဖြစ်၏။ ဥပဒေဝန်ထမ်းမှ လူသတ်မှုစစ်ဆေးနေချိန် ကျွန်တော်အားနေသည်။

ရုံးတွင်းလက်ဖက်ရည်ဆိုင်

**ကျောင်းဆင်းဘက်**
**သူငယ်ချင်းများဖြစ်၍**
**ရင်းရင်းနှီးနှီးပြော**
**နေကြခြင်းဖြစ်၏။**
**ကားကိုရဲမှတားစဉ်**
**လူတစ်ယောက်**
**ဆင်းပြေးကြောင်း၊**
**မသက်သာသဖြင့်**
**ကားလမ်းတစ်ဖက်သို့**
**လိုက်ဖမ်းခဲ့ရရာ အောင်စစ်ချီဆိုသူ**
**ဖြစ်နေကြောင်း၊**
**သူ့ကိုစစ်ဆေးရာ**
**ရတနာပစ္စည်းများပါတွေ့၍....**



www.burmeseclassic.com

www.burmeseclassic.com

တွင် ကျွန်တော် ဘလက်ကော်ဖီ မှာသောက်နေခဲ့သည်။ အနားရှိ ထိုင်ခုံတွင် မမြစန္ဒာ လာထိုင်၍ အံ့အားသင့်ခဲ့မိသည်။

“အောင်စစ်ချိုကို ဒီနေ့အမိန့် ချမှာဆို၊ ဟုတ်လား ဆရာ”

“စွဲချက်တင်သင့်/မတင်သင့် ဆိုတော့ အမိန့်ချမှာမဟုတ်သေးပါဘူး”

မမြစန္ဒာက စကားပြောရင်း ညှော်ခံနေသဖြင့် ပေါင်မုန့်ထောပတ်သုတ်တစ်ချပ်စားလိုက်သည်။ အောင်စစ်ချိုကို ထမင်းထုပ်ပေးခဲ့ရာ ကျွန်တော့်ကို အကျိုးအကြောင်း မေးကြည့်ပါလားဟုပြောလိုက်၍ လာရောက်မေးမြန်း စကားပြောနေခြင်းဖြစ်၏။

“အောင်စစ်ချိုအမှုပြီးသွားရင် ဘယ်လိုလုပ်မလဲ မမြစန္ဒာ”

“ကျွန်မကတော့ အောင်စစ်ချိုကို တကယ်သံယောဇဉ်ဖြစ်နေမိတယ်၊ ဒါပေမဲ့ ဒီလိုပြစ်မှုကျူးလွန်တဲ့သူကို ဘယ်မိဘက လက်ခံမှာလဲ ဆရာ”

မမြစန္ဒာတို့ဇာတ်လမ်းမှာ ဒီအတိုင်းပဲဖြစ်လာမည်ကို ကျွန်တော် တွေးထားပြီးဖြစ်သည်။ ယနေ့ အောင်စစ်ချိုကို လာတွေ့ခြင်းမှာ အိမ်ကမသိအောင် လာခြင်းဖြစ်ကြောင်း ပြောပြခဲ့သည်။ အမှုစီရင် ချက်ချလျှင် ခေါ်ပြောပေးရန် ကျွန်တော့်ကို တောင်းပန်သည်။ ကျွန်တော်က ထူးခြားပါက အချိန်မီ အသိပေးမည်ဟု ကတိပေးလိုက် သည်။

မွန်းလွဲ ၂ နာရီကျော်သည်နှင့် အောင်စစ်ချိုအမှု ရုံးထုတ်သည်။ စွဲချက် တင်သင့်/မတင်သင့်ကို စီပီအိုအား လျှောက်လဲချက်ပေးခိုင်းသဖြင့် ရုံးတွင်စစ်ဆေးပေါ်ပေါက်ချက်များကို အကျဉ်းချုပ် ကျွန်တော် တင်ပြလိုက်သည်။

စွဲချက်အမိန့်ချမည်ဖြစ်၍ တရားခံအား မတ်တတ်ရပ်ခိုင်းခဲ့သည်။ တရားသူကြီးက စွဲချက်နှင့် ပတ်သက်၍ ဖောက်ထွင်းမှုပုဒ်မ မဟုတ်ဘဲ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၀ အရ စွဲချက်တင်သည်။ တရားခံအား အပြစ်ရှိ/မရှိ ရုံးတော်ကမေးမြန်းရာ အောင်စစ်ချိုက ခိုးယူမိ၍ အပြစ်ရှိကြောင်း ဝန်ခံလိုက်သည်။

> **စွဲချက်အမိန့်ချမည်ဖြစ်၍ တရားခံအား မတ်တတ်ရပ်ခိုင်းခဲ့သည်။ တရားသူကြီးက စွဲချက်နှင့်ပတ်သက်၍ ဖောက်ထွင်းမှုပုဒ်မ မဟုတ်ဘဲ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၀အရ စွဲချက်တင်သည်။ တရားခံအား.....**

တရားရုံးအမှုသဘောမှာ စွဲချက်ကိုငြင်းကွယ်က ပြန်ခေါ်သက်သေများ စစ်ဆေးခြင်း၊ ကိုယ်တိုင်အစစ်ခံခြင်း၊ တရားခံပြသက်သေများ တင်ပြစစ်ဆေးခြင်းဖြင့် ထုချေနိုင်သည်။ ရုံးချိန်းများစွာ ရုံးထွက်နိုင်သော အခွင့်အရေးရှိသည်။

သို့ရာတွင် တရားခံ အောင်စစ်ချိုက အပြစ်ရှိကြောင်း ဝန်ခံလိုက်သဖြင့် တရားရုံးမှ အောက်ပါအမိန့်ကို ချမှတ်ခဲ့သည်–

“တရားခံ အောင်စစ်ချို၊ (ဘ) ဦး––၊ အသက် (၂၀ နှစ်)သည် အခင်းဖြစ်နေအိမ်တွင် ယာဉ်မောင်းအဖြစ် လုပ်ကိုင်နေရာမှ ခွင့်သွားမည်ဟု ပြောဆိုထွက်ခွာသွားပြီးနောက် ၁၂–၇–၁၉၈၂ နေ့ညဉ့် အိမ်အတွင်းလာရောက်ကာ စိန်၊ ငွေ နှင့် ရွှေထည်ရတနာပစ္စည်းများ တန်ဖိုးကျပ် (၁၁)သိန်းဖိုး ယူဆောင်သွားခဲ့ကြောင်း ထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၃)နှစ်ကျခံစေရန် အမိန့်ချမှတ်သည်”

တရားရုံး ပြီးဆုံးသွားပြီဖြစ်သည်။ တရားခံများအားလည်း ခဲ စခန်း၊ ရုံးထုတ်အချုပ်ထဲသို့

www.burmeseclassic.com

www.burmeseclassic.com



သွင်းလိုက်သည်။ အမှုသည်များ၊ ရှေ့နေရှေ့ရပ်များလည်း ထွက်ခွာသွားကြသည်။

ကျွန်တော်လည်း စီပီအိုရုံးခန်းတွင် ရဲစက္ကူနှင့် ရုံးချိန်းမှတ်တမ်းစာအုပ်များ ပြန်ထားသည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးထံတွင်လည်း ယနေ့ စွဲတင်သောအမှု၊ ပြီးပြတ်သောအမှု အခြေအနေများကို ဝင်ရောက် ရှင်းလင်းတင်ပြရသည်။



ရမန်စာနှင့် ထောင်ကျဝရမ်းများရယူရန် ကျွန်တော် တရားရုံး ထဲ နောက်တစ်ခေါက်ဝင်သွား၏။ တရားရုံးထဲတွင်ထိုင်၍ တရှုပ်ရှုပ် ငိုနေသောမိန်းကလေး တစ်ဦးကို ရုတ်တရက်တွေ့လိုက်ရသည်။

အခြားသူမဟုတ်။ မမြစန္ဒာ ဖြစ်သည်။

"မမြစန္ဒာ၊ တရားခံက ဝန်ခံလိုက်လို့ တစ်ခါတည်းအမိန့်ချလိုက်တာပါ၊ စိတ်မကောင်းဖြစ်မယ်ဆို ဖြစ်နေမှာပေါ့လေ"

"ဆရာဦးတိုးမြင့်၊ ကျွန်မတော့ ဒုက္ခရောက်ပါပြီရှင်"

ကျွန်တော် ဘယ်လိုစကားဆက်ပြော၊ နှစ်သိမ့်ရမည်မသိ၍ ရပ်ကြည့်နေမိသည်။

"အောင်စစ်ချိုကို နှုတ်ဆက်ပြီးပြီလား"

"ဟင့်အင်း၊ သူ့ကိုနှုတ်ဆက်တာထက် အရေးကြီးတဲ့စကားမှာစရာရှိသေးတယ်"

"မှာချင်ရင် သူ့ဆီလိုက်ပို့ပေးမယ်လေ၊ ပြန်ထုတ်လို့တော့ မရတော့ဘူး"

"လူတွေနဲ့ မဖြစ်ပါဘူး"

ကျွန်တော် မစဉ်းစားတတ်အောင် ဖြစ်ရပြန်ပါသည်။ သို့ရာတွင် အချိန်ကလည်း သိပ်မရှိတော့သဖြင့် ရုံးထုတ်အချုပ်ခန်းသို့ မမြစန္ဒာကို ခေါ်သွားသည်။ ကင်းမှူးကိုပြော၍ အောင်စစ်ချိုကိုအပြင်ထုတ်ပါသည်။ လူရှင်းရာနေရာလေးမှာ စကားပြောခွင့်ပေးလိုက်သည်။

"အောင်စစ်ချို ထောင်ကထွက်ရင် ငါ့ဆီကို မလာဘဲမနေနဲ့၊ နင်နဲ့ရတဲ့ကိုယ်ဝန်က သုံးလရှိနေပြီ၊ နင့်ကလေးနင်လာခေါ်၊ ကြားလား"

အင်းစိန်ထောင် ပို့မည့်ကားပြာကြီး ရောက်လာသည်။ အောင်စစ်ချိုအား အချုပ်ခန်းထဲ ပြန်လည်သွင်းခဲ့သည်။ မမြစန္ဒာကလည်း ကျွန်တော့်ကို ကျေးဇူးတင်ကြောင်းပြောဆိုကာ မျက်ရည်စများနှင့် အိမ်ပြန်သွားခဲ့သည်။

ထောင်ကျတရားခံနှင့်ရသည့် ကိုယ်ဝန်ကိစ္စကို မိဘများ ဘယ်လိုရင်ဆိုင်မလဲဆိုတာတွေ၊ သောက၊ ပရိဒေဝတွေ ကျွန်တော် မမြစန္ဒာကို မေးမြန်းရန် စဉ်းစားမိသော်လည်း သူ့ကိုအားနာနေမိသောကြောင့် တစ်ခွန်းမျှမပြောဖြစ်ခဲ့ပါ။

**တိုးနိုင်**

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



🅰 အောင်ကျော်ဇော
(အခန်းဆက်ဝတ္ထုရှည်)

# ခိုနားမဲ့ ရင်ခွင်

သက်ခိုင်၏ခြေလှမ်းများက မဝံ့မရဲ။

သူငယ်ချင်းဖြစ်သူ ဝေဦးကြောင့် မရောက်ဖူးသေးသောနေရာသို့ ရောက်ခဲ့ရသည်။

အိမ်ကြီးက ခံ့ညားထည်ဝါသည်။ သီးခြားခြံဝင်းကြီးထဲတွင် ခေတ်မီပုံစံဖြင့် ဆောက်ထားသောအိမ်ကြီးဖြစ်၏။ အိမ်ရှေ့ခြံဝင်းထဲတွင် အလှစိုက်ပန်းပင်များက အစီအရီ။

ခြံတံခါးက သံပန်းတွန်းတံခါး၊ ခြံဝတွင် ခြံစောင့်တဲရှိသည်။ ခြံထဲကို ဝင်ချင်တိုင်း ဝင်၍မရ။

အိမ်ရှင်ကို ဦးစွာပထမ ဖုန်းဖြင့်ဆက်သွယ်ရသည်။

အိမ်ရှင်က ခြံစောင့်ထံ အိမ်တွင်းသုံးဖုန်းဖြင့် ဆက်သွယ်သည်။ လာရောက်မည့် ကားနံပါတ်၊ အရောင်၊ အမျိုးအစား၊ ပါရှိမည့်လူဦးရေကို ခြံစောင့်ထံ ကြိုတင်ပြောပြသည်။

ခြံစောင့်က ခြံတံခါးကို စေ့ရုံစေ့ထားသည်မဟုတ်။ သော့ခတ်ထားသည်။ ရောက်ရှိလာသည့်ဧည့်သည်မှာ အိမ်ရှင်က ကြိုတင်ပြောပြထားသူဖြစ်မှ ခြံတံခါးဖွင့်ပေး၏။

သက်ခိုင်၏သူငယ်ချင်း ဝေဦးက ဤအိမ်၊ ဤခြံဝင်းထဲသို့ မကြာခဏရောက်ဖူးသည်ဟုဆိုသည်။ ယနေ့ သူတို့နှစ်ဦး လုပ်ငန်းကိစ္စဖြင့် တွေ့ကြသည်။



တစ်နေကုန်နီးပါး အလုပ်လုပ်ရသည်။ အလုပ်ပြီးချိန်၌ ဝေဦးက အပန်းဖြေမည့်နေရာသို့သွားမည်ဟု ဆိုသည်။ သက်ခိုင်ကိုပါလိုက်ခဲ့ရန် ခေါ်သည်။ သက်ခိုင်က ငြင်းသည်။ အကြိမ်ကြိမ်ခေါ်နေသဖြင့် အားနာပြီး လိုက်ခဲ့ရ၏။

ရောက်ရှိသည့်အိမ်ကြီးက လူကုံထံများ နေထိုင်သောရပ်ကွက်ထဲတွင်ဖြစ်သည်။ အဟန့်ကောင်းသည်၊ အပြကောင်းသည်။ အကြောင်းမသိသူဖြစ်ပါက ခြံတံခါးဝသို့ပင် ကပ်ရဲမည်မဟုတ်။

ဝေဦးက ဤအိမ်သို့ လာနေကျဖြစ်သည်။

ဝေဦးက အလုပ်ထဲမှကြိုတင်ပြီး ဖုန်းဆက်ထား၍ လွယ်လွယ်ကူကူဖြင့် အိမ်ထဲသို့ ဝင်ရောက်နိုင်ခဲ့ခြင်းဖြစ်၏။

အိမ်ထဲသို့ လှမ်းဝင်ချိန်ဝယ် နေအိမ်အတွင်း ပြင်ဆင်ခင်းကျင်းထားသော အခြေအနေကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သက်ခိုင်မှာ အိမ်ထဲသို့ဝင်ရန် မဝံ့မရဲဖြစ်နေခဲ့ရ၏။

အိမ်အဝင်ဝတွင် ကုမ္ပဏီဆိုင်းဘုတ်တစ်ခုကို တပ်ဆင်ထားသည်။ အလုပ်စားပွဲနှင့် ဝန်ထမ်းခြောက်ဦးခန့်ကို တွေ့ရ၏။

ဝန်ထမ်းများမှာ အသက်ငယ်ရွယ်သူ မိန်းမချောတွေချည်းဖြစ်သည်။

မန်နေဂျာဟု စားပွဲတင်သုံးမြှောင့်တုံးတွင် စာတန်းကပ်ထားသူကို တွေ့ရသည်နှင့် သက်ခိုင်မှာ အံ့အားသင့်စွာ စိုက်ကြည့်လိုက်မိသည်။

“အိနှင်းဖြူ၊ နင်ကဒီမှာ အလုပ်လုပ်တာလား”

အိနှင်းဖြူက နှုတ်မှမဖြေဘဲ ခေါင်းညိတ်ပြရင်း မျက်နှာကို အောက်ငုံ့ပစ်လိုက်၏။ ဝေဦးက ဧည့်ခန်းမှ အိမ်အတွင်းဘက်သို့ဝင်သွားသည်။ အိမ်ထဲတွင် မိန်းမချောလေးတစ်စုကို တွေ့လိုက်ရ၏။

အိနှင်းဖြူက သက်ခိုင်ကိုမော့ကြည့်သည်။ အိနှင်းဖြူ၏မျက်လုံးအိမ်ထဲမှ မျက်ရည်စများကို မမြော်လင့်ဘဲ တွေ့လိုက်ရ၏။ အိနှင်းဖြူ အဘယ့်ကြောင့် ဤအိမ်သို့ရောက်နေသည်ကို စဉ်းစားမရအောင်ဖြစ်ခဲ့ရသည်။

အိနှင်းဖြူသည် သက်ခိုင်၏ငယ်ချစ်ဖြစ်သည်။ အိနှင်းဖြူက ချမ်းသာစွာနေလိုသည်။ ကျော့ရှင်းလှပစွာဖြင့် သက်သောင့်သက်သာနေလိုသူဖြစ်သည်။

အမြင့်ကို အမြဲမှန်းဆနေသော အိနှင်းဖြူက အလုပ်အကိုင် မရရှိသေးသော သက်ခိုင်ကို ကျောခိုင်းပြီး ကျော်မင်းသူဆိုသည့်သူနှင့်



လက်ထပ်သွားခဲ့သည်။

ကျော်မင်းသူက ဘွဲ့ရပညာတတ်ဖြစ်သော်လည်း ပန်းပုလုပ်ငန်းဖြင့် အောင်မြင်ကျော်ကြားသူဖြစ်သည်။ နိဗ္ဗာန်ပစ္စည်းအရောင်းဆိုင်လည်းဖွင့်ထားသည်။ ကျော်မင်းသူက ပန်းချီပညာလည်းတတ်သည်။

လက်ရာကောင်းသော ပန်းပုရုပ်တွင် ၎င်း၏ပန်းချီပညာဖြင့် ထပ်ဆင့်ခြယ်သမှုပြုခြင်းကြောင့် အပ်ထည်တွေက အနားမရအောင်ဖြစ်ခဲ့ရသည်။

ရုပ်တုများကို ထုလုပ်ရာတွင် လက်ရာမြောက်လွန်းသည်။ ဘုရားပုံတော်၊ ဝိဇ္ဇာနှင့် ဘိုးတော်ပုံများကို အများဆုံးအော်ဒါလက်ခံရရှိသည်။ အနည်းဆုံး သောင်းဂဏန်းမှ သိန်းကြီးဂဏန်းအထိ ပညာသည်ခ ရရှိသည်။

ကျော်မင်းသူ၏ဆိုင်တွင် ပန်းပုထုလုပ်သူ (၁၀)ဦးခန့်ရှိသည်။

နိုင်ငံခြားထိ တင်ပို့ရသော အော်ဒါလက်ခံရရှိမှုကြောင့် ကျော်မင်းသူ၏စီးပွားရေးမှာ နေ့ချင်းညချင်း တိုးတက်ခဲ့သည်။

အိမ်ဝယ်နိုင်သည်၊ အိမ်သုံးကားဝယ်နိုင်သည်၊ ဘဏ်တွင်ငွေစုဆောင်းနိုင်သည်။ အိနှင်းဖြူက ငွေကြေးချမ်းသာသော်လည်း သူမ၏ဘဝတွင် အပျော်များပျောက်နေသည်ဟု ယူဆထားသည်။

ခင်ပွန်းဖြစ်သူ ကျော်မင်းသူက နံနက် (၈)နာရီမှစပြီး ည (၈)နာရီခန့်အထိ အလုပ်မှာပဲရှိသည်။

အပျော်ဆိုသည်မှာ သူနှင့်မဆိုင်သလိုဖြစ်သည်။

အိနှင်းဖြူက နံနက်ဆိုလျှင် (၉)နာရီကျော်မှ အိပ်ရာမှထသည်။

အိပ်ရာမှနိုးသည်နှင့် ခင်ပွန်းဖြစ်သူ အသင့်လုပ်ပေးထားသော လက်ဖက်ရည်နှင့် နံနက်စာအဆာ



www.burmeseclassic.com

www.burmeseclassic.com


ပြေကိုစားသည်။ စားပြီးသည်နှင့် ရေချိုးသည်၊ အလှပြင်ချိန်မှာ သူမ အတွက် အချိန်တစ်နာရီကျော်ကြာ သည်။

ခင်ပွန်းဖြစ်သူ ကျော်မင်းသူက နံနက်စောစော အိပ်ရာမှထပြီး အိမ်အတွက်နှင့် အလုပ်သမားများ စားရန် ချက်ပြုတ်ရသည်။ ညနေ အလုပ်သိမ်းချိန်ဆိုလျှင်လည်း ကျော်မင်းသူကပင် ထမင်းဟင်း ချက်ရသည်။

အိနှင်းဖြူက ဟင်းမချက် တတ်ကြောင်း အကြောင်းပြပြီး ဘာ ဟင်းမှမချက်ချေ။ ဈေးဝယ်လျှင် လည်း ကျော်မင်းသူ၊ ချက်ပြုတ် စီမံရသည်မှာလည်း ကျော်မင်းသူ ပင်ဖြစ်သည်။

ထမင်းချက်က ကျော်မင်းသူ၊ ဈေးဝယ်၊ အိမ်ပစ္စည်းဝယ်ရသူက လည်း ကျော်မင်းသူ။ ကျော်မင်းသူ မှာ အိမ်ဖော်တစ်ဦးလိုဖြစ်ခဲ့သည်။

အိနှင်းဖြူက မြို့ထဲသွားမည်၊ အပေါင်းအသင်းများနှင့် လည်ပတ် မည်၊ ရုပ်ရှင်ကြည့်မည်၊ ကာရာအို ကေဆိုင်သွားပြီး သီချင်းဆိုမည်။

ဒါက အိနှင်းဖြူအတွက် နေ့ စဉ်အလုပ်။

အိနှင်းဖြူကလည်း ပညာ တတ်၊ ဘွဲ့နှစ်ခုပင် ပိုင်ဆိုင်သူဖြစ် သည်။ ဘာအလုပ်မှမလုပ်။ သူမ ၏မိဘများကို စိတ်ကြိုက်ထောက် ပံ့နိုင်သည်။ ငွေအပြင် စားစရာ ပစ္စည်းအစုံ ဝယ်ပေးသည်။

ကျော်မင်းသူက သူ့ဘက်မှ ညီအစ်ကိုမောင်နှမများကို ငွေစငွေ န အနည်းငယ်ထောက်ပံ့လျှင် အိ နှင်းဖြူကမကြိုက်။ ပြဿနာရှာ၏။ စကားများလျှင် ခင်ပွန်းဖြစ်သူကို စကားမပြောဘဲ ရက်သတ္တ တစ် ပတ်ခန့်နေသည်။

ခင်ပွန်းဖြစ်သူက အမှတ်တရ ဝယ်ပေးသော ပစ္စည်းဆိုလျှင် စိတ် ဆိုးချိန်၌ ထုခွဲရိုက်ချိုး ဖျက်ဆီးပစ် သည်။ ကျော်မင်းသူမှာ တစ်ဖက် သတ်ဆန်လွန်းသော အခွင့်အရေး ယူမှုကို သည်းခံရင်း ခံစားချက်ကို ရင်ထဲ၌ သိမ်းထားခဲ့သည်။

ဘာမှမပြောဘဲ သူ့စိတ်ကို အလုပ်ထဲ၌ပင် မြှုပ်ထားခဲ့သည်။ ဘယ်မှလည်းမသွား။ ဇနီးဖြစ်သူ လုပ်သမျှကို ထိုင်ကြည့်နေရုံမှလွဲ၍ မည်သည့်ဆုံးမပြုပြင်မှုမှမလုပ်ခဲ့။

ကြာတော့ ကျော်မင်းသူတွင် နှလုံးရောဂါ ခံစားလာရသည်။ နှလုံး ရောဂါနှင့်အတူ သွေးတိုးရောဂါပါ ပူးတွဲဖြစ်ပေါ်လာခဲ့သည်။

ကျော်မင်းသူက ဆေးရုံဆေး ခန်းသို့မသွား။ မြန်မာဆေးမြီးတိုဖြင့် ကာကွယ်ရင်း ဖြစ်သလို ကြုံသလို နေသည်။

တစ်နှစ်ပင်မကြာလိုက်။ နွေ ကာလ အပူပြင်းသော တပေါင်းလ တွင် ကျော်မင်းသူမှာ အလုပ်ထဲ တွင် လဲကျရင်း သေဆုံးသွားခဲ့ သည်။ သွေးတိုးရောဂါကြောင့်ဟု သိရ၏။

ထိုအချိန်က အိနှင်းဖြူမှာ အိမ်တွင်မရှိ။

အပေါင်းအသင်းများနှင့် ရှမ်း ပြည်နယ်၊ အင်းလေးသို့ ရောက်နေ သည်။ ခင်ပွန်းဖြစ်သူ ကွယ်လွန် မှန်း မသိခဲ့။

ခင်ပွန်းဖြစ်သူ၏ အသုဘရက် လည်ဆွမ်းသွတ်ပြီးသည့်နေ့တွင်မှ ပြန်ရောက်လာသည်။ လူတိုင်းက အိနှင်းဖြူကို အပြစ်တင်ကြသည်၊ ဝေဖန်ကြသည်။

အိနှင်းဖြူမှာ ပတ်ဝန်းကျင်၏ ပြစ်တင်မှုကို မခံနိုင်တော့၍ ပန်းပု လုပ်ငန်းကို အပြီးတိုင်ရောင်းသည်။ ရရှိသမျှ ငွေထုပ်ကိုပိုက်၍ မိဘများ ၏အိမ်သို့ ပြောင်းသွားခဲ့သည်။

အိနှင်းဖြူ၏အစ်ကိုနှင့်မောင် များက လုပ်ငန်းထူထောင်ပေးမည် ဟုပြောပြီး ငွေကိုလိမ်ယူကြသည်။ အိနှင်းဖြူက ဘဏ်ရှိငွေဖြင့် သုံးစွဲ နေထိုင်သည်။

စားရင်းသောက်ရင်း ငွေကုန် သွားတော့ အိနှင်းဖြူမှာ သူမ၏ မိဘအိမ်မှ ပျောက်သွားခဲ့သည်။ သူမနှင့် တတွဲတွဲဖြစ်နေသော လူ ငယ်တစ်ဦးနောက်သို့ လိုက်သွား သည်ဟု သတင်းကြားရရုံမှ၍


www.burmeseclassic.com

www.burmeseclassic.com



မည်သည့်သတင်းမှ မကြားရတော့။

"ထိုင်လေ ကိုသက်ခိုင်"

အတွေးလွန်နေသော သက်ခိုင်မှာ မတ်တတ်ရပ်လျက်။ အိန္ဒြိယဖြူက ထိုင်ရန်ပြောမှ အတိတ်မှပုံရိပ်များကို အတွေးမှဖျောက်၍ ဆက်တီခုံသို့သွား၍ ထိုင်လိုက်ရသည်။

♛♛♛♛

"ဟော့ကောင် သက်ခိုင်"

ဝေဦးက ထိုင်နေသော သက်ခိုင်ကို လှမ်းခေါ်သည်။

"ဘာလဲ ဝေဦး"

"ဒီကိုလာကွာ၊ မင်းအတွက် အတွေ့အကြုံထူးတွေရှိတယ်"

"ငါမလာချင်ဘူး၊ မင်းဘာသာမင်း အနားယူပါ"

"ဒီကိုလာရင် တစ်ခုခုလုပ်ရတယ်၊ အဲဒီလိုမှမဟုတ်ရင် မင်းကိုရဲကလား၊ စုံစမ်းရေးကလားလို့ အထင်မှားလိမ့်မယ်"

"မှားတော့ဘာဖြစ်လဲ"

"ဒီအိမ်ထဲမှာ လူမိုက်အုပ်စုရှိတယ်၊ မင်းကိုရန်ရှာလိမ့်မယ်"

ဝေဦးက သက်ခိုင်အနားသို့ ရောက်လာပြီး အသံတိုးတိုးဖြင့် သတိပေးသည်။ သက်ခိုင်က အိမ်ထဲသို့ လှမ်းကြည့်သည်။

အိမ်ထဲဝင်သည့်အပေါက်ဝတွင် လူထွားကြီးနှစ်ဦးထိုင်နေသည်ကို တွေ့လိုက်ရ၏။

တကယ့်လူထွားကြီးများဖြစ်သည်။ ရုပ်ကလည်း ကြောက်စရာ၊ နပန်းသမားများလိုရုပ်မျိုးဖြစ်သည်။

လူမိုက်နှစ်ဦးက ဝေဦးရှိရာသို့ လှမ်းကြည့်နေကြ၏။ ဝေဦးနှင့်သက်ခိုင်တို့ စကားတိုးတိုးပြောနေသည်ကို မသင်္ကာသည့်အကြည့်ဖြင့်လှမ်းကြည့်နေကြသည်။

သက်ခိုင်ကို ဝေဦးက လက်ကုတ်ပြီးခေါ်သည်။

သက်ခိုင်က အိန္ဒြိယဖြူရှိရာသို့ လှမ်းကြည့်လိုက်၏။ အိန္ဒြိယဖြူ၏ အကြည့်က တိုးလျှိုးတောင်းပန်သည့်အကြည့်မျိုး။ သူမကိုယ်ကို သူမ ရှက်ရွံ့နေဟန်ရှိသည်။

အိန္ဒြိယဖြူက ခေါင်းကိုညိတ်ပြခြင်းမပြုဘဲ မျက်တောင်နှင့် မျက်ခုံကို အဖွင့်အပိတ်ပြုပြီး လိုက်သွားရန် သင်္ကေတထုတ်ပြလိုက်၏။

သက်ခိုင်က အိန္ဒြိယဖြူ၏ အချက်ပြမှုကို သဘောပေါက်၏။ ဝေဦးနှင့်အတူ လိုက်သွားခဲ့သည်။

ဝေဦးက အစောင့်လူမိုက်များနှင့် ရင်းနှီးနေသူဖြစ်၍ ငွေအချို့ကို ထုတ်ပေးလိုက်သည်။ ငွေကြောင့် လူမိုက်နှစ်ဦးထံမှ နှစ်သက်ဖွယ် အပြုံးများ ပေါ်ထွက်လာသည်။

အထဲသို့ရောက်သွားသည်။ အခန်းများဖွဲ့စည်းထားသည်ကိုတွေ့ရ၏။ အခန်းများက မကျဉ်းမကျယ်၊ လှပစွာ ပြင်ဆင်ထားသည်။ အခန်းတိုင်းတွင် မိန်းကလေးတစ်ဦးစီရှိသည်။ မိန်းကလေးများက အခန်းပေါက်ဝမှထွက်ကြိုသည်။ သူမတို့ အခန်းသို့ဝင်ရန် ဖိတ်ခေါ်ကြသည်။

"ဟော့ကောင် ဘာလုပ်ရမှာလဲ"

သက်ခိုင်က ဝေဦးကိုမေးသည်။

"အခန်းထဲဝင်သွားကွာ၊ မင်းကို ခြေဆုပ်လက်နယ်ပြုမယ်၊ မင်းရဲ့ခြေဖဝါးကို ပထမဆုံး ရေနွေးနဲ့ ဆေးကြောပေးလိမ့်မယ်၊ ပြီးရင် မင်းကို နှိပ်နယ်ပေးလိမ့်မယ်၊ အဆင် ပြေရင် အားလုံးဖြစ်ချင်တာ ဖြစ်ရလိမ့်မယ်"

ဝေဦးက အခြားအခန်းတစ်ခန်းဘက်သို့ ထွက်သွားသည်။

အခန်းဝတွင် ယောင်ချာချာရပ် နေသော သက်ခိုင်ကို မိန်းမချော တစ်ဦးက လက်ဆွဲ၍ အခန်းထဲခေါ် သွင်းသည်။

သက်ခိုင် အခန်းထဲရောက်သွားသည်။

အခန်းထဲတွင် ဒန်းလော့ပ မွေ့ရာတစ်ခုကိုခင်းထားသည်။ ခေါင်း အုံးနှင့်စောင်ကို တွေ့ရသည်။ ခေါင်းအုံးနံဘေးတွင် မျက်နှာသုတ်ပဝါနှစ်ထည် တွေ့ရသည်။

"လာလေ အစ်ကို ညီ



www.burmeseclassic.com

www.burmeseclassic.com



စုမှာပေါ့''

မိန်းမလှကလေးက သက်ခိုင်ကို မွေ့ရာပေါ်တွင် ပက်လက်လှန်ပြီးအိပ်စေသည်။ သက်ခိုင် အိပ်လိုက်သည်နှင့် မိန်းမလှကလေးက ရေနွေးခွက်တစ်ခုယူလိုက်သည်။ အခန်းတိုင်းတွင် ရေသုံးရန် သစ်သားဘေစင် စီစဉ်ပေးထားသည်။

မိန်းမချောကလေးက ဓာတ်ဘူးတစ်လုံးထဲမှရေနွေးကို ခွက်ဖြင့်လောင်းထည့်သည်။ ရေအေးကို အနည်းငယ်ထည့်၍ ရောစပ်သည်။ မျက်နှာသုတ်ပဝါကို ရေနွေးထဲသို့ နှစ်ပြီး စိမ်လိုက်၏။

ရေနွေးစွတ်ထားသော မျက်နှာသုတ်ပဝါကို ရေပြန်ညှစ်ပြီး သက်ခိုင်၏ခြေဖဝါးမှ ချေးများကို သုတ်ပေးသည်။ အကြိမ်ကြိမ်ဆေးကြောသည်။

ပြီးမှ အဝတ်ခြောက်ဖြင့် ရေပတ်တိုက်ပေးသည်။

ခြေဖဝါးအပိုင်းကို ပွတ်တိုက်ဆေးကြောပေးပြီးသည်နှင့် သက်ခိုင်၏ပုဆိုးကို မိန်းမချောကလေးက အပေါ်သို့လှန်တင်လိုက်၏။

ခြေထောက်နှင့်ပေါင်ကို ရေပတ်တိုက်ပေးသည်။

ရေနွေးဖြင့် ရေပတ်တိုက်ရာတွင် အောက်ပိုင်းတစ်ခုလုံး နေရာလပ်မကျန်စေရ။ သက်ခိုင်ကရှက်၍ မျက်နှာကို တစ်ဖက်သို့ လှည့်ထားလိုက်ရသည်။

မိန်းမချောကလေးက အပြုံးဖြင့် မျက်နှာကို မရ ရအောင်လိုက် ကြည့်သည်။

''အစ်ကို မရှက်နဲ့နော်၊ ကျွန်မ တို့က တာဝန်ကျေအောင် လုပ်ပေးရမှာပါ''

''အစ်ကိုက အတွေ့အကြုံမရှိဘူး''

''အိမ်ထောင်ရော ရှိသလား''

''အစ်ကို့မှာ အိမ်ထောင်မရှိပါဘူး''

''စိတ်ချ၊ အစ်ကို့ကို အတတ်နိုင်ဆုံး ပြုစုပေးပါ့မယ်''

သက်ခိုင်မှာ အတွေ့အကြုံ မရှိသော်လည်း ကြားဖူးနားဝဖြင့် လေ့လာဖူးသည်ဖြစ်၏။ အလိုက်သင့် ဆက်ဆံရင်း အိနှင်းဖြူ့ အကြောင်းစုံစမ်းရန် ဆုံးဖြတ်လိုက်သည်။ လူချင်းရင်းနှီးမှ သူသိလိုသောသတင်းကို မိန်းမချောကလေးက ပြောပြမည်ဖြစ်၏။ သို့ဖြစ်၍ အလိုက်သင့် ဆက်ဆံခဲ့ရသည်။

''အစ်ကို ခြေထောက်နှစ်ချောင်းကို ဘေးဘက်ကားထားပေးနော်''



သက်ခိုင်က မိန်းမလှကလေး ပြောသည့်အတိုင်း ခြေထောက်နှစ်ဖက်ကို ဘေးသို့ကားပေးလိုက်၏။

မိန်းမလှကလေးက ခြေနှစ်ချောင်းအကြားသို့ ဝင်ထိုင်လိုက်၏။ ပြီးတော့ သူမ၏ပေါင်နှစ်ချောင်းပေါ်သို့ သက်ခိုင်၏ ခြေထောက်နှစ်ချောင်းကို ဆွဲတင်သည်။

ပေါင်မှကြွက်သားများကို နှိပ်နယ်ခြင်းမပြုဘဲ လက်ဖနောင့်ဖြင့် ဖိ၍ ပွတ်ချေရင်း အကြောဖြေပေးသည်။ အတန်ကြာပြုလုပ်ပြီးချိန်၌ လူချင်းကပ်လိုက်ပြီး မှောက်လျက်အနေအထားဖြင့် သက်ခိုင်၏ကျောအောက်သို့ လက်နှစ်ချောင်း လျှိုသွင်းကာ ပခုံးသားများကို ဆွဲဆုပ်၍ နှိပ်နယ်ခဲ့၏။

သက်ခိုင်၏တစ်ကိုယ်လုံး



www.burmeseclassic.com

www.burmeseclassic.com



တုန် ခါသွားသည်။ နှလုံးခုန်မြန်လာ၏။ နားထင်ကြောများ ထောင်တက်လာသည်။ သွေးတိုးမြန်လာ၏။

အနှိပ်ခန်းတွင် နှိပ်နယ်ပုံက အနှိပ်ပညာနှင့် မဆိုင်သလိုပင်။ လူချင်းပူးကပ်ပြီး သေနေသော၊ တုန်လှုပ်မှုမရှိသော အကြောများကို ရှင်သန်စေရန် နှိုးဆွသည့်နည်းဖြစ်နေသည်။

အနှိပ်လုပ်ငန်းတွင် လူချင်းပူးကပ်ထားပြီးမှ နှိပ်နယ်ရသည်ဆိုသည်ကို ယခုမှ လက်တွေ့သိခွင့်ရတော့၏။

သက်ခိုင်မှာ သူ့အသိတရားများကို မနည်းထိန်းချုပ်နေရ၏။ တော်တော်နှင့် ထိန်းချုပ်၍မရ။

သူက တရားကျင့်ဖူးသူဖြစ်သည်။ ထိခြင်းကိုဖျောက်သည်။ အထိအတွေ့မှ နိုးထလာသောစိတ်ကို စိတ်ထဲတွင်မှတ်ပြီး ဖျောက်လိုက်သည်။

ခဏကြာမှ သူ့ကိုယ်သူ ထိန်းထားနိုင်ခဲ့၏။

ထိုအချိန်ကျမှ အိနှင်းဖြူ အကြောင်းကို စတင်မေးနိုင်တော့သည်။

"ညီမ နှိပ်ပေးတာ အရမ်းသဘောကျတယ်"

"နောက်လည်း အမြဲလာနော်"

"လာမှာပေါ့၊ ညီမကိုသဘောကျနေမိပြီ"

"ဟင့်...အစ်ကိုက အပိုပြောနေပြန်ပြီ"

"တကယ်ပြောတာပါ၊ အစ်ကိုက မိန်းကလေးနဲ့ပတ်သက်ရင် အတွေ့အကြုံမရှိဘူး"

"ဒီကိုလာတဲ့လူတိုင်း အဲဒီလိုပဲ ပြောကြတယ်"

"တကယ်ပါ၊ ညီမနဲ့ အကြာကြီး စကားပြောချင်သေးတယ်"

"စကားပြောဖို့သက်သက်ပဲလား"

သက်ခိုင်က မိန်းမချောလေး ဘာကိုရည်ရွယ်ပြောမှန်းသိသည်။

"အစ်ကို ညီမနဲ့ အပြင်မှာ တွေ့လို့ရမလား"

"အစ်ကို့မှာ အခြားကိစ္စရှိသေးလို့လား"

"ညီမက စကားပြောချိုတော့ ညီမပြောတာတွေကို ထိုင်ပြီး နားထောင်ချင်လို့"

"စကားပြောတာ နားထောင်ချင်ရင် ဆက်ရှင်ပိုယူလေ"

"ဆက်ရှင်ဆိုတာ ဘာလဲဟင်"

"အချိန်ဝယ်သုံးတာကိုပြောတာ"

"အခု ညီမတို့ဆီမှာ ဆက်ရှင်ကို ဘယ်လိုသတ်မှတ်သလဲ"

"တစ်နာရီပေါ့"

"တစ်နာရီကို ဘယ်လောက်ယူသလဲ"

"ပိုင်ရှင်က ကျပ်တစ်သောင်းယူတယ်၊ ညီမတို့ကို လေးထောင်ပဲပေးတယ်"

"ဟင်.....ထက်ဝက်ကျော်ယူတာပေါ့"

"ဟုတ်တယ်၊ ပိုင်ရှင်က အခန်းခ၊ နေရာခ၊ စောင့်ရှောက်ခ၊ ဘာကြေး၊ ညာကြေးပေးခအတွက် ထက်ဝက်ယူတာ"

မိန်းမလှကလေးက နှိပ်နယ်ပေးနေရင်း ရှင်းပြသည်။

သက်ခိုင်က ခေါင်းတညိတ်ညိတ်လုပ်ရင်း အနှိပ်ခန်းများအား ခိုးကြောင်ခိုးဝှက်ဖွင့်ထားရင်း စီးပွားဖြစ်နေမှုကို စဉ်းစားကြည့်နေခဲ့မိ၏။

"ညီမတို့က အနှိပ်ခံသူဆီကပဲ ရတာပေါ့နော်"

"ဟုတ်တယ် အစ်ကို၊ အနှိပ်ခံသူက ကရုဏာနဲ့ပေးတဲ့ အပိုငွေကို မျှော်လင့်ရင်း အလုပ်လုပ်ကြရတယ်"

"ဒီလိုလုပ်တော့ ညီမတို့မှာ အခြားဝေဒနာကူးစက်ခံရတာ ရှိသေးသလား"

"ရှိတာပေါ့ အစ်ကိုရယ်၊ အပူထုတ်ပေးရတော့ အပူကူးတယ်၊ ညီမတို့ဆီ အပူကူးတော့ အကြောတက်တာ၊ မျက်လုံးအပူရှိက်တာရှိတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

“တခြားအလုပ်လုပ်ပါလား”

“ဒီမှာက သီးသန့်ဆိုတော့ လုံခြုံတယ်၊ အဖမ်းခံရမှာ မကြောက်ရဘူး၊ တစ်နေ့ကို ငါးယောက်လောက် နှိပ်ပေးရရင် ညီမအတွက် ငွေနှစ်သောင်းလောက် ကျန်တယ်”

“ဒီကိုလာတာက ဘယ်လိုလူတွေလဲ”

“သူဌေးတွေ၊ လုပ်ငန်းရှင်တွေများတယ်၊ တစ်ခါတလေ အရေးယူဖမ်းဆီးနိုင်တဲ့သူတွေပါ လာကြတယ်”

သက်ခိုင်က ကောင်းစွာ သဘောပေါက်သွားသည်။

“ကုမ္ပဏီဆိုင်းဘုတ်တွေ့တယ်၊ အဲဒါက ဘာအလုပ်မျိုးလဲ”

“တခြားကုမ္ပဏီရဲ့နာမည်ကို လုပ်ငန်းခွဲရုံးအနေနဲ့ ဟန်ပြချိတ်ဆွဲ ထားတာပါ”

“ကုမ္ပဏီက ခွင့်ပြုလို့လား”

“ကုမ္ပဏီပိုင်ရှင်က ဒီဆိုင်ကို လည်းပိုင်တယ်”

“သူနဲ့ဘယ်လိုပတ်သက်လို့လဲ”

“အစ်ကိုဝင်လာတော့ မန်နေဂျာဆိုတာကို တွေ့ခဲ့သလား”

သက်ခိုင်က သူ့အနေဖြင့် မေးမြန်းစုံစမ်းရန် ရည်ရွယ်ထားသူနှင့် ပတ်သက်၍ စိတ်ဝင်စားစွာ မေးလိုက်၏။

“ညီမပြောတာ မအိနှင်းဖြူလား”



“ဟုတ်တယ်”

“သူနဲ့ဘယ်လိုပတ်သက်နေသလဲ”

“ကုမ္ပဏီပိုင်ရှင်က အဘိုးကြီးပါ၊ အိနှင်းဖြူက အဲဒီအဘိုးကြီးရဲ့ စတုတ္ထမြောက်ဇနီးပါ”

“ဟင်.....”

သက်ခိုင်မှာ အမှန်တကယ်ပင် အံ့သြရတော့၏။

အိနှင်းဖြူကို ကုမ္ပဏီ၏ မန်နေဂျာဟု ထင်ထားသည်။ ကုမ္ပဏီကို ဗန်းပြပြီး အနှိပ်ခန်းဖွင့်ထားသူမှာ ကုမ္ပဏီပိုင်ရှင်၏စတုတ္ထမြောက်ဇနီးဟု သိလိုက်ရ၏။

“ဒီအိမ်က အိနှင်းဖြူပိုင်တာလား”

“မဟုတ်ဘူး၊ ကုမ္ပဏီပိုင်ရှင် ပိုင်တာပါ၊ အိနှင်းဖြူက ဒီအိမ်ကို ပိုင်နိုင်အောင် ကြိုးစားနေရဆဲပဲ”

“အိနှင်းဖြူရဲ့ရုပ်ရည်က လင်ကောင်းသားကောင်း ရနိုင်ပါလျက် ဘာ့ကြောင့်ဒီလိုဖြစ်ရတာလဲ”

“အိနှင်းဖြူက အရုပ်ပဲ၊ အဲဒီလို ရုပ်ပွေရင်း အဘိုးကြီးကို လှည့်စားနိုင်လို့ အခုလိုဖြစ်ရတာပေါ့”

အိနှင်းဖြူနှင့်ပတ်သက်သော သတင်းစကားမှာ လုံးဝကို အံ့အားသင့်စရာတွေချည်း ဖြစ်နေသည်။

အိနှင်းဖြူနှင့် တစ်ချိန်ကချစ်သူဖြစ်ခဲ့ဖူးသော သက်ခိုင်မှာ အိနှင်းဖြူကို ဘဝဆိုးထဲမှ မည်သို့ဆွဲထုတ်ရမည်ကို စဉ်းစားမရအောင် ဖြစ်နေခဲ့ရ၏။

**ရှေ့လဆက်ဖတ်ပါရန်**
**စာပေသစ္စာဖြင့်**



www.burmeseclassic.com

www.burmeseclassic.com



# တွံတေးမြို့နယ်အတွင်းမှ ခေါင်းပြတ်လူသတ်မှုကို

## ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က (၂၄) နာရီအတွင်းဖော်ထုတ်ခဲ့ရာ

## ရောင်းချပြီး လယ်မြေကို အပေါင်ခံကြောင်း အငြင်းပွားခဲ့၍ ငွေပေးပြီး သတ်ခိုင်းကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့မှု

ဖြစ်မှုကျူးလွန်သူများ လူသတ်မှုကျူးလွန်ရန် စောင့်ကြည့်ခဲ့သည့်တဲအားတွေ့ရစဉ်





လယ်ကွင်းဘက်မှ ထွက်ပြေးသတ်သို့ ထွက်သွားသည့်မြေရာ



အလောင်းတွေ့ရှိရာနေရာနှင့် ပတ်ဝန်းကျင်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ခလောက်ချိုက်ရဲစခန်းအပိုင် ကြည်တန်းကျေးရွာနေ ကွမ်းခြံပိုင်ရှင်အမျိုး သမီးကြီးအား နေ့လယ်ပိုင်းအချိန်၌ ၎င်းပိုင်ဆိုင်ရာ ကွမ်းခြံအတွင်းအမည် မသိလူများက ရက်စက်စွာခေါင်းဖြတ်သတ်ခဲ့မှုကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ ပူးပေါင်းအဖွဲ့က စုံစမ်းဖော်ထုတ်ခဲ့ရာ အသတ်ခံရသူက ရောင်းချခဲ့ပြီးဖြစ်သော လယ်မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဝယ်ယူသူနှင့်စကားများခဲ့ရာမှ ဖြစ်ရသည့် လူသတ်မှုဖြစ်ကြောင်းနှင့် လူသတ်မှုဖြစ်ပွားပြီး နောက်တစ်နေ့၌ လူသတ်မှုကျူးလွန်ခဲ့ ကြသူများကို လက်ရဖမ်းဆီးရမိသည်အထိ ကြိုးပမ်းဖော်ထုတ်ခဲ့နိုင်ကြောင်း သိရသည်။

**[အဆိုပါသတင်းကို ၂၆-၇-၂၀၁၃ရက်နေ့ထုတ် ကတယ့်ဖြစ်ရပ်မှုခင်းဂျာနယ်၊ အမှတ်စဉ်(၈၀၇)၊ စာမျက်နှာ(၅)တွင် "ကွမ်းခြံထဲသွားရောက်သူအမျိုးသမီးကို ခေါင်းပြတ်ဖြင့် သေဆုံးလျက်တွေ့ရတဲ့လူသတ်မှု" ခေါင်းစဉ်ဖြင့် သတင်းတိုအား ဖော်ပြပေးခဲ့ပြီးဖြစ်ပါသည်။]**

### ထိတ်လန့်ဖွယ်လူသတ်မှု

၁၅-၇-၂၀၁၃ရက်နေ့ နံနက် ၇နာရီအချိန်က တွံတေးမြို့နယ်၊ ကြည်တန်းကျေးရွာနေ ကွမ်းခြံပိုင်ရှင် ဦးကြီးမောင်(၅၉နှစ်)သည် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်သို့ သွားရောက်၍ ဓာတ်မြေဩဇာဝယ်ယူသည့် ငွေကြေးကိစ္စများ ကို ဆောင်ရွက်ပြီး နေထိုင်ရာအိမ်သို့ ညနေ ၅နာရီအချိန် အရောက်ပြန်ခဲ့သည် ဆို၏။

နေအိမ်သို့ ပြန်ရောက်ချိန်တွင် သာသနာ့ဘောင်သို့ ဝင်ရောက်နေသော သားဖြစ်သူ ဦးပဋ္ဌင်း ဦးဇာနေယျ (၃၃နှစ်)ရောက်ရှိနေသည်ကို တွေ့ရပြီး သားဖြစ်သူနှင့်အတူ ရွာသားများ၏ ပြောပြချက်အရ ဦးကြီးမောင်၏ဇနီး ဒေါ်စိန်သန်း(ခ)ဒေါ်သန်းမြင့်(၅၇နှစ်)မှာ မွန်းလွဲ ၂နာရီအချိန်၌ နေအိမ်နှင့်ကိုက် (၈၀)ခန့်ဝေးကွာသည့် ၎င်းတို့မိသားစု ပိုင်ကွမ်းခြံထဲသို့ တစ်ဦးတည်းထွက် သွားခဲ့ကြောင်း၊ ညနေ ၄နာရီ ၃၀ မိနစ်အချိန်ခန့်၌ သုံးအိမ်ကျော်ရွာနေ မတင်တင်မိုးက နေအိမ်တွင် မွေးမြူထားသော ဘဲများလာဝယ်သဖြင့် ဒေါ်စိန်သန်း(ခ) ဒေါ်သန်းမြင့် ကွမ်းခြံထဲရောက်နေကြောင်း သိရ၍ လိုက်သွားခဲ့ကြောင်း၊ မတင်တင်မိုးမှာ ခဏအကြာ၌ အပြေးအလွှား ပြန်ရောက်လာပြီး ဒေါ်စိန်သန်း လဲကျသေဆုံးနေသည်ကို တွေ့ရကြောင်း ပြောပြသဖြင့် သားဖြစ်သူက သွားရောက်ကြည့်ရှုရာ ခေါင်းဖြတ်အသတ်ခံ ထားရကြောင်း တွေ့လိုက်ရသည်ဟု ဆို၏။

ဦးကြီးမောင်က တရားလိုပြုလုပ်တိုင်ကြားသဖြင့် ခလောက်ချိုက်နယ်မြေရဲစခန်းမှ(ပ)၆၃/၂၀၁၃၊ ပြစ်မှုပုဒ်မ၃၀၂ဖြင့် ရေးယူ၍ အမှုစစ်စခန်းမှူးရဲအုပ် ိန်းဦးနှင့်အဖွဲ့က အချင်းဖြစ် ပ်သို့ ရောက်ရှိစစ်ဆေးခဲ့သည်။

### ချက်ချင်းညွှန်ကြားတာဝန်ပေးအပ်

လူသတ်မှုဖြစ်စဉ်မှာ ခေါင်းဖြတ်သတ်မှုဖြစ်၍ အများပြည်သူလူထု



www.burmeseclassic.com

www.burmeseclassic.com


အထိတ်တလန့်ဖြစ်စေသည့်အတွက် အဖြစ်မှန်ဖော်ထုတ်ပြီး ပြစ်မှုကျူးလွန်သူများအား အလျင်အမြန်ဖော်ထုတ်အရေးယူနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက ရဲမှူး(ဦးစီး)များ၊ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့အား ပူးပေါင်းအင်အားဖြင့် ဖော်ထုတ်ရန် တာဝန်ပေးအပ်ခဲ့သည်။

ထိုသို့ တာဝန်ပေးအပ်မှုကြောင့် ရဲမှူး(ဦးစီး)ရဲမှူးသိန်းလွင်နှင့်ဌာနစုမှူး ဒုရဲမှူးအောင်ဝင်းတို့က လိုအပ်သည့် စီစဉ်ညွှန်ကြားမှုများပြုလုပ်၍ ဒုရဲအုပ်ဆန်းလင်းနှင့်အဖွဲ့အား တွံတေးမြို့နယ်သို့ ချက်ချင်းစေလွှတ်ပြီး ပူးပေါင်းဖော်ထုတ်မှုတွင် ပါဝင်ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့သည်။

ဒုရဲအုပ်ဆန်းလင်းနှင့်အဖွဲ့က မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စခန်းမှူး၊ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ အထူးမှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ လူသတ်မှုဖြစ်ပွားခဲ့ရာ ကွမ်းခြံသို့ သွားရောက်စစ်ဆေးခဲ့သည်။

**အိမ်နဲ့မဝေးတဲ့ကွမ်းခြံ**

လူသတ်မှုဖြစ်ပွားရာ ကွမ်းခြံမှာ ဦးကြီးမောင်နှင့်သေဆုံးသူဒေါ်စိန်သန်း(ခ) ဒေါ်သန်းမြင့်တို့နေထိုင်ရာအိမ်ရှေ့မှ ကိုက်(၇၀/၈၀)ခန့်အကွာတွင်ရှိပြီး အိမ်နှင့်ကွမ်းခြံအကြားတွင် မိသားစုသုံး ရေကန်တစ်ခုတည်ရှိပြီး ပိုင်းခြားထားသည်ကို တွေ့ရသည်။

သေဆုံးနေသူ၏အလောင်းမှာ ဘယ်တစောင်းအနေအထားဖြစ်၍ ကွေးလျက်သေဆုံးနေကြောင်း တွေ့ရသည်။ သေဆုံးသူမှာ ဦးခေါင်းဖြတ်ထားခြင်းခံရ၍ ဦးခေါင်းအား လိုက်လံရှာဖွေရာ အလောင်းတည်ရှိရာနေရာမှ (၁၀)ပေခန့်အကွာ၊ ကွမ်းခြံနံရံနံဘေးကွမ်းခြံနံရံမှ သုံးပေခန့်အကွာ၊ ရေအနက် ငါးပေရှိ ရေထဲမှ ရှာဖွေတွေ့ရှိခဲ့သည်။

တွေ့ရှိသော ဦးခေါင်းအား ကွမ်းခြံနံရံရှိ ကာရံထားသော အပေါ်ငယ်မှ လွှင့်ပစ်ခဲ့သည့်အတွက် အကာအရံသစ်ရွက်ခြောက်များပေါ်တွင် သွေးစသွေးနများကို ရှာဖွေတွေ့ရှိခဲ့သည်။

ဦးခေါင်းအဖြတ်ခံထားရသည့် နေရာနှင့် သေဆုံးနေသူ၏ခန္ဓာကိုယ်အား စစ်ဆေးရာ လည်ပင်းအောက်တွင် ထိုးသွင်းဒဏ်ရာတစ်ချက်နှင့်ဝဲဘက်လက်ညှိုးလက်မအကြားတွင် ခြောက်လက်မခန့်အရှည်ရှိသော ဆံခြည်ပင်များရှိနေသည်ကို တွေ့လိုက်ရ၏။

အချင်းဖြစ်အရပ် ကွမ်းခြံအားစစ်ဆေးရာတွင် ကွမ်းခြံမှာ အရှေ့မှ အနောက်သို့ အလျား(၉၃)ပေရှိ၍ တောင်နှင့်မြောက် ခြံအကျယ်မှာ(၄၇)ပေရှိကြောင်း တွေ့ရှိရသည်။

ကွမ်းခြံအတွင်း၌ စိုက်ပျိုးထားသော ကွမ်းပင်အတန်း(၂၀)ရှိ၍ ကွမ်းခြံအနောက်ဘက်ဝင်ပေါက်မှ စတင်ရေတွက်လျှင် ကွမ်းပင်တန်းအမှတ် (၉)နှင့် (၁၀)အကြား၌ အလောင်းကို တွေ့ရှိရခြင်းဖြစ်သည်။


ပလတ်စတစ်စတစ်ခုပေါ်တွင် တင်ထားသော ပလတ်စတစ်ရေခွက်တစ်လုံး၊ ကွမ်းပင်တန်းအမှတ် (၇)နှင့် (၈)အကြားတွင် ဝါးဖတ်ဦးထုပ် တစ်လုံးကို တွေ့ရှိရ၍ သေဆုံးသူ ဆောင်းသော ဦးထုပ်ဟု သေဆုံးသူ၏ ခင်ပွန်း ဦးကြီးမောင်က အတည်ပြု ပြောပြခဲ့သည်။

အလောင်းနှင့်ကပ်လျက်နေရာတွင် လုပ်ငန်းသုံး ဝါးလှေကား ထောင်ထားသည်ကို တွေ့ရပြီး ဦးခေါင်းပြတ်အား လွှင့်ပစ်သည့်ခြံပေါက်အနီး၌ ကွမ်းခြင်းတောင်း အလွတ်တစ်ခြင်းကို စစ်ဆေးတွေ့ရှိရသည်။

သေဆုံးသူနေထိုင်ရာအိမ်သည် လှေလမ်းရိုးတူးမြောင်းကို ကျောပေးပြီး အိမ်ကို ဆောက်ထားသည်ကို တွေ့ရသည်။ နေအိမ်တွင် ဘဲများမွေးမြူထားသည့်အတွက် နေအိမ်ပတ်လယ်အား အမြင့်နှစ်တောင်ခန့်ရှိ ပိုက်ဟောင်းများဖြင့် ကာရံထားသည်ကိုတွေ့ရသည်။

ဘဲခြံစည်းရိုးကိုကျော်လျှင် ကုန်းမြေအလွတ်တစ်ခုရှိ၍ ၎င်းကုန်းမြေ၏ရှေ့တွင် ရေကန်တစ်ကန်တည်ရှိ၏။ ရေကန်၏အခြားတစ်ဖက်တွင် လူသတ်မှု ဖြစ်ပွားရာ ကွမ်းခြံတည်ရှိသည်။

သေဆုံးသူ အသတ်ခံရရာ နေရာနှင့် သေဆုံးသူနေထိုင်ရာအိမ်မှာ ပေ(၂၁၀)ခန့်အကွာအဝေးရှိသည်။ သေဆုံးသူနေထိုင်ရာ နေအိမ်ခေါင်း



ပြစ်မှုကျူးလွန်ရန် ရရှိသောငွေနှင့် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သော ဓားအား တွေ့ရစဉ်



www.burmeseclassic.com

www.burmeseclassic.com

ရင်းဘက် ပေ(၁၅၀)ခန့်အကွာတွင် သားအကြီးဆုံးဖြစ်သူ မင်းဇော်ဦးနေထိုင်သည့်အိမ်ရှိပြီး လူသတ်မှုဖြစ်ပွားသည့်နေ့က ထိုအိမ်တွင် လူမရှိကြောင်း စစ်ဆေးသိရှိရသည်။

**လယ်မြေရောင်းပြီးမှ ပေါင်သည်ဟု တိုင်ကြားမှု**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ အကူတပ်ဖွဲ့ခွဲ၊ လုံခြုံရေးတပ်ခွဲ(၂)မှ ဒုရဲအုပ်ဆန်းလင်းဦး ခေါင်းဆောင်သောအဖွဲ့က မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များ၊ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ အထူးမှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များ၊ တွံတေးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ အချင်းဖြစ်အရပ်စစ်ဆေးခြင်း၊ တရားလိုနှင့် သက်သေများအား စစ်ဆေးခြင်း၊ ပတ်ဝန်းကျင်တွင် သတင်းစုံစမ်းခြင်းများပြုလုပ်ခဲ့ကြသည်။

ထိုသို့ စစ်မေးခြင်း၊ စုံစမ်းသတင်းရယူခြင်းပြုလုပ်ခဲ့မှုကြောင့် သေဆုံးသူ ဒေါ်စိန်သန်း(ခ)ဒေါ်သန်းမြင့်သည် လွန်ခဲ့သော နှစ်နှစ်ခန့်က ၎င်းပိုင် လယ်မြေရှစ်ဧကကို ဦးစိုးမြင့်(ခ) ပသီထံသို့ ငွေကျပ်(၇၃)သိန်းဖြင့် ရောင်းချခဲ့ကြောင်း၊ လယ်မြေဈေးများတက်လာသောအခါ ရောင်းချထားသော လယ်မြေကို ပြန်လည်ရယူလိုသည့်အတွက် သေဆုံးသူဒေါ်စိန်သန်း(ခ)ဒေါ်သန်းမြင့်က ပေါင်နှံထားကြောင်းပြောဆို၍ လယ်မြေပြန်လည်ရရှိရန် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးသို့ အသတ်ခံရခြင်းမဖြစ်ပွားမီ ငါးရက်ခန့်က တိုင်ကြားမှုပြုခဲ့ကြောင်း၊ ထိုကိစ္စကြောင့် အကြီးအကျယ်စကားများခဲ့ကြောင်း ဦးစိုးမြင့်(ခ) ပသီ၏ သားဖြစ်သူ ထူးနိုင်မှာ ဒေါ်သန်းမြင့်(ခ)ဒေါ်စိန်သန်းအား အကြီးအကျယ်မကျေမနပ်ဖြစ်နေခဲ့ကြောင်း သတင်းရရှိခဲ့သည်။



ဖြစ်မှုကျူးလွန်ခဲ့သည့် နေရာအား ပြသကြစဉ်

**အသံတွေကြားရပြီး လူတိုပါတွေ့ရှိခဲ့မှု**

ပူးပေါင်းအဖွဲ့က စုံစမ်းသိရှိရသည့်သတင်းများအပေါ် အခြေခံ၍ သေဆုံးသူ၏သား ဦးဇာနေယျ(ခ)လူအမည် သန့်ဇင်မင်းအား မေးမြန်းလျှောက်ထား သတင်းရယူမှုပြုခဲ့သည်။

သေဆုံးသူ၏သား သန့်ဇင်မင်းက အချင်းဖြစ်ပွားသည့်နေ့ မွန်းလွဲ၂နာရီအချိန်ခန့်က သေဆုံးသူ မိခင်မှာ နေအိမ်မှ ကွမ်းခြံထဲသို့ ဆင်းသွားခဲ့ကြောင်း၊ မိခင်ဖြစ်သူ ကွမ်းခြံထဲသို့ မဆင်းမီ နေအိမ်၏အနောက်ဘက် ၄က်ပျောတောဘက်ခြမ်း၌ လူ နှစ်/သုံးယောက်ခန့်၏ ပေါက်တူး ပေါက်နေသံကိုကြားခဲ့ရသည်ဆို၏။

သို့ဖြစ်၍ အဆိုပါပတ်ဝန်းကျင်တွင်နေထိုင်ကြသော ဦးသောင်းအေး (၅၆နှစ်)၊ ဦးမြင့်ဝေ(၄၂နှစ်)၊ ဦးစိုးထွန်း(၃၃နှစ်)တို့အား တွေ့ဆုံမေးမြန်းရာ အချင်းဖြစ်နေ့ဖြစ်သည့် ၁၅-၇-၂၀၁၃ရက်နေ့ မွန်းလွဲ ၁နာရီအချိန်ခန့်၌ သံဖြူရုံကွင်း၊ ၎င်းတို့တဲအနီးဝန်းကျင်တွင် နေထိုင်ကြသည့် သံဖြူရုံ ကျေးရွာနေ ဦးစိုးမြင့်(ခ) ပသီ၏သား ထူးနိုင်နှင့် ၎င်းတို့၏ လယ်သူရင်းငှားအောင် အောင်(ခ) အောင်ကြီးတို့နှစ်ဦးအား ပေါက်တူးတစ်လက်စီကိုင် ဆောင်ထားလျက် စိုးထွန်းဆိုသူ၏ နေအိမ်ရှေ့ [illegible] ပေါ်မှ ဒေါ် သန်းစိန်(ခ)ဒေါ်သန်းမြင့်၏နေအိမ် ဘက်သို့ထွက်သွားသည်ကို တွေ့လိုက်ရကြောင်း ပြောပြခဲ့ကြသည်။

**မသင်္ကာမှုဖြင့် ဖမ်းဆီးစစ်ဆေးရာမှ**

ဒုရဲအုပ်ဆန်းလင်းက ရရှိသတင်းကို ဌာနစုမှူးဒုရဲမှူးအောင်ဝင်းထံ ဖုန်းဖြင့် ဆက်သွယ်သတင်းပို့ခဲ့၏။ ဒုရဲမှူးအောင်ဝင်းက ရဲမှူး(ဦးစီး) ရဲမှူးသိန်းလွင်ထံ တင်ပြခဲ့ရာ ခေါ်ယူစစ်ဆေးရန် ညွှန်ကြားခဲ့၍ ဒုရဲအုပ်ဆန်းလင်းနှင့်ပူးပေါင်းအဖွဲ့က ၁၆-၇-၂၀၁၃ရက်နေ့ နံနက် ၁၁နာရီတွင် ဦးစိုးမြင့်(ခ)ပသီ၏သား ထူးနိုင်(၂၉နှစ်) နှင့်၎င်း၏လယ်သူရင်းငှားအောင်အောင်(ခ) အောင်ကြီး(ခ)ရဲစိုးအောင် (၁၈နှစ်)တို့ကို ခေါ်ယူစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးစဉ် ၎င်းတို့နှစ်ဦးက အချင်းဖြစ်နေရာအနီးသို့ သွားရောက်ခဲ့မိကြောင်းကိုသာ ဝန်ခံထွက်ဆိုခဲ့ကြပြီး လူသတ်မှုဖြစ်ပွားရာ ကွမ်းခြံအနီးရှိ လယ်ကွင်းထဲတွင် ဆောက်လုပ်ထားသော ထူးနိုင် ဆောက်လုပ်ထားသည့် လယ်စောင့်တဲ၌ တွံတေးမြို့နယ်၊ ဘုရားငုတ်တိုကျေးရွာတောင်ပိုင်းနေ လယ်သူရင်းငှား အရှည်ကြီး(ခ)ကိုဇော်(၃၇နှစ်)အား တွေ့မြင်ခဲ့ကြောင်း ပြောပြ၍ ပူးပေါင်းအဖွဲ့က အရှည်ကြီး(ခ)



www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်အား ခေါ်ယူစစ်ဆေးခဲ့သည်။

ထူးနိုင်နှင့်အရှည်ကြီး(ခ) ကိုဇော်တို့အား ဥပဒေနှင့်အညီ စစ်ဆေးနိုင်ရန် ရမန်ယူစစ်ဆေးခဲ့သည်။ ဆက်စပ်သတင်းအရ မသင်္ကာသူဖြစ်သည့် ဘုရားငုတ်တို ကျေးရွာ၊ ဘုရားငုတ်တိုအရှေ့ကွင်းနေ လယ်သူရင်းငှား ထွန်းမင်းလတ်(ခ)ဇော်ကြီး(ခ) မောင်ထွန်း(၂၅နှစ်)ကို ၂၀-၇-၂၀၁၃ရက်နေ့ည ၁၀နာရီ ၃၀မိနစ်အချိန်တွင် ၎င်းနေ ထိုင်ရာအိမ်မှ ထပ်မံဖမ်းဆီး၍ စစ် ဆေးခဲ့သည်။

## ငွေပေးငှားပြီး သတ်ခိုင်းကြောင်း ဝန်ခံထွက်ဆို

ဦးစိုးမြင့်(ခ)ပသီ၏သား ထူးနိုင်ကို စစ်ဆေးသဖြင့် ထွက်ဆိုခဲ့ရာတွင် ၎င်းသည် ဖခင်ဖြစ်သူ ပိုင်ဆိုင်သော လယ်မြေတွင် ၎င်းက လယ်ကို ဦးစီးလုပ်ကိုင်ခဲ့ကြောင်း၊ ၎င်းနှင့်အတူ လယ်သူရင်းငှား အရှည်ကြီး(ခ)ကိုဇော်၊ သန်းလင်းအောင်(ခ)ဝက်ကြီး၊ ထွန်းမင်းလတ်(ခ)ထော်ကြီးကို ငှားရမ်းထားရှိ၍ အတူတကွ လယ်လုပ်ငန်းကို လုပ်ဆောင်ခဲ့ ကြောင်း သိရသည်။

၎င်းက ထွက်ဆိုရာတွင် ၎င်း၏ ဖခင်ဦးစိုးမြင့်(ခ)ပသီက ဦးကြီးမောင်နှင့်ဒေါ်စိန်သန်းတို့ပိုင်ဆိုင်သော လယ်မြေ ရှစ်ဧကကို ငွေကျပ်(၇၃)သိန်းကျော်ဖြင့် ၂၀၁၂ခုနှစ်တွင် ဝယ်ယူခဲ့သည်ဆို၏။

ဝယ်ယူခဲ့သော လယ်မြေများကို မိခင်ဖြစ်သူဒေါ်မြင့်သိန်းအမည်ပေါက်ဖြင့် ပိုင်ဆိုင်မှုပြောင်းလဲ၍ လယ်ယာလုပ်ငန်းလုပ်ကိုင်ခဲ့သည်ဆို၏။

၂၀၁၃ခုနှစ်တွင်ဦးကြီးမောင်က ၎င်းတို့ရောင်းချထားခဲ့သော လယ်မြေများထဲသို့ ဝင်ရောက်ထွန်ယက်မှုကြောင့် စကားများခဲ့ကြသည်ဆို၏။ ထိုကိစ္စဖြင့် ကြည်တန်းရွာအုပ်ချုပ်ရေးမှူးရုံးတွင် ဖြေရှင်းပြောဆိုခဲ့ရကြောင်း၊ ၎င်း၏ မိခင်ဝယ်ယူထားသော လယ်မြေကိစ္စဖြင့် ဦးကြီးမောင်နှင့်ဒေါ်စိန်သန်းတို့က သက်ဆိုင်ရာသို့ တိုင်ကြားပြီး လယ်မြေပြန်ယူမည်ဟု ပြောဆိုသံကိုကြားခဲ့ရကြောင်း၊ လယ်မြေကို ရောင်းခြင်းမဟုတ်ဘဲ ပေါင်ခြင်းသာဖြစ်ကြောင်း ပြောဆိုမှုကို ကြားသိခဲ့ရကြောင်း ထွက်ဆိုခဲ့သည်။

ထိုသို့သော လယ်မြေကိစ္စ အငြင်းပွားမှုကြောင့် မခံချင်စိတ်ဖြစ်ကာ လယ်သူရင်းငှား အရှည်ကြီး(ခ) ကိုဇော်နှင့်ထွန်းမင်းလတ်(ခ) ထော်ကြီးတို့နှင့်တိုင်ပင် ဆွေးနွေးခဲ့ပြီး ဦးကြီးမောင်နှင့်ဒေါ်စိန်သန်းတို့အား သတ်ပေးပါက ငွေကျပ်သိန်း(၅၀) ပေးမည်ဟုပြောဆိုခဲ့သည်ဆို၏။

အရှည်ကြီး(ခ)ကိုဇော်နှင့်ထွန်းမင်းလတ်(ခ) ထော်ကြီးတို့က ငွေကျပ်သိန်း(၅၀)ဖြင့် လူသတ်ပေးရန် သဘောတူပြီး သတ်ရန်အတွက် နှစ်ကြိမ်၊ သုံးကြိမ်ခန့် သွားရောက်ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ကြောင်း၊ ၁၅-၇-၂၀၁၃ ရက်နေ့တွင် ၎င်းတို့နှစ်ဦးအား လယ်စောင့်တဲ၌ စောင့်နေ ရန်ကြိုတင်မှာကြားခဲ့ကြောင်း၊ မွန်းလွဲ ၁နာရီခန့်တွင် ထူးနိုင်က ကြိုတင်ပြုလုပ်ထားသော တံစဉ်ကျိုးတစ်ခုကို သွေး၍ ယူဆောင်လာကာ လယ်သူရင်းငှား အောင်အောင်အား ခေါ်ဆောင်၍ ပေါက်တူး တစ်ယောက်တစ်လက်စီကိုင်ဆောင်လျက် ဦးစိုးထွန်း၏ နေအိမ်ရှေ့ဝါးတံတား ပေါ်မှဖြတ်ကာ လယ်ထဲသို့ သွားခဲ့ကြသည် ဆို၏။

အရှည်ကြီး(ခ)ကိုဇော်အား လယ်စောင့်တဲတွင် တွေ့ရ၍ ၎င်းယူဆောင်လာသော တံစဉ်ကျိုးကို လယ်တဲရှေ့၌ ပစ်ချထားခဲ့ပြီး ဒေါ်စိန်သန်း၏ နေအိမ်နောက်ဖေးဘက်ရှိ လယ်များကို ရေပေါက်သွား ပိတ်ရင်း အခြေအနေစောင့် ကြည့်နေခဲ့ကြသည်။

ထိုစဉ် ဒေါ်စိန်သန်း ကွမ်းခြံထဲသို့ ဆင်းသွားသည်ကို တွေ့ရသဖြင့် အောင်အောင်အား လှေလမ်းရိုး ချောင်းကို ကူးဖြတ်စေလျက် နေအိမ်ဘက်ခြမ်းရှိ လယ်ရေထွက်ပေါက်များကို ပိတ်စေခဲ့ သည်ဆို၏။

ထို့နောက် ဒေါ်စိန်သန်း ၏ နေအိမ်ဘက်သို့ ပြန်ကူး လာကာ အရှည်ကြီး(ခ)ကိုဇော် နှင့်ထွန်းမင်းလတ်(ခ) ထော်ကြီးတို့နှင့်အတူ ကွမ်းခြံထဲသို့ အတူတကွသွားခဲ့ကြသည် ဆို၏။

## ကွမ်းဝယ်ဖို့ပြောရင်း အောက်ဆင်းခိုင်းကာ

BURMESE CLASSIC .com

ကွမ်းခြံထဲသို့ရောက် သောအခါ ဒေါ်စိန်သန်းမှာ ဝါးလှေကားဖြင့် ကွမ်းညွန့်များကို ဝါးနှီးဖြင့် ချည်နေသည်ကို တွေ့လိုက်ရ၏။ ထွန်းမင်းလတ်(ခ)ထော်ကြီးက ဒေါ်စိန်သန်း အား ဝါးလှေကားပေါ်မှ ဆင်းလာစေရန် အတွက် ကွမ်းရွက် ၂၀၀ဖိုး ရောင်းပါရန် လှမ်းအော် ပြောခဲ့သည်။ ဒေါ်စိန်သန်းက အမှန်တကယ် ကွမ်းဝယ်ယူမည် ဟုထင်၍ လှေကားပေါ်မှ မြေပြင်သို့ ဆင်းခဲ့သည်။

## အရက်စက်ဆုံး သတ်ခဲ့မှု

ဝါးလှေကားပေါ်မှဆင်း လာသော ဒေါ်စိန်သန်းမြေ ပြင်သို့ရောက်သည်နှင့်အရှည် ကြီးက ဒေါ်စိန်သန်း၏ နှာခေါင်းကို လက်သီးဖြင့် ထိုးလိုက် သည်။ ဒေါ်စိန်သန်း မှောက်လျက်လဲကျသွားစဉ် ထွန်းမင်းလတ်က အရှည်ကြီးထံမှ တံစဉ်ကျိုးကို လှမ်းယူ၍ လည်ပင်းကို ထိုးလိုက်ရာ ဒေါ်စိန်သန်းက ကြောက်လန့် တကြားဖြင့် "အမေရေ



www.burmeseclassic.com

www.burmeseclassic.com

အမေ ရေ”ဟု အော်ခဲ့သည်။

ထိုသို့ အော်ဟစ်နေသော ဒေါ်စိန်သန်း၏ခန္ဓာကိုယ် ပေါ်သို့ အရှည်ကြီး(ခ)ကိုဇော် က တက်ခွကာ မျက်နှာကို မြေ ကြီးနှင့်ကိုင်ဆောင့်ခဲ့၍ ဒေါ်စိန်သန်းမှာ ငြိမ်ကျသွားခဲ့သည်။

ထိုစဉ်မှာပင် ထွန်းမင်း လတ်က ကွမ်းခြံထဲရှိ အရိုးအသွား(၁၆) လက်မခွဲခန့်ရှိသော ဓားကိုယူ၍ လည်ပင်းကို ခုတ် ခဲ့ပြန်သည်။ လည်ပင်း တစ်ဝက်နီးပါးခန့်ပြတ်သွားပြီး ရုန်းကန်နေသဖြင့် ထူးနိုင်က ဦးခေါင်းကို ကိုင်ထားပေးစဉ် အရှည်ကြီး(ခ)ကိုဇော်နှင့် ထွန်းမင်းလတ်တို့က တစ်လှည့်စီ ပြတ်ထွက်အောင် လှီးဖြတ်ခဲ့ ကြသည်။

ခန္ဓာကိုယ်နှင့်ဦးခေါင်း တခြားစီဖြစ်သွားသောအခါ အရှည်ကြီး(ခ) ကိုဇော်က ဦးခေါင်းနှင့်တံစဉ်ကျိုးကို ရေမြောင်းထဲသို့ လွှင့်ပစ်ခဲ့ကြပြီး နောက်နေထိုင်ရာအိမ်သို့ ပြန်လည်ထွက်ပြေးခဲ့ကြသည်။

နေအိမ်သို့ရောက်သောအခါ ထူးနိုင်က ငွေကျပ် နှစ်သိန်းကိုယူ၍ ထွန်းမင်းလတ်နှင့် အရှည်ကြီးတို့အား တစ်ယောက်လျှင် ကျပ်တစ်သိန်းစီပေးပြီး ခြေရာ ဖျောက်ကာ လူချင်းခွဲခဲ့ကြကြောင်းထူးနိုင်က ဝန်ခံ ထွက်ဆိုခဲ့သည်။

## ကွဲလွဲချက်မရှိ ထွက်ဆိုခဲ့ကြ

လူသတ်မှုကို စီစဉ်စေ ခိုင်းသူ လယ်ပိုင်ရှင် ထူးနိုင်ကိုယ်တိုင်က လူသတ်မှု ကျူးလွန်ရာတွင် လယ်သူရင်းငှား နှစ်ဦးနှင့်အတူ ပါဝင်ခဲ့ကြောင်း၊ အသေးစိတ် ဝန်ခံထွက်ဆိုသကဲ့ သို့ လက်သူရင်းငှားအရှည်ကြီး (ခ)ကိုဇော်နှင့် ထွန်းမင်း လတ်(ခ)မောင်ထွန်း (ခ)ထော်ကြီးတို့ကလည်း လူသတ်မှုကျူးလွန်ကြောင်းကို ကွဲလွဲချက်မရှိ ဝန်ခံ ထွက်ဆိုခဲ့ကြသည်။



ထူးနိုင်၊ အရှည်ကြီး(ခ)ကိုဇော်နှင့် ထွန်းမင်းလတ်တို့အား ဖမ်းမိထားစဉ်

## သက်သေခံပစ္စည်းများ သိမ်းယူရရှိခဲ့

ပူးပေါင်းအဖွဲ့က လူသတ် မှုကျူးလွန်သူထူးနိုင်(၂၉နှစ်)၊ အရှည်ကြီး (ခ)ကိုဇော်(၃၇နှစ်)၊ ထွန်းမင်းလတ်(ခ) မောင်ထွန်း (ခ)ထော်ကြီး(၂၅နှစ်)တို့၏ ဝန်ခံထုတ်ဖော်ပေးအပ်ချက် အရ သက်သေများရှေ့မှောက် တွင် လူသတ်မှုကျူးလွန်စဉ် အသုံးပြုခဲ့သော အရိုးအသွား (၁၆)လက်မခွဲခန့်ရှိ ဓားမတစ်ချောင်း၊ ထူးနိုင်က လူသတ်ရန် ပေးထားသည့် ငွေကျပ် (၁,၂၄,၀၀၀)၊ အရှည်ကြီး(ခ) ကိုဇော် လူသတ်မှု ကျူးလွန်စဉ် ဝတ်ဆင်သည့်ပုဆိုး တစ်ထည်၊ ထူးနိုင်ဝတ်ဆင်သည့် အားကစား ဘောင်းဘီအပြာ တစ်ထည်နှင့် စပို့ရှပ်အနီစင်း တစ်ထည်တို့ကို သက်သေခံ ပစ္စည်းအဖြစ်သိမ်းယူနိုင်ခဲ့သည်။

ပူးပေါင်းအမှုစစ်အဖွဲ့က သေသူ၏ ခန္ဓာကိုယ်နှင့် ဦးခေါင်းတို့ကို စစ်ဆေးသိမ်းဆည်း၍ ရဲဆေးစာဖြင့်ဆေးရုံသို့တင်ပို့ခဲ့သည်။

အလားတူပင် လူသတ် ရာတွင် အသုံးပြုသော ဓားကို ရေငုပ်ကျွမ်းကျင်သူများ၏ အကူအညီဖြင့် လူသတ်မှုကျူးလွန်သူများ လွှင့်ပစ်ခဲ့သော ရေအနက်ငါးပေရှိ ရေမြောင်း အတွင်းမှ ရေငုပ်ရှာဖွေသိမ်းဆည်းခဲ့ရကြောင်း သိရသည်။

ယခုဖော်ပြပါ လူသတ်မှုသည် လယ်မြေပိုင်ဆိုင်မှု အငြင်းပွားရာမှ ရန်ငြိုးထားပြီး ကြိုတင်ကြံစည် သတ်ဖြတ်ခဲ့သော လူသတ်မှုဖြစ်ကြောင်း သိရသည်။ လူသေရုံသတ်ခဲ့မှု မဟုတ်ဘဲ ခေါင်းဖြတ်သတ်ခဲ့မှု ဖြစ်၍ ပြည်သူလူထုအနေဖြင့် အထိတ်တလန့်ဖြင့် စိုးရိမ်စိတ် များဖြစ်ပေါ်လျက်ရှိသောကြောင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့နှင့် ပူးပေါင်းအဖွဲ့က အင်အားသုံး စုံစမ်းဖော်ထုတ်ခဲ့ ရာတွင် ဒေသခံပြည်သူလူထု၏ အကူအညီပေးမှုကြောင့် စီးပွားရေးနှင့်လူမှုရေး ပဋိပက္ခမှ ပေါ်ပေါက်လာခဲ့ရသော လူသတ်မှုဖြစ်ကြောင်း ကို ဖော် ထုတ်ပေးခဲ့နိုင်ပြီဖြစ်၍ ထိရောက်သော ပြစ်ဒဏ်ချမှတ်နိုင်ရေးအတွက် ခရိုင်တရားရုံးသို့ အမြန်ဆုံး တရားစွဲဆိုတင် ပို့ရန် အမှုစစ်က ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

**ကျော်**



www.burmeseclassic.com

www.burmeseclassic.com

# (၇) ရက်သားသမီး တစ်လတာကံကြမ္မာ

## ကန်ရွှေ

ယခုလအတွင်း ရာထူး၊ နေရာ၊ ဌာန တိုးတက်ပြီး ရွှေ့ပြောင်းရတတ်သည်။ မိဘဆွေမျိုးတို့ကို ကျေးဇူးဆပ်ကိန်းမြင်သည်။ မိဘအမွေအနှစ်ကိစ္စ ညီအစ်ကိုမောင်နှမတို့နှင့် အမှုအခင်းဖြစ်နိုင်သည်။ ညှိနှိုင်းပါက ပြေလည်သွားမည်။ ထီပေါက်ကိန်းရှိသည်။ ထီမှန်မှန်ထိုးပေးပါ။ ဘာပဲလုပ်လုပ် သတိနှင့်ယှဉ် ဉာဏ်ဖြင့်မြင်ပါလေ၊ ကံကောင်းမည်။

ဝတ်ဆင်ရမည့်အရောင်။ ။ နုံ့သာရောင်၊ စကားဝါဝမ်းဆက် ဝတ်ဆင်ပါ။

ကံညွှံ့အရောင်။ ။ အညိုထဲမှာ အဖြူကွက်စိပ်၊ အဝါထဲမှာ အနီပန်းပွင့်ရှောင်

အချစ်ရေး။ ။ ချစ်လိုလျက်နှင့် ခွဲခွာကိန်းမြင်သည်။ သတိထားပါ။

အိမ်ထောင်ရေး။ ။ မိမိခင်ပွန်းအပေါ် သံသယဝင်နေပါက ဖျောက်လိုက်ပါ။

ထီထိုးရန်။ ။ (က) ၅-၈၊ (ခ) ၅-၇၊ (ဂ) ၅-၂

**ယတြာ။ ။ မွေးနံထောင့်တွင် ငွေကျပ်စေ့ပေါ် ဖယောင်းတိုင် သုံးတိုင်ထွန်းပါ။**

BURMESE CLASSIC .com

## ကန်ငါး

ယခုလအတွင်း စီးပွားရေးအသစ်လုပ်ရန် အကြံပေါ်မည်။ အထည်အလိပ်၊ အလှကုန်၊ စားသောက်ဆိုင်ဖွင့်ပါ။ စက်ချုပ်ပါက ကံကောင်းမည်။ ဝင်ငွေ၊ ထွက်ငွေ မမျှဖြစ်တတ်သည်။ ရွှေဟောင်းပြန်ဝင်မည်။ ကူညီမစသူ ကျေးဇူးရှင်များ ပေါ်ပေါက်တတ်သည်။ ခရီးမသွားသင့်ပါ။ ဘေးရန်မြင်သည်။ အိမ်နီးချင်း ရန်လုပ်တတ်သည်။ သတိရှိပါလေ။

ဝတ်ဆင်ရမည့်အရောင်။ ။ အပြာနုထဲမှာ အစိမ်းပန်းခက်၊ အဖြူထဲမှာ အဝါပန်းပွင့်

ကံညွှံ့အရောင်။ ။ ဆီးရောင်၊ အုန်းခွံရောင်ဝမ်းဆက် လုံးဝရှောင်ပါ။

အချစ်ရေး။ ။ အမှတ်တမဲ့မှ အမှတ်တရ ချစ်သူထံမှ အဖြေရမည်။

အိမ်ထောင်ရေး။ ။ လင်မယားနှစ်ဦး စိတ်သဘောချင်း မတိုက်ဆိုင်တတ်ပါ။

ထီထိုးရန်။ ။ (င) ၇-၄၊ (စ) ၇-၆၊ (ဆ) ၇-၃

**ယတြာ။ ။ အိမ်ဘုရားတွင် ကြက်မောက်သီး၊ ကြက်မောက်ပန်း၊ ကိုးလုံး၊ ကိုးပွင့်ကပ်ပါ။**



www.burmeseclassic.com

www.burmeseclassic.com



**အင်္ဂါ**

ယခုလအတွင်း ကြွေးဟောင်းမြီဟောင်း၊ အိမ်ခြံမြေတို့ ပြန်ဝင်လာတတ်သည်။ လက်ခံပြီး ပြန်ရောင်းလိုက်ပါ။ ဝန်ထမ်းမှထွက်ပြီး ကိုယ်ပိုင်လုပ်ငန်းတည်ထောင်က ကံကောင်းတတ်ပါသည်။ အစားအစာ သတိထားပါ။ အစာအဆိပ်သင့်ကိန်းမြင်သည်။ ရွှေငွေကိစ္စ အမှုအခင်းဖြစ်တတ်သည်။ နိုင်မည်။ အိမ်တွင်းသို့ သောကြာ၊ စနေသားသမီး ညှို့အိပ်ညှို့နေ လက်မခံသင့်ပါ။ ပြဿနာကြီးစွာတက်တတ်သည်။

ဝတ်ဆင်ရမည့်အရောင်။ ။ အနီရဲရဲထဲမှာ နံ့သာရောင်ကွက်စိပ်

ကံညွှန့်အရောင်။ ။ အနက်၊ အစိမ်းရင့်ရောယှက်ရောင်ရှောင်

အချစ်ရေး။ ။ ချစ်သူ၏သစ္စာဖောက်ခြင်းခံရတတ်သည်။

အိမ်ထောင်ရေး။ ။ လင်မယားနှစ်ဦး စီးပွားရေး ပူးတွဲလုပ်ပါ။ သိန်းသန်းဝင်မည်။

ထီထိုးရန်။ ။ (တ) ၉-၃၊ (ထ) ၉-၅၊ (ဒ) ၉-၁

**ယတြာ။ ။ မွေးနံ့ထောင့်တွင် ပန်းထိမ်မနိုင်ပန်းပွင့်ခိုင် ကိုးခိုင် ကပ်လှူပေးပါ။**

**ဗုဒ္ဓဟူး**

ယခုလအတွင်း ပညာရေးအတွက် အောင်ပွဲဆင်မည်။ ဆေး၊ စက်မှု၊ ရေကြောင်းသိပ္ပံ လိုင်းတို့ရရှိတတ်သည်။ မိဘကို ကျေးဇူးဆပ်ရန်အတွက် ပညာရေးကို ဦးစားပေးပါ။ နိုင်ငံခြား ကုမ္ပဏီများ၊ ဟိုတယ်၊ မိုတယ်၊ ငွေစုငွေချေးအသင်းတို့ဖြင့် ကံကောင်းတတ်ပါသည်။ နိုင်ငံခြား ခေတ္တသွားရမည်။ ဘာပဲလုပ်လုပ် ရန်ရှိသည်။ သတိရှိပါလေ။

ဝတ်ဆင်ရမည့်အရောင်။ ။ နက်ပြာ၊ စိမ်းပြာ ဝမ်းဆက်ဝတ်ဆင်ပါ။

ကံညွှန့်အရောင်။ ။ အညို၊ မဟော်ဂနီရောင် လုံးဝရှောင်

အချစ်ရေး။ ။ လက်ရှိချစ်သူနှင့် လက်ထပ်ကိန်းမြင်သည်။

အိမ်ထောင်ရေး။ ။ သာယာပြီး သာသနာပြုလုပ်ငန်း ဆောင်ရွက်ရတတ်သည်။

ထီထိုးရန်။ ။ (ဠ) ၆-၄၊ (ဌ) ၆-၉၊ (ဍ) ၆-၂

**ယတြာ။ ။ အိမ်ဘုရားတွင် ထန်းသီးမုန့်၊ မုန့်လုံးရေပေါ် ကိုးလုံး၊ ကိုးခု ကပ်လှူပါ။**

**ကြာသပတေး**

ယခုလအတွင်း စိတ်တိုင်းမကျစရာ ပြဿနာပေါင်းစုံ၊ လင်မယားကိစ္စ၊ ငွေကြေးကိစ္စ၊ သားသမီးကိစ္စတို့ကို ဖြေရှင်းရတတ်သည်။ ကားသစ်ရမည်။ ဂီတ၊ သဘင်၊ ရုပ်ရှင်အနုပညာရှင်ဖြစ်ပါက အောင်မြင်မှု အထူးရရှိပြီး အောင်မြင်မှု ထိပ်တန်းရောက်တတ်ပါသည်။ အရက်၊ ဖဲ၊ လောင်းကစားအမျိုးမျိုးရှောင်ပါ။ မင်္ဂလာသုတ်၊ ဓာရဏသုတ် ရွတ်ဖတ်ပေးပါလေ။ ရန်ကင်း၊ ဘေးကင်းပြီး လာဘ်ရပါလိမ့်မည်။

ဝတ်ဆင်ရမည့်အရောင်။ ။ အုန်းခွံရောင်၊ ပန်းရောင်ဝမ်းဆက်

ကံညွှန့်အရောင်။ ။ ကြက်သွေးရောင်၊ ကာကီရောင်ရှောင်



www.burmeseclassic.com

www.burmeseclassic.com



အချစ်ရေး။ ။ ချစ်သူတွေများပြီး ရွေးရခက်နေတတ်သည်။
အိမ်ထောင်ရေး။ ။ လင်မယားနှစ်ဦး အိပ်ရာနေရာ ခေတ္တခွဲအိပ်လိုက်ပါ။
ထီထိုးရန်။ ။ (န) ၈–၁၊ (ပ) ၇–၃၊ (ဖ) ၆–၃
**ယတြာ။ ။ မွေးနံ့ထောင့်တွင် ဗာဒံရွက်အစိမ်းပေါ် ငွေတစ်မတ်တင်ပြီး ရေကပ်လှူပါ။**

## သောကြာ

ယခုလအတွင်း တစ်မြို့၊ တစ်ရွာ၊ တစ်နိုင်ငံသို့ ပြောင်းရွှေ့သွားရတတ်သည်။ ဘာပဲလုပ်လုပ် သတိထားရမှာက အပေါင်းအသင်း၊ မိတ်ဆွေတို့ကြောင့် အမှုအခင်းဖြစ်တတ်သည်။ သတိအထူးရှိပါ။ သံ၊ သွပ်၊ ဘိလပ်မြေ၊ အိမ်ဆောက်ပစ္စည်းမျိုးစုံ ရောင်းဝယ်က ကံကောင်းတတ်ပါသည်။ အိမ်တွင်းရေး ပူညံဆူညံဖြစ်တတ်သည်။ အတွင်းရန်ရှိသည်။ သတိထားပါလေ။

ဝတ်ဆင်ရမည့်အရောင်။ ။ မိုးစက်ပွင့်ရောင်၊ ကြည်ပြာရောင် ဝတ်ဆင်ပါ။
ကံညံ့အရောင်။ ။ အညိုထဲတွင် အနက်ကန့်လန့်ဖြတ် ကွက်ကျဲရှောင်
အချစ်ရေး။ ။ လိုက်လေဝေးလေဖြစ်တတ်သည်။ ရပ်လိုက်ပါ။
အိမ်ထောင်ရေး။ ။ ချစ်ခင်ပွန်းကို သံသယဝင်တာများနေသည်။ ပြင်လိုက်ပါ။
ထီထိုးရန်။ ။ (ဒ) ၆–၄၊ (ဓ) ၆–၂၊ (န) ၆–၉
**ယတြာ။ ။ အိမ်ဘုရားတွင် မာလကာသီးအမှည့်ပေါ် အမွှေးတိုင် ငါးတိုင်တင်ထွန်းပါ။**

## စနေ

ယခုလအတွင်း စိတ်အနှောင့်အယှက်များတတ်သည်။ မိမိနှင့်မဆိုင်သည့်ကိစ္စများကို ဖြေရှင်းအောင်မြင်တတ်သည်။ ရွှေ၊ ငွေ၊ စိန် တစ်ခုခုပျောက်တတ်၊ သူခိုးခိုးခံရတတ်သည်။ ရာထူး၊ လုပ်ငန်း၊ နေရာ၊ ဌာန ရွှေ့ပြောင်းကိန်းမရှိပါ။ လက်ရှိဌာနမှာပဲ ကောင်းတတ်သည်။ ကျန်းမာရေးညံ့၊ လူမှုရေးကောင်းပြီး စီးပွားရေးသင့်ပါသည်။

ဝတ်ဆင်ရမည့်အရောင်။ ။ ခဲရောင်၊ ဇီဇဝါရောင် ဝမ်းဆက်
ကံညံ့အရောင်။ ။ အညို၊ အနီ၊ အပြာရောယှက်ရောင်ရှောင်
အချစ်ရေး။ ။ ချစ်ရေးဆိုထားလျှင် အချစ်ကံကောင်းမည်မှတ်ပါ။
အိမ်ထောင်ရေး။ ။ အထင်လွဲအမြင်လွဲ ခံရတတ်သည်။ သတိထားပါ။
ထီထိုးရန်။ ။ (က) ၅–၄၊ (င) ၇–၄၊ (ဓ) ၂–၇
**ယတြာ။ ။ မွေးနံ့ထောင့်တွင် ကြာနီ၊ ကြာဖြူ ကိုးပွင့်စီကပ်လှူပါ။**

**စမ်းလိုအေး၍ ပန်းလိုမွှေးပါစေ။**
**သစ္စာ၊ မေတ္တာ ဆရာထွန်းလင်းကျော်**
**နက္ခတ်ဗေဒင် လက္ခဏာပညာရှင်**



www.burmeseclassic.com